
နေနွယ်ဇင်မြင့်
ချစ်ရင်းမှန်

# နေနွယ်ဇင်မြင့်

ချစ်ရင်းမှန်

စာမူခွင့်ပြုချက်အမှတ် - ၁၀၉၃/ ၂၀၀၂ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၀၀/ ၂၀၀၂ (၁၁)
၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ပုံနှိပ်သူ . . . ဦးကျော်လှိုင် (၅၃၄၇) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ. . . ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ မှုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

# နေနွယ်ဇင်မြင့်

# ချစ်ရင်းမှန်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၁

နေခွန်းဗ ... မျက်မှောင်ကုတ်လိုက်သည်။

"တော်ပြီဟာ ... နားညည်းတယ်"

ခပ်ကျယ်ကျယ် အော်ပေးလိုက်သေး၏။ ပြီးတော့ မျက်နှာကို ညိုညစ်စူပုပ်သွားသည်ထိ မဲ့ရွဲ့ခြင်း အဆစ်ထည့်လျက် မကျေနပ်ကြောင်း ဆန္ဒပြလေ၏။

"ငါက ... ခင်လို့၊ စေတနာနဲ့၊ အကောင်း ..."

"အကောင်း ... ဟုတ်လား။ နင် အကောင်းလို့ မြင်တဲ့ ဟာတိုင်း၊ ငါ့မျက်စိထဲတော့ အဆိုးချည်းပဲ။ ငါကအကောင်း မြင်ထားတာတွေကျတော့ နင်က အဆိုးချည်း ထိုင်မြင်နေတော့ မခက်ဘူးလား။ ဟင်း ... ဟင်း ... ရယ်ရတယ်။ မိဘတွေများနယ် ... ဆန့်ကျင်ဘက် အစွန်းနှစ်ဖက်ကိုများ စေ့စပ်ကြောင်းလမ်းရသေးတယ်ရယ်လို့"

နှုတ်ခမ်းကို အတွန့်နိုင်ဆုံးရွဲ့လျက် ပြောလိုက်ပုံ၏ စိတ်ပျက်မှု အတိုင်းအတာက အ[illegible]ွန်း၏။

ဪ ... နေနွန်းဗ။ ကိုယ်နှင့် သူနှင့် ... လူကြီး...
မိဘတွေက သင့်တင့်လျောက်ပတ်ပါပေ၏ဟူ၍ ဖာစပ်ကြောင်း...
လမ်းပေးခြင်းကို၊ သူ ... ဒီလောက်ခါးသီးတယ်နော် ... ...။ ...
တော်တော်လေး စိတ်မကောင်း ဖြစ်ရပါသည်။ တကယ်ဆို...
နေနွန်းနှင့် ဝေတို့ဟာ သွေးတူမွေးတူ၊ ဂုဏ်ရည်တူ၊ ခင်မင်ရင်း...
နှီးသည့် မိဘတွေမှ ပေါက်ဖွားဆင်းသက်ခဲ့ကြသည်။ ပြီးတော့ ...
သူငယ်တန်းမှစ၍ ဆယ်တန်းထိ၊ တစ်ကျောင်းတည်းနေ၊ ငယ်...
သူငယ်ချင်းတွေ။ တစ်ယောက်နှင့် တစ်ယောက် အတွင်းသိ...
အစင်းသိ အကြောင်းသိ ငယ်ပေါင်းကြီးဖော်တွေ။ လူကြီးတွေက...
လည်း၊ သဘောတူလိုက်ကြတာ မပြောပါနှင့်တော့။ ဝေကရော ...
မြပုရစ်ဝေ ဆိုသည့် ဝေ ကိုယ်တိုင်ကရော ...။

နေနွန်းဗက ဝေ့ကို ရှုံ့မဲ့လျက် စိုက်ကြည့်လိုက်၏...

သန်စွမ်းမည်းနက်သော သူ့ဆံပင်တွေက ခေါင်းဆေ...
မှာ ပုံစံတစ်ခုဝင်လျက် ပိပြားသပ်ရပ်စွာ မနေကြပါ။ မာန်ဖီ...
မတ်ပြီးမှ မတတ်သာစွာ ပြန်ငိုက်ကျရသလို၊ ဆံပင်ကစလို့ ...
ရေကျောရေ ဖြစ်နေသည့် နေနွန်းဗ၏ ပုံစံက ဂျစ်ကန်ကန်လေ...
ဆိုးမိုက်မိုက် ကောင်လေးတစ်ယောက်မှာ ရှိသင့်သော မျက်နှာ...
ပုပ်ပုပ်မှာ စုရ ပုပ်ရလွန်းသောကြောင့် အတွန့်ကျိုးလျက် မျက်ခုံး...
နှစ်ခုအလယ်၊ နှာတံရင်းမှာ ခေါင်လိုက်နှစ်စင်း ဖြစ်ထွန်းလျက်...
ပြန်ဖြေလို့ကို မရတော့တာလေ။ သူ့မျက်ဝန်း ရွှန်းတောက်တောက်...
တွေက စိုလက်လျက် ,ထက်မြက်မှုကို ပေါ်လွင်စေနေသည်...
နှာခေါင်းက ချွန်လှသည်လည်း မဆိုသာ၊ ပြားတော့လည်းမပြား...
အနေတော် ဆိုပေမယ့်၊ နှာတံပေါ်သည်ဟု ပြောလျှင် ရနိုင်သော...



...မျိုးအစားမှာ ပါဝင်သည်။ မျက်နှာကလုံးလုံး၊ ယောကျ်ားပီသ
...မယ့်၊ မေးရိုးကြီးက မလိုလားအပ်စွာ မကားလွန်း၊ သင့်တင့်ရုံ
...ခန့်သည်။

နှုတ်ခမ်းထူစုစုမှာ အပေါ်နှုတ်ခမ်းက နည်းနည်းက
...း တိုချင်၍ ရံဖန်ရံခါမှာ စကားပြောလျှင် အပေါ်သွားနှင့်
...ာက်နှုတ်ခမ်းတို့ချင်းသာ ထိတွေ့လျက်၊ အပေါ်နှုတ်ခမ်းက
...း မလာတော့ဘဲ၊ စကားဖြစ်အောင် ပြောသွားတတ်သေးသည်။
...ွန်းဗ တစ်မျက်နှာလုံးမှာ ခြုံ၍ကြည့်လျှင်၊ ငေးကြည့်ရလောက်
...ာင် ချောမောခန့်ထည်သည့် ယောကျ်ားဟု မဆိုနိုင်ပါ။
...ည့်ကောင်းရုံ ရှိပါသည်။ ချီးမွမ်းစရာ အလှအပဆိုလို့ မေးစေ့
...လေး အလယ်ချိုင့်ကာ မေးစေ့နှစ်ခုလို ဖြစ်နေပုံလေးတစ်ခု
...ာ့ရှိသည်။ ဒါကလည်း မေတ္တာမျက်စိနှင့် ကြည့်လျှင် တော်
...ာ်ကလေး လှနိုင်ပေမယ့်၊ သာမန်မျက်စိထဲသို့ ဝင်ရာတွင်
...ခြားဆွဲဆောင်ခြင်းမျိုး မဖြစ်ထွန်းနိုင်ချေ။ တချို့ဆို ... မေး
...အလယ်ချိုင့်လို့ဆိုလျက်၊ မကြိုက်မနှစ်သက်ခြင်းမျိုးတောင်
...ာ်သေးသည်။ နေနွန်းဗသည် ချောမောလှပသည့် ယောကျ်ား
...်ယောက် မဟုတ်ငြား၊ သူ့ကိုကြည့်လိုက်လျှင်၊ ဘာတစ်ခုခုက
...ဆောင်နေမှန်း မသိ (မြပုရစ်ဝေ စိတ်ထင်တာလည်း ဖြစ်နိုင်
...သည်)၊ သူ့အကြည့်စူးတစ်ချက်၊ ရင်ထဲဝင်လျှင် နှလုံးသားက
...ခနဲ ဖိုလှိုက်သွားရတတ်ပါ၏။

နေနွန်းဗ၏ ထူးခြားသော ဆွဲဆောင်မှု နောက်တစ်ခု
... မဝလွန်း မပိန်လွန်း၊ ပခုံးတန်း အနေတော်နှင့် ခြောက်ပေ
...ဘ် မြင့်မားသော အရပ်အမောင်းတည်း။ အရပ်အမောင်းနှင့်

လိုက်ဖက်ရုံ ကိုယ်လုံးကိုယ်ထည်ရှိသည်။ နေပုံထိုင်ပုံ၊ လမ်းလျှောက်ပုံ၊ ခြေနှုတ်လက်သိမ်း စသည်တို့ဖြင့် ဆိုးခနဲ ဆတ်ခနဲ လှုပ်ရှားဟန်တို့က မိုက်၏။ ခေတ်မီ၏။ ကြည့်ကောင်း၏။ ဒါကို နေဒွန်းဇက ... စတိုင်လ် ... ဟု ဂုဏ်ယူဝင့်ကြွားလေ့ရှိသည်။ ဝေ ... ဝန်ခံပါသည်။ သူ့စတိုင်လ်က တကယ်ပဲ အချိုးတကျ ရှိပါသည်။ ဝေ့မျက်ဝန်းအိမ်မှာ ပုံရိပ်ထင်ရတာ၊ အဲသည်စတိုင်လ်က ရာခိုင်နှုန်း အများကြီး ပါဝင်ပါသည်။ ဝေကဖြင့် နေဒွန်းဇ ... ဆိုသည်နှင့် ရင်ခုန်နှင့်ရပါ၏။

နေဒွန်းဇကတော့ ဝေ့ကို စိတ်ပျက်၏။ ကြည့်ရင်းကြည့်ရင်းက အမြင်တောင်ကတ်၏။

"ဟဲ့ ... ပုရစ်"

ဝေ့နာမည်က မြပုရစ်ဝေမို့၊ "ပုရစ်"ဆိုသည့် စကားလုံးတော့ ပါပါသည်။ သို့ပေမယ့် ... မိသားစုနှင့် သူငယ်ချင်းအသိုင်းအဝိုင်း အားလုံးက ဝေ့ကို "ဝေ"ဟုပဲ ခေါ်ကြသည်။ အဲသည် နေဒွန်းဇ တစ်ယောက်တည်း၊, ငယ်ငယ်ကတည်းက "ဝေ"ဟု မခေါ်ဘဲ "ပုရစ်"ဟု ခေါ်၏။

"ဒီပုရစ်တော့ ငါရိုက်ချပြီး ကြော်စားလိုက်ရ ... သေတော့မှာပဲ"

ဝေ့ နာမည်ထဲမှ "ပုရစ်"သည် သစ်ပင်မှ အဖူးအညွန့် ထွက်ပြူကာစ အစို့အလိပ်ကလေးဟု အဓိပ္ပာယ်ရပေမယ့်၊ နေဒွန်းဇက အဲသည်အဓိပ္ပာယ်နှင့် ခေါ်ခြင်းမဟုတ်ပါ။ သူခေါ်သည့် အဓိပ္ပာယ်က "ပုရစ်ကောင်"ကို ဆိုလိုခြင်းဖြစ်သည်။ ဈေးထဲမှာ ပုရစ်ကြော်တွေ ပေါ်ချိန်ဆိုလျှင် ...



"ပုရစ်တွေများ ပေါလိုက်တာ၊ နို့ဆီဘူးတစ်လုံးမှ စ်ရာ။ ပိုက်ဆံတစ်ရာပေးရင် ပုရစ်နှစ်ဆယ်လောက် ရတယ်။ ရစ်တစ်ကောင် ငါးကျပ်" ... ဟု အလကားနေရင်း အော်နေတ်သေး၏။

ပုရစ်မျက်ရည်ကျလျှင် နေဒွန်း ပျော်သည်။ ပုရစ်ည်သည့် ကောင်မလေးများတော့ ငယ်နိုင်၊ ခိုင်းဖတ်၊ နည်းနည်းလေးမျှ လှုရာသွင်းဖို့ မလိုသော လက်အောက်ငယ်သားအဖြစ် ဘောထားသည်။

"ဟဲ့ ... ပုရစ်"

ဝေက မော့ကြည့်သည်။

"ဘာလဲ ... မကျေနပ်ဘူးလား၊ စိတ်ဆိုးခြင်းဆိုးရင် ငါက ဆိုးရမှာ၊ နင်က ငါ့ကိုလာပြီး ဝေဖန်နေတာ၊ ငါက ဝေတောင် မဝေဖန်ရသေးဘူး၊ ခုမှ ဝေဖန်ဖို့ သတိရတယ်၊ နင် နှုတ်ခမ်းနီ ဆိုးထားတာလည်း ဘာရောင်ကြီးလဲဟာ ... လှုသေကောင်လိုပဲ"

ဒီလောက်နှင့်တော့ ဝေ မျက်ရည်မကျတော့ပါ။ စတုန်းကတော့ အဲသည်လောက်ပြောလည်း ဝေ ငိုခဲ့သည်။

"စိတ်ဆိုးလား"

ဝေက ဘာမျှမပြောတော့လည်း နေဒွန်းဇက မကျေပ်ပြန်။

"ဘာလဲ နင်က ငါ့ကို အဖက်လုပ်ပြီး စကားမပြောချင်တာလား၊ နင်က ဘယ်လောက် ကြီးကျယ်နေတဲ့ ဆင့်ဈေး

ပုံကြီးမို့လို့လဲ၊ အဲဒါကြောင့် နင့်ကို ကြိုက်မယ့်သူ မရှိတာ၊ တစ်သက်လုံး ပေါင်းလာတဲ့ ငါတောင် မကြိုက်ဘူး၊ စေ့စပ်ကြောင်းလမ်းထားပေမယ့်၊ နင့်ကို ငါ လက်ထပ်လိမ့်မယ် မထင်နဲ့၊ ဆောရီးပဲ"

"နေဦးနော်"

ဒီတစ်ကြိမ်မှာတော့ ဝေ မျက်ရည်ပေါက်ခနဲ ကျပါတော့သည်။ နေဦးနော်ဇသည် တစ်ဖက်သားမိန်းကလေးကို မျှစ်ချိုးမှိုချိုး နိုင်လိုမင်းထက် ရှိလွန်းလှပါဘိ။

"ဒါ ... စိတ်ဆိုးတာလား"

"နင့်စကားတွေက စော်ကားလွန်းပြီ"

"ဟုတ်လား"

"နင့်နှမကိုသာ တခြားကောင်လေးတစ်ယောက်က အဲဒီလို ပြောရင်၊ နင် ခံနိုင်မလား"

"ဘယ်ခံနိုင်မလဲ၊ ဆွဲထိုးမှာပေါ့၊ ဒါပေမယ့် ... နှမ မရှိတာက ခက်တယ်"

"နင်နဲ့ ငါနဲ့ဟာ ငယ်သူငယ်ချင်းမို့ ဆွေမျိုးမောင်နှမတွေလို့ ပြောရင် ရပါတယ်"

"ဒီအဆင့်ထိတော့ မငြင်းပါဘူး"

"ငါ့ကို နင့်နှမလို့ သဘောထားကြည့်ပါလား၊ စောစောက နင်ပြောတဲ့ စကားမျိုး၊ တခြားကောင်လေးက ငါ့ကိုလာ ပြောရင်၊ နင် ခံနိုင်မလား"

"ဘာဆိုင်လဲ၊ မခံနိုင် မရှိပါဘူး၊ ဟုတ်တာ ပြောတာပဲ၊ နင်က လှမှမလှတာ။ မျက်နှာပေါ်မှာ အသားလည်းမရှိ



ဘူး၊ ပါးရိုးပြီးရင် အရေခွံပဲ၊ နင့်ကို သူများမကြိုက်ရင် ဘာဆန်းလဲ၊ ငါက ဘာကို မခံနိုင် ဖြစ်ရမှာလဲ"

ဝေ့အသည်းမှာ ကျင်ခနဲနေအောင်ကို ကျိန်းစပ်နာကျင်သွားရပါတော့သည်။ ဝေ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ...သည်။ ရှိုက်၍ ငို၏။ ဒီယောက်ျားတစ်ယောက်ဟာ ဝေ့အပေါ် ...်လိုမင်းထက် ရှိလွန်းလို့ ခုလို အသည်းနာရတာလည်း အကြိမ် ...ြိမ်ပါ။ တကယ်ဆို ... စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်း၍ ...ငယ်ချင်း အဖြစ်ကပါ စွန့်လွှတ်ပြီး၊ ငယ်စာရင်းဖျက်သင့်သူ ...်ယောက်မှန်း၊ ဝေ နားလည်ပါလျက်၊ ဝေ့ကိုက အမှတ်မရှိ ...သည်းနာဝေဒနာကို ဖျားတုန်း ဆေးခါးသောက်ရသလောက် ...ဘောထားနေခဲ့တာ မဟုတ်လား။

ဝေ အဲသည်လောက် ငိုတော့လည်း နေဦးနော်ဇမှာ ...ားစိတ်ကလေး လှစ်ခနဲ ပေါ်ရပါသည်။ ဝေ့ကို နေဦးနော်ဇက ...းနေတာတော့ မဟုတ်ပါ။ ချဉ်နေတာပဲ ဖြစ်၏။ နေရာတကာ ...ာလုပ်လွန်းလို့၊ လူကြီးတွေနှင့်ပေါင်းပြီး သူက လူဟုတ်နေ ...ကို လုလွန်းလို့ ချဉ်စုတ်ကာ မျက်မုန်းကျိုးနေခြင်းတော့ရှိ ...

"နင်က ဘာလို့ ငိုတာလဲ၊ နင့်လိုသာ ငိုကြေးဆိုရင် ငါ လည်း ငိုရမှာပဲ၊ နင်ပြောတာကျတော့ရော၊ ငါ့မှာရစရာ ရှိသေးလား၊ ငါတော့ မငိုပေါင်၊ နင်သာ မျက်ရည်ပေါ"

နေဦးနော်ဇ လက်ကြားမှာ စီးကရက်ကို တွေ့လိုက် ...ည်မို့ ဝေက မနေနိုင်စွာ တားမြစ်လိုက်ခြင်းကစလို့ ဝေ့အပြစ် ...သည်။ ဝေက စီးကရက်သောက်ခြင်း၏ ဆိုးကျိုးတွေကို

တောက်လျှောက်ပြောချ၏။ နေဦးနှင်းဇက နားညည်းသည်။ လွင့်ပစ်သင့်လောက်အောင် တိုနေပြီဖြစ်သော စီးကရက်တိုကို၊ ဇော့ကို မှန်းမှန်းနှင့် ဆက်ဖွာနေဖြစ်၏။ နေဦးနှင်းဇက ဖွာလေ၊ ဇော့တရားက ရှည်လေနှင့်၊ ကြာတော့ နေဦးနှင်းဇက နားညည်းကာ ထအော်တော့မှ ဇော့စကားတွေ ရပ်တော့သည်။ ဝေကလည်းဝေ။ ကိုယ့်ဘာသာကို မနေနိုင်ပါ။ နေဦးနှင်းဇကို ဆိုလျှင် မြူတစ်မှုန်မသန်းစေချင်။ အကောင်းတွေချည်း စုဝေးစေချင်သော စေတနာဖြင့် လျှာရှည်မိပေါင်း များပါပြီ။

လျှာရှည်မိတိုင်း ဝေပဲ ပြန်အပြောခံရ၊ မဆီမဆိုင် အချက်အလက်တွေနှင့် ထိုးနှက်ခံရ၊ နောက်ဆုံးမှာ ဝေပဲငိုရ၊ မပငိုလျှင်တော့ နေဦးနှင်းဇက မလျှော့သယောင်ယောင်နှင့် လျှော့တတ်သည်။ မချော့သယောင်ယောင်နှင့် ပြေရာပြေကြောင်း ပြောတတ်သည်။

"ငါက စီးကရက်ကလေးတစ်လိပ် သောက်မိတာနဲ့၊ နင်က ငါ့ကို ဆေးသမားလောက်နီးပါး နှိမ့်ချစွပ်စွဲတော့ ငါကလည်း ဒေါသနဲ့ ပြန်ပြောမိတာပေါ့ ပရစ်ရဲ့၊ တူတူပြောကြရင်းမှာ နင်က ငိုရတယ်လို့၊ ငါတောင် ငိုလို့လား"

"တူမလား နေဦးနှင်းဇရယ်။ ငါကစေတနာနဲ့ ပြောတာ။ နင်က မနိုင် ... နိုင်အောင် နိုပ်ကွက်တာ၊ နှိမ်တာ၊ ပြီးတော့ ... ငါ့စကားတွေက ရောဂါဝေဒနာနဲ့ပဲ ပတ်သက်ပြောဆိုတာ၊ နင့်စကားတွေက မိန်းမသားတစ်ယောက်ရဲ့ သိက္ခာနဲ့ မာနကို ထိပါးစော်ကားတာ၊ ဒါပေမယ့် ... ငါ နင့်ကို မနာနိုင်ပါဘူး၊ အဲသည်းထဲမှာ ကျင်နေအောင် နာ



နေဆဲက မနာနိုင်တာကို၊ ပေးဆပ်လို့ မကုန်သေးတဲ့ ဝဋ်ကြွေးတစ်မျိုးပဲလို့ပဲ ငါ သဘောထားခဲ့ပါတယ်"

"ဘာတွေ မြိစိနဲ့ ပွစိပွစိ လုပ်နေတာလဲ၊ ပြောစရာရှိရင် ပြိုင်ပြော"

"နင့်ကို ပြိုင်ပြောလည်း ငါပဲ ရှုံးမှာ"

"တိတ်တော့ဟာ၊ မငိုနဲ့တော့၊ နားညည်းတယ်"

ဒီလောက်စကားဟာ၊ နေဦးနှင်းဇ အလိုက်လျောဆုံး ချော့မော့လိုက်တာပဲဟု၊ ဝေက ကျေနပ်လိုက်ရပါသည်။ ဝေက မျက်ရည်တွေကို သုတ်၏။

"နင့်အမေတွေ့ရင် ငါ ဘယ်ကောင်းပါ့မလဲဟာ"

ဝေတို့ ခြံထဲမှာမို့၊ ဇော့မိဘတွေ တွေ့သွားနိုင်ပါသည်။ ဇော့မိဘတွေက နေဦးနှင်းကို ချစ်ခင်ပေမယ့်၊ သူတို့သမီး မျက်ရည်ကျအောင် အစသန်သူဟူ၍ ခွင့်လွှတ်ကြပေမယ့် အကြိမ်ပေါင်း များလာသည့်အခါကျလျှင်တော့ မိဘပီသစွာ သမီးဘက်က လိုက်ပြီး "နာ"သွားနိုင်ပါသည်။ အဲသည်အခါကျ ... လူငယ်ချင်း စလျက်၊ လူကြီးချင်းတွေပါ၊ ပြဿနာတွေတက်၊ အခင်မင်တွေ ပျက် ... ဖြစ်ကုန်နိုင်ပါ၏။ အဲဒါမျိုး ဝေ မဖြစ်စေချင်ပါ။ နေဦးနှင်းက ဇော့အပေါ် ဘယ်လိုပဲဆိုးဆိုး၊ ဝေ သည်းခံနိုင်နေသေးတာပဲ ဖြစ်၏။

အဲဒါ ဘာဖြစ်လို့ပါလိမ့်။

ဝေက မျက်ရည်သုတ်ရင်း စဉ်းစားသည်။ နေဦးနှင်းဇကို ခင်လို့ ချစ်လို့ပဲ ဖြစ်၏။ သံယောဇဉ် တော်တော်ကြီးလို့ပဲ ဖြစ်၏။ ဝေကကျတော့ ဒီလောက် သံယောဇဉ်တွေ တွယ်တာနေ

ရသည်။ သူ့ဘက်ကကျတော့ မတွယ်တာဘူးတဲ့လား။ နိုင်လို့ရသည့် ငယ်နိုင်မို့များ အခွင့်အရေး ယူနေလေရော့သလား။ ဝေ … မျက်ရည်တွေ သုတ်ပစ်လိုက်ပါတော့သည်။

"ငါက ကြိုက်လွန်းလို့ သောက်တာမဟုတ်ပါဘူးကွ။ လူငယ်လေ။ ယောကျ်ား မဟုတ်လား။ စမ်းကြည့်တာပေါ့။ စူးစမ်းတာပေါ့။ ငါသောက်သောက်ကြည့်နေတာ လေးငါးခါရှိပြီ၊ ဒီတစ်ခါ နောက်ဆုံးပဲ၊ နောက်ကို ဘယ်တော့မှ မသောက်တော့ဘူး"

"နင် … ကတိပေးတယ်ပေါ့"

ဝေ့ အပြုံးလေး ရွှန်းလက်စွာ ပွင့်လျက် မော့၍ ခမေး၏။

"မပေးပါဘူး၊ ဘာလို့ ပေးရမှာလဲ၊ ငါ့ဘာသာ မသောက်ချင်လို့ မသောက်တာ၊ ဘယ်သူ့ကို ကတိပေးနေရဦးမှာလဲ"

"နင်က မသောက်တော့ဘူးလို့ ငါ့ကို ပြောတယ်လေ"

"ငါ့ဘာသာပြောတာ၊ နင့်ဆီမှာ ဝန်ခံကတိပေးတာ မဟုတ်ဘူး၊ ငါ မသောက်တော့ဘူးဆိုတာ၊ ငါ့ဘာသာ မသောက်ချင်လို့၊ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး"

"ဟင်"

"ငါ စမ်းသောက်ကြည့်တိုင်း မီးခိုးသီးတယ်။ အရသာကိုလည်း မကြိုက်ပါဘူး၊ ပြီးတော့ … လူတွေ ဘာဖြစ်လို့ ဆေးလိပ်သောက်ကြလဲ ငါသိသွားပြီ ။ အကျင့်ကွ …" တစ်ခုခု လုပ်နေခြင်း ဆိုတာမျိုးဖြစ်အောင် သောက်ကြ



တာကွ။ ဆေးလိပ်သောက်နေခြင်းဟာ … တစ်ခုခု စားသောက်နေရာလည်း ရောက်တယ်၊ ပါးစပ်မအားဘူး …

"ဒါပေမယ့် … ဗိုက်လည်းပြည့်မသွားတော့၊ တစ်ချိန်လုံးသောက်နေနိုင်ခြင်းဟာလည်း ဆေးလိပ်သောက်ဖြစ်သွားရခြင်း အကြောင်းရင်းတစ်ခု။ ပြီးတော့ … လူတစ်ယောက်နဲ့ စကားပြောနေရသလိုလည်း ခံစားရတယ်၊ အဖော်ဖြစ်နေတယ်၊ အဲဒီ ခံစားမှုကို လူတွေမက်ပြီး သောက်နေကြတာ၊ ငါသိပြီ …

"ငါက ပါးစပ်နဲ့ အစားနဲ့ မပြတ်အောင် ဝါးနေဖို့လည်း ဝါသနာမပါဘူး၊ စကားကို … ခုနင်နဲ့ ကြုံတုန်း ပြောပေမယ့် မပြောရလည်း နေနိုင်တယ်။ ပြီးတော့ … အဖော်မလိုဘူး၊ ငါက အပေါင်းအသင်းလည်း စုံတယ်၊ ဆေးလိပ်ထက်ကောင်းတဲ့ အဖော်တွေ ငါ့မှာ အများကြီး …

"အဲဒါကြောင့် … ငါမှ သိပ်မကြိုက်ဘဲနဲ့တော့ အကျင့်လုပ်ပြီး မသောက်တော့ဘူးလို့ ဆုံးဖြတ်တာ။ ငါက သိပ်မကြိုက်ရင် မိန်းမတောင် ယူချင်တဲ့ကောင် မဟုတ်ဘူး"

အပြီးသတ်ကျတော့ ဒီဘူတာ လာပြန်ဆိုက်ပါရောလား … ဟု ရင်ထဲ ရေးမြည့်ရပြန်ပါသည်။

"ငါ့ကိုယ်ငါ ထိန်းနိုင်တယ်၊ အဲဒါကြောင့် ငါ့ကို ဆရာမကြီး ဒီဇိုင်းနဲ့ ဝင်မလာနဲ့၊ နွားသီးကို စစ်ဆွဲပိတ်ထား၊ နင့်ကြောင့်များတော့ ငါက ဘာမှလုပ်မပေးဘူး၊ နင့်စကားနားထောင်ရအောင် နင်က ငါ့ဆိုးစားလည်း မဟုတ်"

စကားရှည်ကြီး ပြောအပြီးမှာ ဟားဟားဟု အော်ရယ်လိုက်သေးသည်။ ဝေတို့ခြံနှင့် နေခွန်းတို့ခြံက ကပ်ရက်ဖြစ်၏။ ဟိုတုန်းကတည်းက အရင်ပိုင်ရှင်တွေ လက်ထက်ကတည်းက ကာခဲ့သော ခြံစည်းရိုးက ခြောက်ပေအမြင့် အုတ်တံတိုင်းဖြစ်၏။ ဝေတို့ နေခွန်းတို့ လက်ထက်မှာ၊ အုတ်တံတိုင်း တစ်နေရာကို ဖောက်၍ မလွယ်ပေါက်၊ ကူးတံခါးတစ်ချပ် တပ်လိုက်သည်။ တစ်ခြံနှင့်တစ်ခြံ သွားရကူးရ လွယ်သွားသည်။ ဝေက နေခွန်းတို့ခြံသို့ သွားလိုလျှင် တံခါးဖွင့်၍ ဝင်သွား၊ ပြန်ချင်လျှင် တံခါးဖွင့်၍ ပြန်ဝင်လာ။ နေခွန်းဇကျတော့ ဘယ်တော့မျှ အဲသည်နည်းကို မသုံးပါ။ အုတ်တံတိုင်းကို ဆွဲခို၊ ကန်တက်ပြီး၊ တံတိုင်းပေါ် အရောက်မှာ ကားယားခွ၊ လျှောချပြီးမှ ခုန်ဆင်းလိုက်သည့်နည်းက တစ်နည်း။ ဝေတို့ခြံဘက်မှာ အုတ်တံတိုင်းနား ကပ်နေသော မာလကာပင်တစ်ပင် ရှိသည်။ ကီလိုပင် ဖြစ်၏။ အသားပွကာ အစေ့နည်းပြီး ချိုလှသည်။ နေခွန်းက သူ့ခြံသို့ ပြန်ကာနီးတိုင်း မာလကာပင်ပေါ်သို့ တက်သွားသည်။ အနည်းဆုံး မာလကာသီး တစ်လုံး ခူးစားပြီးမှ သူ့ခြံဘက်သို့ ကိုင်းနေသည့် မာလကာကိုင်းကို ခိုစီးလျက် ခုန်ချသွားတတ်သည့်နည်းက တစ်နည်း၊ နေခွန်းမှာ ပြန်နည်း နှစ်နည်းရှိလေ၏။

တစ်ခါမှာတော့ ... ဝေက မာလကာပင်ပေါ်သို့ တက်သွားသည့် နေခွန်းကို ...

"မာလကာပင် တက်တယ်ဆိုတာ၊ သေတာကိုပြောတာ၊ ငါ့ကို စိတ်ပုပ်နဲ့ ပြောသွားတဲ့ကောင်၊ မာလကာပင်ပေါ်မှာ သေပါစေ" ... ဟု ပြောဖူး၏။ အဲသည်တုန်းက ဝေ ငယ်ပါသေးသည်။ ဆယ့်တစ်နှစ်လား ဆယ့်နှစ်နှစ်လား မသိ။ ငယ်သူငယ်ချင်းကို ခင်ပေမယ့်၊ သေစမ်းဟာ ... ဆိုသည့် စကားကိုတော့ လွယ်လွယ်သုံးမြဲ မဟုတ်လား။ သေခိုင်းလည်း တကယ်သေမှာမှ မဟုတ်တာ။ မာလကာပင်ပေါ်မှ နေခွန်းဇက သူ့ကို သေပါစေ ... ဟု ပြောရပါမည်လားဟူ၍ မာလကာသီးတစ်လုံးကို ခူးပြီး ဝေဆီသို့ လှမ်းပေါက်ထည့်လိုက်သည်။ ဝေက နောက်ဖက်သို့အလှည့် နှင့်ကြုံ၍ ဝေ့ကျောကုန်းမှာ ဘုန်းခနဲထိ၊ အင့်ခနဲ အောင့်သွားခဲ့ရ၏။

"သေပါပြီ"

ဝေက နာလွန်း၍ အော်ငို၏။ နေခွန်းဇက အော်ရယ်သည်။

"ကောင်းတယ်၊ သူများကို သေခိုင်းတဲ့သူ က အရင်သေပြီ" ... ဟု ပြောကာ သူ့ခြံထဲသို့ ခုန်ဆင်းသွားတော့သည်။ အဲသည်နေ့မှစ၍ နေခွန်းဇက၊ ဝေ့ဆီသို့လာတိုင်း၊ မာလကာပင် ပေါ်တက်၍ ပြန်တိုင်း၊ သူစားဖို့ တစ်လုံးခူးပြီးနောက် တစ်လုံး ထပ်ခူးကာ၊ ဝေ့ဆီသို့ လှမ်းပေါက်သေးတာ၊ အကျင့်လို ဖြစ်သွားရတော့သည်။ နေခွန်း မာလကာပင်ပေါ်သို့ တက်ပြီဆိုလျှင် ဝေက ပုန်းဖို့နေရာ ရှာရတော့သည်။ ကွယ်နေမှ၊ သူထိအောင် ပစ်ဖို့ မြင်ကွင်း ကွယ်နေမှ ဝေ့ခမျာ သက်သာ၏။

နေခွန်းဇ ... သူ့ခြံထဲ ရောက်သွားမှပဲ ဝေက သက်ပြင်းမောကို ချနိုင်ရှာတော့သည်။ ပါးပြင်ပေါ်မှ စိုတစ်ကွက် ခြောက်တစ်ကွက်၊ သနပ်ခါးပျက်များကို ညှိရ၏။ မေမေ မြင်မှာစိုးလို့ပါ။ မမြင်စေချင်ကာမှ မေမေက မြင်[illegible]အောင်မြင်၏။

"ငိုလာခဲ့ရပြန်ပြီလား သမီး"

"သူ ... စ,တာပါ"

ဝေက ဖော့ပြောပါသည်။

"မျက်ရည်ပေါက်ပေါက်ကျတဲ့ထိ စ,စရာလား၊ စတယ်ဆိုလည်း တစ်ခါတလေပေါ့၊ ခုတော့ ... လွန်ပြီထင်တယ် မေမေတော့ စိတ်လိုက်မာန်ပါ စေ့စပ်လိုက်မိတာ မှားသွားပြီလားတောင် ပြန်တွေးနေရပြီ"

"မေမေပဲ နေဒွန်းကို ချစ်တယ်ဆို"

"ချစ်တယ်၊ ချစ်တာမှ ... တူလိုသားလို ချစ်တာ ဒီကောင်လေး ဘာလုပ်လုပ် အပြစ်မမြင်နိုင်အောင်ကို ချစ်ခဲ့တာ၊ ကိုယ့်မှာလည်း သားမှမရှိဘဲ၊ ဒီသမီးလေးတစ်ယောက်တည်းပဲ သဲမဲချစ်နေရတော့၊ ခြံနီးနားချင်း ဒီကောင်လေးဟာ မေမေ့ သားလိုပဲ ...

"ဒါပေမယ့် ... သူ့ကို ဘယ်လောက်ချစ်ချစ် သမီးကို ချစ်သလောက်တော့ မချစ်နိုင်ဘူးလေ။ ဒီကောင်လေးနဲ့ဆို သူက သမီးကို ငယ်နိုင်ဖြစ်ပြီး၊ တစ်သက်လုံး အပေါ်စီးက နိုင်စားနေတော့မှာပဲ၊ သမီးကလည်း မျက်ရည်နဲ့ မျက်ခွက် ခွင့်လွှတ်နေရတော့မှာပဲလို့ မေမေ တွေးချင်လာမိပြီသမီး ...

"ဘာပဲလုပ်လုပ် ခွင့်လွှတ်ခံရမှာပဲဆိုတဲ့ အသိစိတ်ကြီး ဝင်နေမှတော့၊ သူလုပ်ချင်ရာ လုပ်တော့မှာပဲ၊ အိမ်ထောင်ရေးမှာ လူမှုရေးဖောက်ပြန်မှုတွေ ဘာတွေထိ သရမ်းသွားနိုင်တယ်ဆိုတာ မေမေ တွေးနေရပြီ ...



"သမီးကို ကြည့်လိုက်တိုင်း၊ သူနဲ့မို့ တွေ့ပလားဆို၊ မျက်ရည်နဲ့ မျက်ခွက်ချည်းပဲ"

"သမီးက မျက်ရည်လွယ်တာပါ မေမေ"

ဒေါ်ခင်စောဝေက မျက်နှာမကြည်မလင်နှင့်ပင် ...င်းကို ဖြည်းဖြည်းခါ၏။ ဤကိစ္စ ... သမီးအမေ ဦးကျော်မျိုး ...် တိုင်ပင်ရတော့မည် ထင်သည်။ ဒီကောင်လေးကို ခင်တော့ ...၏။ ခင်ရုံတင်မက၊ ချစ်ပါ ချစ်လိုက်သေးသည်။ အဲသည် ...ောင်လေး၏ ဆိုးမျိုးကို၊ ကိုယ်သည်းညည်းခံပေးရမည်ဆိုလျှင်၊ ...ငံစနိုးစွာ သည်းခံလိုက်နိုင်မှာ ဖြစ်ပေမယ့် ကိုယ့်သမီးမျက်ရည် ...နေရတာကိုတော့ မကြည့်ရက်။ မကြည့်နိုင်ပါ။

ဒေါ်ခင်စောဝေက "အမေ"လေ။

## ၂

"ပုရစ်ရေ ... ဟော ... ပုရစ်ကြော်"

လူလုံးကို မမြင်ရမီ၊ တစာစာခေါ်သံကို အရင်ဆုံး ကြားရသည်မို့ လူနှင့် အသံမှာ အသံက အရင်ရောက်နှင့်လေ၏။

မီးဖိုထဲမှာ ဖေဖေ့အတွက် ပေါင်မုန့်မီးကင်ပေးနေသည့် ဝေက အိမ်ရှေ့သို့ ထွက်မလာနိုင်သေးပါ။ ဝေ ထွက်မတွေ့လည်း၊ အောက်ထပ်တစ်ထပ်လုံးကိုတော့၊ နေခွန်းက သူ့အိမ်သူ့ရာနယ် တစ်ခန်းဝင် တစ်ခန်းထွက် ရှာပြီဖြစ်ပါ၏။ ဝေတို့၏ နှစ်ထပ်တိုက်ကြီးမှာ၊ အပေါ်ထပ်တွင် ဘုရားခန်းနှင့် အိပ်ခန်းတွေ ရှိသည်။ အောက်ထပ်မှာတော့ စာကြည့်ခန်း၊ ဧည့်ခန်း၊ မိသားစုတီဗီကြည့်သောအခန်းနှင့် ထမင်းစားခန်း မီးဖိုဝဲ ရှိ၏။ ယောကျာ်းလေးတစ်ယောက် မဝင်သင့်သည့် အိပ်ခန်းမျိုး မရှိသောကြောင့် ငယ်ငယ်ကတည်းက၊ ဤကောင်လေးကို အောက်



ထပ်တစ်ထပ်လုံး ဝင်ခေထွက်ခေ၊ ခွင့်ပြုခဲ့မိခြင်းကို၊ ခုချိန်မှာ ဒေါ်ခင်စောဝေကတော့ ကျိတ်ပြီး နောင်တရချင်နေပါပြီ။

"ဟဲ့သား ... နေခွန်း၊ ထိုင်လေ၊ သမီးက မီးဖိုထဲမှာလေ။ သူ့အဖေပေါ့။ ပေါင်မုန့်ကို ·တိုစတာနဲ့ ကင်ပေးရင် မကြိုက်ဘူးတဲ့။ ဂက်စ်မီးဖိုက မီးတောက်ပြာပြာနဲ့ ကင်မှတဲ့လေ။ ကြဲဖန် ချေးများတာပါကွယ်၊ ဒီအရသာ ... ဒီအရသာပါပဲ။ သမီးက သူ့အဖေအတွက် လုပ်ပေးနေတာ။ လာ ... ထိုင်၊ ကော်ဖီသောက်ဦး"

ရွယ်တူတန်းတူ မိန်းကလေးတစ်ယောက်ကို လက်ဆွဲ၍ အိမ်ထဲသို့ ဝင်လာသည့် နေခွန်းကို ဒေါ်ခင်စောဝေက မျက်နှာမပျက်အောင် မနည်းကြီးထိန်း၍ စကားချိုချို ပြောရသည်။ ဦးကျော်မျိုးကတော့ တဲ့တိုးသမားကြီးမို့ မျက်စိမျက်နှာ ပျက်မနေတော့ဘဲ ...

"ဘယ်က ကလေးမလဲ" ... ဟု ပြောင်ပြောင်ကြီးပဲ မေးချလိုက်တော့သည်။

"ပုရစ်မ,လာမှ မိတ်ဆက်ပေးမလို့ ဦးဦးရဲ့၊ ဒါ ... နေခွန်းညီမလေး အေးသီ"ဂီဝင်း"

"ဩော်"

ဦးကျော်မျိုးရော ဒေါ်ခင်စောဝေပါ နားမရှင်းကြပါ။ စကားပြောရာတွင်၊ ကိုယ့်ကိုယ်ကိုယ် (ကလေးဘဝတုန်းကအတိုင်း) နေခွန်းဟု ထည့်ပြောတတ်ဆဲဖြစ်သည့် ဒီကောင်လေးကို ဦးကျော်မျိုးနှင့် ဒေါ်ခင်စောဝေတို့က ချစ်ကိုချစ်တာဖြစ်၏။ ထိုနည်းတူ ဝေဆိုသည့် မြပုရစ်ဝေကလေးကိုလည်း ဦးမြခွန်းနှင့် ဒေါ်တင့်တင့်ရီ

တို့က မည်သည့်ရှုဒေါင့်ကမျှ အပြစ်မမြင်စွာ ချစ်ကြတာဖြစ်လေ၏။ ဦးကျော်မျိုးနှင့် ဒေါ်ခင်စောဝေက ... "ညီမ"ဆိုသော အေးသီဂီဝင်း ဆိုသော ကောင်မလေးကို ကြည့်လိုက်ကြသည်။

"သီဂီ ... ထိုင်"

နေဒွန်းက နေရာချပေးစဉ်မှာ ဝင်ထိုင်လိုက်ပုံ၊ လှုပ်ရှားဟန်က သွက်လွန်း၏။ လူကြီးနှစ်ယောက်၏ မျက်စိမှာ သီဂီဆိုသော မိန်းကလေးသည် ဘာတွေမှန်းမသိ သွက်လက်ရဲ တင်းနေသည်။ သွက်လက်ခြင်းနှင့် ထက်မြက်ခြင်းတို့မှာ မတူပါ။ တခြားစီ ဖြစ်၏။ ရဲတင်းခြင်းနှင့် ပွင့်လင်းခြင်းတို့လည်း မတူပါ။ ယခုအကြိမ် ပထမဆုံး ရောက်ဖူးသည့် ဤအိမ်၏ အတွင်းခန်း တစ်ခုဖြစ်သော ထမင်းစားခန်းထဲထိ လိုက်လာရဲခြင်း၊ အစ်ကိုပဲ ထားဦး၊ အစ်ကိုက လက်ဆွဲ ခေါ်လာတော့ရော ညီမဖြစ်သူက (ကလေးပေါက်စ အရွယ်တွေလည်း မဟုတ်တော့ပြီမို့) အစ်ကို့ လက်ကို တန်းတန်းဆွဲ၍ လိုက်စရာလား။ ပြီးတော့ ... ဒေါ်ခင် စောဝေသည် ဒေါ်တင့်တင့်ရီနှင့် ခြံချင်းကပ် နေလာခဲ့တာကြာပြီ။ နေဒွန်း‌ဗ ဆိုသည့် ကောင်လေး သူငယ်တန်း မတက်မီကတည်း က ဖြစ်၏။ အဲသည်နေဒွန်းဗမှာ ညီမတစ်ယောက် ရှိသည်ဟု ဘယ်တုန်းကမျှ မကြားဘူးခဲ့ပါ။ ရုတ်တရက်ကြီး ပေါ်ပေါက်လာ သည့် ညီမဆိုသူကို လက်ဆွဲ၍ အိမ်ထဲသို့ ဝင်လာသော သမက် လောင်းကို ဒေါ်ခင်စောဝေ ရင်ထဲ မျက်ခနဲ ဖြစ်ရတော့သည်။

"ရဲရဲကြွပ်ကြွပ်ကလေး ဖေဖေ ... ဟော ..."

ဝေက ပေါင်မုန့်မီးကင်ကို ပန်းကန်ပြားကျယ်ကျယ် လေးထဲ ထည့်၍ ထမင်းစားခန်းထဲသို့ ဝင်လာရင်း၊ နေဒွန်းကို



တွေ့လိုက်သည်။ နေဒွန်း ဘေးမှ မိန်းကလေးကို တွေ့လိုက်သည်။ လက်ထဲမှ ကြွေပန်းကန် ကျမကွဲအောင် သတိထားလိုက်ရပေမယ့် ခေါင်းထဲကတောင် မိုက်ခနဲ ဖြစ်ချင်၏။ နေဒွန်း ဆိုသည့်ကောင်က စိတ်ချရတာ မဟုတ်ပါ။

"ငါ ... ရည်းစားရှာတော့လို့ နင့်ကို လာကြွားတာ"

အဲဒီလို ငါတို့မျိုးကို လူကြီးရှေ့မရှောင် ပြောချင် ပြောမှာ။ ဖေဖေတို့ မေမေတို့ ရှေ့မှာ ပြောချင်ပြီဆိုလျှင်တော့ နေဒွန်းနှင့် ဝေတို့၏ ရှေ့ရေးဟာ မေမေ့ထံမှာ မျှော်လင့်ခြင်းသာ ဖွယ် သိပ်မမြင်နိုင်တော့ချေ။

"သမီးပဲ ... ထောပတ်သုတ်ပေးလိုက်တော့၊ ဘယ်သူဘယ် လောက်လုပ်ပေး လုပ်ပေး၊ ဒီအမေက သူ့သမီးကိုယ်တိုင် ပြုစုမှ ကျေနပ်တာ"

ဒေါ်ခင်စောဝေက သမီး၏ အရိပ်အကဲကို ဖမ်းမိ သည်။ အလိုက်သိစွာ အခြေအနေကို ဝင်ထိန်း၏။ ဝေက ခုမှ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်၍ ကိုယ့်သတိလေး ကိုယ် ထိန်းရသည်။ ဖေဖေ့နားမှာ ဝင်ထိုင်လိုက်၏။ ထောပတ်သုတ် ပေးနေသော လက်တွေက ဆောက်တည်ရာမရ။ တုန်တုန်ယင်ယင် ဖြစ်ချင်၏။ အူတွေထဲ၊ သေစိမ်းခပ်အေးအေးတွေ ဝင်တိုက်သလို ခံစားမှုကြီးဖြင့် မသက်မသာ ရှိလှ၏။

"ပုရစ်မ ... ငါတို့လည်း ပေါင်မုန့်မီးကင်၊ နင့်လက်ရာ စစ်စစ်"

အဲသည် တောင်းဆိုမှုက မလွန်ပါ။

"အန်တီ ... အန်တီလုပ်တဲ့ မြီးရှည်က ဘယ်သူ့

မြီးရှည်နဲ့မှ မတူဘူး၊ စားလို့ ကောင်းလွန်းလို့ နေ့ခွန်းကို လုပ်ကျွေးပါဦး အန်တီ" ... ဆိုတာမျိုးနှင့်၊ ဒေါ်ခင်စောဝေကိုတောင် ခိုင်းရဲသည့် နေ့ခွန်းဗပါ။

"သိဂ်ရော မီးကင်ပဲလား"

စားပွဲပေါ်မှာ ပေါင်မုန့်အစိမ်းတွေ ရှိသည်။ ထောပတ်ခွက်ရှိသည်။ ယိုပုလင်းရှိသည်။ သကြားခွက်တောင်ရှိသေး။ ဖွန်းတို့ ဓားတို့လည်း အဆင်သင့်၊ ကော်ဖီခရားလည်းရှိသည်။ ကော်ဖီပန်းကန်ကတော့ သုံးလုံးပဲရှိ၏။

"သိဂ်လည်း မီးကင်ပဲ။ ဗန့် တူတူ"

ဒေါ်ခင်စောဝေနှင့် ဝေတို့ မိန်းမသားနှစ်ဦး၏ မျက်ဝန်းတွေက ဝင့်တက်သွားကြတော့သည်။ "ဗ"ဆိုပဲ။ နေ့ခွန်းဗကို အားလုံးက "နေ့ခွန်း"ဟုပဲ ခေါ်ကြသည်။ နှိပ်ကွပ်နောက်ပြောင်လိုသည့် အခါတွေမှာ "ဘော"ဟု ခေါ်၏။ အဲသည်အခါကျလျှင် နေ့ခွန်းက တကယ်ကြီး စိတ်မဆိုးဘူး ဆိုလျှင်တောင် စိတ်ဆိုးဟန်ပြ၏။ လက်သီးနှင့် လိုက်ထိုးလိုထိုး လုပ်တတ်သည်။ အခု "ဗ" ခေါ်ခံရတာကျတော့ မင်းသားက ပြုံးလို့ရှိုလို့ ဖြစ်နေသည်။ စိတ်ဆိုးဟန် မပြပေ။ မောင်နှမ ဘယ်လိုပဲ တော်တော်၊ အရင်း မဟုတ်တာက သေချာနေသည်မို့ အနီးစပ်ဆုံးတွက်ရလျှင် တောင် တစ်ဝမ်းကွဲ။ တစ်ဝမ်းကွဲလောက်လည်း က,မည်မထင်ပါ။ ဒေါ်တင့်တင့်ရီ၏ တစ်ဝမ်းကွဲ အမျိုးတွေကို၊ ဒေါ်ခင်စောဝေ သိတာများသည်။ တစ်ဝမ်းကွဲရုံလောက်ထိ ရင်းပြီဆိုလျှင် အမြဲ တူတူ ပေါင်းသင်းနေကျ မိတ်ဆွေမို့ ဒေါ်ခင်စောဝေနှင့်ပါ လိုက်ပြီး ရင်းနှီးသွားတတ်ကြသည်။ ဤကလေးမ "အေးသိဂ်ဝင်း" ဆိုသူကို



ခင်စောဝေ လုံးဝမသိပါ။ တစ်ဝမ်းကွဲလောက်တော့ မကနိုင်။ ဝမ်း သုံးဝမ်းလောက်တော့ ကွဲကိုကွဲပေမည်။ နှစ်ဝမ်းသုံးဝမ်း မောင်နှမရွှယ်တူတန်းတွေဟာ အဲသည်လို၊ သွားလေရာ က်ဆွဲခါးကိုင် တန်းတန်းစွဲ လိုက်ပါရိုးလား။

ဒေါ်ခင်စောဝေ မျက်စိထဲတော့ နောက်သည်။ ဒါဟာ သမက်လောင်းမို့ မဟုတ်ပါ။ သမက်လောင်း မဟုတ်လ ်း ဒီလို နေအထိုင်မျိုးကို "ကလက်သည်"ဟု မြင်မှာပဲ ဖြစ်၏။ ကိုယ့် မီး "ဝေ့"ကိုဆို သုံးဝမ်းလောက်ကွဲသော အစ်ကိုတွေနောက် က်ဆွဲခါးဆွဲ၍ လိုက်ခိုင်းနေမှာ မဟုတ်ချေ။ ဘာရယ်တော့ ဟုတ်၊ လူကြီးမျက်စိထဲတော့ အမြင်ကိုမတော်နိုင်ပါ။

"သဂ်ဖို့လည်း မီးကင်ပေး ... ပုရစ်မ"

ဝေတို့ကတော့ ထုံးစံအတိုင်း။ နေ့ခွန်းနှုတ်မိန့်ဆို ျင် ဗျာဒိတ်တစ်ခုလို ပန်ဆင်မြဲမို့ ထောပတ်သုတ်ပေးပြီးသွား သော ပေါင်မုန့်ပန်းကန်ကို ဦးကျော်မျိုး ရှေ့မှာ ချပေးခဲ့လျက်၊ ်းသွားကင်ဖို့ ပေါင်မုန့်အစိမ်းတွေကို လှမ်းယူ၏။

"ငါလည်း တိုစတာနဲ့ကင်တာ မကြိုက်ဘူး၊ ဦးဦးလိုပဲ၊ သံညှပ်ကလေးထဲထည့်ပြီး ကင်ပေး"

"သိဂ်လည်း တူတူပဲ"

ဒေါ်ခင်စောဝေ မျက်နှာ ကွက်ခနဲ ပျက်သည်။

"သင်းသင်းရေ"

မီးဖိုဘက်သို့ မေးကလေးမော့၍ လှမ်းခေါ်ရင်း သမီး၏ညို့သကျည်းကို တစ်ချက် ဆောင့်ကန်ပေးလိုက်၏။

"သင်းသင်း ... သွား၊ ညည်းသည်ဖို့ ပေါင်မုန့်မီးကင်ပေးလိုက်"

ဝေက သင်းသင်းကို ဆီးပြောလိုက်သည်။ ဝေမ
မပြောလျှင် မေမေ ပြောတော့မှာကို သိသည်။ မေမေကမှ ဝေ
ပြောနေပါလျှင်၊ လူကြီးမပီသရာ၊ သဘောထားနုရာ ရောက်ပါ
လိမ့်မည်။ သမီးအပေါ်ထားသည့် မိခင်၏ချစ်ခြင်းမေတ္တာမို့၊ မေ
က သဘောပေါက်စွာ စီစဉ်ဆောင်ရွက်ရပါသည်။ အဲသည်
အတွက်၊ တစ်ချိန်ချိန်မှာ၊ နေခွန်းနှင့် ပြဿနာရင်ဆိုင်ရတော့မည်
ဆိုတာကိုလည်း သိထားလိုက်ပါသည်။

"ပုရစ်မ ... နင့်ပန်းပင်တွေ လိုက်ပြ၊ သီဂီက စိတ်ဝင်စားတယ်တဲ့၊ သိပြီးပလား၊ သီဂီက ငါနဲ့ မောင်နှမ ဘယ်သူကြီးလို့ ဘယ်သူငယ်မလဲ ဆိုတာ မဆန်းစစ်ရသေးဘူး"

"အမယ် ... သီဂီက ငယ်ပါတယ်နော်"

"အတန်းတူနေတဲ့ဟာကို"

"သီဂီက ကျောင်းနေတာစောလို့"

"ထားပါ ... ထားပါ"

နေခွန်းဗ မတ်တတ်ထရပ်တော့ သီဂီကလည်
မတ်တတ်ရပ်ကာ နေခွန်း၏ ကျောဘက်ခါး၊ ဘောင်းဘီနော
ပတ်ကို လက်တစ်ဖက်နှင့် ကိုင်၏။ ပြီးတော့ တွန်းတွန်းတိုးထိ
ကလေး ထွက်သည်။ ဒေါ်ခင်စောဝေက မျက်နှာမပျက်အောင်
မနည်းထိန်း၍ ကျန်ရစ်တော့သည်။



"အေးသီဂီဝင်းတဲ့။ နာမည်လှတယ်နော်"

"အင်း"

နေခွန်းကပြောတော့ ဝေစာ ပြုံး၍ ခေါင်းညိတ်၏။

"သူက ပုရစ်မ"

"ဗက နောက်ခေါ်တာ မဟုတ်ဘူးလား၊ နာမည်အမှန်က ဘာလဲဟင်"

"မြပုရစ်ဝေ ပါ"

"ဟင် ... လှလိုက်တဲ့ နာမည်လေး၊ အဲဒီနာမည်လေးမှ ပိုလှတာ၊ လူနဲ့လည်း လိုက်လိုက်တာ၊ သီဂီက ဘယ်လိုခေါ်ရမှာလဲ၊ သီဂီနဲ့ဆိုရင် ဘယ်သူကြီးလို့ ဘယ်သူငယ်မယ် မသိဘူးနော်၊ ရှယ်တူပဲ ထားလိုက်ပေါ့"

"ရပါတယ် ... ဝေ့ကို အားလုံးက ဝေလို့ပဲ ခေါ်ပါတယ်၊ သီဂီလည်း ဝေလို့ခေါ်နိုင်ပါတယ်၊ နေခွန်း တစ်ယောက်တည်း ပုရစ်လို့ ခေါ်တာ"

"ငါက ပုရစ်ကြော်ကြိုက်လို့၊ နင့်လည်း တစ်နေ့လောက်တော့ ကြော်စားပစ်ဦးမယ်"

"ကြည့် ... အဲဒီလို မပြောရဘူး ဗ,ရဲ့"

သီဂီက နေခွန်းကျောကို အုန်းခနဲထု၍ တားမြစ်၏။
နေခွန်းက ကျောကော့၍ ရယ်သည်။

"မေမေ့ အမျိုးတစ်ယောက်က မြစ်ကြီးနားမှာရှိတာ နင် သိလား"

"ဟင့်အင်း"

ဝေ့ သစ်ခွစင်အောက်မှာ သင်းသင်းကို ခုံပုလေးသုံးလုံး ယူခိုင်းပြီး ထိုင်ဖြစ်ကြတော့ နေခွန်းက ဝေနှင့် သီဂီ့ကို မိတ်ဆက်ပေးသည်။ သစ်ခွစင်က နည်းနည်းမြင့်၏။ စင်မြင့်၏ တန်းမှာ၊ သစ်ခွခြင်းများကို ချိတ်ဆွဲထားရာ၊ လူတစ်ရပ်ဆိုလျှင်တော့ မလွှတ်ပါ။ ထိုင်နေလျှင်တော့ ကောင်းကောင်းလွတ်သည်။ နေရောင်ခြည် တဖြိုးတဖြောက် ပြောက်ကျားဝင်ပေမယ့် မနက်နေဖြစ်တာရယ်၊ မကြာခင်လေးကမှ ရေလောင်းထားလို့ သစ်ခွပင်တွေလည်း မခြောက်သေး၊ မြေကြီးကလည်း စိုစွတ်ဆဲမို့ ထိုင်ရတာ အေးအေးလူလူ သက်သောင့်သက်သာ ရှိပါ၏။

"ဒေါ်လှသူဇာတဲ့ မေမေနဲ့ ညီအစ်မတော်တယ်"

"သွေးကတော့ နည်းနည်းဝေးတယ် ဝေရေ၊ အန်တီတင့်နဲ့ မေမေ ဒေါ်လှသူဇာက ညီအစ်မနှစ်ဝမ်းကွဲလား သုံးဝမ်းကွဲလား မသိဘူး"

"ဪ"

"ကျုပ်နဲ့ ဗနဲ့ဆိုရင် မောင်နှမ လေးဝမ်းကွဲ။ ကျုပ်လို့ပြောတာ ကြိုက်ရဲ့လား။ ဒီလိုပြောရမှ ကျုပ်စိတ်ထဲမှာ မြိန်သလိုပဲ၊ ကျုပ်က မြင်မြင်ချင်း ရှင့်ကို သိပ်ခင်သွားပြီ၊ တစ်သက်လုံးကို လည်ပင်းဖက် ပေါင်းလာတဲ့ သူငယ်ချင်း ညီအစ်မလိုပဲ၊ ရှင့်မျက်နှာလေးကိုလည်း သိပ်ကြိုက်တယ်၊ အေးချမ်းလွန်းလို့"



"သီဂီ ... မြှောက်နေတာဆိုရင်တော့ အကယ်ဒမီပဲ"

"ကြည့် ... ဗ ပြောတာနဲ့၊ သီဂီနဲ့ ဝေနဲ့ ခင်မင်မှုကြားထဲမှာ အစိမ်းရောင်ကြီး ခြားတော့မယ်၊ တကယ်ချစ်တာ၊ ဝေက လှလိုက်တာ"

"သီဂီ့လောက် ကြည့်မကောင်းပါဘူး၊ ဝေက ခေတ်မမီဘူး"

ဝေက ရှက်စနိုးကြောင့် မျက်နှာလေး ရဲသွားတာကို သီဂီက တကယ်ပဲ သဘောကျလိုက်သည်။

"ကြည့် ... ရှင် ရှက်သွားတယ်နော်။ အသားဖြူဖြူလေး မသိမသာရဲသွားတယ်။ ကျုပ်လည်း အဲဒီလို ဖြစ်ချင်တာ။ ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်၊ နှာသီးဖျားလေး ရဲသွားတယ်တို့၊ နားရွက်လေး နီသွားတယ်တို့၊ ကျုပ်ဖြင့် ... ဖြစ်ချင်လွန်းလို့ ကိုယ့်နှာခေါင်းကိုယ် ဆွဲလိမ်ဖူးတယ်"

"အရူးမ"

သီဂီက ဟက်ဟက်ပက်ပက် ရယ်သည်။ နေခွန်းက သီဂီ့ ဆံပင်တွေကို ဆွဲဖွ၏။ သို့ပေမယ့် ... သီဂီက ဆံပင်နှင့် ...တ်သက်လာလျှင် ကုသိုလ်ထူးပါသည်။ သူ့ဆံပင် ခါးနားထိ ...စ်ဖြောင့်တည်းမှာ၊ ဘာပုံမှ ဖြီးသင်နေစရာ မလိုပါ။ ဒီတိုင်း ...ားလိုက်ရုံဖြင့် အလှကြီး လှနေတော့သည်။ ဆံပင်တွေထဲ ...က်ငါးချောင်းလုံး ထိုးသွင်းဆွဲဖွလည်း၊ လက်လွှတ်ဆွဲနုတ်လိုက်သည့် အခါမှာ ဆံပင်တွေက ပုံပန်းကျနစွာ ပြုတ်ကျသွားမြဲဖြစ်သ၏။

"နာပြီး မျက်ရည်ဝဲလာတာသာ အဖတ်တင်တယ်၊ နာ
ဖျားလေးတော့ မရဲပါဘူး၊ ကျုပ်က အသားမည်းတ
မှလား"

"မမည်းပါဘူး၊ ဒီအသားကို မည်းတယ်လို့ မခေါ်ပါဘူ

ဝေက ... ကမန်းကတန်းလေး ဝင်ငြင်းရာ
စင်စစ် ... သိဂ္ဂီအသားက ညိုရှာပါသည်။ ညိုပေမယ့် အဝါသွေ
လှ၏။ လတ်ဆတ်စိုပြည်၏။ ကျန်းမာရေးကောင်းသူ၏ အသာ
အရေမို့ ချောမွတ်ကာ ဝင်းဖန့်နေသည်မို့ အသားမည်းအုပ်စု
သို့ မဝင်ပါ။ မဖြူတာပဲ ရှိပါသည်။ မဖြူပင် မဖြူငြား၊ လှသော
အသားအရေတည်း။

"ဒီမှာ ... ငါရဲ့ မိတ်ဆက်စကားကိုလည်း ဆုံးအော
ပြောပါရစေဦး၊ နင်တို့ မိန်းမတွေချင်းချည်း ပြောမနေနဲ့
ဒီမှာ ... ပုရစ်မရဲ့၊ သိဂ္ဂီအမေ ဒေါ်လှသူဇာနဲ့ မေမေနဲ့
ညီအစ်မကွာ ... သိဂ္ဂီတို့က ပူတာအိုမှာ နေတာ"

"ဝေးလိုက်တာနော်"

"ဖေဖေ့ အလုပ်က အဲဒီမှာမှ ရှိတော့ အဲဒီကိုပဲ ပြောင်း
ရတာပေါ့။ ဖေဖေက အရာရှိကြီးလေ။ အလုပ်ပြောင်းရ
လိုက်ပြောင်းရတယ်၊ ငယ်ငယ်တုန်းကတော့ သုံးနှစ်တစ်ခါ
လေးနှစ်တစ်ခါ ဆိုသလို ပြောင်းရတယ်။ ခုတော့
ပူတာအိုမှာ ကြာပြီ။ အဲဒီကပဲ ပင်စင်သွားမှာ"

"အရာရှိကြီး"ဆိုသော စကားကို ဝေ နားမလည်ပ
ယောဘုယျဆန်လွန်း၏။ ဘာအရာရှိကြီးလဲ။ ဘယ်လိုရာထူးမျိုးလဲ
ပြောကြကြေးဆို ဝေ့ဖေဖေကိုလည်း အရာရှိကြီးဟု ပြောလျှ



င်သည်။ သို့ပေမယ့် ... အဲသည်လောက် ရာထူးကြီးကြသော
ရာရှိကြီးများသည် ညွှန်ကြားရေးမှူးဖြင့် ညွှန်ကြားရေးမှူး စသည်
သည် ကိုယ့်ရာထူးအတိုင်း သုံးစွဲလေ့ရှိပါသည်။ ဝေ့ဖေဖေ
ကျော်မျိုးက ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ချုပ် ဦးကျော်မျိုးဟု
ည်တပ်ခေါ်ဝေါ်လေ့ရှိပြီး၊ မည်သူကမျှ အရာရှိကြီးဟု ပြော
းမရှိပါ။ သိဂ္ဂီက သူ့အဖေအရာရှိကြီးဆိုတော့ ကြားရတာ
းထဲ ဆန်းနေသည်။

"ဖေဖေ့ နာမည်က ဦးခင်မောင်ဝင်းတဲ့။ ကျုပ်တို့မှာ ညီ
အစ်မနှစ်ယောက် ရှိတယ်။ ကျုပ်က အငယ်၊ အေးသိဂ္ဂီဝင်း၊
ကျုပ်အစ်မက နှင်းသိဂ္ဂီဝင်း၊ ကျုပ်က ရန်ကုန်မှာ မနေဖူး
ဘူး၊ မွေးတုန်းကလည်း နယ်မှာ၊ နယ်တွေချည်း လျှောက်
ပြောင်းနေရတာ၊ ဖေဖေကလည်း ရန်ကုန်ကိုပဲ ပြန်မဝင်
နိုင်ဘူး၊ ကျုပ်က ရန်ကုန်မှာ နေဖူးချင်တယ်အေ့ ...

"အဲဒါ မေမေ ဒေါ်လှသူဇာက ဇတို့မေမေ အန်တီ
တင့်ဆီ စာလှမ်းရေးတယ်၊ သမီးတစ်ယောက်ကို ရန်ကုန်
ပို့လိုက်ပါရစေပေါ့၊ ရန်ကုန်တက္ကသိုလ်လည်း တက်ဖူးစေ
ချင်လို့ ကျောင်းစရိတ် ဘာညာက ကျုပ်အမေက ပို့မှာပါ၊
ဒါပေမယ့် ...

"အန်တီတင့်က ကြည့်စီစဉ်ပေးဖို့ပေါ့နော်၊ ကျုပ်က
အစက အဆောင်နေဖလို့။ နေကြည့်ချင်တယ်လေ။ ကိုယ့်
အားကိုယ်ကိုး၊ ကိုယ့်ဘာသာ ဆုံးဖြတ်၊ ဘယ်လောက်
လွတ်လပ်လဲ၊ ဒါပေမယ့် ... အန်တီတင့်က ဒီမှာပဲနေဖို့
ပြောတယ်၊ ဇကလည်း ခေါ်တယ်"

"အော်လေ ... ငါလည်း မောင်နှမသားချင်းမှ မရှိတာ၊ တစ်ယောက်တည်း ဘယ်လောက်ပျင်းလဲ"

"ဇမှာ သူငယ်ချင်း၊ အပေါင်းအသင်း မရှိဘူးလား"

"အများ ... ကြီး။ ပေါင်းတာပဲ၊ အိမ်တောင် သိပ်မကပ်ပါဘူး။ ဖေဖေကတော့ ချုပ်ချယ်တယ်၊ ဟိုကောင်နဲ့မပေါင်းရ၊ ဒီကောင်နဲ့ မပေါင်းရတွေ ရှိတယ်"

"ဦးဦးကို ဒီလိုမပြောပါနဲ့ နေခွန်းရဲ့။ ဒါ ချုပ်ချယ်တာလည်း မဟုတ်ဘူး။ မိဘဝတ္တရားမှာကိုက စစချင်း ... မကောင်းမြစ်တား ... ဆိုပြီး လာတာ၊ မပေါင်းသင့်တဲ့သူနဲ့ မပေါင်းစေချင်လို့ ပြောတာ"

"အေးပါ ... နင့်ရဲ့ ဒီအပြောတွေကို ဖေဖေနဲ့ မေမေက ပစ်ကျနေတာ၊ ဘယ်သင်တန်းသွားတက်ထားလို့ ဒီလောက် ညက်နေတာလည်းကွ ... နင်ပြောလိုက်ပလားဆို ... လူကြီးကြိုက်။ ရက်ကန်းစင်များထောင်ဖို့ စိတ်ကူးရှိရင်၊ မင်းကြီးကြိုက်နဲ့ ခပ်ဆင်ဆင်၊ လူကြီးကြိုက်ဆိုတဲ့ နာမည်နဲ့၊ ရက်ပါလား ပုဆိုးတွေ"

ဝေက ထုံးစံအတိုင်း ရယ်နေလိုက်သည်။ နေခွန်းကတော့ မျက်နှာရှစ်ခေါက်ချိုးနှင့် ပြောခြင်းဖြစ်၏။

"အပြင်ထွက်ချင်ရင်လည်း ခွင့်တောင်းရတယ်၊ သိ... အဲဒါတော့ သတိထားရမယ် သိလား၊ မေမေ လုံးဝတင်းကျပ်ထားတဲ့ စည်းကမ်းရှိတယ်၊ အပြင်တစ်နေရာရာ သွားမယ်ဆိုရင် သွားပြီလို့ ပြောရတယ်၊ ပြန်ရောက်ရင် ရောက်ပြီလို့ သတင်းပို့ရတယ်၊ သွားမယ့်အချိန် ပြန်မယ့်အချိန် တစ်ခါတည်း ကြိုပြောထားရတယ် ...



"ရောက်မယ်ဆိုတဲ့အချိန်မှာ မရောက်လို့ကတော့ ရန်ကုန်တစ်မြို့လုံးမှာ မေမေလိုက်ပြီး ဖုန်းမဆက်တဲ့အိမ်၊ တစ်အိမ်မှ ကျန်မှာမဟုတ်ဘူး၊ လိုက်မေးတော့တာပဲ၊ ထမင်းမစားဘူးဆိုလည်း ကြိုပြောရတယ်၊ မပြောရင်၊ ပြန်မရောက်မချင်း အဆာခံပြီး စောင့်တယ် ...

"မစားနှင့်ဘူး၊ ထမင်းဝိုင်းမှာ မိသားစုဆုံမှ စားတတ်တယ်တဲ့၊ အဲဒါ မေမေ ဘယ်တော့မှ လျှော့မပေးတဲ့ စည်းကမ်းကွာ ... တော်တော်များများကတော့ လိုက်လျောတာ များပါတယ်"

"အဲဒီစည်းကမ်း ကောင်းသားပဲ ဇရဲ့"

"ခင်ဗျား နေနိုင်ရင် ပြီးတာပဲ"

"ဘာလို့ မနေနိုင်ရမှာလဲ"

"ပြီးတော့ ရှိသေးတယ်၊ ငါ့သူငယ်ချင်းတွေဆို၊ အိမ်ကို ကြိုက်သလောက်လာ၊ ဘယ်နှယောက်လာလာ၊ နေ့ခင်းလာချင်လာ၊ ညလာချင်လာ၊ အိပ်ချင်လည်းရသေး၊ စားချင်တာပြော၊ ချက်ကျွေးတယ်၊ လိုချင်တာပြော၊ မရမရှိစေရ။ စိတ်လွတ်ကိုယ်လွတ်၊ ကြိုက်သလောက်နေ ...

"ငါ့ကို အပြင်ခေါ်ထုတ်သွားတာမျိုးကျတော့ မကြိုက်ဘူးကွာ။ ယောက်ျားလေးဆိုတဲ့ အမျိုးကလည်း အပြင်မှာပဲ ပျော်တဲ့ဟာကွာ၊ မေမေ လက်ဖက်ရည်ထဲ ရွှေထည့်ပျော်ပေး

ရင်တောင် ဆိုင်မှာသွားထိုင်သောက်ရတဲ့ ဈက်ရည်သာသာ လက်ဖက်ရည်ကျဲလောက် မကြိုက်ဘူး"

"ဗ ... သိဂီ ရွံတယ်"

"ဘွာတေး"

"ကျုပ်၊ ဂိုယ်တိုင်က အန်တီတင့်ကို တွေ့လိုက်တော့ တော်တော်ခင်သွားတာ"

"ဟုတ်တယ် ... အန်တီတင့်က ခင်စရာ အရမ်းကောင်းတယ်။ လူငယ်တွေရဲ့ ကရိကထလည်း သိပ်ခံတယ်။ နေခွန်း သူငယ်ချင်းတွေဆိုရင်၊ နေခွန်းကို ခေါ်သွားဖို့ထက် နေခွန်းအိမ်မှာပဲ လာစုလာဆုံပြီး ပျော်ပွဲစား လာထွက်ကြသလိုပဲ။ လူမစုံသေးရင်လည်း ဖုန်းဆက်ပြီး ချိန်းလို့ရတယ် ...

"ဘယ်အချိန် တံခါးထဖွင့်ပေးရလို့မှ မငြိုငြင်ဘူး၊ စားချင်တာလည်း အချိန်မရွေးပဲ"

"ခုတော့ ... အိမ်မှာ နေဖြစ်သွားပြီပေါ့ကွာ"

"သိဂီက ဘယ်ယီးယားလဲ"

"ဟင့်အင်း ... ကျုပ်က ရန်ကုန်မှာ ဖွင့်နေတဲ့ သင်တန်းမျိုးစုံကို တက်ဖူးချင်လို့ လာတက်မှာ။ စပီကင် (Speaking စကားပြော)တို့ ကွန်ပျူတာတို့၊ နည်းနည်းလွယ်မယ့်ဟာတွေပေါ့၊ စာရင်းကိုင်တွေ ဘာတွေတော့ မတက်ချင်ဘူး၊ ပြီးတော့ ... အချုပ်အလုပ်သင်တန်း၊ ပန်းအိုးထိုး ပန်းအလှပြင်သင်တန်း၊ အလှပြင်ပေါ့၊ ဆံပင်ကောက်၊ ညှပ်၊ မိတ်ကပ်လိမ်း၊ အဲဒါတွေလည်း တက်မှာ"



သူ တက်ချင်သော သင်တန်းတွေက စုံလှ၏။ တစ်ခုနှင့်တစ်ခု အဆက်အစပ်ကလည်း မရှိလှချေ။

"ဘယ်ဟာကို အရင်တက်မယ် စိတ်ကူးလဲ"

"ဟိုဒင်း ... မိတ်ကပ်နဲ့ ဆံပင်ညှပ်ရယ်၊ အင်္ဂလိပ်စကားပြောရယ်"

ဒီလိုတော့လည်း သူ့ဟာက အဆက်အစပ် ရှိသားဟု ဆိုရပါမည်။

"ဗြူတီပါလာ ဖွင့်မယ်ပေါ့၊ ကောင်းတယ်၊ နိုင်ငံခြားသားလာရင် အင်္ဂလိပ်လို ပြောနိုင်တော့ ကောင်းတာပေါ့"

"ဆိုင်ကြီးတစ်ခုလုံး ဖွင့်တဲ့ထိ ပိုက်ဆံမရှိပေါင်၊ ဗက ထုတ်ပေးရင်တော့ လုပ်နိုင်မှာပေါ့၊ ထုတ်ပေးမှာလား ... ဗ"

"ဟ ... ငါ့မှာ ထုတ်ပေးစရာ ဘယ်မှာပိုက်ဆံရှိလို့လဲ၊ နင်လုပ်ချင်ရင် မေမေ့ကို ပြောပေးမယ်"

"ဝေး ... ပျော်လိုက်တာ၊ ဒါကြောင့် ဗတို့မိသားစုကို မြင်မြင်ချင်း ချစ်သွားတာ၊ အဆောင်မပြောင်းနိုင်တော့တာသာကြည့်။ ဗတို့အိမ်မှာ ပျော်နေပြီ၊ မသွားနိုင်တော့ဘူး"

ဝေက ပျက်ချင်သည့် မျက်နှာလေးကို ကြိုးစားပြင်ဆင်ထားရပါသည်။

"ဝေ့ကိုလည်း မြင်မြင်းချင်း ချစ်သွားတာပဲ၊ ရန်ကုန်က လူတွေကို၊ မျက်နှာမြင် ချစ်ခင်ပါစေဆုနဲ့ ပြည့်တာလား မသိဘူး။ ပြီးတော့ ... ရန်ကုန်မှာ လူချောချည်းပဲ၊ အရုပ်ဆိုးတဲ့လူလည်း တစ်ယောက်မှ မတွေ့ပါလား"

"ဒီမှာ ... ပုရစ်တစ်ကောင်လုံး ရှေ့မှာ ငုတ်တုတ်ထိုင်နေတာတောင် ရုပ်ဆိုးတဲ့သူကို မတွေ့သေးဘူးလား"

"အမယ် ... ဒီလိုမပြောပါနဲ့၊ ဝေက လှကလှပါဘိ"

"ကြည့်မြှောက်၊ မီးတိုင်မှာ ဝဲနေတဲ့ ပုရစ်တွေ လမ်းပေါ် ပြုတ်ကျရင်တော့ ဘုတ်ခနဲ နေတာပဲ၊ ဒီပုရစ်မ ပြုတ်ကျရင်တော့ ဘယ်လိုနေမယ် မသိဘူး"

"သိဂီ ... တော်ပြီလား၊ ဒီသစ်ခွတွေပဲ ကြည့်ချင်တာလား၊ ဟိုဘက်မှာ ကစ်စမီတို့ နှင်းဆီတို့ ရှိသေးတယ်၊ ကြည့်ဦးမလား"

"အင်း ... ကြည့်မယ်၊ ပန်းကြည့်ရတာတော့ ဝါသနာပါတယ်၊ ဗရေ ... ထူပါဦး"

ထိုင်နေရာမှ လက်နှစ်ဖက်ကို မြှောက်ပေးလိုက်တော့ နေခွန်းက ဆွဲထူ၏။ မတ်တတ်ရပ်မိသည်နှင့် နေခွန်း၏ ခါးဘောင်းဘီအနားပတ်ကို ဆွဲတော့သည်။ လမ်းလျှောက်တာ ကောင်းကောင်း မလျှောက်ပါ။ နေခွန်းကို တွန်းကာ ထိုးကာနှင့် ခြေတပေါင်ကျိုးခုန်လိုခုန်။

"ဝေရေ အမြင်မရိုင်းနဲ့နော်၊ ကျုပ်တို့က မောင်နှမဆိုတော့ ချစ်တယ်လေ၊ ပြီးတော့ ... ကျုပ်ကိုယ်တိုင်က တရင်းတနှီး နေတတ်တာ။ အိမ်မှာဆို၊ ကျုပ်က ဘယ်တော့မှ ကိုယ့်ဘာသာ အိပ်ရာဝင်တာ မဟုတ်ဘူး၊ ဖေဖေတို့ မေမေ ဒေါ်သုဇာတို့ မမနှင်းနှင်းတို့ ညရေးညတာ စကားပြောနေကြရင် အဲဒီနားသွား ...



ကြုံရာနေရာ ခေါင်းထိုးပြီး အိပ်ချလိုက်တာပဲ။ သူတို့စကားဝိုင်းပြီးလို့ အိပ်တော့မယ်ဆိုရင်၊ ကျုပ်ကို ဘယ်လောက်နှိုးနှိုး၊ နိုးမပေးပေါင်၊ တကယ် ... နိုးကိုမနိုးဘူး၊ ဖေဖေက ပွေ့ချီပြီး ကျုပ်ခုတင်ပေါ် သွားတင်ပေးရတယ်၊ ခု ... ဗတို့အိမ်ရောက်မှ ကိုယ့်ဘာသာ အိပ်ရာဝင်နေရတယ်၊ ဖေဖေ့ကို လွမ်းလိုက်တာ"

"ဒီမှာတော့ တွေ့ကရာ ထိုးမအိပ်နဲ့၊ မယ်မင်းကြီးမ၊ ကျုပ်က ခင်ဗျားကိုယ်ကြီးကိုတော့ မချီနိုင်ဘူး။ မသကာ ကြိုးနဲ့တုပ်ပြီး ဒရွတ်ဆွဲ ရွှေ့ရုံပဲ"

သိဂီက တခစ်ခစ် ရယ်၏။ သူ့ရယ်သံလေးတွေက …ွင်ကြည်နေ၏။ ဆည်းလည်းကလေး၊ လေတိုက်သံလိုလို။ …းဘောင်လို့ ကောင်းသလိုလို၊ အသည်းယားသလိုလို။ နားဝင် …ုံးတာ မှန်သလို ပေါ့ပျက်ပျက် နိုင်ဝံတာလည်း အမှန်ပါ။ …သံကလေးမျိုးကို ထုတ်လွှတ်နိုင်အောင် သဘာဝတရားကြီးက …င်နှာလိုက်စွာ ပေးထားတာလား။ လုပ်ကြံဖန်တီးယူတာဆိုလျှင် …ည်း၊ တော်လွန်းလို့ ချီးကျူးလိုက်ချင်ရဲ့။ ဩော် ... သင်တန်း …တောင်တက်ပြီး၊ သူ့ဆီ တပည့်ခံရမလား မသိ။ နေခွန်းကို …ည့်ရတာ၊ အောက်သွားတွေတောင် ကြွေကုန်ပြီလား မသိပါ။

စကားပုံရှိသည်လေ၊ နွားပြာကြီး အောက်သွားမရှိ … သိဂီကိုကျတော့ နေခွန်းက ခင်မင်ပုံနှင့်ပါလား။

အချစ်ကို လူတွေက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပါသည်။ အချစ်မှာ ကြည်မွေ့ကြသူတွေက၊ အချစ်၏ ချိုမြိန်ခြင်းများကို ဖွဲ့နွဲ့၏။ အချစ်မှာ နာကြည်း နာကျင်ရသူတွေကတော့ အချစ်ကိုဒုက္ခ ပေးတတ်သော ဝဋ်ဆင်းရဲတစ်မျိုးဟု ဆို၏။ "ဝေ" ကတော့ အချစ်ကို၊ အဲသည်နှစ်မျိုးလုံးထဲမှာ အကျုံးဝင်သည်ဟု ဆိုချင်ပါသည်။ အချစ်သည် ချိုမြိန်ခြင်း များစွာကို၊ ဝေ့ထံ သယ်ဆောင်လာခဲ့ပါ၏။ အချစ်မှာ နစ်မွန်းရရှာသော ဝေသည် ဝဋ်ဆင်းရဲ များစွာကိုလည်း ခံစားရပါသည်။ မည်သို့ဆိုစေ ... အချစ်မှာ ဝေ တွယ်ငြိပါ၏။ အချစ်ကို ဝေ မိန်းမူးပါ၏။ အချစ်မှာ နစ်ဝင် ရီဝေ လျက် အချစ်၏ ချိုမြိန်ခြင်းများ၊ အချစ်၏ ခါးသီးမှုများကို ဝေက မက်မောစင်တွယ်စွာ ခံစား ခံစားချင်သူ ဖြစ်လေ၏။

# ၂

ဝေက နေဒွန်း အကြောင်းကို ငေးငေးလေး တွေးလိုက်မိပါ၏။ အဲသည် ... အေးသီဂီဝင်း ... ဆိုတာ ပေါ်ပေါက်မလာခင်တုန်းကတော့၊ ဝေနှင့် နေဒွန်းတို့ ဘဝမှာ ဝေရယ် နေဒွန်းရယ် နှစ်ယောက်တည်းရယ်လေ ...။

နေဒွန်းကို ဝေ ... ဘယ်တုန်းက စတင်ချစ်မိသွားရမှန်း မသိလိုက်ပါ။ ဝေ သတိထားမိစွာ ချစ်နေပြီဆိုသည့် အချိန်ကျတော့ တွယ်တာမှုက နက်ရှိုင်းလွန်းပြီ။ သံယောဇဉ်က တင်းကျပ်လွန်းခဲ့ပြီ။ "နေဒွန်းဗ" ဆိုသည့် ကောင်လေးက ဝေ့ကို "ချစ်ပါရစေ"... ဟု တစ်ခါမျှ ချစ်ရေးမဆိုခဲ့ပါ။ ဝေက "ချစ်တုံ့ပြန်ပါတယ်"... ဟူ၍ တစ်ခါမျှ ချစ်ခွင့်မပေးခဲ့ဘူးပါ။ သို့ပေမယ့် နေဒွန်းဗနှင့် မြပုရစ်ဝေ ဆိုသော၊ ကောင်လေးနှင့် ကောင်မလေးတို့သည်၊ ချစ်သူတွေလို ဖြစ်နေကြသည်။ ချစ်သူတွေ ... ဟု သူငယ်ချင်း အပေါင်းအသင်းတွေက သတ်မှတ်ပြီးသား ဖြစ်နေကြသည်။ ဘာကြောင့်ဆို ... တရားဝင် ပွဲကြီးလမ်းကြီး ကျင်းပ

လျက် မဟုတ်ကြောင်း ... နေဒွန်း မိဘနှင့် ဝေ့ မိဘ၊ မိဘလေး
တို့က နှုတ်စကားချင်း ဖလှယ်၍ "စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း
ကို လေထဲမှာပင် အတည်ပြုခဲ့ကြသောကြောင့်တည်း။

လေကိုဖမ်း၍ ဆုပ်ကိုင်တွယ်၍ မရသလို၊ အ
အရောင်၊ အဆင်သဏ္ဌာန်အားဖြင့်လည်း မြင်နိုင်စွမ်း မရှိ
လေပေါ်တွင် မည်သည့်ဒြပ်ပစ္စည်း၊ ရုပ်ဝတ္ထုတို့ အရာထင်နိုင်
မည်နည်း။ ညွှန်းဆိုချက်၊ သတ်မှတ်ခြင်း တစ်ခုခုကရော
ခိုင်မြဲနိုင်ပါမည်လား။ ဖြစ်ရိုးကိုတော့ ဝေ မသိပါ။ ဝေ သိတာက
ဝေနှင့် နေဒွန်းတို့၏ လေထဲမှာ စေ့စပ်ကြောင်းလမ်းခြင်းသည်
ဝေ့နှလုံးအိမ်မှာတော့ ခိုင်မြဲထင်ရှားလျက် ရှိခြင်းတည်း။ အား
ကလည်း အသိအမှတ် ပြုကြပါသည်လေ။ သူငယ်ချင်းတွေက
သူငယ်ချင်းသစ် တစ်ယောက်တိုးတိုင်း၊ မိတ်ဆက်ကြတိုင်း

"ဒါက နေဒွန်း၊ သူက မြပုရစ်ဝေ၊ သူတို့
ယောက်က စေ့စပ်ထားတာ၊ လူကြီးတွေ စီစဉ်တဲ့ကိစ္စဆိုတော့
တစ်ကမ္ဘာလုံး အသိအမှတ်ပြု ပြီးသားပေါ့ကွ" ...ဟု ရည်
ပတ်ရွှန်း ပြောကြသည်။

ဝေက ရှက်ပြုံးလေးနှင့်ပေမယ့် ခေါင်းမငုံ့ဘဲ ကြ
ကြည်လင်လင်ကလေး မော့နေလိုက်သည်။ နေဒွန်းကတော့ သူ
မျက်နှာကို အရုပ်ဆိုးဆုံး ဖြစ်သွားစေသည်ထိ စူပုပ်လျက် မျ
မှောင်ကြီးကို ကုတ်ပစ်လိုက်တတ်၏။

"လူကြီးတွေ ထင်ရာလုပ်ထားတာ"

ရှုံ့မဲ့ပြောဆိုရင်း ဝေ့ကျောကိုသော်လည်းကောင်း
ဝေ့ ငယ်ထိပ်ကိုသော်လည်းကောင်း လက်သီးဆုပ်နှင့် အုန်း



ထုချတတ်၏။ နေဒွန်း အကျင့်ကို သိလို့မို့ ဝေက ရှောင်ရန်ရှား
ရန် အဆင်သင့် ဖြစ်နေရပါ၏။ ဝေ အထိမနာလှပါ ... သူငယ်
ချင်းတွေက ဝါးခနဲ ပိုင်းရယ်ကာ ... တော်တော်ချစ်တဲ့ စုံတွဲက
လေးပဲ ... ဟု အသံထွက်၍ မှတ်ချက်ချကြသည်။

"မချစ်ပါဘူး"

နေဒွန်းက ... ဝရုန်းသုန်းကား ထငြ တာကိုပဲ၊
အဖွဲ့ကတော့ သဘောတကျရှိမြဲ။ မိဘခွင့်ပြုချက်နှင့် မောင်နှမ
နီးပါး ရင်းနှီးခွင့်ရသော စုံတွဲကံကောင်းကလေးအဖြစ်၊ သူတကာ
တွေ အားကျကြတာကို ဝေ့မှာတော့ ဂုဏ်ယူမဆုံးပါ။ ဝေက
နေဒွန်းဗ ဆိုသော ကောင်စုတ်လေးကို ချစ်ပါသည်။ ဝေ့အတွေး
ထဲမှာ နေဒွန်းဗကို တစ်ခါတစ်ရံ ကောင်စုတ်လေးဟု၊ သုံးနှုန်း
ဖြစ်၏။ ဒါဟာ ချစ်စနိုးပါ။ ဝေနှင့် နေဒွန်းဗတို့သည် တစ်ယောက်
နှင့်တစ်ယောက် ရက်ပိုင်း လပိုင်း ဆိုသလိုတော့ အသက်ကွာကြ
၏။ မည်သူက ဘယ်နရက် ဘယ်နလ ပိုကြီးလေသလဲဟူ၍
သူတို့ မဆန်းစစ်ကြပေ။ နှစ်ဦးသဘောတူ ...ရွယ်တူဟုပဲ သတ်
မှတ်ထားလိုက်ကြသည်။

ဝေက မဆန်းစစ်ခြင်းမှာ ဝေ့အတွက် ဘာမျှမထူး
ခြားလို့ ဖြစ်၏။ နေဒွန်းဗသည် ဝေ့ထက် နည်းနည်းပါးပါး ငယ်
နေလျှင်လည်း ဝေက သည်းခံခြင်းများစွာဖြင့် နက်ရှိုင်းစွာ ပေး
ဆပ်ပေးဆက်ရင်း ချစ်မိမှာပဲ ဖြစ်သလို၊ ဝေ့ထက် နည်းနည်းပါး
ပါး ပိုကြီးနေလျှင်လည်း၊ သည်းခံပေးဆပ်ဖို့ တာဝန်က ဝေ့ဘက်
မှာသာ ရှိသည်မို့၊ ဝေ့တွင် ထူးခြားမှု မရှိပါ။ အဲဒါကြောင့် ...
ဝေက မဆန်းစစ်တော့ပါ။

နေဒွန်းဗကကျတော့ တစ်မျိုး ...

"နင်က ငါ့ထက်ကြီးနေရင် နည်းနည်းပါးပါး ရှိသေနေရဦးမယ်၊ နင့်ကိုများ မရှိသေကြီးထဲက" ...တဲ့။

"နင်က နည်းနည်းပါးပါး ငယ်နေရင်လည်း ငါက နင့်ကို အငယ်ဆိုပြီး ညှာတာနေရဦးမယ်၊ နင့်ကိုများ မညှာချင် လိုက်တာများ" ... တဲ့။

နေဒွန်း ဘာပြောပြော ဝေ အပြုံးမပျက်။ မနာကျင် တတ်တာကို ဝင့်ကြွားဆိုလည်း ဝေက ဝင့်ကြွားပဲပေါ့ဟု ဆက် ပြုံးနေဦးမည်သာ။ ဝေက ကြင်နာတတ်သူ မေတ္တာကြီးသမား၊ သဘောကောင်း မနော‌ကောင်းဟု ဆိုလည်း ဝေက အပြုံးတွေကို ဖောလှိုင်စွာ ဆက်လက်ခြွေချနေဦးမည်သာ။

"လူမှုဆက်ဆံရေးမှာ ... တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေဖို့ အခင်အမင်မပျက်ဘဲ၊ ခင်မင်ရင်းနှီးခြင်း တိုးတက်ရှင်သန်ဖို့အတွက် ...

"အဲဒီလူသားနှစ်ဦးကြားထဲမှာ၊ သည်းခံခွင့်လွှတ်ခြင်း၊ နားလည်ပေးနိုင်ခြင်း၊ အကျိုးလိုလားစွာ ကူညီဆောင်ရွက်ခြင်းတွေ ဖြစ်ထွန်းဖို့ရှိတယ်၊ နားလည်လား"

"သိပ်နားလည်တယ်"

"အေး ... နားလည်ရင် ... အဲဒါတွေ အကုန်လုံး နင့်ဘက်က တစ်ဖက်တည်း ကြိုးစားလုပ်ဆောင်ပေတော့၊ ငါကတော့ ဘာကိုမှ ဂရုစိုက်နေမှာ မဟုတ်ဘူး၊ ဒါကို နင်သဘောပေါက်"



"နင့်ဆီကလည်း ငါက ဘာမှ ပြန်မလိုချင်ပါဘူး"

"ကောင်းတယ်၊ ကောင်းရုံနဲ့ မပြီးသေးဘူး။ နင့်ပါးစပ်မှာလည်း ဇစ်တပ်ဦး"

"ဘာလုပ်ဖို့လဲ"

"ဆွဲပိတ်ထားဖို့၊ ထမင်းလေး ဘာလေး စားကာနီးတော့ ဇစ်ဖွင့်စားပေါ့ ... တကယ်ဆို၊ ငါက စုပါဂလူးနဲ့ ကပ်ပစ်ချင်တာ"

ဝေက နည်းနည်းလေးတော့ စိတ်မကောင်း ဖြစ်သွားမိပါသည်။ သို့ပေမယ့် ... နေဒွန်းဗ ဆိုတာ ပန်းနဲ့ပေါက်နေကျကောင်လေး မဟုတ်လား။

"စုပါဂလူးနဲ့ ကပ်လိုက်ရင် ထမင်းစားခွင့် ရေသောက်ခွင့်ပါ ဆုံးရှုံးသွားမှာစိုးလို့၊ ဇစ်တပ်ဖို့ ပြောတာ၊ နင်ငါ့ကို ဆရာကြီး လုပ်မယ်ကြံရင်၊ နင့်နှုတ်သီးကို ဇစ်ဆွဲပိတ်"

ဝေက ရယ်မောလိုက်၏။

"နင်ပဲ ကြံကြံဖန်ဖန် ပြောတတ်တယ်"

နာရကောင်းမှန်း မသိပါ။ စိတ်ဆိုးရကောင်းမှန်း အတွေးလည်း ခေါင်းထဲမဝင်ပါ။

"နင် စကားပြောရင် ဟာသမြောက်လို့၊ သိပ်နားထောင်ကောင်းတာပဲ"

"အမြွတ်ထုတ်ချင်မနေနဲ့၊ နင် နားထောင်ကောင်းအောင် ပြောနေတာ မဟုတ်ဘူး။ ဒါဟာ သဘာဝ"

ဝေ့ကိုသာ နှိပ်ကွပ်တတ်တာ၊ မုန့်ဖိုးဆို (နှစ်ဖက်
မိဘတွေက တတ်နိုင်တာချင်း တူတူမို့) တူတူလောက် ပိုပိုလျှံလျှံ
ရကြပါငြား၊ နေဒွန်းက ဘယ်တော့မှ မလောက်ချေ။

"ပုရစ်မ ... နင့်ဆီမှာ ပိုက်ဆံရှိသေးရင် ငါ့ကိုချေး
ဦး"

ပါးစပ်က အပြောမှာတော့ "ချေးဦး"ပါပဲ၊ သို့သေ
မယ့် ဘယ်တော့မှ ပြန်ဆပ်လေ့ မရှိပါ။

"နင်နဲ့ ငါနဲ့က စေ့စပ်ထားတယ်ဆို၊ နင့်ပစ္စည်း ငါ သုံးစွဲ
ခွင့်ရှိသလို ၊ ငါ့ပစ္စည်းလည်း နင် သုံးစွဲခွင့်ရှိတာပေါ့
မဟုတ်ဘူးလား"

"ဘာဆိုင်လဲ"ဆိုသော မေးခွန်းမျိုးကို ဝေက ရှက်ရှ
ရှက်ကန်းနှင့် မေးတတ်ပါသည်။

"လက်ထပ်ရသေးတာမှ မဟုတ်တာ ... ဘာမှ
မဆိုင်ဘူး" ... ဟုလည်း ဝေ ရှက်ပြုံးကလေးနှင့် ပြောတတ်ပါ
သည်။ သို့ပေမယ့် ... နေဒွန်း တောင်းသမျှတော့ ပေးလိုက်ရ
သည်ချည်း။ ပါးစပ်က ချေးပါပြောပေမယ့်၊ အပြီးယူခြင်းသာ
ဖြစ်၏။ ဘယ်တော့မှ ပြန်ဆပ်လေ့ မရှိပါ။ ဝေက တစ်ခါတစ်
မှာ ချစ်စနိုးဖြင့် စချင်နောက်ချင်က ...

"နေဒွန်း ... ငါ့ပိုက်ဆံလေး ဘာလေးများ ပြန်ဆပ်
ဦးလေ၊ ဘယ်လောက်ရှိနေပြီလဲ" ... ဟု မေးမိ၏။

"ဘယ်တုန်းက ချေးဖူးလို့လဲ၊ အစိမ့်ပွာယ်မရှိတာ
လာမပြောနဲ့၊ တောင်းကတည်းက အပြီးယူတာ၊ ဘာကျွေးမှ မ
ဘူး" ... တဲ့လေ။ နေဒွန်း ပြောပုံက သင်းပါ၏။ သင်းလှသော



အဖြေကို မျက်နှာခပ်ပုပ်ပုပ်ဖြင့် ပြောတတ်ပေမယ့် ဝေ့မှာတော့
အဲဒီမျက်နှာပေးလေးကိုလည်း စွဲမက်ရတာလေ။

ဝေ ဝင့်ကြီးသည် ဆိုလျှင်လည်း ဒီတစ်သက်စာ
တော့ ပေးဆပ်ပါဦးမည်။

"ပုရစ်မ ... ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ"

"ဘယ်လဲ"

ဝေ့ မေမေက အရွယ်ကလေးတွေ ကိုယ်စီရလာကြ
ပြီးသည့် နောက်ပိုင်းမှာ၊ နှစ်ယောက်တည်း ဟိုဟိုဒီဒီသွားတာကို
မလွှတ်ချင်တော့ပါ။ မိန်းမသားဘက်မှ စောင့်ထိန်းအပ်သည့်
သိက္ခာပိုင်း ဖြစ်၏။

"ဘယ်ပဲဖြစ်ဖြစ်"

"မေမေက သိပ်မလွှတ်ချင်တော့ဘူးကွ၊ ကိုးကျင်းကိုး
ကြောင်း လျှောက်သွားရမယ့် အရွယ်တွေ မဟုတ်တော့ဘူး
တဲ့"

"အန်တီကလား ပြောမှာ ... နင်ဖြစ်နေတာ၊ ပြီးတော့ ...
နင့်အိမ်ကကားကို တောင်းချင်လို့ နင့်ကိုပါခေါ်မှာ၊ ဖေဖေ
က ငါ့ကို ကားခြောက်လမောင်းခွင့် ပိတ်ထားတယ်"

"နင်ကလည်း နင်ပဲ"

"ပုဏ္ဏားရိပ်စည်းရိုးလေး ခွကြိတ်ပြီး ကွမ်းသီးပင် ဝင်ကျုံးရုံလေးနဲ့ ခြောက်လ အပိတ်ခံရတာတော့ နာပါတယ်ဟာ"

"ဩ ... ပုဏ္ဏားရိပ်စည်းရိုးကို မကျော်ခင် အိမ်ရဲ့အုတ်ခုံကိုလည်း ဝင်ဆောင့်ခဲ့သေးတယ်လေ"

"ထားစမ်းပါ"

"ခု ... ဘယ်သွားချင်လို့လဲ"

"လက်ဖက်ရည်ဆိုင် ... မိုးဟိန်းတို့နဲ့ ချိန်းထားလို့၊ ကုန်းကြောင်းသွားလို့လည်း မဖြစ်ဘူး၊ မိုးဟိန်းဆိုတဲ့ကောင်က ပရာဒိုနဲ့ လာမှာ၊ ငါ၊ စုပါဆလွန်းလေးလောက်နဲ့မှ မသွားနိုင်ရင် ဟန်မကျဘူးကွ"

"နင်က လက်ဖက်ရည် တော်တော်ကြိုက်တယ်နော်"

"ဖွတ်ချီး ... မကြိုက်ပါဘူး၊ နင်ဖျော်တိုက်ကြည့်ပါလား၊ သေလုအောင် ကောင်းရင်တောင် မသောက်ဘူး"

"ဒါဖြင့် ..."

"ဆိုင်မှာ သွားထိုင်ပြီး အချိန်ဖြုန်းရတာကို ကြိုက်တယ်၊ ဟိုငေး ဒီငေး ငေးရတာ ကြိုက်တယ်၊ ဘော်ဘော်တွေနဲ့ ပေါက်တတ်ကရ ပြောရတာ ကြိုက်တယ်၊ နင်တို့ မထိုင်ဘူးလို့နော်၊ လက်ဖက်ရည်ဆိုင် ထိုင်ရတဲ့ အရသာဟာ တကယ်ကွဲတယ်"

"ခုံပုလေးနဲ့ ထိုင်ရတာ သက်သောင့်သက်သာလည်း မဖြစ်ဘူး"

"အဲဒီလို သက်သောင့်သက်သာ မဖြစ်တာကိုက ဖီလင်၊



သက်သာချင်မှတော့ မွေ့ရာပေါ် လှူးလိမ့်အိပ်နေတော့မှာပေါ့၊ ကဲပါ ... သွား၊ အန်တီ့ကိုပြော၊ သမီးဈေးသွားစရာရှိလို့ နေဒွန်းကို လိုက်ပို့ခိုင်းလိုက်ဦးမယ် မေမေ ... လို့၊ သွား ... သွားပြော"

"ပြီးရင် ငါက လိုက်ခဲ့ရမှာကြီး"

"ဒါကြီးပေါ့"

"ငါပါ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ရမှာလား"

"ကားပေါ်ကစောင့်"

"ဟင်"

"နင့်ကိုတွေ့လို့ ဘယ်သူလဲ မေးကြရင်၊ အိမ်ကကောင်မလေးလို့ ပြောမယ်"

"ဩ ... အိမ်က ကောင်မလေးကို နင်က လက်ဖက်ရည်ဆိုင်ကို ခေါ်လာမှာလား၊ ယုတ္တိရှိအောင်ဖြီး"

ဝေက ယုတ္တိမရှိမှာကိုပဲ တွေးဖြစ်၏။ သူ့ကို အိမ်ကကောင်မလေး ... ဟု ပြောတာကို နာရကောင်းမှန်း မသိ။ နေဒွန်းနှင့် ပတ်သက်ပါလေတိုင်း၊ စိတ်နာဖို့အတွေးက ဘယ်တော့မှ ဝင်လေ့မရှိပါ။ နေဒွန်း ဆိုးသွမ်းသမျှဟာ ချစ်စရာကောင်းသည့် ချစ်ကန်နွဲ့ဆိုးတွေချည်း ဖြစ်နေလေ့ရှိတော့သည်။

"အိမ်က ကောင်မလေး မဟုတ်လည်း ငါ့ရည်းစားကွာ ... ကဲ စိတ်မချလို့ လိုက်လာတယ်"

"သွား ... ဟုတ်လည်းမဟုတ်ဘဲနဲ့"

"အေးပါ ... ဘယ်သူကရော ဟုတ်ပါရစေ ပြောနေလို့လဲ၊ သွားပါ ... အန်တီ့ဆီမှာ ကားတောင်းပါ"

ယောက်ျားတစ်စု လက်ဖက်ရည်ဆိုင် ထိုင်ကြမည်။ မိန်းမသားတစ်ယောက်က လမ်းပေါ်မှာ ကားရပ်၍ ကားထဲမှ စောင့်နေရမည်။ တော်တော် အဆင်မပြေ သဘာဝမကျသော အစီအစဉ်တည်း။

"ငါ သီပြီ ... နင့်ကို ဈေးထဲမှာ ချပေးခဲ့မယ်၊ နင်က ဈေးထဲမှာပတ်၊ ငါပြီးရင် လာပြန်ကြိုမယ်"

"အဲဒါကမှ ဟုတ်တုတ်တုတ်"

ဇေ့ အတွေးထဲမှာ နေခွန်း ဆန္ဒကို ဘယ်နည်းနှင့် အကောင်အထည် ဖော်ရမလဲဆိုတာပဲ ရှိ၏။ ကန့်ကွက်ဖို့အတွေးဟူ၍ ရေးရေးမျှပင် မဝင်ပါ။

"ဟုတ်တယ်၊ အဲဒါ ကောင်းတယ်"

ဇေက မေမေ့ထံမှာ ဈေးသွားချင်သည့် အကြောင်း အရင်ဆုံး ပူဆာရသည်။

"ဘာဝယ်ချင်လို့လဲအေ ... ဒီနေ့ ဒရိုင်ဘာလည်း မလာဘူး"

"သမီး မောင်းသွားမယ်လေ"

"စိတ်မချပါဘူး၊ မိန်းကလေးတစ်ယောက်တည်း ကားမောင်းသွားတုန်း၊ ကားဆိုတာ ပြောလို့ရလား၊ သူပျက်ချင်ပျက်တာ၊ ကားပျက်ရင် ဘယ်လိုလုပ်မလဲ"

"နေခွန်းကို ခေါ်သွားမယ် မေမေ"

"သမီးက ဘာဝယ်ချင်လို့လဲ၊ ဒီလောက် အရေးတကြီး"

"သမီး အင်္ကျီအပ်ထားတာ သွားရွေးဖို့ပါ"

"ဒါများ နောက်နေ့မှရွေးလည်း ဖြစ်သားနဲ့"



"မနက်ဖြန် ... မေမေပဲ၊ ဖေဖေ့မိတ်ဆွေသား ရဟန်းခံကို လိုက်ခဲ့ရယ်ဆို၊ အဲဒါ ဝတ်ချင်လို့"

"ရှိတာဝတ်"

"မေမေကလည်း ... သမီး အသစ်အသစ်တွေ ဝတ်တော့၊ မေမေတို့ ဂုဏ်ရှိတာပေါ့၊ ဒေါ်ခင်စောဝေတို့များ ဒီသမီးကလေးတစ်ယောက်တည်းကို၊ မထပ်အောင် ဆင်နိုင်လိုက်တာလေလို့ လူတွေက ချီးကျူးကြမှာ မေမေရဲ့"

"တော်စမ်းပါ ... လှချင်ရင် လှချင်တယ် မပြောဘူး"

"ဟီး ... လှချင်တာလည်း ပါတာပေါ့"

"သွား ... သွား ... မကြာစေနဲ့၊ ဘုရားပန်းလည်းဝယ်ခဲ့။ ဂန္ဓမာအဖြူအကြီးတွေ အမွှင့်သုံးဆယ်မှ ရမယ်၊ မေမေမှာ ညောင်ရေအိုးက ငါးအိုးဆိုတော့၊ အမွှင့်သုံးဆယ်ဝယ်ရင်တောင် တစ်အိုးမှ ခြောက်မွှင့်ရယ်"

"ပန်းကြီးရင် ခြောက်မွှင့် အတော်ပဲ မေမေရဲ့၊ ဒီ့ထက်များရင်လည်း အိုးကျပ်ပြီး မလှဘူး"

"ပိုက်ဆံ ယူဦးမလား"

"သမီးမှာရှိတယ် မေမေ၊ မယူတော့ဘူး"

ဇေက အခန်းထဲသို့ ဝင်၏။ ဘာဝတ်ရလျှင် [illegible]ာင်းမလဲ စဉ်းစားသည်။ နေခွန်း မျက်စိထဲမှာ လှပနေစေချင် [illegible] ဘယ်ဝတ်စုံ ဝတ်တုန်းကများ၊ နေခွန်းက ... အဲသည်ဝတ်စုံ [illegible] လိုက်လိုက်တာလို့ ပြောဖူးလည်း စဉ်းစားသည်။ တစ်ခါမျှ [illegible]ပြောဘူးပါ။ ဇေ ဘာဝတ်လို့ ဘာစားလဲလည်း ... သူသိပုံ [illegible]၍ ဇေက လှစ်ခနဲလေး ဝမ်းနည်းလိုက်ရပါသေးသည်။

နောက်ဆုံးမှာတော့ ပန်းနုရောင်မှိုင်းမှိုင်း အရောင်နုပေါ်မှာ အရောင်ရင့် နှင်းဆီပွင့်သေးသေးကျဲကျဲလေးတွေပါသည့် အပျော့သားဝမ်းဆက်ကလေးကတော့ ကိုယ်ဝတ်တိုင်း၊ လိုက်လှချည်ရဲ့ဟု သူငယ်ချင်းတွေကလည်း ပြောဖူးသည်။

"ပန်းရောင်လေးက ဆန်းတယ်နော်၊ ပန်းအိုရောင်လေး"

"ရွှေအိုရောင်ပဲ ကြားဖူးပါတယ်ဟယ်"

"တူတူပေါ့ ... Old Gold က ရွှေအိုဆိုရင် Old Pink က လည်း ပန်းအိုရောင်ပေါ့၊ ပန်းရောင်ထဲမှာ မီးခိုးနည်းနည်း ထည့်ထားသလား မသိဘူးနော်၊ အရောင်ဖျော့ပေမယ့် အသွေးက မှိုင်းတယ်။ ဟုတ်တယ်ကွ ... မိဝေနဲ့ တော်တော်လိုက်တယ်"

"မိဝေနဲ့တင်လိုက်တာ ဟုတ်မယ်မထင်ဘူး၊ ဘယ်သူဝတ်ဝတ် လှမယ့်ဒီဇိုင်းလေး"

"ဟုတ်ပါ့"

အဲသည်လိုတောင် ပြောဖြစ်ခဲ့ကြသည့် ဝတ်စုံလေးမို့ ဘာပဲဖြစ်ဖြစ် လှမှာတော့ သေချာပြီးသားလေး။ ဝေက အဲသည် ဝတ်စုံလေးကိုပဲ ရွေးလိုက်သည်။ ဖားလျားဝေဝေ ဆံပင်တွေက တော့ ပုံရယ်လို့ ထူးထူးခြားခြားမရှိ။ ဒီတိုင်း ချထားလိုက်ရုံနှင့် အလယ်ခွဲညီညာစွာကျလျက် အချိုးကျပြီးသား ဖြစ်၏။ မနေ့ တစ်နေ့ကမှ ဆိုင်သွားပြီး ပုံသွင်းနုတ်ထားသည့် မျက်ခုံးပါးပါးကို နည်းနည်းကလေးထူအောင် ဆေးကူရာ၌ အနက်စစ်စစ်သုံးလျှင် ရုပ်ရင့်မှာ စိုးရသည်။ အညိုဆိုတော့လည်း အကြောင်ကြောင်နှင့်ဟု ထင်၏။



"ဘာရောင်နှစ်ရှိဘာလက်ခံ"

အဲဒါ ကောင်းပါသည်။ ညိုနက်ကလေး။ အနက်ထော့ အနက်ပေမယ့် အညိုသွေးကလေးစွက်တော့ အနက်ဖျော့၏။ မျက်ခုံးမွေး ဆွဲပြီးသည့်အခါမှာ၊ မျက်တောင်တွေကော့ဖို့လည်း ဝေက မမေ့မလျော့ ရှိချေသည်။ နှုတ်ခမ်းနီကတော့ ချောကလက် ရောင် မှိန်ဖျော့ဖျော့နှင့် ပန်းနုလဲ့လဲ့ကလေးကို ပေါင်းဆိုးတာ ကောင်းသည်။ ပြီးတော့မှ အညိုရောင် အရစ်ကလေးကို မျှင်မျှင် ကလေးထည့်။ ဝေက လှချင်ပေမယ့် အလှပြင်တာကျ‌ေ မြန်၏။ အထူးသဖြင့် ဒီနေ့ကပိုမြန်ရသည်။ တော်ကြာ ... စောင့် ရသည့် နေဒွန်းက စိတ်တိုမည်လေ။ ဝေ ... ပိုက်ဆံအိတ်ကလေး လွယ်၍ ထွက်လာခဲ့တော့သည်။

"ဒါ အစွမ်းကုန်လား"

"အများကြီး ကျန်သေးတယ်"

"တစ်စက်ကလေးမှ မလှဘူး၊ နဖူးပေါ် မျှော့ကြီးကပ်နေတဲ့ မျက်ခုံးမွေးရယ်၊ မျက်တောင်တွေကလည်း အသီးအသီးနဲ့၊ နှုတ်ခမ်းမှာ အရစ်ထည့်တာ ဘာဒီဇိုင်းလဲကွ၊ ခုခေတ် ကောင်မလေးတွေ လုပ်နေကြတယ်"

ဝေ့ကို ရှုတ်ချတာပေမယ့် နေဒွန်းမှာ ရှုတ်ချဖို့အတွက် ရှေးဦးစွာ ... စေ့စေ့စပ်စပ်တော့ ကြည့်လိုက်ရသေးတာပဲဟု ဝေက ကျေနပ်လိုက်သည်။

"ဒါ ... နင်က သေသေချာချာ ကြည့်ပြီး ဝေဖန်တာပေါ့ လေ"

"သေချာကြည့်လေ၊ အကျည်းတန်လေပဲ"

"ရတယ် ... အကျည်းတန်တာ အရေးမကြီးပါဘူး သေချာကြည့်ဖို့ပဲ လိုတယ်"

"ငပေါမ"

ဝေက ကော်လာမပါသော လည်ဟိုက်အင်္ကျီလေးမှာ ကော်လာစဆွဲထောင်သည့် ပုံစံရယ်၊ အင်္ကျီလက်မောင်းသားပေါ် အမှိုက်တစ်စတောက်ခါ လွှင့်ထုတ်သည့် ပုံစံရယ်၊ နှစ်မျိုးလုပ်ကာ ယ်၏။ နေဒွန်းက ကားကိုမောင်းထွက်ရင်း ဝေ့ခေါင်းကို ဘ်လှည့်ပုတ်လိုက်ပါသေးသည်။

"ကားမောင်းတာ ရှေ့ကြည့်မောင်း"

ဝေက ဂုဏ်မောက်စွာ ပြောလိုက်၏။ ဘာပဲဖြစ်ဖြစ် ဒီနေ့မှာ၊ နေဒွန်းက သုံးလေးခါတော့ ပြန်ငုံ့ကြည့် ဖြစ်သွားခဲ့ပြီ လေ။ တစ်ခါခါတော့ သူ့ရင်ထဲထိတိုင် ခရီးရောက်နိုင်လောက် ကောင်းပါရဲ့။

# ၄

"သမီးလေး ... ဝေ၊ အန်တီတို့ရဲ့ ငွေရတု နှစ်ပတ်လည်မှာ လာဝိုင်းလုပ်ပေးဦးနော်"

ဦးမြဒွန်းနှင့် ဒေါ်တင့်တင့်ရီတို့ မင်္ဂလာနှစ်ပတ်လည်၊ နှစ်ဆယ့်ငါးကြိမ်မြောက်မှာ ဒေါ်တင့်တင့်ရီက ရွှေတိဂုံဘုရားမှာ သုံးကျပ်သား ရွှေပြားတစ်ချပ်နှင့် ရွှေသင်္ကန်းကပ်လှူခြင်း၊ သံဃာတော်များကို ဆွမ်းကပ်ခြင်း၊ ဘိုးဘွားရိပ်သာသို့သွား၍ သက်ကြီး ရွယ်အိုများအား လှူဒါန်းခြင်း စသည်တို့ ပြုလုပ်ပါမည်။

ဦးကျော်မျိုးနှင့် ဒေါ်ခင်စောဝေတို့က အရင်အိမ်ထောင်ကျ၍ လွန်ခဲ့သည့် နှစ်နှစ်ကပင် ငွေရတုမင်္ဂလာနှစ်ပတ်လည် ခဲ့ပြီ။ ဦးမြဒွန်းနှင့် ဒေါ်တင့်တင့်ရီတို့က နေဒွန်းကို အိမ်ထောင်ကျပြီး လေးနှစ်အကြာမှ မွေးဖွား၏။ ဝေ့ကိုကျတော့ ဒေါ်ခင်စောဝေက အိမ်ထောင်ကျပြီး တော်တော်နှင့် သားသမီးမရသည်မို့ မရတော့ဘူးတောင် ထင်ထားခဲ့သေးသည်။ ငါးနှစ်ကြာမှ ကိုယ်ဝန်ရရှိပြီး ဝေ့ကို အိမ်ထောင်သက် ခြောက်နှစ်ကြာမှ မွေးဖွားခဲ့၏။

နေခွန်းနှင့် ဝေတို့ကျတော့ အသက်ကလေးတွေ နှစ်ဆယ်တစ်နှစ် ကိုယ်စီရှိကြသည်ကိုပင် နေခွန်းက ကြံဖန်ရှုတ်ချနေတတ်သေး၏။

"ငပျင်းမ ... 'အမေ့ဗိုက်ထဲမှာ ခြောက်နှစ်ကြာအောင် နေနေတယ်၊ ပျင်းတဲ့ဘဝမှာ လူ့ပြည်လာဖို့တောင် ပျင်းတဲ့ မိန်းမ" ... တဲ့။

ဝေကတော့ တခိခိရယ်လို့သာပါ။

ဝေက မိန်းမသားပီသ၏။ အချက်အပြုတ် ကျွမ်းကျင်၏ ကိုယ့်အိမ်သားစားဖို့လောက်ကို မပြောနှင့်တော့၊ ဧည့်သည် ဆယ်ယောက်စာလောက်အတွက် ထမင်းတစ်ဝိုင်းလုံအောင် ဖန်တီးဖို့လောက်တော့ အပျော့ပါ။ အိုးကြီးနိုင်သူဟု လူတကာချီးမွမ်းခံရသည်ထိ အလှူပွဲတွေမှာတောင် တာဝန်ယူချက်ပြုတ်နိုင်ပါသေးသည်။ အချုပ်အလုပ်ကျတော့လည်း တတ်လိုက်သေး၊ သူ့အိမ်ကလေးဆို ... သူပြင်ထားလိုက်ပုံက ဧည့်ခန်းထဲရောက်သူတိုင်းက ချီးကျူးရသည်။

"အန်တီက ဘာကျွေးမယ် စိတ်ကူးလို့လဲ"

"ဝေ ပြောပါဦး၊ ဘာကျွေးရင် ကောင်းမလဲ"

"ကြာဇံချက် မကောင်းဘူးလား အန်တီ"

"အေး ... ကောင်းသားပဲ"

ဝေ့ ကြာဇံချက်က ပြီးခဲ့သော ခရစ်စမတ်ထဲက နာမည်ကြီးသွားတာ ဖြစ်၏။ နေခွန်းတို့ ခြံထဲမှာ နေခွန်းနှင့်အဖွဲ့ သူငယ်ချင်းတွေ နှစ်သစ်ကူးပွဲ လုပ်ကြတော့ လူခြောက်ဆယ်စာလောက် အတွက် ဝေက ကြာဇံချက် ချက်၏။ ဝေ့ ကြာဇံချက်က အဲသည်ကတည်းက နာမည်ကြီးသွားရသည်။



"ဘာတွေ ဘယ်လောက်ထည့်လဲ၊ အမျိုးအမည်နဲ့ အနည်းအများကို ပြောဦး"

သူများတွေ ဝိုင်းမေးလို့သာ ပြောရ၊ တကယ်တမ်းက ဝေက သေချာမသိ၊ ချက်ရင်း အဆင်ပြေအောင် ထည့်သွားခြင်းပဲ ဖြစ်၏။ ချက်ပြီးပြီဆိုမှ အမျိုးအမည်နှင့် အနည်းအများကို ပြောပြတတ်ပါသည်။

"ဖွတ်ချီး ... ကြာဇံချက်ရယ်လို့၊ ကျွေးစရာလား"

"ဟဲ့ သားရဲ့ ... ကြာဇံချက် ကောင်းသားပဲ၊ မေမေလည်း ကြိုက်တယ်၊ ဝေလည်း ချက်တတ်တယ်"

"မကျွေးချင်လည်း မကျွေးနဲ့ မေမေ၊ ကျွေးလည်း ကျွေးရဲ့ ကတ်စေးလည်းနည်းရဲ့ ဆိုသလို၊ နည်းနည်းနဲ့ကဲ ကျဲတော့ မဝိုင်းနဲ့။ ကျွေးမယ့်ကျွေး၊ ဒံပေါက်ကျွေး"

"မင်းဒံပေါက်က လူတိုင်း မစားရဲဘူး"

"ကြာဇံချက်တော့ မလုပ်နဲ့၊ အောက်တယ်"

"မအောက်ပါဘူး၊ ကြာဇံဆိုတော့ ခပ်ကြာကြာလေးလည်း စံစားရတယ်၊ သောက်လို့လည်း ကောင်းတယ်"

"ကြာဇံဆိုတာနဲ့ ကြာကြာစံရမယ်လို့ နင့် ဘယ်သူပြောလဲ၊ ခေါင်းထဲမှာ ဆံပင်ဖြူရင်လည်း ကြာဇံတွေ ထွက်လာပြီ ပြောတာပဲ။ ကြာဇံချက်စားပြီး ဆံပင်တွေလည်း တစ်ခေါင်းလုံး ဖွေးသွားဦးမယ်"

နေခွန်း သဘောမတူသောကြောင့် ကြာဇံချက်ကျွေးဖို့ အစီအစဉ်က ပျက်သွားရတော့သည်။

"ထောပတ်ထမင်း ဘယ့်နှယ်လဲ၊ ဆိတ်သားဟင်း၊ ကြက်သားဟင်းနဲ့ ချဉ်ပေါင်ရွက်ဟင်းချို၊ ဘာလချောင်ကြော်"

ဒေါ်ခင်စောဝေက အကျွေးအမွေးကို ပြောင်း၏။

"အဲဒါကမှ ဟုတ်တုတ်တုတ်"

"ဟုတ်တုတ်တုတ်မှာပေါ့ ဦးနေဒွန်းရဲ့၊ ရှင်က ဘာမှမလုပ်ရဘဲ ပါးစပ်တစ်ခုနဲ့ ပြောတဲ့သူဆိုတော့ အလုပ်ရှုပ်လေသဘောကျလေ"

ထောပတ်ထမင်း အတည်ဖြစ်သွားတော့၊ ဟင်းချက်စရာတွေ၊ ဝယ်ရေးခြမ်းရေးက တာဝန်တွေ ပိုလာတော့၏။

"ထောပတ်ထမင်း ဆိုရင်တော့၊ ချက်မနေတော့ဘူး၊ အပ်လိုက်မယ်၊ လူဘယ်နှယောက်စာဆိုပြီးလေ၊ ရေခဲမုန့်လည်း စည်လိုက်မှာလိုက်မယ်၊ သမီးက ဘုန်းကြီးပွဲ အချိုပွဲအတွက်"

"သမီး ကျောက်ကျောကျိုမယ် အန်တီ၊ ငှက်ပျောသီးပူတင်း လုပ်မယ်"

"ဒါဆို ရပါပြီ သမီးရယ်၊ ကိတ်မုန့်တို့ ဘာတို့ကတော့ ဝယ်လိုက်တာပေါ့၊ ပြီးတော့ ... လက်ဖက်ကြက်သွန်ကြော်၊ နှမ်း"

"အဲဒါလည်း သမီးပဲ ဝယ်လိုက်ပါ့မယ်၊ ဒါဆို ... ဒီနေ့ပဲ ဈေးဝယ်ထွက်လိုက်တော့မယ်"

"ပိုက်ဆံ ဘယ်လောက်ယူသွားမလဲ ... ဝေ"

"ဟင့်အင်း ... မယူတော့ဘူး၊ အန်ကယ်လ်နဲ့ အန်တီတို့ရဲ့ ငွေရတုမင်္ဂလာပွဲအတွက် သမီးတို့မိသားစုရဲ့ လက်ဆောင်"

"များလိုက်တာ သမီးရဲ့"



"မများပါဘူး အန်တီ၊ မေမေသိရင် မုန့်နောက်တစ်မျိုးတောင် တိုးချင် တိုးဦးမှာ"

"မတိုးနဲ့တော့ ... မတိုးနဲ့တော့၊ ကိတ်မုန့်တို့၊ အိကလဲယားတို့လည်း ဝယ်ဦးမှာဆိုတော့ ရပြီ"

"ဒါဆို ... သမီး ဈေးသွားမယ်"

"ကားယူသွား သမီး၊ နေဒွန်းကို အဖော်ခေါ်ချင် ါသွား၊ သူ့တော့ ကားမမောင်းခိုင်းနဲ့၊ သူ့ကို ကားမောင်းခွင့်ပိတ်ထားတယ် ဝေရဲ့"

"သမီး မောင်းပါ့မယ်"

အတိုင်အဖောက် ညီနေသည့် သမီးယောက္ခမ ‌ောင်းနှစ်ဦးကို နေဒွန်းက မျက်ကြောစင်းချလျက် ထုံ ပေ မျက်နှာပေးနှင့် ကြည့်နေသည်။ စကားတစ်ခွန်းမျှ ဝင်မပြေ ပါ။ ဝေက ကားကို မောင်းထွက်ခဲ့တော့၊ ဘေးမှ ထိုင်လိုက်လာခဲ့သေးသည်။ လမ်းမကြီးပေါ် ရောက်သည်နှင့် ပြဿနာကို စတော့၏။

"ပုရစ်မ .... ကားရပ်၊ ခေါင်းဘက်က ကွေ့လာခဲ့ပြီး ဘေးမှာ သွားထိုင်၊ ငါမောင်းမယ်"

"အန်တီတို့ကလည်း နင့်ကို ကားမောင်းခွင့် ပြန်ပေးဖို့ကောင်းပါပြီ၊ ဟုတ်သားပဲ၊ နင်က ပုဏ္ဏားရိတ်စည်းရိုးကားယားစွတာအပြင် ဘာလုပ်ထားသေးလဲ"

ဝေက ကားတံခါးဖွင့်၍ ဆင်း၏။ နေဒွန်းလည်း ဆင်းကာ နေရာချင်း လဲကြသည်။

"ငါ ထင်သားပဲ၊ လမ်းပေါ်ရောက်ရင် နင်မောင်းမှာပဲဆိုတာ"

"ပုရစ်"

"ဘာတုံး"

"ရည်းစားရှိပြီလား"

နေခွန်းရယ် ... ငါ့မှာ ရည်းစားရှိတယ်လေ။ ငါ့ရည်းစားက နင်လေ၊ နင့်မိဘနဲ့ ငါ့မိဘတွေ နင်နဲ့ ငါနဲ့ကို စေ့စပ်ကြောင်းလမ်း ထားကြတယ်လေ ... ဆိုသည့် စကားကို မိန်းမသားမို့ ပြောမထွက်ပါ။ ဝေ့ရင်ထဲမှာတော့ နေခွန်းဗ ဆိုသည့် ကောင်လေးဟာ ဝေ့ရည်းစား ဝေ့ချစ်သူပါပဲ။

"နင့်ကို ကျော်ဦးဆွေတို့ အုပ်စုထဲက၊ ဟိုကောင်၊ ဗလ ... သိလား၊ အဲဒီကောင်က ကြိုက်နေတယ်"

ဝေက မျက်စောင်းလေး ထိုးပေးလိုက်သည်။

"ဘာဖြစ်လဲ သူ့ဘာသာကြိုက်တာ၊ ငါနဲ့ ဘာဆိုင်လဲ"

"အေး ... မဆိုင်နဲ့။ အဲဒီကောင် ... ကောင်းတဲ့ကောင် မဟုတ်ဘူး။ ဒါ ငြိတယ်"

နေခွန်းက ကားမောင်းရင်း၊ လက်လေးချောင်း ထောင်ပြသည်။

"မိဘပိုက်ဆံပေါလို့ သုံးရင်း ဖြုန်းရင်းနဲ့ ငြိကုန်ကြတယ် သာ ကြားဖူးတယ်၊ ဒီကောင်က မိဘကလည်း ဆင်းရဲသေး၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ မိဘကိုတော့ ကူညီမယ် စိတ်မကူးဘူး"

ဝေက ရယ်ချင်စိတ် ပေါက်သွားရသည်။ နေခွန်းက လူကြီးသူမစကားတွေ ပြောနေလို့ပါ။



"ဘယ်ကောင်မလေး ပိုက်ဆံချမ်းသာမလဲ၊ သူ ချိုင်ပြီ။ ချူပြီ။ အဲဒါ နင့်ကို မျက်စိကျနေတယ်နော် သိလား"

"မသိပါဘူး၊ သိစရာလား"

"နင့်ကို လာပြောသေးလား"

"တိုက်ရိုက်တော့ မပြောဘူး"

"တိုက်ရိုက်မပြောတော့ ... စာပေးသလား"

"စာပေးတဲ့ခေတ် ကုန်ပါပြီဟဲ့ ... ရည်းစားဖြစ်ဖို့အရေးကို စာပေးမနေကြတော့ပါဘူး။ ရည်းစားဖြစ်ပြီးမှသာ ရေးချင်ရေးမယ်"

"ဘယ်ကောင်က ဝင်အကျိုးဆောင်နေပြန်ပြီလဲ"

"နင့် ကျော်ဦးဆွေပဲ"

"သူ့နှမနဲ့ ဆက်သွယ်ပေးပါလား။ ဟာ ... ဒါလည်း မဖြစ်သေးဘူး၊ ကျော်ဦးဆွေ ညီမက အရမ်းလှတယ်၊ နင် မြင်ဖူးတယ် မှလား၊ သီဦးဆွေတဲ့။ လှမှလှ။ အဲဒါ ငါ ကြိုက်နေတာ"

ဝေက ရယ်မောလို့ပဲ နေလိုက်ပါသည်။ ဟိုကောင်မ
း ကြိုက်ပြန်ပြီ၊ ဒီကောင်မလေး ကြိုက်ပြန်ပြီဆိုတာ နေခွန်း
အဆန်းမဟုတ်ပါပြီ။ မိန်းကလေးလှလှဆို၊ သူကြိုက်လိုက်
ည်း။ သို့ပေမယ့် ... ဘယ်တော့မျှ ဖွင့်ပြောလေ့ မရှိပါ။
ား၀င် သမီးရည်းစားတွေ ဘယ်တော့မှ ဖြစ်မသွားကြပါ။
အတွက်ကိုပဲ၊ ဝေက နေခွန်းကို အမှတ်ပေး သဘောကျနေရ
ဖြစ်သည်။

“နေဒွန်းက ဘယ်သူနဲ့မှမှ ... ရည်းစားမဖြစ်တာ၊ ဘယ်သူ့ကိုမှ ချစ်တယ်လို့ ဖွင့်မပြောတာ၊ ငါ့ကိုပဲ ချစ်လို့၊ ငါ့ကိုပဲ သူ့ရည်းစားအဖြစ် သတ်မှတ်လို့ပေါ့ဟယ်”

သူငယ်ချင်းတွေ ကြားထဲမှာ ဝေက လက်မထောင် မေးပင့်၍ ပြောခဲ့ဖူးပါ၏။ နေဒွန်းက ဝေ့အပေါ် နိုင်စားလွန်းလို့ ဟူ၍ ဝေ့ သူငယ်ချင်းအားလုံးလိုလိုက နေဒွန်းကို မုန်းကြပါသည်။ နေဒွန်း ပုံစံကလည်း အချိုးမပြေ။ လူအမြင်ကတ်စရာ။ စကားပြောလျှင် ပိုဆိုးသေးသည်။ ဒီကြားထဲ ... ဟိုကောင်မလေးကို ကြိုက်လို့၊ ဒီကောင်မလေးကို ကြိုက်လို့တွေ ဖြစ်လာသည့်အခါ၊ သူငယ်ချင်းတွေက ဝေ့ဘက်မှ မခံချင်စွာ နာကြည်းကြပါသည်။ ရင်ရင်ကဆို ...

“နေဒွန်း ရင်လည်း သေမှ၊ ဝေရင်လည်း သိန်းသုံးရာထီပေါက်မှ” ... ဟု ပြောဖူး၏။

“ဘာဆိုင်လဲ” ... ဆိုတော့၊ “သိဘူး” ... တဲ့လေ။

နေဒွန်းက ဘယ်သူ့ကို ကြိုက်ပါတယ်ပဲ ပြောပြော၊ ဒီစကားက ဝေ မခံချင်ဖြစ်ရုံ၊ သူ့နှုတ်ဖျားကလေးကပဲလာသည် ဟု ဝေက မှတ်ယူကာ ခွင့်လွှတ်မြဲ ဖြစ်၏။

“နှုတ်ခမ်းဖျားမကလို့ မေးစေ့အဖျားကပဲ လာလာ၊ ပြောနေစရာကို မဟုတ်ဘူး၊ ခွင့်လွှတ်စရာကိုလည်း ဟုတ်ကိုမဟုတ်ဘူးကွာ ... မိဝေ၊ ဝဋ်ကြီးမ,ရဲ့”

သူငယ်ချင်းတွေ နာသလို ဝေ မနာပါ။ နေဒွန်း ဘာလုပ်လုပ် ဘာပြောပြော၊ ဝေက ခွင့်လွှတ်နေမိတာပဲဖြစ်သည်။ ခွင့်လွှတ်ခွင့် ရနေတာကိုပဲ ကျေနပ်နေတာ ဖြစ်သည်။ အသက်



ချင် မတိမ်းမယိမ်းမှာ ဘယ်သူကြီးလို့ ဘယ်သူငယ်မှန်း မသိရပေမယ့် ဝေက နေဒွန်းကို “မောင်လေး”တစ်ယောက်လို ချစ်မိသွားတာကလည်း ရှိသေးသည်။ မောင်လေးလို ချစ်ပြီးမှ၊ လူကြီးမိဘတွေ ဆန္ဒအရ ချစ်သူလို ပြောင်းချစ်လိုက်တာမို့ နေဒွန်းကိုဆို ဝေက သည်းခံခွင့်လွှတ်ဖို့သာ ထာဝရ အဆင်သင့် ဖြစ်နေရတော့သည်။

ခု ကြည့်လေ ...

ဗလက ဝေ့ကို ကြိုက်ကြောင်း သူ သိသည့်အခါမှာ၊ နေဒွန်း ပိတ်ပိတ်ပင်ပင် တားဆီးနေတာဟာ ဘယ်လောက်ချစ်ဖို့ကောင်းလိုက်ပါသလဲ။ ဒါ ... နေဒွန်းက ဝေ့ ကို စိတ်ပူလို့ပေါ့။ ဝေ့အပေါ် စေတနာထားလို့ပေါ့။ ဝေ့ကိုချစ်လို့ပေါ့။ ဝေက ဝေ့အတွေးနှင့်ဝေ။ ပျော်ပါသည်။ နေဒွန်းဟာ ဘာတွေပဲပြောနေနေ၊ လုပ်နေနေ ကိုင်နေနေ၊ တစ်နေ့မှာ ဝေ့ရဲ့လက် တွဲဖော် ဖြစ်လာရမည့် ကောင်လေးပဲ မဟုတ်လား။

“ဗလကို တစ်ခုခု သွားလုပ်မနေနဲ့ဦးနော်”

တဆိတ်ဆို၊ လက်ပါတတ်သည့် နေဒွန်းကို၊ ကြောက်ရတာလည်း ပါသည်။ နေဒွန်းလောက် လက်ယဉ်သည့်သူ မရှိ။ တစ်ခနဲဆို ... လက်ကပါပြီးပြီ။ ရိုက်ပြီးပြီ၊ နှက်ပြီးပြီ၊ တစ်ဖက်သားမှာလည်း သွေးထွက်သံယိုဖြစ်ပြီးပြီ။ လူစုလူဝေးထဲမှာသာဆိုလျှင် အရိုက်ခံလိုက်ရသူက ကိုယ့်ကို ဘယ်သူရိုက်သွားမှန်းမသိလိုက်ရအောင် နေဒွန်း လက်မြန်သည်။ ပြီးလျှင် ... နေဒွန်းက မျက်နှာပိုး သေ၏။ သူ ဘာမှလုပ်မထားသလို၊ သူ့မှာ အပြစ်မရှိသလို၊ မခုတ်တတ်သည့် ကြောင်ကလေးလိုလည်း အပြစ်မဲ့

နေပြတတ်သေး၏။ အဲဒီပုံစံလေးကိုပဲ ဝေ သဘောကျစွာ ပြုံးမိနေရတာ ဖြစ်တော့သည်။

"ဘာလဲ ... နာမှာစိုးလား"

"မစိုးပါဘူး၊ ဘာဆိုင်လဲ၊ နင်က လက်ပါတတ်လွန်းလို့ပြောတာ"

"သိပ်ကြည့်ရချင်တာ မဟုတ်ဘူး၊ တစ်နေ့နေ့ လက်ပါမိတော့မယ်"

"နင့်ကို ဘာလုပ်လို့လဲ"

"ငါ့ကိုတော့ ဘာမှမလုပ်ဘူးပေါ့၊ လုပ်လို့ရော ရမလား"

"မရပါဘူး၊ သိပါတယ်၊ နံ့ပြီစုတ်နဲ့ ငွင်းတလို ကွာနေတာ"

"ကြည့်စမ်း"

နေနွှန်းမှာ ဒေါသကို အချိန်မရွေး ထွက်တတ်သူဖြစ်၏။ အဲဒီဒေါသက ထွက်ချင်လွန်းလို့ လည်ချောင်းဝနားမှာ အဆင်သင့် လာကြိုစောင့်နေတတ်သည် ဟုတောင် ပြောစမှတ်ပြုရသူ ဖြစ်၏။ စကားတစ်ခွန်းကြောင့်လည်း ဒေါသကို အလုံးအရင်းနှင့် ဆောင့်ထွက်နိုင်သူ ဖြစ်သည်။ ခုလည်း ဒေါသကမြန်းခနဲ ကြွသည်။ ဒေါသအလျှောက် ကားကို ဝုန်းခနဲ ဆောင့်ရပ်ပစ်လိုက်တော့သည်။

ဒုန်းခနဲသံကြီးနှင့်အတူ၊ ရပ်လိုက်သည့်ကားက ရှေ့သို့ ဒိုင်းခနဲရွေ့လျက်၊ နေနွှန်းရော ဝေပါ ရှေ့တိုးနောက်ငင်ဆွဲခါခြင်း ခံလိုက်ရသလိုဖြစ်ကာ၊ နေနွှန်းတော့ မသိ၊ ဝေတော့ရင်ထဲ လှိုက်ခနဲ ဆို့သွားရတော့သည်။

"အား"



ဝေက ယောင်ရမ်းအော်၏။ နေနွှန်းက သတိလက်လွတ် မဖြစ်စွာ ... ကားပေါ်မှ ခုန်ချသည်။ ခုန်မချခင် ဝေ့ကို တစ်ချက်လှည့်ကြည့်ကာ ...

"မအော်နဲ့" ... ဟု ပြောဖြစ်အောင် ပြောဖြစ်ခဲ့သေးတော့သည်။ "ဆင်းလိုက်မလာနဲ့" ... ဟုလည်း တားခဲ့သေးသည်။

"ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာလုပ်ရမလဲ ... ရှင်က ရုတ်တရက်ကြီး ... အချက်မပြ ဘာမပြ ဘာဖြစ်လို့ ရုတ်တရက် ရပ်ပစ်လိုက်သေးလဲ"

ဒေါသတွေ အလုံးလိုက် ဖိစီးလျက် ခုန်ဆင်းသွားသော နေနွှန်း ရင်ဆိုင်လိုက်ရသူမှာ ကောင်မလေးတစ်ယောက်ဖြစ်နေရတော့သည်။ လက်သီးချင်း၊ ဖနောင့်ချင်း၊ ဒူးချင်း ယှဉ်တော့မို့ ကြံရွယ်ချက်အပြည့် လူသားကို၊ မိန်းမသား မျက်နှာလှလှကလေးက ဆီးကြိုနေတော့သည်။ ကောင်မလေးက ကားပေါ်မှ ဆင်းမလာပါ။ နေနွှန်းနှင့် ရင်ဆိုင်ရမှာ ကြောက်ပုံရ၏။ နေနွှန်းမျက်နှာကြီးကလည်း ကြောက်စရာ ကောင်းလှသည်။ သို့ပေမယ့် ဒေါသမျက်နှာကို အကြောက်မျက်နှာလေးက အနိုင်ယူသွားပုံမှာ အံ့လည်းအံ့ဩလောက်ပါ၏။ ယောကျ်ားချင်းသာဆိုလျှင် သူသေကိုယ်သေ နွှဲပစ်လိုက်တော့မည့် နေနွှန်းက၊ ကားပေါ်မှမဆင်းရဲဘဲ စတီယာရင်ကိုင် လက်ကလေးများ တုန်ယင်လျက် အကြောက်မျက်နှာလေးမှာ မျက်ရည်တောင် ဝဲချင်ဝဲချင် ဖြစ်လျက်၊ ငိုမဲ့မဲ့ပေမယ့် ကြောက်ကန် ... ကန်နေသည့် ကောင်မလေးနှင့်ကျတော့ ရင်မဆိုင်ရဲတော့လောက်အောင် ဖြစ်သွားရတော့သည်။

"ငါ့ကား နောက်မီးလုံး ကွဲသွားပြီ"

"ရှင်က ရုတ်တရက်ကြီး ရပ်ပစ်လိုက်တာပါ"

နေဒွန်း ဝါကျက ပျော့ပျောင်းသွားသလို ကောင်မလေး ဝါကျက ပိုလို့ပျော့ပျောင်းသေးတော့၏။

"ကျွန်မကားလည်း ချိုင့်သွားတာပဲ မဟုတ်လား၊ ရှေ့မီးလုံးလည်း ကွဲနိုင်တာပဲ၊ ဒါတောင် ကျွန်မ အရှိန်နှေးလို့"

နေဒွန်းက ကောင်မလေးကားကို ကြည့်လိုက်၏။ ကားချင်းအတိုက်မှာ နေဒွန်းကားက ဆောင့်တွန်းခံလိုက်ရသလိုမို့ ရှေ့ရွှေ့သွားကာ ကားချင်း နည်းနည်းကွာသွားပါသည်။ ကောင်မလေးကား၊ ရှေ့မီးလုံး ကွဲပါသည်။

"မီးလုံး ကွဲသွားတယ်၊ ဆင်းကြည့်မလား"

"ဟင့်အင်း ... ရှင် လျော်မလား"

"ကိုယ့်ကိုရော မင်းက လျော်မှာလား"

"ဟင့်အဲး"

"ဒါဆို တို့လည်း ဟင့်အင်းပဲပေါ့ ... ကျေနပ်လား"

"ရှင့်ကြောင့်"

"သီချင်းသစ်လား။ တို့ကြားဖူးတဲ့ သီချင်းကတော့ ကိုယ့်ကြောင့် ... ပဲ။ အချစ်ရေ ... ကိုယ့်ကြောင့် ... တဲ့"

ကောင်မလေးက ဝဲနေသည့် မျက်ရည်စတွေ စီးကျမလာတော့ဘဲ နွဲ့ခနဲ ရယ်လိုက်တော့သည်။

"မင်း တော်တော် ငယ်သေးတာပဲ"

"ဆယ့်ရှစ်နှစ်"

"သြော်"

"ကျေအေးလား၊ ဒါဆို သွားတော့မယ်"



"နာမည် ပြောခဲ့ဦး"

"ပုန်းညက်ဖြူ"

"လှလိုက်တာ"

"မလိုဘူး"

"ဘာမလိုတာလဲ၊ ပြောဖို့ မလိုတာလား၊ ကိုယ့်အလှကိုယ်၊ ဂုဏ်မောက်ပြီးသားပေါ့။ ဟုတ်လား၊ တို့က နာမည်ကို ပြောတာပါ။ လူကလည်း နာမည်နဲ့ လိုက်ပါတယ်။ သွားတော့။ သိပ်ကြာရင် လူတွေ ဝိုင်းလာတော့မယ်"

ကံကောင်း ထောက်မစွာ နောက်ကားကလည်းမရှိ၊ နေ့ခင်းကြောင်တောင်ကြီးမို့ လူသွားလူလာကလည်းရှင်း။ နေဒွန်းက ကိုယ့်ကားပေါ် ကိုယ်ပြန်တက်ပြီး ရှေ့တိုးမောင်းထွက်၏။ နောက်ကားကလည်း မောင်းလိုက်လာရင်း လမ်းခွဲလေး တစ်ခုသို့အရောက်မှာ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွား ... သွားကြတော့သည်။

"ကျောခိုင်း ခွဲခွာကြရတော့လည်း လွမ်းစရာလေးတွေ ဖြစ်ကုန်ပြီ"

ဝေက ဒီတစ်ကြိမ်မှာတော့ နည်းနည်းခံစားရပါသည်။

"ဘာလို့ ကျေအေးခဲ့တာလဲ"

"သူ့အလွန်မှ မရှိတာ၊ သူက ကျော်ကြောင်းတောင်းမသွားတာ ကံကောင်း၊ ခုတော့ ရှေ့မီးကွဲနဲ့ နောက်မီးကွဲ ... ချေလိုက်ကြတာပေါ့။ သူ့ကြည့်ရတာ ငွေရေး ကြေးရေး၊ ခြေသလုံးမွေးဆိုတဲ့ထဲကမို့ ကျေအေးသွားတာကို ကျေးဇူးတင်"

"နင်ကရော ရုတ်တရက်ကြီး ‚ဘာဖြစ်လို့ ကားရပ်ပစ်ရတာလဲ"

"တောက် ... ဒေါသက ပြန်ထွက်လာပြန်ပြီ ၊ ဒီတစ်ခါ
တော့ ဘရိတ်ဆောင့်မအုပ်ဘူး၊ ရှေ့ကကားကိုပဲ ဝင်တိုက်
ပစ်လိုက်မယ်"

"ဒေါသက ဘယ်အတွက် ထွက်ရတာတုံး"

"ငါ့ကို ငွင်းတဆို"

"အဲဒါ ဘာဖြစ်လဲ"

"ငွင်းတဆိုတာ သချိုင်းကုန်းမှာ လူသေကောင် စားတယ်
ငါက ငွင်းတ ဖြစ်စရာလား"

အဲသည်လို ကျတော့လည်း ကလေးဆိုးကြီးလို
ဝေက စောစောက မျက်တက်တက်ကလေး ကျေရပြန်တော့သည်

"ကြီးမားထွားကျိုင်းတဲ့ သဘော၊ ယောကျ်ားပီသတဲ့ သဘော
ကို ပြောတာပါဟယ် ... နင်ကလည်း"

"ပုရွက်ဆိတ်နဲ့ ဆင်နဲ့လို့ ပြောပါလား"

"အေး ... နောက်တစ်ခါ ပြောမယ်"

"ဟိုကောင်ကိုလည်း၊ နံ့ပြီစုတ်ကလေး ဘာလေးနဲ့ ချစ်စ
တွေ သွားနိူင်းမနေနဲ့၊ မကြိုက်ဘူး"

"မနာလိုဘူးလား"

"မကြိုက်တာဟာ မကြိုက်လို့ပဲ"

ဝေက ကျေနပ်သွားရပါသည်။ ဒါဟာ သဝန်
ခြင်း တစ်မျိုးပဲ မဟုတ်လား။ သဝန်တိုတယ် ဆိုတာ မုန်းနေ
သူ အပေါ်မှာ တိုမှမတိုတာ။ ကိုယ်ချစ်နေသူက၊ သံယော
တွယ်နေရသူက၊ မေတ္တာရှိနေသူက၊ အခြားတစ်ယောက်ကို
စနိုးတွေ ဘာတွေ လုပ်လျှင်သာ မစ်ချင်စိတ်နှင့် သဝန်တိုတ



ကြတာ မဟုတ်လား။ သဝန်တိုပြီး ဒေါသထွက်ရပါသည်ဆိုလျှင်၊
အဲသည် ဒေါသမျိုး နောက်ထပ် ဆယ်ခါလောက် ထွက်စေချင်ပါ
သေးသည်။ ဒီလိုဆိုတော့ ... စောစောက ကိုင်ဆောင့်ခံလိုက်ရသလို
ဖြစ်သွားရတာ ဖြစ်ရကျိုး နပ်လိုက်တာ။

ဝေက ပီတိကလေးဖြင့် ... တပြုံးပြုံးလေး ဖြစ်နေ၏။
သို့ပေမယ့် ... ဝေ့ပီတိက တန်ဖိုးကြီးလှပါတော့သည်။ အိမ်ပြန်
ရောက်တော့ ဝေ့မေမေ ဒေါ်ခင်စောဝေက နေဒွန်းတို့ခြံထဲ
ရောက်နေသည်။ ဒေါ်တင့်တင့်ရီနှင့် အိမ်ရှေ့ပေါ်တီကိုနားမှာရှိ
သော ယိုးဒယားရှင်သီဝလီဆိုသည့် အပင်ကလေးတွေ အိုးကျပ်
နေ၍ နှစ်ယောက်တူတူ ထိုင်ခွဲနေကြ၏။ လမ်းထိပ်နားမှာ နေရာ
ချင်း လဲခဲ့သည်မို့ ကားမောင်းဝင်လာသူက ဝေပါ။ ကားကို ပေါ်
တီကိုအောက်မှာ ရပ်၏။

"ဟောတော့ ... နောက်မီးလုံး ကွဲလာပါလား"

ဒေါ်ခင်စောဝေက အရင်ဆုံး တွေ့၏။ ဒေါ်တင့်တင့်ရီ
ကလည်း ကြည့်လိုက်မိသည်။ ကားမီးလုံးကွဲကို ကြည့်ပြီးသည်နှင့်
အကြည့်က နေဒွန်းဆီသို့ တန်းခနဲ ရွေ့သည်။ ဒီကောင် ... လမ်း
မှာ ကားမောင်းခဲ့ပြီနှင့် တူ၏။

"နေဒွန်း ... ဝေ့ဆီက လုမောင်းခဲ့တယ် မဟုတ်လား"

"နိုး ... နိုး၊ မေမေ။ လုံးဝဆို လုံးဝပဲ"

နေဒွန်းက လက်ဖျားတခါခါ၊ တကာကာနှင့် မျက်
လုံးပြူး မျက်ဆန်ပြူး ငြင်းတော့သည်။ နေဒွန်းက ငြင်းလိုက်သည်
နှင့်၊ ဒေါ်ခင်စောဝေ၏ အကြည့်က ဝေ့အပေါ် ဝဲခနဲကျတော့သည်။

"ဘယ်လို ဖြစ်လာတာလဲ မိဝေ"

ဒေါ်ခင်စောဝေက ဒေါ်တင့်တင့်ရီကို အားနာစွာ မျက်နှာပျက်လေ၏။

"အန်တီ့သမီးပေါ့။ သူ့ဘောက ကားတစ်စီးကပ်ပြီး ကျော် တက်သွားတယ်၊ နေခွန်းက နောက်ချင်တာနဲ့၊ ဟိုမှာ ... ဒွေး၊ ဒွေး၊ ကားထဲမှာ ဒွေးပါသွားတယ်လို့လည်း ပြော လိုက်ရော၊ ဘယ်မှာလဲ ဘယ်မှာလဲ ဆိုပြီး ကားကို ယောင်ရမ်း ဘရိတ်အုပ်တယ်လေ ...

"မင်းသား အငမ်းကောင်းလိုက်တာ နောက်ကားက ဂျိမ်းခနဲ ဝင်ဆောင့်တော့တာပေါ့။ နောက်ကားက ရှေ့မီးလုံး ကွဲသွားတယ်၊ တော်သေးတာပေါ့၊ နောက်ကားက မိန်း လေးပဲ မောင်းလာတာ၊ ပြဿနာလည်း မဖြစ်ချင်၊ ပိုက် ဆံလည်း ပေါတယ် ထင်ပါရဲ့ ...

"ဘယ်သူ့ ဘယ်သူမှ မလျော်ရဘဲ၊ ကျေအေးလိုက် ကြတယ်။ နေခွန်း ဝင်တောင်းပန်ပေးတာလည်း ပါတာ ပေါ့လေ ... ဟဲ ... ဟဲ"

ဇေ့ကိုဆိုလျှင် ချောက်တွန်းချင်စိတ်ကို ရှိသော နေခွန်းက သူ့စကားသူ သဘောကျလျက် မအောင့်နိုင်စွာရယ် လေ၏။

"နေခွန်း ... ယုတ္တိမရှိဘူး၊ မင်းတိုက်လာတာ မဟုတ်လား"

"ဟာ ... မေမေကလည်း၊ မေမေ့ပုရစ်မကို မေမေ မေး ကြည့်ပါလား"

"သူ့ကြောင့် ဖြစ်လာတာ မဟုတ်လား သမီး..."

"သမီး ... သမီးကြောင့်ပါ အန်တီတင့်"



"ကဲ ... မပြောဘူးလား၊ တရားခံက ဝန်ခံနေပြီ"

"အန်တီတင့် ... သမီးပဲ ပြင်လိုက်ပါရစေ"

"မဟုတ်တာ ... နေပစေ၊ နေခွန်းကိုပဲ ပြင်ခိုင်းရမယ်။ သူ့ဘကြီးက သူ့ဆီ မုန့်ဖိုးပေးလိုက်တယ်လေ၊ အလကား လည်း သုံးပစ်မယ့်တူတူ၊ ကားပြင်"

"ဟာ ... မေမေကလည်း၊ ဘကြီးက နေခွန်း မုန့်စားဖို့ ပို့လိုက်တာ"

ဒေါ်တင့်တင့်ရီက နေခွန်း စကားကို လုံးဝမယုံပါ။ နေခွန်းမို့ ကားမောင်းပြီဆိုတိုင်း ပြဿနာ တက်ခဲ့သည်ချည်း၊ အရာနှင့် ကြောင်းကြောင်းချည်းမို့၊ နေခွန်းကို ကားမောင်းခွင့် ရုပ်သိမ်းထားရတာလေ။ ခုကိစ္စမှာ ဝေက ဘယ်လိုပင် ဝိုင်းပြော သေးစေ၊ နေခွန်း တရားခံဟုပဲ ထင်၏။ ဒေါ်ခင်စောဝေကတော့ တော်တော် အားနာသွားရပါပြီ။ ကိုယ့်သမီးက သူများကား ဘက်မောင်းပြီး တိုက်လာသည်ဆိုတော့၊ ဘယ်လောက် မျက်နှာ ပူရလဲ။ သမီးဟာ ကားမောင်းကြမ်းတတ်သူ မဟုတ်သလို၊ သတိ ဝီရိယလည်း ကြီးတတ်၏။ ကားမောင်းလျှင် ပြဿနာ ဖြစ်ခဲပါဘိခြင်း။ ခု ... ဖြစ်ခဲ့ပြီဟု သမီးကိုယ်တိုင်က ဝန်ခံနေမှ တော့ ကိုယ့်တာဝန် ဖြစ်ရပြီ။

"မဟုတ်တာ တင့်ရယ်၊ သမီးက တိုက်လာတာ၊ ဘယ့် နှယ် နေခွန်း မုန့်ဖိုးထဲက သုံးရမယ်လို့၊ သမီးမှာလည်း မုန့်ဖိုးရှိတာပဲ၊ သူ့ဘာသာ ပြင်ပစေ"

"ဟာ ... စောကလည်း၊ အဲဒီလိုဆိုတော့ အလျော်ယူသလို ကြီး မဖြစ်ဘူးလား။ စောနဲ့ တင့်တို့ ကြားမှာ အလျော်

ယူစရာလား၊ ယူရမယ့် လူတွေလား၊ ဘယ်သူမှ ပြင်မ
တော့၊ တင့် ဘာသာပဲ ပြင်မယ်၊ တင့်က ... နေဒွန်း
ခုထိ ... သိပ်ယုံသေးတာ မဟုတ်ဘူး"

"မေမေကတော့လေ ... ကိုယ့်သားကိုယ် အထင်သေးရ
ဆိုရင် နှစ်ယောက်မရှိဘူး"

တင့် ပြောကာမှ၊ စောမှာ သံသယတွေးက
ခနဲ ဝင်ရတော့သည်။ နေဒွန်း လက်ချက်ကို၊ ဝေက မားခုတ်
လက်လျှိုပြန်ပြီလား။ ကိုယ့်မှာလည်း သားမရှိတာမို့ သားရင်း
ချစ်ခဲ့သော ကောင်လေးကို ယခုတိုင် သားရင်းလို ချစ်ဆဲပေမဲ့
သမက်လို ချစ်ဖို့ တွေဝေချင်လာရပါပြီ။

## ၅

ဝေ့ တခိခိရယ်သံမှာ ချစ်စနိုးတွေဖြင့် ထုံမွှန်းနေ
တော့၏။ ကြည့်လေ ... ခြေထောက်ကိုခွင်၍ လက်နှစ်ဖက်ကို
း၍ လိမ်ဖယ်ဖယ် လမ်းလျှောက်လာပုံက၊ မသန်မစွမ်းကလေး
ယောက်နှင့် တူမနေပေဘူးလား။ နေဒွန်းတို့များ တကယ်သိလ်
ာင်းသား ဖြစ်နေလည်း၊ မျောက်ရှုံးအောင်တော့ ဆော့တုန်း
လား။

"ပုရစ်မ ... ဒီတိုင်းလျှောက်ရင် မိဒယ်ဘွိုင်း ဖြစ်မလား"

ဝေ ထိုင်နေသော ဒန်းပေါ်သို့ ရှိုးရှိုး လာမထိုင်၊
ာက်ပြီးမှ ထိုင်လိုက်၏။ ဝေ့ကို စေ့စေ့ကြည့်သည်၊

"နင် ... ဒီနေ့ တယ်လှနေပါလား"

ဝေ့ရင်မှာ ဒိုင်းခနဲ ခုန်လေ၏။

"အောင်မယ် ... အောင်မယ် ... ရုပ်ကြီးက၊ ရုပ်ကြီးက၊
ဒါ ရှက်တာပေါ့လေ။ ရှက်ဘော့မှ အရုပ်ဆိုးတော့တာ
ဗျား"

"သွား"

ဝေက နေခွန်း ကျောကို ထု၏။ နေခွန်းက လွတ်ရုံ၊ ကျောကော့၍ ရှောင်သည်။

"ခြံထဲဆင်း၊ ဒန်းမှာထိုင်ပြီး ရည်းစားမျှော်နေတာလား"

"မျှော်စရာ ရှိရင်တောင် မမျှော်သေးဘူး"

"ဘာကြောင့်လဲ"

တစ်ခုခုဆို ... ဘာကြောင့်လဲ ... ဟု၊ သူ့ မေး တတ်ကျင့်လေးကိုလည်း ဝေ ချစ်ရသည်ပင်။ သူ့မျက်နှာလေးနှင့် သူ့ဝါကျက ဝေ့အဖို့မှာတော့ ချစ်ဖွယ်လေး။

"မိန်းမသားသိက္ခာ ကျတာပေါ့၊ သူ့ဘာသာ လာချင်လာ မလာချင်နေ၊ ကျုပ်တို့က မမျှော်ကြီးထဲက"

"ခု ... နင့်မှာ မျှော်စရာလည်း မရှိသေးဘူးပေါ့"

"မရှိပေါင်"

"အေး ... အဲဒီလို လိမ်လိမ်မာမာနေမှ ငါက ကြိုက်တာ၊ ရည်းစားများ ထားလို့ကတော့၊ ဒီမှာ ... လက်သီး ကြည့်"

လက်သီးကြည့် ဆိုပေမယ့်၊ ကြည့်ရုံကြည့်ခိုင်းတာ မဟုတ်ပါ။ နဖူးပေါ် လာထုတာ။ အရှိန်ကိုလည်း လျှော့လျှော့ ပေါ့ပေါ့လုပ်တာ မဟုတ်တော့၊ အထုခံရသူမှာ တကယ်ပဲ မူးခနဲ ဖြစ်ရပါသည်။

"ဗလ ... နင့်နောက် လိုက်သေးလား"

"မလိုက်ပါဘူး၊ လိုက်လည်း ရမှာမှ မဟုတ်တာ၊ သဘော ပေါက်သွားပြီ နေမှာပေါ့"



"အဲဒီကောင် ... တန်ရာတန်ရာ မမှန်းဘူး၊ ရည်းစားထား ပြီး ပိုက်ဆံရှာတဲ့ကောင်၊ အရမ်းအောက်တန်းကျတယ်"

"နင် စာကျက်ရဲ့လားဟင် ... စာမေးပွဲ နီးပြီ"

"နင်ရော စာမကျက်ဘဲ၊ ဒန်းပေါ် လာထိုင်နေတာ"

"ကျုပ်က ကျက်ပြီးသွားလို့၊ မျက်စိညောင်းလို့ မြက်ခင်း ထွက်ကြည့်တာ"

"စာတွေက ငါ့အဖို့ လွယ်လွန်းနေတယ်"

"ပြောပုံကိုက မုန်းစရာ"

"ဒါပေမယ့် ... နင် ချစ်တယ်မှလား"

"နေခွန်းနော်"

"ဘာတွေ လျှောက်အတွေးခေါင်တာလဲ။ ငါက မောင်နှမလို၊ သူငယ်ချင်းလို ပြောတာ၊ အဲဒီလို မချစ်ဘူးလား၊ ပြော"

"အင်း"

"မေမေက ငါ့ကို ညီမအရင်း တစ်ယောက် မွေးပေးထား ရင်တောင် နင့်လောက် ချစ်စရာကောင်းမယ် မထင်ဘူး။ ဒါ ... ငါ စိတ်ကောင်းဝင်တုန်း၊ စကားကို အတည်ပြော တာ"

ဝေက ပန်းကလေးသာဆိုလျှင်၊ လွင့်ခနဲ ကြွေပစ် လိုက်ချင်၏။ ဝေ့ရင်ထဲမှာ အတိုင်းမသိ ပျော်သွားရသည်။ နေခွန်းဟာ ဝေ့ကို နွဲ့ဆိုးနှင့် အနိုင်ယူနေပေမယ့် သူ့ရင်ထဲမှာ ကျတော့ သံယောဇဉ်က နိုင်မြဲပြီးသား ဖြစ်နေခဲ့တာ ဝေ သိရပြီ လေ။ ဝေတို့ဟာ ငယ်သူငယ်ချင်းဆိုလည်း ဟုတ်ရဲ့၊ ငယ်ကျွမ်း ဆွေတွေလို ပြောလည်းရရဲ့၊ ငယ်တုန်းကဆို၊ နေခွန်း ဝေါ်လီ

…ရိုက်လျှင် ဝေ ပါသည်။ ဝေ ဖန်ခုန်လျှင် နေဒွန်း ပါသည်။ …ယောက်ျားကစားနည်း မိန်းမကစားနည်း မရွေးဘဲ တူတူဆော့ …ကစားခဲ့ကြသည်။ သံယောဇဉ်ဟာ အဲသည်ကတည်းက ခိုင်မြဲစွာ …တွယ်ငြိခဲ့ကြရတာလေ။

"နင်ကလေ ... ငယ်ငယ်တုန်းက ခုလို မဆိုးသေးတော့ ချစ်ဖို့ ကောင်းတယ်"

ဝေက ပြောပြီး၊ နှာသီးဖျားလေးရဲ့အောင် ရှက်သွား …ရရှာ၏။ နေဒွန်းဟာ ငယ်ငယ်တုန်းက တကယ်ချစ်ဖို့ကောင်း …သော ကစားဖက် ဖြစ်ခဲ့တာ အမှန်ပါ။

"ခုလည်း မဆိုးပါဘူးဟာ"

"နင်က မဆိုးပါဘူး၊ ငါကသာ နင့်ရဲ့ ကရိကထလေးတွေကို သည်းညည်းခံပေးချင်တာ"

"နင် သည်းညည်းခံခွင့် ရပါစေလို့ ငါက နည်းနည်းပါးပါး ဗိုလ်ကျပေးရတာ"

"ထားပါတော့"

"ပြန်တွေးကြည့်ရင်၊ နင်နဲ့ ငါနဲ့လောက် ကြာကြာပေါင်း ဖြစ်တဲ့ သူငယ်ချင်းဆိုတာ မရှိဘူးနော်၊ နင်နဲ့ ငါနဲ့ ခင်တာ ကြာပြီ၊ ကြာဆို ... မွေးကတည်းကပဲ"

"မွေးကာစတုန်းကတော့ မခင်တတ်သေးပါဘူးဟယ်"

"ပြန်တွေးကြည့်ရင် ရယ်ရတယ်။ ငါက မိန်းမဆော့ကစားနည်းတွေထဲ ပါခဲ့တာ"

"ဘာထူးလဲ ... ငါလည်း ယောက်ျားလေးလို ဆော့ခဲ့တာပဲ"



"နင့်က ငယ်ငယ်တုန်းက တော်တော်မျှောက်ရှုံးတာ၊ အဖို့ ဖြစ်ရင် ခက်ရချည့်ရဲ့တောင် မှတ်တယ်၊ ခုလို ဣန္ဒြေသိက္ခာနဲ့ အပိုးကျိုးသွားလိမ့်မယ်လို့ ထင်စရာကို မရှိဘူး"

ဝေက ရယ်မောလိုက်၏။ ရင်ထဲမှာ ပီတိဖြင့် …ကြည်နူးလှပါဘိ။ နေဒွန်းဗ ဆိုတဲ့ ချစ်စရာကောင်လေးဟာ ငယ် …ငယ်တုန်းကဆို ပါးကဖောင်းဖောင်း၊ ဆံပင်တွေက ကတုံးမှပေါက် …လျှင် ဘောလုံးပန်းလို၊ အပေါ်ထောင်နေသေးတာရှိသေး၊ …က ဒါကိုပင် ချစ်စရာလေးဆိုပြီး ချစ်ခဲ့ရတာ မဟုတ်လား။ …ငယ်တုန်းကတော့ ငယ်ချစ်၊ ခုချိန်ကျတော့လည်း ဝေ့ နှလုံးသား …း နေဒွန်းမှလွဲ၍ ဘယ်သူဟာ နေရာယူနိုင်ဦးမှာလဲ။ ငယ်ငယ် …ုန်းက အရပ်ချင်း မတိမ်းမယိမ်းမှာ နေဒွန်း အရပ်ကြီးက …းတင်လိုက်သလို ခြောက်ပေ ဖြစ်သွားရတာ၊ ဝေ တကယ်ပဲ …သြအားကျစွာ ချစ်မက်ရပြန်၏။

"နင်နဲ့ ငါနဲ့ ငယ်ငယ်တုန်းက အရပ်တူတူနော်"

"အေးကွ ... နင်ကတောင် ငါ့ထက် နည်းနည်းမြင့်ချင်သေးတယ်။ ပုရစ်မ ... နင် မှတ်မိလား ရှစ်နှစ် ကိုးနှစ်လောက်တုန်းကဆို ငါက နင့်ထက် နည်းနည်းလေးနိမ့်တယ်နော်"

"အစစ်ပဲ"

ဝေက ပုတုတုလေးကို မြင်ယောင်ကာ တခစ်ခစ် …ယ်လိုက်၏။ ဝေ ပျော်နေပါသည်။ ဝေ ကြည်နူးနေပါသည်။ …ဒွန်းက အဲသည်လိုမျိုး ကြည်ကြည်သာသာ ကလေးများဆို၊ …က အလူးအလဲ ပျော်ရွှင်ကြည်နူးရတာပါ။

"ငါတို့ တစ်ယောက်မုန့်စားရရင် နောက်တစ်ယောက်ကို ကျွေးရမှ"

နေဒွန်း။ နင် ဒါတွေကို တရှိုက်မက်မက် ပြန်ပြောင်းသတိရနေတာလား။ ငါ့ရင်ထဲမှာ မုန်တိုင်းမွှေသလို ပရမ်းပတာ ခါယမ်းအောင် မျှော်လင့်ချက်တွေ ခြွေချနေတာလား နေဒွန်းရယ်။ ငါ့မှာ မုန့်ရယ်လို့ တစ်ခုတည်း ရှိရင်တောင် ငါမစားဘဲ နင့်ကိုသာ အဝကျွေး၊ ပိုမှ၊ နင်မကုန်နိုင်မှ ငါစားခဲ့ကာ၊ အဲဒီအကျင့်က ခေါက်ရိုးကျိုးပြီး ခုချိန်ထိ၊ နေဒွန်း ဆိုတာ မြပုရစ်ဝေ ဆိုတဲ့ ကောင်မလေး အဖို့တော့ အထွဋ်တင် ဦးစားပေးရမယ့် "သခင်" တစ်ပါး ဖြစ်နေရတော့တာပေါ့ နေဒွန်းရယ်။ နင့်ကို ချစ်တဲ့အချစ်မှာ၊ ရယူလိုခြင်းဆိုတဲ့ အကျိုးခံစားခွင့် လုံးဝမပါ၊ ငါကသာ ပေးဆပ်ပြီး နင့်အတွက်ဆို စွန့်လွှတ်အညံ့ခံလိုက်ဖို့ အဆင်သင့် ဖြစ်နေရတဲ့ မေတ္တာနဲ့ပါ နေဒွန်းရယ်။

"ဘာလဲ ... ငါ့ကို ဘာလို့ ငေးကြည့်နေတာလဲ၊ မမြင်ဖူးဘူးလား"

ဝေက ရှက်စနိုးလေး ဖြစ်သွားရသည်။

"နင်က ငါ့ကို ဂိုလ်မကျဘဲ အေးဆေးနေတဲ့ အချိန်ကရှားတော့ ငေးကြည့်နေရတာပေါ့"

"အဲဒါ ... ဖားနေတာ၊ အကောင်းမထင်နဲ့"

"ပိုက်ဆံ မလောက်ပြန်ဘူးလား"

"လမ်းဘေးမှာ စာရွက်တစ်ပုံနဲ့ ဘောလ်ပင်ကိုင်ပြီး၊ ဗေဒင်သာ ဟောစားပါတော့၊ နင်က အကြားအမြင် ရနေပြီ"

"ဘယ်လောက် လိုပြန်ပြီလဲ"



"မများပါဘူး၊ နည်းနည်း။ ဟို ... ကားတိုက်လာတာလေ၊ ငါတိုက်ခဲ့တာဆိုရင် မေမေက အရမ်းလည်း ဆူဦးမယ်၊ မောင်းခွင့်ပိတ်ထားတဲ့ကြားက ခိုးမောင်းတာက တစ်ပြစ်၊ ငါ့မုန့်ဖိုးထဲကပြင်လို့ ပြောမှာ၊ အဲဒါကြောင့် နင်တိုက်လာတာလို့ ငါက ပြောတာ"

"ငါ သိပါတယ်၊ နင့်အကြံကို"

"ဒါတော့ မေမေက မယုံဘူး၊ အဲဒီကား ... ငါ ပြင်လိုက်ရတယ်၊ ဘကြီး ပို့လိုက်တဲ့မုန့်ဖိုး ကုန်ပြီ"

"အေးပါ ... ဘယ်လောက်လိုချင်လဲလို့ မေးနေတာ"

"အဲဒီကား ... နင် ပြင်လိုက်နော်"

ဩော် ... နေဒွန်း။ ကားပြင်ခအကုန် ပြန်တောင်းနေတာပါလား ... ဟု ခုမှ သိရတော့သည်။

"မပြင်ဘူး၊ ပြင်စရာ မလိုတော့ဘူးလေ၊ နင် ပြင်ပြီးသွားပြီပဲဟာ"

"ပုရစ်မ ... ငါ ဘာပြောမှန်း နင် သိရဲ့သားနဲ့"

ကားဝပ်ရှော့မှ ပေးလိုက်သည့် ဘောက်ချာကို ဝေ့ လက်ထဲ ထိုးထည့်၏။

"ငွေတော့ ချေပြီးပြီပေါ့ဟာ၊ ဒါပေမယ့် ... နင် ပြင်ပါလို့ ငါက ပြောတာ"

"ဘာလို့ ပြင်ရမှာလဲ ... ကားကလည်း နင့်ကား၊ နင် မောင်းနေတုန်း တိုက်တာ၊ ငါနဲ့ လုံးဝမဆိုင်"

ဝေက မျက်နှာလေးမော့၍ ပြောလိုက်၏။

"ဘာလို့ မဆိုင်ရမှာလဲ၊ နင်က ဗလကို ကြိုက်မလိုလို ပြောလို့ ငါ ဒေါသနဲ့ ဆောင့်ရပ်လိုက်တာ"

"မပြောမိပါလား"

"ဗလ ကျတော့ နှံပြီစုတ်တဲ့။ ငါ့ကိုကျတော့ ငွေးတတဲ့။ ငွေးတ ဆိုတာ ချစ်စနိုးငှက်မှ မဟုတ်တာ။ သချိုင်းကုန်းမှာ လူသေကောင်စားတယ်၊ နှံပြီစုတ်ကျတော့ ချစ်စနိုးငှက်လေ။ ဒါ ... နင်က ဗလကို ဦးစားပေးလိုက်တဲ့သဘောပေါ့၊ နင်က ဗလကို ပြန်ကြိုက်ချင်လို့ပေါ့"

ဝေ ကြွေရပြန်ပါပြီ နေခွန်းရယ်။ ဝေက ဗလအပေါ် ပိုမလို၊ သံယောဇဉ်ရှိသလိုလို ပြောမိရုံနဲ့၊ နင်က သတိလက်လွတ်ခံစားရတယ်တဲ့လား နေခွန်းရယ်။ အဲဒီလို မနာလိုဝန်တိုလေးတွေ များများ ဖြစ်ပြစမ်းပါ။ ငါ ကြည်နူးပါရစေ။ နင့်ဆီက အကြင်နာပါးပါးကလေး ရမယ်ဆိုရင်တောင် ငါက ဆောင်းရာသီမှာ စောင်လုပ်ပြီး ခြုံချင်ပါရဲ့။ သံယောဇဉ် ပျော့ပျော့ကလေး ရမယ်ဆိုရင်တောင် နွေရာသီမှာ အအေးဓာတ်အဖြစ် ဖက်တွယ်ထားမိချင်ပါရဲ့။ အချစ်သေးသေးလေး ရမယ်ဆိုရင်တောင် တစ်သက်တာ အဟာရအဖြစ် လည်ချောင်းဝနားမှာ မတင်မကျ မျိုထားလိုက်ချင်ပါရဲ့ နေခွန်းရယ်။

"ခဏစောင့်နော်"

ဝေက ဘောက်ချာစာရွက်ကလေးကို ကိုင်၍ အိမ်ပေါ်သို့ တက်လာခဲ့သည်။ ဒေါ်ခင်စောဝေက ခုတစ်လောမှာ ဝေနှင့် နေခွန်းကို စောင့်ကြည့်နေတတ်သူမို့ သမီးဖြစ်သူကို အိပ်ခန်းဝမှကြို၏။



"ဘာလဲ ဝေ"

"ဩော် ... သမီး၊ ကားပြင်ခ ပေးလိုက်မလို့ပါ မေမေ။ တကယ်က သမီးတိုက်လာခဲ့တာ၊ သမီးကြောင့်ဖြစ်တာ၊ သူ့ကို အန်တီတင့်က ပြင်ခိုင်းတယ်ဆိုတော့ မတရားဘူး မဟုတ်လားဟင်၊ အဲဒါ ဝေ ပြန်ပေးမလို့ပါ မေမေ"

ဒေါ်ခင်စောဝေက ခေါင်းညိတ်လိုက်၏။ ဖြစ်သင့်တာပဲလေ။ ကိုယ့်သမီးက သူ့ကားတက်မောင်းပြီး တိုက်ပစ်လိုက်တယ်ဆိုတော့ ကိုယ့်ဘာသာပဲ ပြင်မှာပေါ့။

"ဒါပေမယ့် ... တင့်ကတော့ သူ့သား မုန့်ဖိုးနဲ့ ပြင်တယ်ပဲ သိထားတာ"

"ထားလိုက်ပါ မေမေ"

"နေခွန်း မုန့်ဖိုးနဲ့ ပြင်ရတော့ သမီးက မတရားရာရောက်တယ်လေ။ ကိုယ့်သမီး တရားတယ် ဆိုတာတော့ လူသိစေချင်သေးတာပေါ့"

"ဒါဆိုလည်း ... ဖြည်းဖြည်းမှ ပြောပေါ့နော်၊ ချက်ချင်းကြီး ပြောပြလိုက်ရင်၊ လာပြန်တောင်းရလားဆိုပြီး နေခွန်း အဆူခံရမှာ စိုးလို့ပါ"

"အခုလည်း လာပြန်တောင်းတာပဲ မဟုတ်လား"

"ဟင့်အင်း မေမေ။ သူက မတောင်းပါဘူး၊ သမီးက မေးလို့ ပြောတာပါ။ ဒါတောင် ငြင်းနေပါသေးတယ်။ သမီးက စိတ်ဆိုးတော့မှ တစ်ဝက်ပဲယူမယ် ပြောပါတယ်။ ကားပေါ်မှာ သူလည်းပါတာပဲတဲ့"

"ဩော် ... အင်း"

ကောင်လေးက ဘယ်ဆိုးလို့လဲ။

ဒေါ်ခင်စောဝေက နေဒွန်းကို ငယ်ငယ်တုန်းကလ ဘာပဲလုပ်နေနေ စောင့်ချစ်နေသည့် အနေအထား မဟုတ်တော့ပါ။ နေဒွန်းက ကိုယ့်သမီးအပေါ် နိုင်စားလွန်းသည်။ ဗိုလ်ကျလွန်း သည်။ တရင်းတနှီး နောက်တာပြောင်တာကပေမယ့် အားကုန် သုံးသည်မို့ ကိုယ့်သမီးက နာကျင်ရသည်။ နေဒွန်း အနိုင်ကျင် လွန်း၍၊ အပြောဆိုးလွန်း၍၊ ကိုယ့်သမီးက မျက်ရည်စက်လက် ကျရသည်။ ဒါတွေကိုမြင်တွေ့ရဖန်များလာသည့်အခါမှာ တူငယ် သားလို ချစ်နိုင်ဆဲ၊ ချစ်နေဆဲ ကောင်လေးကို သမက်တော်ဖို့ ပြန်စဉ်းစားချင်လာပါတော့သည်။ ဒေါ်ခင်စောဝေလည်း မုထုံ လေ။ အတ္တနှင့် လူသား။ "ကိုယ့်သမီး"ဆိုသော အတ္တသည် သမက်လောင်းရွေးရာတွင် ရှေ့ဆုံးမှ အရေးပါနေရတော့သည်။ ကောင်လေးက ခုလိုမျိုး ပြေပြေလည်လည် ဆိုလျှင်တော့လည်း စိုပြီးသားလက်ကလေး မခြောက်သွေ့ပါစေနှင့်တော့။



"စားစေချင်ရင် တစ်ချိုင့် ပို့လိုက်ပေါ့၊ ဒီတော့ လှမ်းမခေါ်နဲ့၊ သူပါရင် ပွဲပျက်တယ်"

ဆုဇာက ရှုံ့မဲ့၍ ပြောသည်။

ဒီနေ့ ... စာမေးပွဲတွေ အားလုံးပြီးကြပြီမို့၊ ဝေ့အိမ် မှာ သူငယ်ချင်း(မိန်းကလေးတွေချည်း)တွေ စုပြီး မြီးရှည်လုပ်စား ကြခြင်းဖြစ်၏။ မြီးရှည်ဆိုသောမုန့်က ချက်ရ ပြုတ်ရ သက်သာ ၏။ သူက လှီးချွတ်ထုထောင်းနေရတာ များသည်။ သေသေချာ ချာ ချက်ရတာဆိုလို့ ဟင်းချိုတစ်မျိုးပဲ ဖြစ်၏။ ဒါတောင် ကြက်ပြုတ်ရည်၊ ဝက်ပြုတ်ရည်ကလေးထဲ ပဲင်ပြာရည်ခတ်ပြီး ကြက်သွန်မြိတ်ကလေး ဖြူးသောက်လို့ ရသေးသည်။ ဝေက ၁က်နံရိုးနှင့် စွန်တန်ဟင်းချိုကို အကျအန ချက်သည်။

"နင့်ဟင်းချိုက မြီးရှည်နဲ့ မစားဘဲ၊ သူ့ချည်း ထိုင်သောက် နေဖို့ ကောင်းတယ်ကွ"

"အပြောနဲ့တင် ရပ်ပါစေ။ မရွှေရီ။ ရှင်ခပ်မြည်းတာနဲ့၊ အိုးတစ်ဝက် ကျုံးပါပြီ"

သူတို့တွေ ပျော်နေကြချိန်မှာ ဝေက လည်ပင်းက လေး တဆန့်ဆန့် ဖြစ်နေသောကြောင့် ဆုဇာက ကြည့်မရစွာ င်တ်တို၏။

"ပို့တာကတော့ ပို့မှာပေါ့ဟဲ့။ သူ့ယောက္ခမလည်း သူက စားစေချင်ဦးမှာ"

ဝေက ကြိုင့် ကျောကုန်းကို မနာအောင် လှမ်း
သည်။

"သူက ရယ်စရာတွေ ပြောတတ်ပါတယ်ကွ"

ရွှေရီက နေခွန်းကို ခင်၏။ ရယ်စရာပြော
လွန်းသည်မို့ တသောသော ရယ်မောရတာနှင့်ပဲ၊ ဝေ့ကို
နေခွန်း ဗိုလ်ကျတာတွေ မျက်စိရှုန်းနေရသူ ဖြစ်၏။

"လာပါစေ"

"ရယ်ချင်ရင် လာခဲ့။ ဂလိထိုးပေးမယ်၊ အဲဒီ နေခွန်း
လေ ... မိဝေကို၊ နိုင်စားလွန်းတာနဲ့တင် ကြည့်မရ
ပြောလိုက်ပလားဆိုလည်း မာရေ ကျောရေ"

"ငါ အစားမှားပြီး တဝေါ့ဝေါ့ အန်တုန်းက၊ သူ
ထွေးခံဆေးတာ နင်တို့မှ မသိဘဲ"

"မယုံပေါင်"

"တကယ်ပါ ... ငါ့ ပါးစပ်နား ထွေးခံရောက်လာလို့
ကြည့်လိုက်တိုင်း၊ နေခွန်း ကိုင်ထားတာချည်းပဲ၊ အံပြ
သူပဲယူပြီး ရေချိုးခန်းထဲ ဝင်ဆေးတာ"

"ဒါ အမှန်ပဲ ဆိုရင်တော့ ပယောဂပဲ"

"ဟင်"

"အေးလေ ... နေခွန်းကို အပမှီနေလို့ ဖြစ်ရမယ်၊ နေ
အစစ်တော့ မဖြစ်နိုင်ဘူး။ နေခွန်း အစစ်ကသာ မိဝေ
ဒီလောက် ကြင်နာရိုးမှန်ရင် ငါတို့ သုံးယောက်မှ
ဆွဲကြိုးချပြပါ့မယ်"

"စကားမကျွံနဲ့နော်"



"ကျွံတယ်ကွယ် ... သူ့တော့"

"ဟော ... နာခေါင်းကောင်းတယ်၊ ဟိုဘက်ခြံကနေ
မြီးရှည်နံ့ ရတယ် ထင်တယ်။ မာလကာပင်ပေါ်ကနေ
လွှဲခနဲ ခုန်ချလာပါပြီ။ မျောက်မင်းသား"

နေခွန်းက မြေပေါ်သို့ ဒူးကလေးကွေး၍ ကျောကို
ဝေက လှမ်းကြည့်လိုက်တော့လည်း၊ အဲသည်ပုံစံလေးဟာ ချစ်စရာ
ကောင်းနေတော့တာပဲဖြစ်၏။ ဝေတို့အိမ်က "အယ်လ်"ပုံသဏ္ဍာန်
(L Shape)ဆောက်ထားတာမို့ တစ်ဆစ်ချိုးကွေ့မှာ မီးဖိုရှိသော
ကြောင့် အဲသည်မီးဖိုက ခြံထဲနှင့် ခြံရှေ့ထိတိုင် လှမ်းမြင်နေရသည်။
နေခွန်းက မီးဖိုထဲသို့ပဲ တန်းဝင်လာ၏။

"ဘာချက်လဲ ... ငယ်ကျွန်ကြီးများ"

"သွား ... သူတောင်းစား"

ဆုဇီက တကယ်မကြည်တာ ဖြစ်၏။

"နေခွန်း ... နင်ရောက်လာတာ အတော်ပဲ။ ဦးဦးနဲ့
အန်တီတင့် အတွက် နင်ပဲ ပြန်ပို့လိုက်ပေးနော်"

"သူ့ဖို့ပါ ပိုထည့်ပေးလိုက်လေ"

ဆုဇီက ဝေ့ကိုကြည့်၍ ပြောပြီး နေခွန်းဘက်သို့
လှည့်ကြည့်ပြန်၏။

"နင်လည်း နင့်အိမ်မှာပဲစား"

နေခွန်းက ဝေ့ကို ကြည့်လိုက်သည်။ နေခွန်းမှာ
ချစ်စရာကောင်းသော အကျင့်တစ်ခုတော့ရှိ၏။ သူများတွေကို
နာအောင်ပြော၊ နာအောင်ရိုက်တတ်သလို သူ့ကို နာအောင်ပြော
လည်း မနာ၊ နာအောင်ရိုက်လည်း စိတ်မဆိုး၊ သူ့မှာ အပေါင်း

အသင်းစိတ်ဓာတ် ရှိတာလည်းအမှန်။ အဲသည် သဘောကောင်းကောင်းကို၊ တခြားသူငယ်ချင်းတိုင်း အပေါ်မှာလိုလို ကျင့်သုံးတတ်သည်။ ဇေကိုကျတော့ သူက နိုင်ကို နိုင်ချင်တာလေ။

ဆူဇီက မိန်းကလေးအုပ်စုထဲ ယောက်ျားတစ်ယောက်ပါလာမှာ မလိုလားကြောင်း သိသာလှသည်မို့၊ နေဒွန်းက အိမ်ပြန်စားဖို့ လွယ်ကူစွာ သဘောတူ၏။

"အေး ... များများတော့ထည့်၊ မိဝေ လက်ရာ မြီးရှည်ဆိုရင် ငါက လေးပွဲဆက်တိုက် စားရမှ"

"ကျုပ်တို့အားလုံး ဝိုင်းလုပ်ထားတာ"

"ထိုင်လှီးနေကြတာမလား၊ သစ္စားသီးလှီးမယ်၊ ကြက်သွန်မြိတ်လှီးမယ်၊ ဝက်သားပြုတ်၊ ကြက်သားပြုတ် လှီးမယ်"

"အောင်မယ်၊ ကြက်သွန်ဖြူနဲ့ အရောင်တင်မှုန့်နဲ့ ဆီသပ်ရသေးတယ်၊ ကော်မှုန့်ကျိုရသေးတယ်၊ နောက်ပြီး ..."

"အေးပါ ... နင်တို့ပါ ဝိုင်းလုပ်ထားတဲ့အတွက် တစ်ပွဲပိုစားမယ်၊ ငါတစ်ယောက်တည်းအတွက် ငါးပွဲ"

ဝေက မုန့်ထည့်ရင်း စိတ်မကောင်း ဖြစ်နေရသည်။ နေဒွန်းက နားလည်၏။ ဝေနှင့် သူ့ကို လူကြီးတွေက နှုတ်မှာစွာလေထဲမှာ စေ့စပ်ထားသည်။ ဒါကို ပုရစ်မက အတည်ကြီးလုပ်ကာ ကိုယ့်အပေါ် စွဲလမ်းရှာ၏။ ဒီအတွက် တစ်ခါတစ်ခါ သနားရပါသည်။ နေဒွန်းက ကိုယ့်ကိုယ်ကိုယ် စဉ်းစားကြည့်လိုက်သည်။ ပုရစ်မနှင့် လက်ထပ်ရလည်း အရေးမကြီး၊ လက်မထပ်ဖြစ်လည်း အရေးမကြီး။ ခံစားမှုက ဘယ်လိုမှ ခြားနားကွဲပြားမှာမဟုတ်တာ သေချာနေတော့သည်။



"ဟင်းချိုချိုင့်က ပုတယ်နော်"

"ပုရစ်မ ... သူတို့ပြန်သွားရင် ငါဆီ ဖုန်းဆက်လိုက်"

"ကိစ္စရှိလို့လား"

"နင့်ကို ဂစ်တာတီးပြီး သီချင်းဆိုပြမလို့"

ဝေ ... လှိုက်ခနဲ ပျော်သွားရသည်။

နေဒွန်း၏ ဆိုသည့် ကောင်လေးက ရုပ်ကလေးချောရုံမက၊ အသံကလည်း ကောင်းသေးသည်။ ဂစ်တာကလည်း ကျွမ်းသေးသည်။

"ညဦးပိုင်းလောက် လာခဲ့ပါ"

"ကျုပ်တို့ ဒီည ဒီမှာအိပ်ဖို့ အိမ်ကို ပြောခဲ့ပြီးသား"

သုံးယောက်သားက တညီတညွတ်တည်း ပြောလိုက်သည့်အခါ ဝေက မျက်နှာလေးပျက်၏။ နေဒွန်းကတော့ အသံကျယ်ကြီးထုတ်လျက် အော်ရယ်ကာ၊ ဒီတစ်ကြိမ်တော့ ... မုန့်ချိုင့်တွေနှင့်မို့ မာလကာကိုင်းကို ခုန်မဆွဲတော့ဘဲ၊ ခြံစည်းရိုးမလွယ်ပေါက် တံခါးလေးမှ အေးဆေးစွာ ငုံ့ဝင်သွားတော့သည်။

ဝေက အဲဒါကိုပဲ ကြံဖန် သနားလိုက်ပါသေး၏။

# ၆

ဖေဖေက အန်တီသူဇာနှင့် လက်ထပ်တော့မည် ဆိုစဉ်က အကြီးအကျယ် ဆန္ဒပြ ကန့်ကွက်ခဲ့သူမှာ "နှင်း" တည်း။

ဤကမ္ဘာတွင်၊ ဖေဖေနှင့် နှင်းတို့သားအဖ နှစ်ယောက်တည်း ရှိပါသည်။ မေမေ့ကို ဓာတ်ပုံသာ မြင်ဖူးရလျက် လူသားစင်စစ် ပုံသဏ္ဌာန်ကို၊ နှင်း လုံးဝမမှတ်မိချေ။

"သမီးလေး ... သုံးနှစ်မပြည့်တပြည့်မှာပေါ့၊ နှစ်နှစ်ခွဲလောက် ရှိမယ်၊ အဲဒီတုန်းက ဆုံးရှာတာ"

နှစ်နှစ်ခွဲ၊ သုံးနှစ်နီးပါးဆိုသော ကလေး၏ ဦးနှောက်က မှတ်ဉာဏ်သိပ်မကောင်းသေးတာလား၊ နှင်းကိုကပဲ ထုံထိုင်းတာလား မသိ၊ မေမေ့ကို မမှတ်မိပါ။ မမှတ်မိသောကြောင့်လည်း၊ နှင်းမှာ မိခင်ရှိမနေသည့်အတွက် သိပ်ကြီး တမ်းတမ်းတတ မဟုတ်လှပါ။ နှင်း နေတတ်ခဲ့၏။ ဖေဖေနှင့်လည်း သိပ်ကြီး လက်ပွန်းတတီးမဟုတ်။ ပြောရလျှင် ... နှင်းက အိမ်မှထမင်းချက်၊



ဘာဥ်မောင်းတို့နှင့်တောင် ပို၍ လက်ပွန်းတတီး ရှိခဲ့သေးသည်။ အသည်ငယ်ကျင့်ကာ၊ အရွယ်ကလေး ရလာသော နှင်းကို "အိမ် ာမပျော်တတ်သော မိန်းမသား" မျိုးဖြစ်အောင် ပုံသွင်းဖန်တီးသွား လေခဲ့သလား မပြောတတ်တော့ပါ။ အိမ်လည်တတ်ချိန်မှစ၍ ကိုယ့်အိမ်ကိုယ်၊ စားချိန်နှင့် အိပ်ချိန်လောက်သာ ပြန်တတ်သော နှင်းသည်၊ တော်ရုံကာလသားတစ်ယောက်ထက်တောင်မှ ခလည် ကျူးတတ်နေပါသေးသည်။ ဒါကို ဖေဖေက ဆုံးမပညတ်ခြင်းမရှိ။

"မိတဆိုးကလေး"

ဒါဟာ ဖေဖေ့ လက်သုံးစကားဖြစ်၏။ နှင်းငယ်စဉ်က အလွန်အလိုလိုက်ခဲ့သော ဖေဖေ့လက်သုံးစကားသည်၊ နှင်း အရွယ်ကလေး ရလာသည့်အခါတွင် အခွင့်အရေး တောင်းခံသည့် နေရာမှာ သုံးရန်အတွက်၊ နှင်းရဲ့ လက်သုံးစကား ဖြစ်လာရ တော့သည်။

"ကိုယ့်သမီး၊ မိတဆိုးလေးကို ဖေဖေက အလိုမလိုက်ချင် ဘူးလား"

ဤဝါကျသည် နှင်း လက်စွဲ၊ ဖေဖေ့အပေါ် "နိုင်ဆေး" တည်း။

ဖေဖေက အန်တီ ဒေါ်သူဇာနှင့် လက်ထပ်တော့မည် ဆိုသောအခါ၊ အမှန်ကို ဝန်ခံရပါလျှင်၊ ဖေဖေ့ကို နှမြောလှသည် မရှိပါ။ သို့ပေမယ့် ... တစ်ပင်ထူမည့် ဖခင်ကို ကန့်ကွက်ဆန္ဒ ပြရန် တာဝန်ရှိသည်ထင်၍ နှင်းက တူးခါးခြစ်နေအောင် ဆိုးပြ၊ ဆန္ဒပြ၊ အော်ဟစ်သောင်းကျန်းခြင်း နည်းမျိုးစုံနှင့် ကန့်ကွက်ခဲ့ သည်။

"သမီးကို ဒီအသက် ဒီအရွယ်ထိ၊ ဖေဖေ အလိုလိုက်ခဲ့ပြီးပြီ၊ သမီး လုပ်ချင်တာ အားလုံး လုပ်ခွင့်ရခဲ့ပြီးပြီ၊ ဒီတစ်ကြိမ်၊ ဖေဖေ လုပ်ချင်တာကို လုပ်ဖြစ်အောင်လုပ်မယ်၊ သမီးမှာ လုံးဝတားဆီးခွင့် မရှိဘူး"

ဖေဖေက မျက်နှာထားနှင့် ပြောပေမယ့် ဝမ်းနည်းလှသည်မဟုတ်၊ စိတ်တော့ ဆိုး၏။ ဖေဖေက ကိုယ့်အဖေမို့ ဒီထက်ပို၍ ဆိုးလို့မဖြစ်တော့သည့်အခါ ဖေဖေ လက်ထပ်မည့် အမျိုးသမီးအပေါ်မှာပဲ ဒေါသအာဃာတတွေကို ပြောင်းရွှေ့သွန်ချပစ်လိုက်တော့သည်။

"တွေ့မယ် သိလား၊ ကျုပ်နဲ့တွေ့မယ်"

သူငယ်ချင်းတွေကြားမှာ လက်မထောင်ပြခဲ့သည်။

"ကျုပ် ... ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်၊ ပုံပြင်တွေထဲမှာလည်း ကြားဖူးတယ်၊ မိထွေးက နှိပ်စက်လို့ လင်ပါသမီးက ဒုက္ခရောက်တာတွေလေ။ ကျုပ်လက်ထက်ကျတော့ ပြောင်းပြန်ဖြစ်စေရမယ်၊ လင်ပါသမီး လက်ချက်နဲ့ မိထွေးအသက်ထွက်ခြင်းဆိုတဲ့ သတင်းကို စောင့်နားစွင့်"

"ဟဲ့ ... သူသေတော့ ရှင် ထောင်ကျမှာပေါ့"

"ဘယ်သူက အသေသတ်မှာလဲ။ သဘောကိုပြောတာ၊ အသက်မသေဘဲ ဘဝသေသွားစေရမယ်"

"ကြည့်လည်းလုပ်ပါဟယ်"

"ကြည့်လုပ်မှာပေါ့။ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီးမှ၊ ကိုယ် ပြောစရာရှိတာပြော၊ လုပ်စရာရှိတာ လုပ်မှာ"

"သည်းခံကြည်ဖြူလိုက် ... ပြီးရော"



"နှင်း ... သိန် ... ဂီ ... ဝင်း ... တဲ့။ နာမည်လေးလုံးနဲ့ မိန်းမ။ ဘယ်တော့မှ သမရိုးကျလမ်းကို မလျှောက်ဘူး။ ကြည့်ထား"

တချို့ သူငယ်ချင်းတွေက ဖျောင်းဖျ၍ တချို့က မြှောက်ပေးကြသည်။ မြှောက်ပေးသူတွေကို နှင်းက မုန့်ဝယ်ကျွေးပစ်လိုက်၏။ နှင်းသည် ပိုက်ဆံသုံးနိုင်သူ၊ မုန့်ဖိုးပေးသူမို့ သူငယ်ချင်းပေါ၏။ နှင်းကို လူချစ်လူခင် များတာတော့ အမှန်ပါ။ နှင်းက ဖော်ရွေချင်သည့်အခါ၊ သဘောကောင်းချင်သည့် အခါတွေမှာ လူတကာထက်သာ၏။ မည်သူနှင့်မဆို၊ တရင်းတနှီး လက်ပွန်းတတီး နေတတ်သည်။ အဲသည်လိုနှင့် ရင်းနှီးသွားရသူတွေ အများကြီး။ နှင်းက အပေါင်းအသင်းမင်သည်။ ယောက်ျားရယ် မိန်းမရယ် သိပ်ခွဲခြားမနေ၊ နှင်း စိတ်ထဲမှာ ယောက်ျားလည်းလူ၊ မိန်းမလည်းလူ၊ ကိုယ့်သူငယ်ချင်းတွေချည်း။

ယောက်ျားလေးသူငယ်ချင်းမို့ ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုပြောဆိုဆက်ဆံ၊ မိန်းကလေးသူငယ်ချင်းမို့ ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုပြောဆိုဆက်ဆံဆိုတာ၊ နှင်းမှာမရှိ။ အားလုံး တစ်ပြေးညီ။ အဲသည်အခါမှာ ... နှင်းပုံစံသည် လူကြီးမိဘ မျက်စိနောက်ဖွယ်၊ ဣန္ဒြေနည်းသည့် မိန်းကလေးပုံစံ ဖြစ်တော့သည်။

"သမီးက နည်းနည်းတော့ ဆိုးတယ် သူဇာရေ့ ... နည်းနည်းပါးပါးတော့ သည်းခံပေးပါ၊ ကိုယ် မေတ္တာရပ်တာပါ"

သူဇာကလည်း သူဇာ့ အကြောင်းနှင့် သူဇာ။

ဆွေမျိုးထဲမှာ သူဇာတို့ တစ်မိသားစုတည်းလို ကွက်၍ အတော်ကလေး ဆင်းရဲသည်။ ဆင်းရဲရသည့် အကြောင်းရင်းကလည်း ရှင်းပါသည်။ ဖခင်လက်ကြောမတင်းခြင်းနှင့် အရက်ကို စွဲမြဲစွာ အလွန်အကျွံသောက်ခြင်းတည်း။ သူဇာ့မိခင်သည် ဆွေမျိုးအိမ်တကာတက်၍ ချေးငှားရသည်။ တောင်းရမ်းရသည်။ မျက်နှာငယ်စွာ လူဖြစ်လာရသော သူဇာ၏ ပုံစံကျတော့ တစ်မျိုး။ တချို့ဆို ... မျက်နှာငယ်စွာ လူဖြစ်လာရသည့်အတွက် မာန်တွေဝင်ကာ လောကကို စိမ်ခေါ်ချင်သည့် ပုံစံသို့ ဝင်သွားခဲ့သည်။

သူဇာ့ကျတော့ ဘာပုံစံမျှ မဝင်ဟု ပြောရမည်လား မသိ။ ပေးလျှင် ယူသည်၊ ကျွေးလျှင် စားသည်၊ ခိုင်းလျှင် လုပ်သည်။

"သမီး ... ဒီမမကို သည်းခံ"

မေမေက အဲဒီလို ပြောလိုက်လျှင် အဆုံးမဲ့ဝပ်ကျိုးတော့၏။



"ဒီမိန်းမနဲ့ မေမေနဲ့ မတည့်ပါဘူး၊ သူ့သမီးကိုမပေါင်းနဲ့"

မေမေ အဲဒီလို မှာထားလျှင် "သူ့သမီး"ဆိုသော ငယ်တူကလေးကို သူဇာက တွေ့သည့်နေရာမှာ တံတွေးကို ပစ်နဲ့(အောက်တန်းကျစွာ) ထွေးချလိုက်ဖို့ ပြင်ဆင်ပြီးသား ဖြစ်နေသည်။ ဒါဟာ ... မေမေ့ကို ချစ်လွန်းလို့ မေမေ့ စကားကို မြေယ်မကျ နားထောင်ချင်လွန်းလို့လည်း မဟုတ်ချေ။ သူ ဆန့်ကျင်ဘိစိတ် ဖြစ်ထွန်းတာတွေကျတော့ ဆန့်ကျင်တတ်သားပင်။ သူဇာသည် ရေနှင့်တူ၍ အသွင်သဏ္ဌာန် ပြောင်းလဲသည်။ အရောင်ပြောင်းလဲသည်။ သူဇာ့မှာ ကိုယ်ပိုင်မာန်၊ အတ္တ ဆိုတာကောင်း ရှိမည် ဖြစ်သော်ငြား၊ သူဇာသည် နွယ်ကလေးတစ်င်လို နီးရာစင်မြင့်သို့ တွယ်မှီတတ်သည်။ ရုပ်သေးတစ်ရုပ်နှယ် ကြိုးဆွဲရာသို့ ယိမ်းနွဲ့တတ်သည်။ ဒီလိုမျိုး သူဇာကို၊ ခင်ပွန်းသည်က ပြောနေသည်။

"လင်ပါသမီးကို သည်းခံပါ" ... တဲ့။

သူဇာလို မိန်းမသားက သည်းခံရုံမှတစ်ပါး အခြားမရှိပြီလေ။

"နှင့်မိတွေးကလည်း သဘောကောင်းလိုက်တာ"

"အေးကွာ ... ငါ ဘာလုပ်လုပ် ဘာမှ မပြောတာ အံ့ရော"

"မုန့်ဖိုးတွေ ဘာတွေရော သေသေချာချာ ပေးရဲ့လား"

"ပေးတယ် ... ခုမှ ပိုတောင်ကောင်းသေး၊ သူပေးတဲ့ မုန့်ဖိုးလည်း ယူလိုက်၊ ဖေဖေ့ဆီကလည်း တောင်းလိုက်၊ ဖေဖေ မိန်းမယူတာတောင် နောက်ကျနေသေးတယ်၊ ဒို့ထက် စောစောယူရင် ဒို့ထက်စောပြီး အိမ်ကျရမှာ"

"တည့်တယ်ပေါ့"

"တည့်တယ် ... သတ်စရာ မလိုတော့ဘူး"

"ဒါဖြင့် ... နှင်က အမေရင်းလို ချစ်သွားပြီလား"

"မချစ်ပေါင်"

"ဟင် ... မုန်းတုန်းပဲလား"

"မမုန်းပါဘူး။ မုန်းစရာမှ မကောင်းတာ"

"နှင့်ဟာကလည်း"

"ဟဲ့ ... ဖွတ်ချီးမရဲ့။ မှတ်ထား။ မချစ်တိုင်း မုန်းရမှာလား၊ မမုန်းတိုင်းရော ချစ်စရာလား။ လောကမှာ အချစ်နဲ့ အမုန်း နှစ်ခုတည်းရှိတာမှ မဟုတ်တာ"

သူတို့နားမှာ ဖျော်ရည်သည် ယောကျ်ားကြီးတစ်ဦး ဖြတ်လျှောက်သွား၏။ နှုတ်မှလည်း သူ့ရောင်းကုန်ကို အော်ဟစ်သွားသည်။



"မကျည်း ... ဖျော်ရည် ချိုချိုအေးအေးလေး"

နှင်းက မေးကလေး ငေါ့လိုက်၏။

"သောက်မလား"

"ဟော့အေး"

"ဘာဖြစ်လို့လဲ၊ ဒီလူကြီးကို မုန်းလို့လား"

"ဟာ ... မသောက်ချင်လို့ မသောက်ဘူး ပြောတာ၊ ဘာလို့ မုန်းရမှာလဲ၊ ဒီလူကြီးနဲ့ ငါနဲ့ ရန်မှ မဖြစ်ဘူးတာ"

"ဒါဆို ... နှင် ချစ်တယ်ပေါ့"

"ဟာ ... မချစ်ပါဘူး၊ ချစ်စရာလား"

"မှတ်ထား ... အချစ်နဲ့ အမုန်း နှစ်ခုတည်းရှိတာ မဟုတ်ဘူး။ နှင် မသောက်ချင်သေးတော့ အဲဒီ ဈေးသည်ကို မခေါ်ဘူး၊ နှင် သောက်ချင်စိတ်ဖြစ်ရင် ခေါ်သောက်မှာပဲ။ ငါလည်း အန်တီသူဇာ့ အပေါ်မှာ အဲဒီအတိုင်းပဲ။ ချစ်တယ်လည်းမဟုတ်၊ မုန်းတယ်လည်းမဟုတ်၊ ငါ့ကို အနှောင့်အယှက် တစ်ခုခု လာမပေးသရွေ့ ပုံမှန်ပဲ။ လာနှောင့်ယှက်ရင်တော့လည်း တစ်မျိုးပေါ့။ ငါက သူ့ဆီက အကူအညီ လိုချင်တဲ့အခါကျတော့လည်း နောက်ထပ်တစ်မျိုးပေါ့။ သဘောပေါက်"

"မပေါက်ပါဘူး"

"ညံ့တာကိုး"

"နှင် နည်းနည်းလေးမှ ခင်မင်စိတ်တောင် မဖြစ်သေးဘူးလား"

"ဟင့်အင်း"

"ထူးဆန်းလိုက်တာ။ ငါ့အမြင်မှာတော့ အန်တီရေ နှင်းရေ နဲ့ ပလူးပလဲ ဖြစ်နေလိုက်ကြတာ"

"ခင်တာ မခင်တာ တစ်ကဏ္ဍ၊ ပလူးပလဲ တရင်းတနှီးနေ တတ်တတ်တာက ငါ့အကျင့်"

"မှတ်သားစရာပါပဲ"

အန်တီသူဇာ့ အပေါ်မှာ ခင်လှချည်ရဲ့ မဟုတ်မပေ မယ့် ဖေဖေ မိန်းမအယူ နောက်ကျလေခြင်းဟု ခံစားမိတာတော့ အမှန်ပါ။

သူဇာကလည်း နှင်းသိဂ်ဝင်း အပေါ်မှာ ချစ်လှချည် ရဲ့ မဟုတ်ပါ။ မုန်းလည်းမမုန်းပါ။ နှင်း ဘာလုပ်နေလို့မှလဲ ဘာမှမပြောပါ။ နှင်း ... မိန်းကလေးမပီသ၊ အိမ်ထောင်မှုကိစ္စ ဘာမှမသိ၊ ထမင်းအိုးတစ်လုံးဖြစ်အောင် မချက်တတ်၊ ကိုယ့်အင်္ကျီလေး ချုပ်ရိုးပြေတာတောင် ပြန်မချုပ်တတ်၍ လွှင့်ပစ်၊ မပစ်ချင် သေးအောင် မက်မောဆဲဆိုလျှင် ချိတ်နှင့်ထိုး၊ မနက် ... အဖေ အလုပ်သွားတာနှင့်၊ နှင်းက တစ်လမ်းထွက်၊ တစ်ခါတလေ အဖေကသာ ပြန်ရောက်လာသည်၊ နှင်းက မရောက်ချင်သေး မနက်စာဆိုတာ၊ နှင်း ဘယ်တော့မှ စားလေ့မရှိသော အိမ်ထမင်း ဟင်းဖြစ်၏။ ညစာတစ်နပ်ပဲ အိမ်မှာစားသည်။ နှင်းက ဟင်းရွေး များလေ့မရှိ။ ဟင်းရယ်လို့ရှိလျှင် တော်ပြီ ။

ဒီမိထွေးနှင့် ဒီမယားပါသမီးလောက် ပြဿနာကင်း ရှင်းသော၊ နောက်ထပ်နှစ်ယောက်တွေ့ဖို့ မလွယ်ပါ။

"သူဇာ ... ညည်း လင်ပါသမီးက အိမ်မကပ် ရာမကပ် ပါလားအေ"



ဒေါ်လှဲသူဇာ၏ သူငယ်ချင်းတချို့ကမူ မနေနိုင်စွာ ဝေဖန်မိသေး၏။

"သူက အိမ်လည်ရတာ ဝါသနာပါတယ်၊ ခရီးကြိုက်တယ်"

ဖြေပုံကိုသာ ကြည့်တော့။

"ခရီးကြိုက်တယ်ရယ်လို့ပဲအေ။ အိမ်လည်ရတယ် ဆိုတာ ဝါသနာပါစရာလည်း မဟုတ်ဘူး၊ အချိန်နဲ့လည်း မပြန် ဘူး၊ ညည်းက အဲဒါကို ဘာဖြစ်လို့ ကြည့်နေရတာလဲ"

"ကြည့်မနေလို့ ဘယ်လိုလုပ် နေရမှာတုန်း။ လူတစ်ကိုယ် အကြိုက်တစ်မျိုးပဲဟာ"

"စိတ်ပူစရာကြီးအေ၊ ဒါတော့ ညည်း သိဖို့ကောင်းပါတယ်"

"မပူမိပေါင်၊ ဒါဟာ ... နှင်းကို မုန်းနေလို့လည်း မဟုတ် ဘူး၊ စိတ်ကိုမပူတာ၊ မပူတော့ ... ဘာမှလဲ ပြောစရာမရှိ တော့ဘူး"

"သူများတွေက၊ လင်ပါသမီးမို့ မဆုံးမ,ဘူး ပြောမှာပေါ့"

"မဟုတ်ဘူး၊ နှင်းကို ဆိုးစေချင်တဲ့စိတ်လည်း မရှိပါဘူး"

နှင်းက အဖေ အိမ်ထောင်ပြုပေမယ့် မျှော်လင့်ထား သလို ဘာပြဿနာမှ ဖြစ်မလာသောကြောင့် ကိုယ့်ဘဝကိုယ် ကျေနပ်သည်။

ဒေါ်လှသူဇာ ကလည်း သူ့ဘဝသူ ကျေနပ်နေ တော့၏။

အမေက ဆွေမျိုးတွေအိမ်သို့ လှည့်လည်ချေးငှားဖို့ သွားတိုင်း သူဇာ ပါခဲ့သည်။

"ညည်းတို့က သားသမီးနာမည် အပေးကောင်းပါပေရဲ့။ လှသူဇာ … တဲ့။ ရုပ်ကလေးနဲ့ နာမည်နဲ့လည်း လိုက်ပါပေတယ်"

"သူဇာ"ဟု လူတကာက ချစ်ခေါ်ရသော ကလေးလေးဟာ နာမည်ရင်း "လှသူဇာ"ပါ။ ရုပ်ကလေး ချောသည်။ အဲသည်တုန်းက တင့်တင့်ရီ ကလေးက၊ လေးငါးနှစ်၊ သူဇာလေးက သုံးလေးနှစ်၊ ညီအစ်မဆိုပေမယ့် သွေးက ခပ်ဝေးဝေး၊ နှစ်နှစ်လောက် အသက်ကွာသည်။ တင့်တင့်ရီ၏ မိခင်က သူဇာအမေကို (သူ့ယောက်ျား ကြည့်မရ၍) ခပ်ချဉ်ချဉ်ပေမယ့် သူဇာကလေးကိုတော့ သံယောဇဉ်ရှိသည်။

"ဟဲ့ … သူဇာ့ကို ငါ့ပေး"

"ယူ … အစ်မရယ်"

အတောင်းလွယ် အပေးလွယ်နှင့်၊ သူဇာ … တင့်တင့်ရီတို့အိမ် ရောက်တော့သည်။

"ညည်းသမီးလေးရုပ်က ချောချောလေးမို့ ကောင်းစားပါစေတော့လို့ ခေါ်ပြီးစောင့်ရှောက်တာ၊ ညည်းတို့နှိုက်စရာတွင်းကြီးတစ်တွင်း၊ ပေါက်တယ်မမှတ်နဲ့"



"သမီးကိုလွှမ်းလို့" … အကြောင်းပြကာ၊ သူ၏အမေက တင့်တင့်ရီအမေအိမ်သို့ တစ်လတည်း သုံးခေါက်ရောက်သည်။ ရောက်တိုင်းလည်း ညည်းညူ၊ တောင်းရမ်း၊ သူ့မှာ ဒုက္ခတွေ များမှများ။ အဲသည်ဒုက္ခတွေကလည်း တစ်ခုနှင့် တစ်ခု မထပ်စေရအောင် အမျိုးအမည် ကွဲပြားသေးသည်။ ကြာကြာနေတော့ ပေးရသည့်သူ ငြီးငြင်လာရတော့သည်။

"ညည်းမလဲ … ငယ်နာမည် ပျောက်ပြီး၊ မယ်ဒုက္ခလို့သာ မှည့်ပါတော့"

"ဟုတ်ပါတယ် အစ်မရယ် … ဒုက္ခတွေက များလှပါတယ်"

"ညည်းဒုက္ခတွေက တစ်ခေါက်နဲ့ တစ်ခေါက်၊ မထပ်စေရဘူးနော်၊ ဆင်တူကြောင်းကွဲတွေ၊ မျိုးမတူအောင် ညည်းပဲ ဖြစ်တတ်နိုင်လွန်းတယ်"

တင့်တင့်ရီက လှသူဇာကလေးကိုချစ်သည်။ ညီအစ်မသဘောလည်းဖြစ်၊ ကိုယ့်လက်အောက်ငယ်သား သဘောလည်းသက်ဝင်၊ ပြောစ ဆိုစနှင့် ကိုယ့်အကြိုက်လည်း ဆောင်ရွက်သည်နဲ့ လက်မလွှတ်ချင်ပါ။ နိုင်းချင်တာနိုင်းလို့ ကောင်းတာလည်းတစ်ကြောင်းပါဝင်၏။

"ဆင်းရဲသား တစ်အိမ်ထောင်ကို လူချမ်းသာဆယ်အိမ်ထောင် ဝိုင်းဖို့လို့မှ မပြောင်ရောင် ဆိုတာလိုပဲအေ။ ညည်းတို့ရဲ့ ဒုက္ခတွင်းကလည်း ဖို့လို့ပဲ မပြည့်နိုင်ဘူး"

"သားသမီး များလို့ပါ မမရယ်"

"များတဲ့ သားသမီးတွေကလည်း ဟိုအိမ်တစ်ယောက် ဒီအိမ်တစ်ယောက် ဆိုသလိုပါပဲအေ၊ ညည်းတို့ လက်ထဲမှာ

ဘယ်နှယောက် ရှိလို့လဲ၊ အဖေလုပ်တဲ့သူက၊ အလုပ်တော့ လက်ကြောတင်းအောင် မလုပ်ချင်ဘူး၊ အရက်ကျတော့ သောက်တယ်။ မွေးလာတဲ့ ကလေးတွေကို အိမ်တကာမို့။ ညည်းတို့လုပ်ပုံ မဟုတ်သေးဘူး"

သုံးလေးနှစ်သမီးက တင့်တင့်ရီတို့ အိမ်သို့ ရောက်လာသည့် လှသူဇာသည် ကိုးနှစ်တိတိ ကြာသွားခဲ့သည်။ လှသူဇာ ဆယ်နှစ်အရွယ်မှာ ဖခင်ဆုံးသည်။ လှသူဇာ ဆယ့်နှစ် ဆယ့်သုံး အရွယ်ကလေးမှာ အမေက နောက်အိမ်ထောင်ပြုသည်။ မုဆိုးမ ဖြစ်တာ သိလိုက်ပေမယ့် နောက်အိမ်ထောင်ပြုတာကို မသိပါ။ မနိုင်လုံလှသော အကြောင်းပြချက်နှင့် သမီး လှသူဇာကို ဖွတ် လာခေါ်သွားခြင်းဖြင့် လှသူဇာ ... တင့်တင့်ရီတို့ အိမ်မှ ပြန်ရ သည်။

"ညည်းပြောတဲ့ ဆင်ခြေက မဟုတ်သေးပါဘူး။ သမီးကို သူများအိမ်မှာ ထားရတာကြာလို့ လွမ်းလို့ မခွဲနိုင်တော့ ပါဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ ခွဲလာခဲ့တာပဲ ကြာပြီ။ နိုင်းလောက်စေလောက်ဖြစ်လို့ သူများအိမ်ကို လခနဲ့ငှား မလို့လား"

"မဟုတ်ရပါဘူး အစ်မရယ်"

"ညည်းသမီး ... ခြောက်တန်းရောက်နေပြီနော်။ စာတော် တယ်။ ကျောင်းဆက်ထားမှာလား ညည်းက ..."

"ထားမှာပါ"

"ထားဖို့ ပိုက်ဆံရှိလား"

"ဖြစ်သွားမှာပေါ့ အစ်မရယ်"



ဘယ်လိုမေးလဲ၊ အဖြေက ဝေ့လည်ကြောင်ပတ်မို့ ...ခတနာ ထားရသူ စိတ်တိုကာ ပြန်ထည့်လိုက်တော့သည်။ ...လှသူဇာက အေးအေးဆေးဆေးပင် သူ့ပစ္စည်းလေးတွေ သူသိမ်း ...၏။ တင့်တင့်ရီက ချုံးပွဲချ ငိုသည်။

"လိုက်မသွားပါနဲ့ သူဇာရယ်"

ငို၍ ငို၍ တားပေမယ့် သူဇာက လိုက်သွားတော့ ...၏။ ကိုးနှစ် တူတူနေခဲ့ရသော မမတင့်နှင့် ခွဲရသည့်အတွက်လည်း ...က်ရည်ကျဖို့ သတိမရပါ။

"မမေက ပြန်လိုက်ခဲ့ရမယ်တဲ့"

ဝါကျ တစ်ကြောင်းနှင့်၊ သံယောဇဉ်ကြိုးကို ဖြတ် ...င်ရက်သူပင်။ အဲသည်ကတည်းက ဝေးကွာကြသည့် ညီအစ်မသုံး ...မ်းကွဲ။

"အန်တီသူဇာ"

"အင်း ... ဘာလဲ နှင်း"

"ရန်ကုန်မှာ အန်တီ့ဆွေမျိုးသားချင်းများ တစ်ယောက် ယောက် မရှိဘူးလား"

"ရှိတော့ ရှိတယ်၊ ပြတ်နေတာ ကြာပြီ"

"ချမ်းသာလား"

"ချုပ်းသာတယ်"

"အဆက်အသွယ် မရှိဘူးလား"

"မရှိဘူး ... ဒါပေမယ့်၊ ဘယ်နေမှန်းတော့ သိပါတယ်၊ သူတို့ မင်္ဂလာဆောင်တာ နှစ်ဆယ့်ငါးနှစ်ပြည့်လို့ ဆိုပြီး သတင်းစာထဲမှာ ဆုတောင်းပါလာတာ ဖတ်မိတယ်။ လိပ်စာပါတယ်"

"နှင်းနဲ့ ရွယ်တူသားသမီး ရှိလား"

"တစ်ယောက်တည်း။ သားယောက်ျား၊ ရွယ်တူရင်တူ မတူရင် ဟိုက နည်းနည်းကြီးမှာပေါ့"

"အဲဒီသားယောက်ျားက ဘာလုပ်လဲ"

"ကျောင်းတက်တုန်း၊ ဘွဲ့မရသေးဘူး၊ ရကာနီးပြီထင် တယ်၊ ဘယ်နှနှစ် ဆိုလား"

"နာမည်က ဘယ်သူတဲ့လဲ"

"မှတ်ထားတယ်၊ နေဒွန်းဇတဲ့ မမ တင့်တင့်ရီရဲ့ ယောကျ်ား က ဦးမြဒွန်းတဲ့"

"တော်တော်ချမ်းသာလား"

"အစ်မတင့်တင့်ရီ မိဘတွေ လက်ထက်တုန်းကတော့ အရမ်းချမ်းသာတယ်၊ မောင်နှမ နှစ်ယောက်တည်းရှိတာ အစ်ကိုက ကိုတင်အောင်ရီ၊ အစ်မတင့်တင့်ရီနဲ့ အသက်ရှင် ကွာတယ်။ အန်တီသူတို့အိမ်မှာ နေကတည်းက အစ်ကို နိုင်ငံခြားကို ထွက်သွားတာ။ ဟိုမှာပဲ အိမ်ထောင်ကျတယ် လို့ ပြောသံကြားတယ်။ ကျန်တဲ့စည်းစိမ်ကို အစ်မတင့်တင့် တစ်ယောက်တည်း ရရင်တော့ ချမ်းသာပြီးသားပဲ"



"အဲဒီအိမ်ကို နှင်း သွားနေလို့ ရမလား"

"သိပ်တော့ ဘယ်ရမလဲ။ နှင်းက အန်တီ့ဆွေမျိုးလည်း မဟုတ်ဘူး။ ပြီးတော့ ကွဲနေတာလည်း ကြာပြီ။ အန်တီက မေမေ ခေါ်လာလို့ ရှမ်းပြည်တစ်ခွင် နဲ့နေရပြီး၊ ဒီတောင် ကြီးမှာ လာအခြေချတာလည်း သူတို့မသိဘူး၊ အန်တီအိမ် ထောင်ကျတာလည်း သူတို့မသိဘူး၊ ကလေးရတာလည်း မသိဘူး"

ဒေါ်လှသူဇာက နှင်း၏ဖခင်၊ မှဆိုးဖိုနှင့် အိမ်ထောင် ...ဥ်မှာ သူမကလည်း အပျိုမဟုတ်ပါ။ တစ်ခုလပ်ဖြစ်၏။ ...း ကလေးတစ်ယောက် ရှိသည်။ ဒေါ်လှသူဇာ နောက်အိမ်ထောင် ...တော့ သမီးကလေး မြင့်မြင့်အေးက ဆယ်နှစ်သမီးတောင် ...ပြီ။

"မွေးထားတာက သမီးမိန်းကလေး၊ ပတွေးနဲ့ ဖြစ်မလား"

မြင့်မြင့်အေး၏ ဖခင်ဘက်မှ အဘိုးအဘွားများက ...ည့်မပေးဘဲ ခေါ်ထားလိုက်သည်။ ကလေးကလည်း မလိုက်။ ...လို့မရ။ မကြာသေးခင်ကမှ အဘွားဆုံးသည်မို့ အဘိုးကလည်း ...သမီး အိမ်ထောင်စု တစ်ခုနှင့် သွားပေါင်းနေရတော့မှာမို့ ...

"သူဇာ ... ညည်းသမီး ညည်းလာခေါ်တော့" ...

အဲဒီလို ဆိုတော့လည်း သူဇာက သွားခေါ်လိုက် ...ပဲ ဖြစ်၏။ မြင့်မြင့်အေးသည် ဖခင်ဘက်မှ အဘိုးအဘွားများ ...ည်းကမ်းနှင့် ကြီးပြင်းခဲ့ရသူမို့ မိန်းမပီသ၏။ အပိုးကျိုး၏။ ...သားတို့ တပ်အပ်သော ပညာမှန်သမျှ တတ်၏။ ယဉ်ကျေး

သိမ်မွေ့၍ ဣန္ဒြေသိက္ခာကလေးနှင့် ဖြစ်နေ၏။ ဖြစ်နိုင်လျှင် မြင့်မြင့်အေးက အမေနှင့် မနေချင်ပါ။ ပထွေးရှိသည်၊ လင်ပါ အစ်မ (ခပ်ဆိုးဆိုး) တစ်ယောက် ရှိသည်။ သို့ပေမယ့် ... မေ ဘက်မှ ညီအစ်ကိုမောင်နှမတွေနှင့်လည်း နေလို့မဖြစ်ပါ။ သူတို့က မေမေ့ကို မုန်း၏။ ချဉ်၏။ မေမေ မိန်းမ မပီသခြင်း၊ အပိုးမကျ ခြင်း၊ ထုံသလို ဖျင်းသလိုနှင့်၊ သူ့အတွက်ကျတော့ သူသိတ ပြုး တစ်ဖက်သားအတွက်ဆို ဘာမျှ သိမပေးပဲ နံနေခြင်းတို့ကြော ဖေဖေနှင့် ကွဲရသည်ဟု ဆို၏။ ဆွေမျိုးတွေစကား မှန်ကန်ကြော မြင့်မြင့်အေး သိသည်။ ဖေဖေနှင့် သွားနေဖို့ကျတော့လည် မဖြစ်နိုင်ပြန်ပါ။ ဖေဖေလည်း နောက်အိမ်ထောင်ပြုသွားပြီး ကုန်ဆင်းသွားကြသည်တဲ့။ ဖေဖေက နောက်အိမ်ထောင်နှင့် သား သမီးသုံးယောက်တောင် ထပ်ရနေပြီတဲ့။

ဘွားဘွား ဆုံးတော့ ဖေဖေ ရောက်လာခဲ့ပေမ မိထွေးနှင့် မောင်ညီမလေးများ ပါမလာခဲ့ပါ။

"ကလေးတွေက ငယ်သေးတယ်၊ အကြီးဆုံးကောင်ကလည် ကျောင်းမပိတ်ဘူး၊ ရန်ကုန်နဲ့ ရှမ်းပြည် ဆိုတာလည် နည်းတဲ့ခရီး မဟုတ်ဘူး၊ စရိတ်စခလည်း ရှိသေးတယ် ခေါ်မလာခဲ့တာဘူး" ... တဲ့။

"ကျွန်တော်တောင် အလုပ်က ခွင့်နည်းနည်းပဲရတာ၊ ရ လည်တာနဲ့ ပြန်ရမှာ" ... တဲ့။

ဘွားဘွား အသုဘချမည့်နေ့ မနက်စောစော ရောက်လာခဲ့သော ဖေဖေက အသုဘတော့ မီ၏။ ဘိုးဘိုးထံ ငါးရက်နေပြီး ရန်ကုန်ပြန်၏။



"သမီး ... လိမ်လိမ်မာမာနေ၊ ဒီမှာလည်း အခြေ ကျနေပြီ မှလား၊ ဟိုမှာဆို ... သမီးက လူသစ်လည်း ပေါင်းရဦးမယ်၊ ဖေဖေ့လခကလည်း သိပ်များတာ မဟုတ်တော့ မိသားစု ငါးယောက်တောင် အနိုင်နိုင် ကျွေးထောင် တချို့လတွေ တင်သေးတာ" ... တဲ့။

ဘွားဘွား ရှာပနကိစ္စအတွက် ... လမ်းစရိတ် တွေ ...န်လာလို့ ... ဟူသော အကြောင်းပြချက်နှင့် ဖေဖေက၊ ဆွမ်း ...ပ်မည့်အထဲ ငွေတစ်ထောင် ထည့်သွားသည်မှလွဲ၍ မြင့်မြင့်အေး ...ပင် မုန့်ဖိုးပေးမသွားနိုင်ခဲ့ပါ။ စင်စစ် ... မြင့်မြင့်အေးသည် ...ဖေ့ညီအစ်ကို မောင်နှမများ (ဘကြီးတွေ ကြီးဒေါ်တွေ)နှင့် ...ဖို့ အဆင်ပြေပါသည်။ မေမေ့စကား အများတစ်ခွန်းကို (အစ ...ဘည်းကမှ လှသူဇာကို ချဉ်နေသည့် ဖေဖေ့ ဆွေမျိုးတွေက) ...တ်ဆတ်ခါ နာသွားကြကာ ...

"လှသူဇာ ... ညည်းသမီးကို လာခေါ်" ... ဟု ...ပြောလိုက်ခြင်းပါ။

"သမီးက လိမ္မာတယ်လေ၊ ချက်တတ် ပြုတ်တတ်၊ အိမ် ထောင်မှုလည်း နိုင်တယ်၊ အဘိုးအဘွားကို သူပဲ ပြုစုနေ ရတာ၊ ဘယ်သူရှိတာလိုက်လို့၊ အခု အဘွားဆုံးတော့လည်း ဒီလောက်အသုံးဝင်တဲ့ သမီးမိန်းကလေးကို ဘကြီးတွေ ကြီးဒေါ်တွေ ဝိုင်းလုကြမှာ မြင်ယောင်သေး ...

"သမီးက နိုင်းလို့ကောင်းတယ်လေ။ လုပ်တတ်ကိုင် တတ်လည်း ရှိတယ်။ ဘိုးအေ သွားနေတဲ့အိမ်ကို ပါသွား ဖို့ များပါတယ်" ...

ဟု လှသူဇာက သူ့အသိုင်းအဝိုင်းမှာ ပြောလိုက်သော စကားက ဟိုဘက်နားသို့ ပေါက်သွားခဲ့ပါ၏။

"ညည်းနဲ့နေရင် ကလေး ... လူမဖြစ်မှာစိုးလို့ ခေါ်ထားလိုက်ရတာ၊ ညည်းနဲ့သာဆို၊ ကလေး ဒီလိုမလိမ္မာဘူး ခုတော့ ... လိမ်လိမ်မာမာနဲ့၊ ညည်းပြောသလို ခိုင်းလော... စေလောက် လုပ်တတ်ကိုင်တတ် ဖြစ်နေပါပြီ။ ညည်းဘာသ... ပဲ ခေါ်ခိုင်းပါတော့" ... တဲ့။

မြင့်မြင့်အေး ရောက်လာခြင်းအတွက်၊ နင်း... ထူးခြားမှု ဘာမျှမရှိခဲ့ပါ။ ဖေဖေ ... ဒေါ်လှသူဇာနှင့် လက်ထ... စဉ်ကလို၊ မချစ် မမုန်း။ ကိုယ့်မှာ ပိုက်ဆံပေါချိန်နှင့် သူ့အ... သဒ္ဓါပေါက်ချိန်နှင့် ဆုံသွားလျှင် တစ်ခုခုဝယ်ခြမ်းပေးလိုက်သည်... ကြည့်မရသည့် အခါတွေကျတော့လည်း မျက်နှာလွှဲနေလိုက်သည်... ခိုင်းစရာရှိလည်း ခိုင်းပစ်လိုက်တာပင်။ မြင့်မြင့်အေးသည် နင်... ထက် သုံးနှစ်လောက်တော့ ငယ်၏။

"အေး ... နင့်နာမည်ကို အေးသီဂီဝင်းလို့ ပြောင်းပါလား မြင့်မြင့်အေး ဆိုတာ ရိုးကရိုးနဲ့"

"ဒီတိုင်းထားလည်း ရတာပဲ"

"ပြောင်းလဲ ... ရတာပဲဟာ"

နာမည်ပြောင်းခြင်း မပြောင်းခြင်း ကိစ္စမှာ၊ မြင့်မြ... အေး အတွက် ထူးခြားခံစားမှု မရှိချေ။ ဒေါ်လှသူဇာက သဘော... ကျ၏။

"ကောင်းတာပေါ့၊ နာမည်တွေ ကြားလိုက်ရုံနဲ့ ညီအစ်မ... မှန်း လူသိတယ်။ ဒီမှာ ... သမီးရဲ့။ ဦးခင်မောင်ဝင်းသ...



ညည်းရဲ့ပထွေးဆိုတာကိုလည်း သတိတရ ဖြစ်မနေတော့ဘူး၊ ဖအေရင်း သမီးရင်းသဘော ဖြစ်သွားတယ်၊ နာမည်လည်းလှတယ်၊ ကောင်းတယ်၊ နင်းက အစဉ်းစားတတ်ကြီး"

အိမ်မှာ လူလေးယောက်ရှိ၏။ ထောက်ခံမဲက နှစ်မဲ၊ ကြားနေ (ဦးခင်မောင်ဝင်း ပါဝင်သည်)က နှစ်မဲဆို ဘာ့ ကန့်ကွက်မဲမရှိစွာ အတည်ပြုဖြစ်သွားရသည်တဲ့။

နှင်းသီဂီဝင်း၊ အေးသီဂီဝင်း။

ညီအစ်မနှစ်ယောက်။ တစ်ယောက်ကို တစ်ပုံစံစီ။ နှင်းသီဂီဝင်းက လူချစ်လူခင် ပေါသလို လူမုန်းလည်းများ၏။ သူက သွက်လက်ဖျတ်လတ်၊ ပြောဆိုဝင်ဆွက်၊ ရင်းနှီးပေါင်းသင်း၊ နေရာတကာရောက်သူ ဖြစ်၏။ အေးသီဂီဝင်းက အိမ်ထဲမှ အိမ်ပြင်မထွက်၊ လူရာမဝင်၊ မည်သူနှင့်မျှ မရင်းနှီး၊ လူမုန်းမရှိသလို လူချစ်လူခင်လည်း မပေါများချေ။

အဲသည်ညီအစ်မနှစ်ယောက်ထဲမှ၊ တစ်ယောက် ... ရန်ကုန်သို့ ရောက်လာခဲ့သည်။

အေးသီဂီဝင်း ... ဟု အဆိုရှိလေ၏။

## ၇

ကျောင်းသားဘဝလောက်၊ အပူအပင်သောကနည်းသောဘဝ မရှိတော့ပါ။ မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေရှာဖို့မလို။ ငွေလိုလျှင် မိဘထံမှာ လက်ဖြန့်ခံလိုက်ရုံရှိ၏။ မိဘက အတိုင်းအထွာမရှိ ပေးနိုင်လေ၊ ထိုသား ထိုသမီးက တာဝန်မဲ့လေ ဖြစ်တော့သည်။

"မမေ ... နေဒွန်းတို့ သူငယ်ချင်းတွေ၊ ဆယ့်ငါးယောက် ကျိုက်ထီးရိုးဘုရားဖူး သွားမယ်၊ ကားသုံးစီး မမေ"

"တယ်ဟုတ်ပါလား ... ယောကျာ်းတွေချည်းပဲပေါ့"

"မဟုတ်ဘူး၊ မိန်းကလေးတွေလည်း ပါမယ်၊ သေချာတာကတော့ ဒီအုပ်စုထဲက ကောင်လေးတွေနဲ့ ကောင်မလေးတွေဟာ ရည်းစားမဟုတ်ကြတာပဲ"

"အပြန်ကျ ... ဟုတ်လာခဲ့ကြမှာ မြင်ယောင်သေး"

"မမေကလည်း ... ဘုရားဖူးထွက်မှာ၊ ရည်းစားဖြစ်လာစရာလား"



"ဟုတ်သားပဲ အန်တီ။ ဘုရားဖူးပဲ"

သိဂီက(မြင့်မြင့်အေး ခေါ် အေးသိဂီဝင်းဟု အဆိုသော မိန်းကလေးက) ရန်ကုန်ရောက်ကတည်းက သူ့ကိုယ်သူ ကားပြောလျှင် "သိဂီ"ဟု ထည့်ပြော၏။

"ဗ ... သိဂီလည်း လိုက်မယ်"

"သိဂီရယ် ... နေဒွန်း ခေါ်တာကမှ ဟုတ်တုတ်တုတ်"

သိဂီက နေဒွန်းဗကို "ဗ"ဟု ချစ်စနိုးခေါ်၏။ ဒေါ်တင့်တင့်ရီ ခမျာ ... သိဂီက "ဗ"ဟု တစ်ခွန်းခေါ်တိုင်း မျက်နှာကွက်ခနဲ ပျက်သည်။

"နေဒွန်း ... ကြိုက်တယ် မမေ ... ဆန်းသစ်တယ်"

"အေးပါ ... အေးပါ၊ ဘုန်းကြီးရှုးနဲ့ လေ့လူး"

ငယ်စဉ်ကတည်းက သံယောဇဉ် ရှိခဲ့ရသော ညီမလှသူဇာ၏ သမီးကလေးမို့၊ နေပုံထိုင်ပုံ မျက်စိနောက်ငြားဒေါ်တင့်တင့်ရီက မေတ္တာသက်ဝင်၏။ ခပ်ညံ့ညံ့အဘွား၊ ခပ်ညံ့ညံ့အမေတို့မှ ဆင်းသက်လာသော သိဂီသည် ဒီလောက်တော့ ဖြစ်မည်ဟု လက်ခံရတော့သည်။ သိဂီနှင့် နေဒွန်းတို့ မောင်နှမ ချစ်ချစ်ခင်ခင် ဆိုတော့လည်း ဒေါ်တင့်တင့်ရီ သဘောကျရသည်ပင်။ ဝေ့ကိုဆိုလျှင် အလွန်နိုင်စားတတ်သည်မို့ နှမတစ်ယောက် ရောက်အလာမှာ၊ နေဒွန်း နိုင်စားဦးမှာလားဟု ကြိုတင်စိုးရိမ်ခဲ့ရသည်။ နေဒွန်းက တစ်ခါတစ်ရံမှာ မာနကြီးချင် ကြီးနေတတ်သူလည်း ဖြစ်သေးသည်။ ခုတော့ ... နေဒွန်းက ဖော်ရွေရှာပါ၏။ သိဂီကလည်း သွက်သည်လေ။

"ဗ ... သိဂီ လိုက်မှာနော်၊ မချန်ခဲ့နဲ့။ မကျန်ရစ်ဘူး"

သီဂီသည် လောလောဆယ်မှာ ဒေါ်တင့်တင့်ရီ၏ အုပ်ထိန်းမှုအောက်မှာ ရှိနေသည်။ ဘုရားဖူးပင်ဖြစ်စေ၊ ညအိပ် ညနေ ခရီးအတွက် (တကယ်ဆို ... ညအိပ်ညနေ မပြောနှင့် နေ့လယ်နေ့ခင်း အပြင်ထွက်လျှင်တောင်) အုပ်ထိန်းသူထံမှာ ခွင့်တောင်းဖို့ရှိ၏။ သီဂီက ဒေါ်တင့်တင့်ရီထံမှာ ခွင့်တောင်းဖို့ထက် နေနွန်းကခေါ်ဖို့ပဲ အရေးကြီးနေသည်။ အုပ်ထိန်းသူရှိခြင်း မရှိခြင်း၊ အုပ်ထိန်းသူ ခွင့်ပြုခြင်း မပြုခြင်း ဆိုတာကို သီဂီက ခေါင်းထဲထည့်ပုံမရ။

"မဖြစ်ဘူး၊ နင် နေတတ်မှာ မဟုတ်ဘူး"

"ဘာလို့ မနေတတ်ရမှာလဲ"

"ကျောင်းက သူငယ်ချင်းတွေဆိုတော့ သီဂီနဲ့ တစ်ယောက်မှမသိဘူး"

"ဗက မိတ်ဆက်ပေးလိုက်ပေါ့၊ သိသွားရော"

"တချို့ဆို ... ကိုယ့်အပေါင်းအသင်း မဟုတ်တဲ့ကြားမှာ မနေတတ်ဘူး၊ နင်က မိန်းကလေးလည်း ဖြစ်နေတော့ ကြောင်မှာစိုးလို့၊ တော်ကြာ ... ငါ့သူငယ်ချင်းတွေက သူတို့ချင်းချင်းပဲ ပေါင်းနေကြပါတယ်ဆိုပြီး ပြန်မယ် — ပြန်မယ် ဖြစ်လာဦးမယ်"

"ဘယ်တော့မှ မဖြစ်ဘူး။ သီဂီတို့က နာမည်လေးလုံးနဲ့ နေတာ ... အေး ... သိန် ... ဂီ ... ဝင်း ... တဲ့။ မသိသေးရင် မှတ်ထား။ လူတစ်ယောက်နဲ့ ပေါင်းဖို့များ — ငါးစက္ကန့်ပဲ အချိန်ပေး၊ တစ်သက်လုံးက လည်ပင်းဖက်ကြီးလာခဲ့တဲ့ သူထက်တောင် ပိုရင်းနှီးသွားစေရဦးမယ် —



"သီဂီက ပေါင်းချင်ရင် ပြောတာ၊ မပေါင်းချင်ဘူးဆိုတဲ့ အခါကျတော့ တစ်မျိုး၊ သီဂီကို အထင် မစမောပါနဲ့"

"နင် နေတတ်ရင် ပြီးရော"

"နေတတ်တယ် ...၊ မိတ်သာဆက်ပေးလိုက်"

"အိုကေ"

နေနွန်းတို့အဖွဲ့နှင့် ကျိုက်ထီးရိုး လိုက်ရေးမှာ ဒေါ်တင့်တင့်ရီ ပြောရေးဆိုခွင့် လုံးဝမပါဘဲ အတည်ဖြစ်သွားရတော့သည်။

"ညကျ ဒီမှာလာအိပ်ကြမှာ မေမေ ...၊ မနက်ကို မိုးမလင်းခင် နှစ်နာရီခွဲ ထွက်မယ်၊ ဒီမှာ ညစာစားမယ်"

"ဆယ့်ငါးယောက် ဟုတ်လား"

"ဟုတ် ... ဆယ့်ငါးယောက်ထဲမှာ နေနွန်းလည်း ပါတော့ လူပိုက ဆယ့်လေးယောက်"

"ခု ... ဆယ့်ခြောက်ယောက် ဖြစ်သွားပြီလေ၊ သီဂီလည်း ပါတယ်၊ ဒါပေမယ့် ... ညစာစားမယ့် လူပိုကတော့ ဆယ့်လေးယောက်ပဲ"

"မိန်းကလေးတွေ ပါတယ်ဆိုတော့ ... သူတို့ အုပ်ထိန်းသူတွေက ထည့်ရဲ့လားကွယ်၊ အိမ်ကမသိအောင် ညာလိုက်လာကြရင် ခိုးမှုတွေလည်း မြောက်ကုန်ဦးမယ်"

"ခုခေတ်မှာ ... မေမေ့လို အမေမျိုး၊ အန်တီဒေါ်ခင်ဇောဝေ တစ်ယောက်ပဲ ရှိတယ်၊ အမေတိုင်းဟာ ခေတ်မီကုန်ကြပြီ"

"ဘယ်လောက်ပဲမိမိ၊ မေမေ့မှာသာ သမီးရှိရင် မထည့်ဘူး၊ သမီးရှိပြီး သားလည်းရှိလို့ မောင်နှမတူတူ လိုက်မှာဆိုရင်တော့ တစ်မျိုးပေါ့"

"အန်တီ ... သီဂီတို့က မောင်နှမတူတူလိုက်မှာနော်"

ဒေါ်တင့်တင့်ရီက ခေါင်းညိတ်လိုက်သည်။

"မောင်နှမတွေလည်း ပါတယ် မေမေရဲ့။ စိတ်ချပါ။ သွေးသောက်တွေ။ ဂိုဏ်းတူတွေ"

နေခွန်းက သိုင်းသမားစကားပြော၍ ရယ်၏။

"ဝေကလေးရော မခေါ်ဘူးလား"

"ဟာ ... သူပါရင် ရှုပ်တယ်"

"ဘယ့်နှယ် ရှုပ်ရမှာလဲ"

"ခေါ်လည်း လိုက်မှာ မဟုတ်ဘူး၊ အန်တီစောကလည်း သူ့သမီး ပုရစ်ကြော်ကို ထည့်မှာ မဟုတ်ပါဘူး"

"ခေါ်ပဲ ကြည့်ပါဦး၊ ဒီမှာ ... သီဂီလည်းပါတဲ့ဟာ"

"အန်တီရေ ... သီဂီပါတဲ့ အတွက်တော့ ဝေ့ကို တာဝန်မယူနိုင်ဘူးနော်။ သီဂီက ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တယ်၊ အန်တို့ချွေးမလောင်းက မထုံတက်သေး၊ အိညက်အိညက်နဲ့ ဘာမှန်းလဲ မသိဘူး၊ သူ့ကို သီဂီ မထိန်းတတ်ဘူ."

"အဲဒီလိုတော့ ထိန်းစရာ မလိုပါဘူး၊ ဝေက ဉာဏ်ရှိပါတယ်"

"ဉာဏ်ပျက်မယ့် ကိစ္စကို ပြောတာမဟုတ်ဘူး အန်တီရဲ့၊ လူမှန်းများပြီး အရိုက်ခံရမှာစိုးလို့ ပြောတာ"

"ဘာမှန်းစရာရှိလဲ၊ ဒီလောက်အေးတဲ့ ကလေးကို"



"အဲဒီလို ... အေးနေလို့ကို ရိုက်ချင်မှာ၊ ခရီးရှည်တစ်ခု တူတူထွက်တယ်ဆိုတာ၊ သွေးတူမွေးတူမှ၊ ပျားလောင်ဆိုလည်း ပျားလောင်တွေချည်း၊ ကျောက်ရုပ်ဆိုလည်း ကျောက်ရုပ်တွေချည်း ...

"ကျောက်ရုပ်နဲ့ ပျားလောင်ဆိုတာ၊ ရန်ဖြစ်စရာ မလိုဘဲ အလိုလိုနေရင်း တစ်ဖက်နဲ့ တစ်ဖက် ကြည့်မရဘူး၊ အမြင်ကတ်တယ်"

"အဲဒါ အမှန်ပဲ မေမေရဲ့၊ ဒီခရီးမှာ နေခွန်း သူငယ်ချင်းတွေက အားလုံး ဟာသတွေချည်း၊ ဝန်းဒိုင်းကြဲနေမှာ၊ သီဂီမှ နေတတ်မှာ၊ မေမေ့ ပုရစ်မနဲ့ မဖြစ်ပါဘူး"

"ဟယ် ... ဘုရားသွားပြီး ဟာသတွေ လုပ်နေကြဦးမှာလား၊ ပါးစပ်ထိန်းရမယ်နော်၊ တွေ့ကရာတွေ မပြောရဘူး၊ နတ်ကြီးတယ်"

"အဲဒါမျိုး မဟုတ်ပါဘူး မေမေရဲ့၊ စိတ်ချစမ်းပါ။ တစ်မျိုးမဟုတ် တစ်မျိုး ... လိုက်လျှောက်ပူနေတော့တာပဲ"

"ဝေလေးကို ပြောတော့ ပြောကြည့်ဦး"

"ပြောရင် လိုက်ချင်နေဦးမယ်"

သဂီက ဝင်ပြော၏။ သူကလည်း ဝေ့ကို လိုက်စေချင်ပုံ မပေါ်ချေ။

"မလိုက်ပါဘူး၊ စိတ်ချ ... ဝေါနဲ့ပင့်တောင် မကြွဘူး၊ အဲဒါတွေ စိတ်ပျက်တာ၊ စိတ်ဆင်းရဲတဲ့အထဲမှာ ... ငုတ်တုတ်မေ့တတ်တာတွေလည်း ပါတယ်။ ပါးစပ်လှုပ်ပလားဆိုတော့လည်း မော်တာတပ်ပြီးများ ပြောသလား မှတ်ရ

တယ်။ မေမေ့ ပုရစ်မကို ဘယ်သူမှ အပေါင်းအသင်း မလုပ်ချင်ဘူး"

"အင်းလေ ... သိင်္ဂီတောင် မြင်တယ်။ ဗ ခများ ဘယ် လောက်စိတ်ညစ်မလဲ၊' ဗနဲ့ ဝေနဲ့က အသွင်မတူဘူး အန့်တီရဲ့၊ အန်တီတို့ ... လေနဲ့ စေ့စပ်ထားတာ၊ လေနဲ့ပဲ ဖျက်သင့်ဖျက်ရအောင်၊ ပြန်စဉ်းစားဦး"

"အို ... ဒါတော့ မဖျက်နိုင်ဘူး၊ အခိုင်အမာပဲ"

သိင်္ဂီက ပခုံးနှစ်ဖက်ကို စုံတွန့်လိုက်သည်။ မတတ် နိုင်ဘူး ... ဆိုသည့် ပုံစံဖြင့် လမ်ဖဝါးနှစ်ဖက် ရှေ့ထုတ်ကာ ခါပြ သေးသည်။

"သိင်္ဂီတော့ သဘောမတူပါဘူး"

နေ့ခွန်း ပါးကို ဆွဲလှည့်၍ နားနားကပ်ခါ တိုးတိုး လေး ပြောလိုက်၏။ သိင်္ဂီ့နှုတ်ခမ်းက နေ့ခွန်း နားရွက်နှင့်မျော ပါးနှင့်ပါ နီးကပ်လွန်း၏။ မောင်နှမ ဆိုပေမယ့် ဒေါ်တင့်တင့်ရီ စိတ်ထဲမှာ အမြင်ရိုင်းသွားရသည်။ ဆုံးမဦးမှ ... ဟု တွေး၏။ လှသူဇာ တုန်းကလည်း အမြင်မတော်တိုင်း ဆုံးမခဲ့တာလေ။ လှသူဇာ သမီးမို့လည်း ဆုံးမရဲ၏။ ဝေလေး တွေ့လျှင် သဝန်တို တော့မှာပဲဟုလည်း တွေးမိရတော့သည်။



ခရီးမှ အပြန်တွင်၊ နေ့ခွန်း တာဝန်ယူပြောရဲသည် င့်အညီ၊ ဘယ်သူ့ ဘယ်သူမှ ရည်းစားစုံတွဲတွေ ဖြစ်မလာခဲ့ကြ ါ။ ဖြစ်လာခဲ့ကြသူက တစ်စုံတွဲတည်း။ နေ့ခွန်းဗနှင့် အေးသိင်္ဂီ င်း။ အပြန်ခရီးမှာ နေ့ခွန်းက ဖွင့်မပြောဖြစ်ခဲ့ပေမယ့်၊ အိမ်ပြန် ရောက်ပြီး နောက်တစ်ရက်မှာပဲ ဖွင့်ပြောတော့သည်။

"သိင်္ဂီ ... မင်းကို ကိုယ်ချစ်တယ်"

သိင်္ဂီက ရယ်၏။

"သေချာလို့လား ဆရာကြီးရယ် ... သူ့မှာဖြင့် စေ့စပ်သူ ကြီးတန်းလန်းနဲ့"

"စေ့စပ်ထားပေမယ့် သူ့ကို၊ ကိုယ် တစ်ခါမှ မချစ်ဖူး ဘူး"

"မှန်းတယ်ပေါ့"

"ဟင့်အင်း ... မုန်းလည်း မမုန်းပါဘူး၊ သူငယ်ချင်းတစ် ယောက်လို ခင်တယ်။ သူနဲ့ ကိုယ်နဲ့က အသွင်မတူဘူး"

"အဲဒါတော့ အမှန်ပဲ၊ သိင်္ဂီလည်း ထောက်ခံတယ်"

"သူ့ကိစ္စက အရေးမကြီးပါဘူး"

"ဘာက အရေးကြီးနေလဲ"

"သိင်္ဂီ ... ကိုယ့်ကို ချစ်မချစ်"

သိင်္ဂီက ခိုခနဲ ရယ်လိုက်သည်။

"ဘာရယ်တာလဲ"

"ကိုယ်တွေ ဘာတွေ ဖြစ်ကုန်လို့"

"ချစ်သူကို ... ငါနဲ့ ပြောရမှာ အားနာလို့"

"သိင်္ဂီတို့က မောင်နှမတွေ"

"ပြေးလွှားစပ်ပါမှ လေးဝမ်းကွဲ"

"အန်တီ သဘောတူမယ် မထင်ဘူး"

"သိင်္ဂီက မေမေ့တူမပဲ"

"ဟိုဘက်မှာ စေ့စပ်ထားတယ်"

"လေထဲမှာ"

"နိုင်မြိချင် နိုင်မြိမှာ"

"စကားတွေ လျှောက်လွှဲမနေနဲ့၊ တခြားကိစ္စတွေလည်း လျှောက်ပြောမနေနဲ့၊ တစ်ခွန်းပဲပြော၊ သိင်္ဂီ ... ကိုယ့်ကို ချစ်လား"

"မောင်နှမလိုလား"

"ရည်းစားလို"

"ဇကရော သေချာလို့လား"

"သိပ်သေချာတယ်"

"ခရီးတူတူ ထွက်လိုက်ရတယ် ဇရယ် ... သိင်္ဂီက တခြား လူတွေနဲ့လည်း သိပ်မရင်းနှီးတော့ ဇက သိင်္ဂီကို အထူး သဖြင့် ဖေးမရတာပေါ့၊ ညှာတာရတာပေါ့၊ ကြင်နာရတာ ပေါ့၊ သံယောဇဉ် ပိုတွယ်သွားမှာပေါ့၊ အဲဒါကို အချစ်လို့ ထင်ရင်တော့ ... ဇ မှားပြီ"

"မမှားနိုင်ဘူးကွာ"

"မှားချင် မှားမှာ"



"မှားတယ်ပဲထားကွာ ... အဲဒီလိုနည်းနဲ့ ချစ်သွားတယ်ပဲ ထား၊ ဘယ်နည်းနဲ့ပဲ ချစ်ချစ်၊ ချစ်တာဟာ ချစ်တာပဲ၊ အချစ်ဟာ အချစ်ပဲ၊ ကိုယ်ကချစ်ပြီ၊ သိင်္ဂီ ပြန်ချစ်ဖို့ပဲ လိုတယ်၊ ဒါကို မေးနေတာ"

"ရည်းစားစကား ပြောပုံကလည်း အနုကြမ်းစီးသလိုပဲ"

"သိပ်စိတ်မရှည်ဘူးနော်၊ အချစ်တစ်ခုရဖို့အတွက်၊ အနုကြမ်း ပဲ စီးရ စီးရ၊ ဓားပြပဲ တိုက်ရ တိုက်ရ"

"ဇ ... ရည်းစား ဘယ်နှယောက်နဲ့ ကွဲပြီးပြီလဲ"

"လက်ကျန် ပြတ်သွားတာတောင် မကြာသေးဘူး"

"ပြတ်သားလှချည်လား"

"ပြတ်ပြတ်ပဲ ပြောတတ်တယ်။ သိင်္ဂီ ယုံမလား မသိဘူး၊ ကိုယ့်ရည်းစားရတာ ဘယ်တစ်ယောက်ကိုမှ ကြိုးစားပမ်း စား မလိုက်ခဲ့ရဖူးဘူး၊ မိန်းကလေးတွေဘက်ကစပြီး အရိပ် အယောင်တွေပြ။ ရေလာမြောင်းပေးလုပ်"

"ဟင် ... အဲဒီထဲမှာရော၊ သိင်္ဂီပါလား"

"မပါဘူး"

"ပါတယ်ဆိုရင်လည်း ငြင်းမလို့ပါ။ သိင်္ဂီက ဇကို မြင်မြင် ချင်း ရင်းရင်းနှီးနှီး တအားခင်သွားလို့ ရဲရဲတင်းတင်း ပြောဆိုဆက်ဆံမိတာ၊ ဇ အထင်သေးလား"

"အထင်သေးရင်၊ ချစ်တယ် ပြောမလားကွ"

"ကြည့် ... သူ စိတ်တိုပြီ"

ဘယ်တုန်းကမှ စိတ်ရှည်ခဲ့ဖူးတဲ့ကောင် မဟုတ်ဘူး"

"သက်ဦးဆံပိုင်၊ ပြည့်ရှင်ဘုရင်မင်းကြီးပင် ဖြစ်စေ... ဇရယ် ... သူ့ဘုန်းသူ့ကံကြောင့် လာရောက်ဆက်သကြ... မိဖုရားတွေနဲ့ အစဉ်အလာအရ သိမ်းပိုက်ရတဲ့ မိဖုရားမျ... မဟုတ်ရင် ...

"ကိုယ်က ရင်နဲ့အမျှ ချစ်မိသွားတဲ့သူဆိုရင်၊ ချစ်... ဆီမှာတော့ အချစ်ကို ဒူးထောက်တောင်းရမှာပါပဲ၊ အချ... စစ်စစ်ကို လိုချင်တယ်ဆိုရင် ပြောတာပါ"

"သိင်္ဂီက ကိုယ့်ကို ဒူးထောက်စေချင်လို့လား"

"ဒူးထောက်ပါရစေ ... လို့ ဆိုရင်တောင် သိင်္ဂီက ဇ... ဒူးမထောက်ခိုင်းရက်ပါဘူး"

"ချစ်တယ်ပေါ့"

"အလိုလိုက်ခံ၊ ဖူးဖူးမှုတ် တစ်ဦးတည်းသော သားလေးရဲ့ ကျဆုံးခန်းကို မကြည့်ရက်လို့"

"ကိုယ်က သိင်္ဂီ့ဆီမှာ ကျဆုံးပြီလား"

"ကျဆုံးပါရစေ ဆိုရင်တောင် မကြည့်ရက်ပါဘူးဆို"

"ကိုယ့်ကိုချစ်လား ... ပြော"

သိင်္ဂီက ခိခနဲ ရယ်လိုက်၏။ နေဒွန်း ရင်ဘတ်... လက်သီးဆုပ်ဖြင့် တစ်ချက်ထုသည်၊ ပြီးတော့ ... လှစ်ခနဲပြေးကာ သူ့အတွက် ပေးထားသော အခန်းထဲသို့ဝင်လျက် တံခါး... ချက်ချ၍ ပိတ်လိုက်တော့သည်။ ဝါကျတစ်ကြောင်းကိုတော့ ပြော... ဖြစ်အောင် ပြောခဲ့၏။

"အန်တီ မသိစေနဲ့" ... တဲ့။



နေဒွန်းက နောက်မှ ပြေးလိုက်ချင်သည်။ အခန်း ...တံခါးကို ထု၍ ... သိင်္ဂီ ထွက်ခဲ့ ... ဟု ခေါ်ချင်သည်။ ချစ်သူ ...ကို့ထုံးစံ ယုယချင်၏။ အဓိပ္ပာယ်မဲ့ ရောက်တတ်ရာရာ စကား အလှလေးတွေ ပြောချင်၏။ သို့ပေမယ့် ... အန်တီမသိစေနဲ့ ... ဆိုသော စကားတစ်ခွန်းက တားသွားလွန်းပါသည်။

သိင်္ဂီ့ကို ချစ်သည်ဟု ပြောပြီးမှ အချစ်စိတ်တွေ ...ရင်ထဲမှာ တရစ်ရစ် ထပ်တိုးသလို ခံစားရသည်။ စောစောက ...ထက် ယခု ပိုချစ်လာသလို ခံစားရသည်။ မနက်ဖြန်ဆို ... ...ထက်ပို၍ ချစ်မိဦးမည် ထင်သည်။ ချစ်ခြင်းဘယ်တော့ဆုံးမှာ ...လဲဟု မေးချင်၏။ အဆုံးမဲ့စွာ ချစ်မိတော့မည် ထင်သည်။ ချစ်...ခြင်းတို့ဖြင့် ရင်ထဲမှာ ဆူဝေလျက် ဆောက်တည်ရာမရ ခံစားရ...သည်။ ထားမိပြီးခဲ့သမျှ ရည်းစားတွေအားလုံးထက် ပိုချစ်မိပြီဟု ...သင်၏။ ဒါဟာ အချစ်ဆုံး ဖြစ်မည်။

သို့ပေမယ့် ... လောလောဆယ်၊ မေမေသိမှာ စိုးရိမ်...မိတော့သည်။ မေမေ မသိအောင် ဖုံးကွယ်ထားရပါမည်။ အဲသည်...တော့ သိင်္ဂီ့နောက်သို့လိုက်၍ တံခါးခေါက် ... ထွက်ခဲ့ ... ပြော၍ မဖြစ်တော့ပါ။ ခြံထဲသို့ ပြေးဆင်းခဲ့၏။ ထုံးစံအတိုင်း မာလကာ ...ကိုင်းမှ ခုန်ဝင်ခဲ့သည်။

"ပုရစ်မ"

ခပ်ကျယ်ကျယ်လေး အော်ခေါ်ဖြစ်၏။ ဝေက ...ခြံထဲမှာ၊ ဆေးပုံးကလေးလွယ်လျက်၊ သူ့သစ်ခွပင်ကလေးတွေကို ဆေးလောင်းနေ၏။ နေဒွန်းက ဝေ့နားသို့ ပြေးသွားလိုက်သည်။

"မလာနဲ့၊ ဆေးစက်တွေ စင်လိမ့်မယ်၊ ပိုးသတ်ဆေးပါ တယ်"

နေခွန်းက တုံ့ခနဲ ရပ်သည်။ မျက်နှာက ပြုံးဖြီးဖြီး ရယ်ကျဲကျဲ လုပ်နေဖြစ်သည်။ ပိုးသတ်ဆေးတွေ ရင်ကိုလာစင်မှာ ကြောက်ပါသည်။ အဘယ်ကြောင့်ဆို ... ရင်ထဲမှာ အချစ်ပိုးတွေ ပေါက်ဖွားနေလို့ ဖြစ်၏။

"ဘာလဲ ... ကိစ္စရှိသလား"

"ငါ ... ငါလေ"

ပြောမည်ပြုပြီးမှ နှုတ်က ဆွံ့သွားရသည်။ အားနာ တာလား မသိ။ ပြီးတော့ ... ဒီကိစ္စ၊ ပုရစ်မကိုမှ အရင်ဆုံးနှင့် အမြန်ဆုံး ပြောပြလိုက်ချင်တာကိုလည်း နားမလည်ပါ။ ပြောတော့ ပြောချင်၏။

"ဘာဖြစ်လို့လဲဟင်"

ဝေက ဆေးပုံးကြီးသိုင်းကို ပခုံးမှ ဖြုတ်သည်။ လက်အိတ်ကို ချွတ်၏။ နှာခေါင်းမှာ စည်းထားသော အဝတ်ကို ဖြုတ်၏။ နေခွန်းရှေ့မှာ လာရပ်သည်။

"ပုရစ်မ"

"ပြောလေ ... ဘာဖြစ်လာလဲ၊ ကားတိုက်ပြန်ပလား"

"ဒီထက်ဆိုးတယ်"

"ဟယ် ... လူသေသွားလား"

"မသေဘူး၊ ခုမှ ထရှင်တာ"

"ဘာတွေလဲ"

"နင့်ပခုံးမှာ ပိုးသတ်ဆေးတွေ ရှိလား"



"မရှိပါဘူး၊ မပေဘူး၊ ဘာဖြစ်လို့လဲ"

"ငါကိုင်လို့ ရလား"

ဝေက မျက်စောင်းထိုးလိုက်၏။ ဝေ့ကို ဆိုလျှင် ယောကျ်ားချင်းများ မှတ်နေသလား မသိ။ ကျောထု ခေါင်းပုတ် လက်ဆွဲ ပခုံးကိုင်၊ အဲဒါ အလွန်ရိုးသားစွာ ဆိုတာလည်း ဝေသိ သည်။ နေခွန်းက ဝေ့ကို ဘယ်တုန်းကမျှ ချစ်သူလို ဖြစ်ခဲ့ဖူး ဘာမှ မဟုတ်တာ၊ သူငယ်ချင်း မောင်နှမလိုမို့ နေခွန်း အလွန် ဖြူစင်ခဲ့ပါသည်။ တစ်သက်လုံးက ထိပ်ပုတ် ခေါင်းပုတ် လုပ်ခဲ့ သမျှ၊ ခုမှ ခွင့်တောင်းနေတော့ ဝေက ရယ်ချင်၏။ ရယ်မိ၏။ ရယ်ရင်းမှ နေခွန်း မျက်ဝန်းကို စေ့စေ့ကြည့်မိသည်။ အို ... ရွှန်း လက်တောက်ပ နေလိုက်တာ။ အဲဒါ ... အချစ်နှင့် ဆုံတွေ့သည့် မျက်ဝန်းတွေလေ။ နေခွန်း ... ခြံထဲမှာ သူ့ဘာသာ နေချင်သလို နေနေတာကို၊ ဝေက အဝေးမှ လှမ်းမြင်သည့်အခါ အကြည့်ကို ရှေ့နိုင်ဘဲ တိတ်တခိုးငေးနှင့် စွဲခိုက်ရတိုင်း၊ အဲသည်လို ... ဝေ့ မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပနေတတ်တယ် ဆိုတာ ဝေ့ဘာသာ သိထားခဲ့ပြီးသားပါ။

နေခွန်းရယ် ... ဝေ့ကို ချစ်မိလာလို့လားဟင်၊ ဝေ့ ကို ချစ်တယ်လို့ ပြောချင်စိတ် ဖြစ်လာလို့လား၊ ဝေ့ကို ချစ်လို့ လား။ ဝေမေးကြည့်လိုက်ချင်၏။ သို့ပေမယ့် ... ဝေက မိန်းမ သား။ ဝေ မျက်လွှာလေး ချလိုက်သည်။ ခေါင်းကိုငုံ့၏။ နေခွန်း က ဝေ့ပခုံးနှစ်ဖက်ပေါ်သို့ လက်ကို စုံတင်သည်။

"နင့်ပခုံးမှာ ပိုးသတ်ဆေး ပေနေရင် ငါက ကိုင်ရမှာ ကြောက်လို့ပါ။ ငါ့ရင်ထဲက ပိုးလေးတွေ သေသွားမှာ

စိုးလို့ပါ ပုရစ်မရဲ့၊ အခု ... ငါ့ရင်ထဲမှာ အချစ်ပိုးတွေ ရှင်သန်ရုန်းကန်နေကြတယ်၊ ငါ ... ရည်းစားရသွားပြီ"

ဝေသည် ... မျက်နှာပြင်ကို ဖြတ်ရိုက်လိုက်ခြင်းခံရသလို တိတ်ဆိတ်စွာ အသည်းကွဲသွားရတော့သည်။ တိတ်တခိုးမျှော်လင့်ခြင်းက ဝေ့ကို အရှက်သည်းစေ၏။ ဖြစ်နိုင်လျှင် ဝေမြေမျိုခံလိုက်ချင်သည်။ ဝေ ငိုချင်ပါသည်။ သို့ပေမယ့် ... မျက်ရည်တို့ကို မိန်းမသားမာနက တားဆီးပိတ်ပင်၏။ ဝေ့ဦးခေါင်းကို၊ မေးစေ့မှ ပင့်သိုင်းရစ်ပင့် တင်လိုက်ကြတာဟာလည်း မိန်းမသားမာနတွေပါပဲ။ ဝေက ပြုံးနိုင်အောင် ကြိုးစားလိုက်သည်။ ပြုံးလိုက်နိုင်ပါသည်။

"ဒါ ... ဆန်းသလား"

"ဒီတစ်ခါ တကယ်"

"ကောင်းပါတယ်"

ပခုံးပေါ်မှ နေဒွန်း လက်တွေကို ပုတ်ချလိုက်၏။ ဝေက ဆေးပုံးကြီးတွေ ကောက်ကိုင်သည်။၊

"အဲဒါတွေ ထားလိုက်စမ်းပါဦး၊ ဘယ်သူလဲလို့ မမေးတော့ဘူးလား"

ဝေ့လက်ကိုဆွဲ၍ ဒန်းဆီသို့ ဖွတ်ခေါ်လာသည်မို့ ဝေ ပါလာရသည်။ ဆောင့်ရုန်းချင်သားပါ။ ဆောင့်ရုန်းခြင်းဖြင့် မနာလိုဝန်တိုသွားမိသော မစ္ဆရိယတွေ ပေါ်လွင်သွားမှာလားစိုးရွံ့စွာ အသာတကြည် လိုက်ပါလာခဲ့ရပြန်သည်။ ဒန်းပေါ်မှာ ထိုင်ဖြစ်ကြ၏။

"ဘယ်သူလဲလို့ မေးလေ"



ဝေက ခေါင်းခါလိုက်သည်။

"ငါ သိပြီးပြီ"

"ခုလေးတင်ဖြစ်တာ၊ ကိစ္စက လတ်လတ်ဆတ်ဆတ်၊ ၊င် မသိနိုင်ဘူး"

"သိနေပါတယ်"

"ဒါဆို ... ဘယ်သူလဲ ပြော"

"သိင်္ဂီမှလား"

"ဟာ ... နင် တကယ်သိတယ်၊ တော်လိုက်တာ"

ဝေ့ ခေါင်းကို အုန်းခနဲ တစ်ချက်ထုဖို့ ဝဲတက်လာသော လက်သီးဆုပ်ကို၊ ဝေက လူတစ်ကိုယ်လုံး ခုန်ထ၍ရှောင်၏။

"နှောင်ဆို ... နင် အနေအထိုင် ဆင်မြင်ပေါ့"

နေဒွန်းက ရယ်၏။

"အေးကွ ... သိင်္ဂီ ကြိုက်မယ် မထင်ဘူး"

နေဒွန်း ပြန်ပြေးထွက်သွားသည်။ လူက ဖက်စွက်ကလေးလို ပေါ့ပါးနေသလား ထင်ရသည်။ ဝေက ငေးကြည့်နေလိုက်၏။ ဆုံးရှုံးမှု၏ နက်ရှိုင်းခြင်းကို ကာယကံရှင် ဝေပဲ သိပါသည်။ ရင်ထဲမှာ မျက်ရည်ကန် ကျိုးနေသည်။ နေဒွန်းက မာလကာပင်ပေါ် ခုန်တက်သည်။ ဆွဲမိဆွဲရာ ခပ်နုနု အသီးတစ်လုံးကို ခူး၍ ဝေ့ဆီ လှမ်းပေါက်သည်။ လွဲချော်သွား၏။ ဝေ မရှောင်ပေမယ့် ဝေ့ကို မထိပါ။ နေဒွန်း တစ်ဖက်ခြံထဲသို့ ခုန်ချသွားသည်။

ဝေက သစ်ခွပင်တွေထဲသို့ အသက်မဲ့စွာ ပြန်လျှောက်လာ၏။ အဲသည် ပိုးသတ်ဆေးတွေကို ဝေ သောက်ချလိုက်ချင်သည်။ ရင်ထဲက အချစ်ပိုးတွေ သေမည်ဆိုလျှင်လေ။ "ဝေက

အသက်သေချင်တာ မဟုတ်၍ မသောက်ဖြစ်ပါ။ ဓာတုဗေဒ ဆရာသမားတွေကို ဝေ ပူဆာချင်ပါသည်။ အချစ်သေဆေး တစ်ခွက်လောက် ဖော်စပ်ပေးကြပါ။ ဝေ သောက်ချင်လို့ပါ။ အချစ်ကြောင့် ကြိမ်ဖန်တလဲလဲ ကျရှုံးနေရသည့် မိန်းမသားရဲ့ ရင်ထဲက အချစ်တွေကို အသေသတ်ပေးကြပါ ... ဟု ဝေ ရှိခိုးတောင်းပန်ချင်ပါသည်။

နေဒွန်းက သူ့ခြံထဲမှာ ... သရက်ပင်မှာ တန်းလန်းဆွဲထားသည့် ရင်းဘား(Ring Bar)ကွင်းကို စုန်ဆွဲ၍ လွဲနေလိုက်တော့သည်။

## ၈

နေဒွန်း ... အိမ်မြဲနေပါသည်။

ဘယ်ကိုမှ မသွားချင်။ သီဂီ့ နားမှာပဲ နေချင်၏။ သီဂီ့ ပြောစကားတွေ နားထောင်ချင်၏။ သီဂီ့ လှုပ်ရှားမှုလေးများကို ငေးနေချင်၏။ လှသော သီဂီသည် ခြေဟန်လက်ဟန်မှ၍ လှုပ်ရှားမှုတိုင်း ကဗျာဆန်လျက် ကကြိုးညက် ကခြေသည်လို ကြည့်ကောင်းလွန်းလှတော့သည်။

“ဟေ့ကောင် ... နွေရာသီ ကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချမယ်ဆိုပြီး၊ ဘာဖြစ်လို့ အိမ်တွင်းပုန်းနေရတာလဲ”

သူငယ်ချင်းတွေ ရောက်လာပြီးတော့တောင် ခေါ်ယူရသည်အထိ၊ နေဒွန်း အိမ်မြဲသွားခဲ့သည်။

“ဟာကွာ ... အလကားနေရင်း လျှောက်လည်မနေချင်လို့”

“သင်တန်းတစ်ခုခု တက်မယ်ဆို”

“ပျင်းသွားပြီ၊ ကျောင်းပြန်ဖွင့်ရင် နောက်ဆုံးနှစ်။ ကွာလီဖိုင်းဖြစ်ဖို့ ကြိုးစားရဦးမယ်၊ ရှေ့လျှောက် စာကျက်စရာတွေ

အများကြီး ရှိသေးတယ်၊ အခု ခဏ ဦးနှောက်ကို အနား
ပေးလိုက်ဦးမယ်"

"ဖုန်းဆက်တိုင်း မင်း မရှိတာက ဘာအချိုးလဲ ... တစ်
ယောက်တည်း ရှေ့နေတာလား"

"ရှိတယ် မရှေ့ဘူး"

"မင်း မရှိဘူးတဲ့"

ယောကျာ်းသူငယ်ချင်းတွေပေမယ့် သီဂီက အနားမှာ
လာထိုင်သည်မို့ နေခွန်းက သီဂီကို ကြည့်လိုက်၏။

"ဖြေတာ မိန်းမသံပဲ၊ အန်တီတော့ မဟုတ်ဘူး၊ မင်းက
မရှိဘူး ပြောခိုင်းထားလား၊ အိမ်က ကောင်မလေးတွေကို"

"အမယ် ... ကျွန်မ အိမ်က ကောင်မလေး မဟုတ်ဘူး
နော်"

"ဒါဆို ... မရှိဘူးပြောတာ မသီဂီလား"

နေခွန်း သူငယ်ချင်းတွေက သီဂီနှင့် သိနေကြပြီ
ဖြစ်၏။

"ရက်စ် ... အမှန်အကန်ပဲ၊ ဗကို အိမ်မှာနေစေချင်လို့"

နေခွန်း ကိုယ်တိုင်က အိမ်မှာပဲ နေချင်တာ မှန်သော်
မယ့် ကိုယ့်ကိစ္စမှာ ကိုယ့်သဘောကို မမေးဘဲ ပိုင်စိုးပိုင်နင်း စွက်
ဖက်တာကျတော့ နေခွန်း မကြိုက်ချင်ပေ။

"ခင်ဗျားက အဲဒီအဆင့်ကို ရောက်ပြီလား"

ခုခေတ်လူငယ်တွေ ဉာဏ်ပြေးကြပါသည်။ တစ်ထွာ
ပြလျှင် တစ်တောင်မက တစ်လံလောက် မြင်ကြသူတွေ ဖြစ်သည်။

"မေးကြည့်လေ ... ရှင်တို့လူကို"



ဝင်းမွန်ထွန်းက နေခွန်းကို ကြည့်လိုက်သည်။
နေခွန်းက ခေါင်းညိတ်၏။

"မင်းတို့ကိုတောင် ကျွေးမလို့"

နေခွန်းက ခဏ ခဏ ရည်းစားရသည်။ ခဏ
ခဏ ရည်းစားပြတ်သည်။ သူငယ်ချင်းတွေက တတ်နိုင် သုံးနိုင်
သော နေခွန်းကို ခင်မင်စွာ ညှဉ်းလိုစိတ်ဖြင့်၊ နေခွန်း ရည်းစား
တစ်ခါရတိုင်း မုန့်ကျွေးခိုင်းသည်။ ရည်းစားရလို့ ... ဖြစ်၏။
ရည်းစားပြတ်တော့လည်း ... မုန့်ကျွေး ... ဟု ပြောကြပြန်သည်။
ဘာအတွက်လဲ ... ဆိုတော့၊ ရည်းစားနှင့် ကွဲလို့တဲ့လေ။ အဲသည်
အခါတွေမှာ နေခွန်းက ရယ်မောပြီး မုန့်ကျွေးတတ်လေ့ ရှိခဲ့ပါ
သည်။

ဝင်းမွန်ထွန်း မျက်နှာက သိပ်မကြည်လင်ပေ။
သူက ဝေ့လူ။ ဝေ့ကို လေးစားစွာ ခင်မင်သော သူငယ်ချင်းဖြစ်
၏။

"ဝေ့လိုလူမျိုး ရှားတယ်နော်၊ ဝေဟာ သူငယ်ချင်းတွေ
အတွက် မိတ်ဆွေကောင်း၊ မိဘအတွက်ဆိုရင် သားသမီးကောင်း၊
ယောကျာ်းတစ်ယောက်အတွက်ဆိုရင် ဇနီးကောင်းဖြစ်မှာ၊ မင်းနဲ့
ဆိုရင် တန်တောင် မတန်ဘူး၊ ဝေ့ဘက်က နာတယ်" ... ဟု
ပြောဖူးသူဖြစ်သည်။

"မင်း ကြိုက်နေလား၊ ဒါဆိုလည်း ... လိုက်လေ၊ အကူ
အညီ လိုရင်ပြော"

နေခွန်းက ရက်ရောစွာတောင် စွန့်လွှတ်ဖူးသေး၏။

"ငါက သူငယ်ချင်းလို မောင်နှမလို ခင်တဲ့ လူသားတစ်ယောက်ကို အရုပ်တစ်ခုလို သဘောထားပြီး ဟိုပေး ဒီပေး လုပ်မနေနဲ့၊ ငါသာ ဇော်အစ်ကိုဆိုရင် မင်းလိုကောင်ကို ယောက်ဖမတော်ဘူး" ... ဟု ပြောမှုး၏။ ဝေနှင့် နေခွန်းကို လူကြီးမိဘတွေ သဘောတူထားတာကိုလည်း သိနှင့်သည်။ နေခွန်းက ဇော့ကို ဂရုမစိုက်၊ အလေးမထား။ ရည်းစားဘောက်သောက် ထား၏။ အဲဒါကြောင့် ... ဝင်းမွန်ထွန်းက နေခွန်းကို ဝေနှင့် မတန်ဟု ပြောတာဖြစ်သည်။ နေခွန်းက မျက်နှာပျက်ချင်နေသော ဝင်းမွန်ထွန်းကို သဘောပေါက်စွာ သွားဖြဲလေးနှင့် ရယ်ပြလိုက်၏။ ကိုယ့်ဘာသာ ရည်းစားထားတာပေမယ့် ဒီသူငယ်ချင်းတွေက ငယ်ပေါင်းသွေးသောက်တွေမို့ သူတို့ကို ဂရုစိုက်ရပါသည်။

"ဒါဆိုလည်း လိုက်ကျွေး"

ဝင်းမွန်ထွန်းက နေခွန်းကို ခေါ်ထုတ်သွားဖို့ ကြိုးစား၏။

"သိဂီလည်း လိုက်မှာ"

"ဟာ ... နေခဲ့၊ တစ်ဖွဲ့လုံး ယောက်ျားတွေချည်း"

"ဘာဖြစ်လဲ၊ ယောက်ျားမို့ ဟိုလို၊ မိန်းမမို့ ဒီလို ဆိုတာမျိုး တွေ သိဂီ နည်းနည်းမှ ထည့်မစဉ်းစားဘူး"

"သိဂီ ကြောင်နေမှာစိုးလို့"

"ဘယ်တုန်းက ကြောင်ဖူးလို့လဲ"

"ခင်ဗျား မကြောင်ပေမယ့် ကျွန်တော်တို့ မလွတ်လပ်ဘူး ဗျာ၊ ယောက်ျားချင်းချင်း ပြောချင်ရာ ပြောမယ်၊ ခင်ဗျား ပါတော့ ဆင်ခြင်နေရတယ်၊ အမြဲတမ်း ယောက်ျားတွေ



ချည်း လွတ်လွတ်လပ်လပ် သွားခဲ့တာ၊ မိန်းမပါရင်လည်း အနည်းဆုံး လေးငါးယောက်၊ ဒါ ... နေရာတိုင်းခေါ်တာ မဟုတ်ဘူး၊ ခုက ... ခင်ဗျားတစ်ယောက်တည်းလည်း ဖြစ်နေတယ်၊ ခေါ်လည်း မခေါ်လိုဘူးဗျာ၊ ခင်ဗျားနေခဲ့ ပါ"

သိဂီ့ မျက်နှာက ပျက်ယွင်းမသွားပါ။ ရယ်မော သွက်ပဲဖြစ်၏။

"ဒါဆိုလည်း ခေါ်သွားပါ။ ဖဲ့ထုတ်သွားမှန်း သဘောပေါက် တယ်။ ဒီလောက်ကိစ္စ ... ပြဿနာ မဟုတ်ဘူး"

သိဂီက အိမ်ထဲသို့ ဝင်သွားတော့သည်။ မျက်နှာက တော့ တစ်ချက်မပျက်၊ ရယ်ကာမောကာပဲ ဖြစ်၏။ သို့ပေမယ့် ... သိဂီ စိတ်ကောက်သွားတာ အသိသာချည်းပါ။

"အန်တီ့ဆီမှာ ခွင့်တောင်းဖို့ရယ်၊ ချော့ဖို့ရယ် ဘယ်နှ မိနစ် အချိန်ယူမလဲ"

နေခွန်း အိမ်၏ အကျင့်က အပြင်သို့ မည်သူပဲ သွားသွား၊ ဘယ်သွားမည်၊ ဘယ်လာမည်ဆိုတာ ပြောခဲ့ရ၏။ သွားကာနီးမှာ သွားပြီ ... ဟု နှုတ်ဆက်ရသည်။ ပြန်ရောက်လျှင်၊ ရောက်ပြီ ... ဟု ပြောရ၏။ သားသမီးအပေါ် တင်းကျပ်စွာ ချုပ် ကိုင်ချင်တာမျိုး မဟုတ်၊ စည်းကမ်းထားတာဖြစ်၏။ လူကြီးမိဘ ကို အသိပေး ခွင့်တောင်းဖို့သာ လိုရင်းမို့ တားမြစ်သည်ဟူ၍လည်း ရှိခဲ့ပါဘိသည်။

**"မေမေ့ကို ပြောဖို့နဲ့ အဝတ်အစားလဲဖို့ နှစ်မိနစ်၊ ချော့ဖို့ တော့ မလိုပါဘူး၊ ရတယ်"**

နေဒွန်းက တီရှပ်လက်ပြတ်၊ ဘောင်းဘီတိုကြီးနှင့်မို့ ထိုဝတ်စုံမျိုးနှင့်ဆို ... ဒေါ်တင့်တင့်ရီက တော်ရုံခရီးကို မသွားအေ ပါ။ နေဒွန်းက ပြောသည့်အတိုင်း နှစ်မိနစ်ပဲ အချိန်ယူ၍ တီရှပ် လက်စကနှင့် ဘောင်းဘီရှည် ဝတ်လာခဲ့လေသည်။

"ဘယ်တုန်းကလဲကွာ ... မြန်လိုက်တာ"

"ဟာ ... ဝင်းမွန်၊ မင်း သတင်းမေးပုံက အသုဘဆင်ကြီး လူတစ်ယောက် ကွယ်လွန်သွားပြီဆိုမှ၊ ဘယ်တုန်းကလဲ ခင်ဗျာ၊ မြန်လိုက်တာ၊ ဟိုတစ်လောကတောင် အကောင်း ကြီးနော်၊ ကျွန်တော်နဲ့တွေ့လို့ နှုတ်ဆက်ဖြစ်သေးတယ် အဲဒါမျိုး ပြောရတယ်၊ အဲဒါ အသုဘဒီဇိုင်း"

"ခုလည်း ငါက အဲဒီလိုပဲ မေးချင်တာ"

ဝင်းမွန်ထွန်းကို၊ သက်ဦးက တမင်ဝင်ပြီး ချွန်ပေး ခြင်းဖြစ်သည်။

"ဘယ်တုန်းကလဲကွာ၊ မြန်လိုက်တာ၊ မနေ့တစ်နေ့က ပဲ ငါတို့နဲ့အတူ ခရီးထွက်တုန်းက ဒီလို မဖြစ်သေးပါ ဘူး"

ဝင်းမွန်ထွန်းက ထပ်ပြော၏။ နေဒွန်းက စိတ်မဆိုး ပါ။ ကိုယ် ရည်းစားရသည့်ကိစ္စကို သူတို့ အသုဘဆင်နှင့် လာ



နိုင်းနေလည်း၊ လူခင်ချင်းမို့၊ ယောကျ်ားချင်းမို့၊ အယူမသည်းကြ သူတွေချင်းမို့၊ ဒါဟာ ... ဟာသတစ်ခုပဲ ဖြစ်တော့သည်။

"ခရီးက အပြန်မှာပဲ"

နီးနီးနားနား ... လေဆိပ်နားမှ မီလျံကွိုင်မှာပဲ ထိုင်ဖြစ်ကြသည်။ ကျော်ဇောက ဗိုက်ဆာသည်ဟုဆိုကာ ပေါင် မုန့်နှစ်ချပ်နှင့် မစ်ကစ်ဂရစ်လ် (Mixed Grilled) တစ်ပွဲမှာသည်။ Mixed Grilled မှာ ကြက်သား၊ ဝက်သားနှင့် အမဲသားပါ ပါသည်မို့ အမဲသားမစားသော ဝင်းမွန်ထွန်းက ကြေးအိုးတစ်ပွဲ၊ သက်ဦးက ကြက်သားရိုစ် (Roasted Chicken) တစ်ပွဲ၊ ကြက်ဥ ကြော်၊ ပေါင်မုန့်သုံးချပ်မှာ၏။ နေဒွန်းက ဘာမှာရမလဲ စဉ်းစား ရာမှာ ဗိုက်သိပ်မဆာသောကြောင့် ကော်ဖီအေး (Cold Coffee) တစ်ခွက်ပဲ မှာ၏။

"အလှူ့ရှင်က အစားနည်းလှချည်လား"

"ငါ မနက်စာ စားပြီးသွားပြီ"

"စောသားပဲ၊ မျက်နှာစုံညီ စားလိုက်တာလား"

"အေး ... သိဂီက မနက်စာ ထမင်းကို ခဲစာစောစားလေ့ ရှိတယ်။ ပြီးရင် ... တစ်နေ့ခင်းလုံး တွေ့ကရာတစွပ်စွပ် စားနေတာ၊ ညနေစာကျတော့ မစားတာများတယ်၊ တစ်နေ့ တလေမှ"

"အန်တီ သိပြီလား"

"မေမေပဲ ... ဘယ်နေလိမ့်မလဲ၊ ကွယ်ရာမှာတောင် ထင် ရာလုပ်လို့ မရတာ၊ တစ်အိမ်တည်း တူတူနေနေတဲ့၊ မျက်စိရှေ့က ကိစ္စကို မသိဘဲ နေမလား"

"ဘာတဲ့လဲ"

"ငြင်းဖို့အတွက်၊ အန်တီသူဇာ့ကို အားနာတာကလွဲရင် ကျန်တာတွေအားလုံး ဆန့်ကျင်ဘက်"

"မတားဘူးပေါ့"

"တားတဲ့ စကားကို၊ သိဂီ ကြားသွားမှာစိုးတယ်။ မေမေ က သိဂီ့အမေကို သိပ်ချစ်ခဲ့တာ။ သိပ်လည်းသနားခဲ့တယ် တဲ့။ ငယ်ငယ်တုန်းက ငါတို့အဘွားနဲ့ လာနေသွားတာလေ။ အဲဒီကတည်းက သံယောဇဉ်၊ မတွေ့ကြတာတော့ နှစ်ပေါင်း နှစ်ဆယ်ကျော်ပေါ့"

"ဒါပေမယ့် … သဘောမတူဘူးမှလား၊ ရှင်းရှင်းပြော"

"ပုရစ်မ ရှိနေတယ်လေကွာ။ မေမေက ပုရစ်မကလွဲရင် သိကြားမင်းရဲ့သမီး ဆိုရင်တောင် ချွေးမတော်ချင်တာ မဟုတ်ဘူး"

"ငါတော့ အံ့တာပဲ"

"ဘာအံ့စရာရှိလဲ၊ ဒါ အဆန်းလား"

"မင်းကြည့်ရတာ အတည်ပေါက်ကြီး"

"ချွေမျိုးနီးစပ်ကလည်း တော်နေသေးတယ်၊ ထောက်ထား ရမယ့် မျက်နှာတွေလည်းရှိတယ်၊ အတည်ပေါက်ကြီး မဖြစ်လို့ မရဘူး"

"ရှုတ်ရှတယ်"

အသံတိတ်စွာ အစားပဲ ဖိစားနေသည့် သက်ဦးထံမှ စကားတစ်ခွန်း ထွက်လာသည်။

"ငါကို …"



"ဒါပေါ့ … မင်းကစွဲတဲ့ကောင်ပဲ၊ အီစီကလီတွေလည်းရှိ သေး၊ ရည်းစားဆိုတာ ဖြစ်လိုက်ပျက်လိုက်မို့ တရားသဘော တောင် ရှုမှတ်လို့ ရသေးဆို"

နေဦးက ရယ်လိုက်၏။

"ငါတို့ ဘာပြောခဲ့လဲ"

"ခု … ပြောမလို့လား"

"ဖြစ်လိုက် ပျက်လိုက်နဲ့၊ မမြဲတဲ့သဘော၊ ပြုပြင်စီရင်အပ် သော သင်္ခါရသဘောဆိုရင် ဘာမှ ပြောစရာ မလိုပါဘူး"

"ငါ တစ်ခုပြောမယ်ကွာ၊ ငါတို့ တစ်ဖွဲ့လုံး၊ ခဏခဏ ရည်းစားထားတယ်၊ ခဏခဏ ရည်းစားပြတ်တယ်၊ တစ်ခါ တလေကျတော့လည်း အပြတ်ခံရတာ"

"စိတ်ကောက်တာကို မချော့ဘဲ ထားရင်း၊ ဟိုဘက်က အမုလွှန်သွားတာပါ"

"ထားပါ … ဘာပဲဖြစ်ဖြစ်၊ မကောင်းဘူး၊ နမချင်း စာရ မယ်"

"လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး"

"အဲဒါကို မင်းနဲ့ မင်းကောင်မလေးပဲ သိမယ်၊ ယုံမယ်၊ ကောင်မလေးတွေများ၊ တရားဝင် လက်ထပ်တော့မယ် ဆိုရင်၊ ရည်းစားပျက်ကြီး ဖြစ်နေရတာ ငါသနားလာပြီ၊ ငါ … အေးဆေး ဖြစ်ချင်ပြီ"

"အပျိုလွှန်တဲ့ ငှက်လိုပေါ့၊ အတောင်ညောင်းတယ် ဆိုပါ တော့"

"ယူလျှင် ရသည်ပေါ့"

"အေးဆေး ဖြစ်တော့မယ်ဆိုရင်၊ တကယ် အေးဆေးဖြစ်မ တယ်"

"ခု ... အေးဆေးပဲ၊ ငါ လက်ထပ်မှာ"

"မင်းက သူ့အကြောင်း ဘယ်လောက်သိလဲ"

"သူပြောသလောက်ပဲ သိရတာတော့ အမှန်ပဲ။ သူက ရှမ်းပြည်က ဆင်းလာတာ၊ ရန်ကုန်ကို ဒီတစ်ခေါက် ...ခုမဆုံး ရောက်ဖူးတာ၊ ငါကဆို ... သူ့ဇာတိဖြစ်တဲ့ ...ဘာင်ကြီးကို တစ်ခေါက်မှတောင် မရောက်ဖူးဘူး၊ ဘယ် လိုလုပ် သိနိုင်မလဲ၊ ဒါပေမယ့် ... သူ့အမေဟာ ငါ့အဒေါ် လေ ... သုံးဝမ်းကွဲ၊ သူနဲ့ကျတော့ လေးဝမ်းကွဲ"

"မသိဂီရဲ့ နာမည်က အေးသိဂီဝင်းနော်"

"အေးလေ"

"သူက တစ်ယောက်တည်းလည်း လျှောက်သွားတတ်တယ် မှလား"

"အေးကွာ ... အဲဒါတစ်ခု မေမေ မကြိုက်ဘူး၊ တစ်ခုတည်း တော့ မကပါဘူး၊ မေမေ မကြိုက်တာတွေ များပါတယ်၊ ကြီးပြင်းပုံသွင်းခံခဲ့ရပုံချင်း မတူဘူးကွာ"

"ဟိုတစ်နေ့က ... အင်း"

ဝင်းမွန်ထွန်းက လက်ချောင်းတွေချိုး၍ ရက်တွက် သည်။

"ဆယ့်နှစ်ရက်နေ့ ... မင်း ဘယ်မှာလဲ"

"ဝပ်လျှော့မှာ တစ်နေကုန်ပဲ၊ အိမ်ကကား ပျက်လို့ သွား ပြင်နေရတယ်၊ ငါသွားချင်တော့ ခဏခဏ တိုက်လွန်းလို့



ဆိုပြီး မေမေက ကားမောင်းခွင့် ပိတ်ထားတာ၊ ကားပျက် တော့ ပြင်နိုင်းတယ်လေ၊ ငါလည်းရွဲ့ပြီး ဝပ်ရှော့မှာ တစ်နေကုန် သွားထိုင်နေလိုက်တယ်"

"မသိဂီ တစ်ယောက်တည်း မြို့ထဲထွက်တယ်၊ ဗိုလ်ချုပ် ဈေး၊ မုန့်စားတန်းမှာ ဆီချက်ခေါက်ဆွဲ ထိုင်စားနေတယ်"

"မင်းက နှစ်ယောက်လို့ ပြောချင်လို့လား"

"အမှန်အကန်ပဲ"

"ပုရိသပေါ့"

"သွေးထွက်အောင် မှန်လိုက်လေ"

"ငါသိသလောက်တော့ ရန်ကုန်မှာ ... မင်းတို့အုပ်စုနဲ့ ငါ့ အပေါင်းအသင်းတွေကလွဲရင် ယောကျ်ားမိတ်ဆွေ မရှိဘူး၊ ရောက်တာလည်း မကြာသေးဘူး၊ သင်တန်းတွေ တက်မလို လို့နဲ့ ... ငါ့လိုပဲပျင်းပြီး ဘာသင်တန်းမှလည်း မတက်ဖြစ် သေးတော့ ဘော်ဒါမရှိဘူး၊ အဲဒီ မောင်ရင်က မင်းတို့မသိ တဲ့ လူစိမ်းလား"

"ဟုတ်ပ"

"ဟေ့ကောင် ... ပြောလိုက်လေ၊ ဒါတင်က,ရှိးလား"

ကျော်ဇေက စိတ်မရှည်စွာ ဝင်ဟောက်၏။

"အဲဒီနေ့က ငါနဲ့ ကျော်ဇေ ... ဗိုလ်ချုပ်ဈေးသွားတာ ကျော်ဇေ့ဘကြီးက နိုင်ငံခြားကနေ ငွေခြည်ထိုးပန်းချီကား တွေမှာလို့ သွားဝယ်တယ်၊ ဗိုက်ဆာလို့ မုန့်ဝင်စားတယ်၊ သိတယ်မှလား၊ ဒီကောင်က ... အပြင်ထွက်ရင် မုန့်စား ရမှ"

"ဒီကောင် ဝေတ်တာ လူတိုင်းသိတယ်၊ ဆက်ပြော"

နေခွန်းက ရင်ထဲမှာ လှုပ်ရှား၏။ မကြိုက်ဖြစ်ခြင်း ခံစားမှုက ရင်ထဲမှာ ခါးသီး၏။ ဒီကောင်တွေက လီစယ်လုပ်ကြ မည့်သူတွေ မဟုတ်တာကို ယုံသည်။

"သူတို့နှစ်ယောက်က ငါတို့ကို မတွေ့ဘူး၊ ငါတို့ **အရင်တွေ့တော့**၊ ငါတို့က ကျောခပ်ခိုင်းခိုင်း နေတယ်၊ **အများကပ်တယ်**၊ စကားပြောသံ ကြားရတယ်၊ ဟိုမောင်က မင်းရဲ့ **မသီ**ဂိကို ခေါ်တာ ... နင်း ... တဲ့"

"ဘာဆိုင်လို့လဲ"

"အေးလေ ... အေးသီဂိဝင်း ဆိုတဲ့ နာမည်ထဲမှာ နင်းမှ မပါဘဲ"

နေခွန်းက ဟန်မဆောင်တတ်သူမို့ မျက်နှာကြီး တစ်ခုလုံး ရှုံ့မဲ့နေသည်။

"ဒီကိစ္စကို ငါတို့က မင်းသိရုံပဲပြောဖို့ စိတ်ကူးထားတာ မင်းက ဒီလိုဖြစ်ပြီဆိုတော့ ဒီကိစ္စ ... သိရုံနဲ့ တင်းတိမ်လို့ မရတော့ဘူး"

"ငါ ထင်သားပဲ ... ခရီးသွားတုန်းကတည်းက ... မင်း ဒီလောက် အသည်းအသန် ဖြစ်ပြနေကတည်းက ..."

"မင်းကိုက ညံ့တာ ... မနိုင်မာလိုက်တာ"

"ငါ့ကို ဒီလိုမပြောနဲ့ကွ"

"ပြောသင့်တယ် ... မင်းဆီမှာ ကောင်မလေးတွေ လာကြွေနေတာ ဆန်းသလား၊ မင်းဆိုတဲ့ကောင်က ပေသီး ခေါက်



ပြီး ဂဏန်းပေါင်းစက်နဲ့ တွက်ရင်၊ ခင်ပွန်းလောင်း ဖြစ်ထိုက်သူကြီး ...

"မင်းကို ကြိုကြိုခံနိုင်မယ် ထင်တာ၊ ခုတော့ ... ပျားဖယောင်းကြီး၊ နေပူရုံနဲ့ အရည်ပျော်ချင်တဲ့ကောင်"

"ဒီလို မဟုတ်ဘူးကွာ ... မင်းတို့ နားမလည်ပါဘူး၊ ငါ ... ချစ်သွားတာ၊ အချစ်ဖြစ်ထွန်းတာ"

"ငါတို့သိရင် ကန့်ကွက်မှာစိုးလို့ မြှုထားတာ မှလား"

"အေး"

"ဒီနေ့မှ ... ကျွေးရဦးမယ်ဆိုပြီး ပွင့်လာတာ၊ မင်းကွာ။ မဖြစ်ခင်က တိုင်ပင်ပါလား"

"ငါ့အရွယ်၊ ယောကျ်ားတစ်ယောက် ... ရည်းစားထားမှာ ဘယ်သူ့ တိုင်ပင်ရဦးမှာလဲ"

"လက်ထပ်ဖို့ဆိုရင် တစ်သက်လုံး အရေးကွ"

"မင်းတို့က ဘာကို မကြိုက်တာလဲ"

"မသိဘူး၊ မပြောတတ်ဘူး၊ ဘာကိုမှန်း မသိမကြိုက် ဖြစ်နေတာ"

"မင်းတို့က ပုရစ်မ ဘက်တော်သားတွေ ဖြစ်နေလို့ဝါကွာ၊ ဒါပါပဲ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ မသိဘူး"

"မင်း ပုရစ်မကို ဘယ်သွားထားမလဲ"

"ထားစရာလား၊ သူ့အိမ်သူနေပေါ့၊ ငါက ထားမှ နေစရာ ရှိမယ့်သူလား"

"ပုရစ်မ အသည်းကွဲလိမ့်မယ်"

"မကွဲနိုင်ပါဘူး၊ ငယ်သံယောဇဉ်နဲ့ သည်းညည်းခံနေတာ သူလည်း ကြိုက်တဲ့သူတွေ့ရင် ယူမှာပါ၊ မတွေ့သေးလို့ပါ ကွ၊ ပုရစ်မ သည်းညည်းခံတာ တစ်ခုတည်းနဲ့တော့ အသည်း ကွဲမယ် မထင်နဲ့။ အခုဝဲ ဆိုကတည်းက ငါကချည်း နိုင် လာတာ၊ ရိုးနေပြီ"

"ပုရစ်မ ... မင်းကို သံယောဇဉ်ရှိတယ်၊ ဒါကို ငြင်းမ လား"

"မငြင်းပါဘူး၊ ငါလည်း သံယောဇဉ် ရှိတာပဲ၊ ဒါပေမယ့် သံယောဇဉ်ဟာ အချစ်မဟုတ်ဘူး။ ရည်းစားထားတိုင်း လည်း အချစ်ဖြစ်ထွန်းတာ မဟုတ်ဘူး"

"အဲဒီစကား ... မိန်းမအုပ်စုကြားရင် မင်းကို ခဲနဲ့ဝိုင်းပေါက် လိမ့်မယ်"

"မကြားစေနဲ့ပေါ့ကွ၊ မင်းတို့မှ မချစ်ဘူးသေးပဲ၊ မင်းတို့ ပြောအားရှိနေတာ"

"မင်းဟာကလည်း အချစ်မဟုတ်ဘူး၊ နီးစပ်မှုမှာ မင်း သာယာတာ"

"ငါ ဒီလောက် အောက်တန်းမကျဘူး"

"မဆိုလိုပါဘူး၊ နီးစပ်တာတော့ အမှန်ပဲ၊ သာမန်မိန်းက လေးနဲ့လည်း မတူဘူး၊ မင်း ကြွေတယ်ကွာ၊ အဲဒီမှာ ... မင်းက မင်းအဒေါ်မျက်နှာ ထောက်ထားရမှာနဲ့ ဘာနဲ့ ညာနဲ့ ... လက်ထပ်မယ်ထိ ဖြစ်တာပါ၊ အဲဒါလည်း အချစ်စစ် မဟုတ်ပါဘူး၊ မင်း တစ်နေ့နေ့ ...



"အချစ်စစ်ကို တကယ်တွေ့ရင် မင်းဒုက္ခရောက် လိမ့်မယ်၊ ငါတော့ ... ဒီကိစ္စ၊ မင်းအမေ လက်ပိုက်ကြည့် နေတာ အံ့သြတယ်"

"လက်ပိုက်ကြည့်နေတာတော့ ဟုတ်မယ် မထင်ဘူး၊ မြွေ မသေ တုတ်မကျိုးတို့၊ ရှဉ့်လည်းလျှောက်သာ ပါးလည်း စွဲသာတို့၊ ဘာရှိသေးလဲ စကားပုံတွေ။ အဲဒါမျိုး [illegible]အောင် ဘာလုပ်ရင် ကောင်းမလဲ၊ မဆုံးဖြတ်သေးတာပဲ ဖြစ်မယ်၊ မေမေ့ မျက်စိထဲမှာတော့ ပုရစ်မနဲ့ယှဉ်ရင် ဖွဲ့နဲ့ ဆန်ကွဲ ချည်းပဲ"

"နေဒွန်း ... ငါတို့ စကားတွေ မင်း စိတ်ကိုးလား"

"ဆိုးစရာလား ... ဆဲရင်တောင် ဆိုးဖူးလို့လား"

"ကြိုက်တော့ မကြိုက်ဘူး မှလား"

"အေး"

"မင်း ထင်ရာလုပ်မှာပဲ မှလား"

"မှန်တယ်"

"နှင်းဆိုတဲ့ နာမည် ... ဘယ်လိုလုပ်မလဲ"

"မှတ်ထား ... လောကကြီးမှာ ပွင့်လင်းခြင်းသည်သာလျှင် အဖြူစင်ဆုံးတဲ့"

"ဖွင့်မေးမှာပေါ့"

"မမေးစေချင်လို့လား"

"ကန့်ကွက်စရာ မရှိပါဘူး"

"ရွှေ့ကြမလား၊ စားလို့ပြီးပြီ မှလား"

"အိမ် ... သိပ်ပြန်ချင်နေတယ်၊ ဟုတ်လား"

"ဒီလိုလည်း မဟုတ်နိုင်ပါဘူးကွာ၊ မင်းတို့ကလည်း"

"ရတယ် ... ပြန်၊ ငါတို့ မင်းကို လှည့်ချပေးခဲ့မယ်၊ မသ
တော့ဘူး၊ နှင်းပြဿနာ ဘယ်လိုရှင်းတယ် ဆိုတာ
သိချင်တယ်"

"ဟေ့ကောင် ... မင်းအပေါ် ရွတ်ချထားတာ မရုပ်သိမ်းသေး
ဘူးနော်"

"ဖြစ်တယ်"

လေးယောက်သား ပြန်လာခဲ့ကြသည်။ ဟိုသုံး
ယောက်သားက နေဒွန်းကို ခြံဝမှာပဲ ချထားခဲ့ကြသည်။ နေဒွန်းက
ခြံထဲသို့ လမ်းလျှောက်၍ ဝင်လာခဲ့တော့သည်။ အိမ်ရှေ့တံခါးနား
အရောက်မှာ ပုရစ်မတို့ ခြံဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်
မိသည်။

သြော် ... ပုရစ်မကိုလည်း မုန့်ကျွေးရဦးမှာလေ

## ၉

"ဩ ... ဒီက စိတ်ကောက်နေတာ၊ သူက မချော့တဲ့အပြင်၊
ပြဿနာတစ်ထုပ် သယ်ဆောင်လာတယ်ပေါ့"

"တိုးတိုးပြောပါ သိင်္ဂီရယ် ... မေမေ ကြားမယ်"

"ကြားကြား"

"သြော် ... ပြောလေ ဆိုးလေ သိင်္ဂီရယ်"

သိင်္ဂီက ဒေါသအမျက် ချောင်းချောင်းထွက် ...
ဆိုသည့် အမူအရာကို ရာနှုန်းပြည့် သရုပ်ဖော်ပြနေ၏။ မျက်နှာ
ကို စူပုပ်ထန်တင်းထားသည်။ မျက်ဝန်းများက ဒေါသဖြင့် ခက်
ထန်နေသည်။ စူစုလုံးလုံး ခပ်ထူထူ နှုတ်ခမ်းတွေကို ရှေ့သို့ထိုး
ထုတ်ထားလည်း အလှမပျက်တာတော့ အံ့သြဖွယ်ပါ။ သိင်္ဂီသည်
တော်တော်လှသော အမျိုးအစားမှာ ပါဝင်၏။ မျက်ခုံး၊ မျက်လုံး၊
နှာတံ၊ နှုတ်ခမ်း၊ အသားရောင်၊ တစ်ခုမှ ပြောစရာမရှိ။ လှ၏။
သူ့အလှက ယဉ်ယဉ်ညက်ညက် ကလေးတော့ မဟုတ်။ စူးရဲ

ဘောက်ပစ္စာလှသော အလှအဖြစ်၏။ အပြင်အဆင်၊ အပြောအဆို နှင့် အနေအထိုင်တို့က အဲသည်အလှ ပေါ်လွင်ဖို့ ပံ့ပိုးကူညီနေ သလို ရှိသည်။ သီဂိုကို ကြည့်ရင်း ပုရစ်မကို သတိရလိုက်သည်။ ပုရစ်မလည်း လှတာပါပဲ။ ပုရစ်မလှပုံက ယဉ်ယဉ်ညက်ညက် ကလေးဟု ဆိုရမည်။ ပုရစ်မ မျက်ခုံးတွေက သီဂိုလောက် မမည်းမထူ၊ သီဂိုက ထူမည်း၍ အပြားကြီးသော မျက်ခုံးကို စိတ်ကြိုက်ပုံသွင်း၍ နုတ်ထား၏။ ပုရစ်မ မျက်ဝန်းကလေးတွေ က ရီဝေညိုမှောင်လျက်ပေမယ့် သီဂိုလောက် မျက်အိမ်မကျယ် ပုရစ်မ၏ မျက်တောင်ရှည် စင်းစင်းတွေကို ဆေးတင်ပြီး ကော့ ထားလျှင် တော်တော်လှမှာဟု ဖျတ်ခနဲ တွေးလိုက်မိသည်။

ပုရစ်မက ဘယ်တော့မျှ မျက်တောင်ကော့ဆေး သုံးလေ့မရှိ၊ မျက်ခုံးမွေးတော့ နည်းနည်းဆွဲသည်။ လှရုံထူသော မျက်ခုံးက အပြားမကြီးပါ၊ ဆေးနည်းနည်း ထပ်တင်လိုက်လည်း သိပ်ကြီးထူမည်း မသွားချေ။ အတိအကျ ပုံဖော်ထားတာမျိုး မဟုတ်ဘဲ သဘာဝ အလှက်လေးလို ရှိ၏။ သီဂိုက မျက်အိမ် ကျယ်သည်။ မျက်တောင်တွေက ခပ်တိုတိုပေမယ့် ကော့၏။ ဆေးကူ၍ ကော့လိုက်သည့် အခါမှာ ကျယ်လှသော မျက်ဝန်း အလှကို ဖွင့်လှစ်ပြသ သကဲ့သို့ ရှိ၏။ နှာတံပေါ်တာချင်း တူတူ မှာ သီဂိုနှာတံက အဖျားမှာ လုံးဝန်းသည်။ လှရုံကလေးပဲမို့ ကြည့်ကောင်း၏။ ပုရစ်မကတော့ အဖျားကျမှ အသားပါးပါးနှင့် နည်းနည်းကလေး ကော့ချွန်တက်သွားသည်။ သီဂို နှုတ်ခမ်းက စုစုလုံးလုံး ထူအမ်းအမ်းကလေး ဖြစ်၍ ပုရစ်မ နှုတ်ခမ်းက ပြေပြေ ပြေပါးပါးကလေး ဖြစ်သည်။



သီဂိုအလှသည် ခေတ်မီခြယ်သခြင်းတို့နှင့် လိုက်ဖက် သည်။ အမြဲလည်း ခြယ်သနေတာပဲဖြစ်၏။ ပုရစ်မက ကျတော့ ခြယ်လွန်းသလွန်းသည် မဟုတ်၊ တော်ရုံအပြင့်အဆင်နှင့် ရိုးရိုး ယဉ်ယဉ်ရှိ၏။ ယှဉ်ကြည့်လိုက်သည့် အခါမှာ သီဂို အလှကတော့ သင်းခနဲ ပေါ်လွင်မှာ ဖြစ်လေ၏။

"ဘာလဲ ... ဘာကြည့်နေတာလဲ၊ အပြိုင်စိတ်ဆိုးပြနေတာ လား၊ ဗ ... နော်၊ သီဂိုတို့က ဂရုစိုက်လိမ့်မယ် မထင်နဲ့၊ အပြစ်မရှိ အပြစ်လာမရှာနဲ့၊ ခေါင်းငုံ့ခံတတ်တဲ့ အစားထဲ ကလည်း မဟုတ်ဘူး၊ ပြော ... ရှင့်သူငယ်ချင်းတွေက ကုန်းတိုက်ချင်လို့ တမင်ပ,ထုတ်သွားတာမှလား၊ နောက်ကို ကျွန်မ မပါဘဲ ... ရှင် အပြင်မထွက်ရ ...

"ဒါကို လက်ခံနိုင်မှ၊ ရှေ့ဆက်ကြမယ်၊ ဒါမှ မဟုတ်ရင်တော့ တာ့တာ ဘိုင်ဘိုင်ပဲ၊ နှုတ်ဆက်ခဲ့ပါတယ် အချစ်ရေပဲ"

သီဂိုက ပြောပြီး၊ သူ့အခန်းထဲ သူဝင်သွားတော့ သည်။ နေ့ခွန်းက ထမင်းစားခန်းထဲသို့ဝင်၍ ရေခဲသေတ္တာဖွင့်ကာ ရေခဲရေ ထုတ်သောက်၏။

"ထမင်းစားမလား သား"

"အစောကြီး ရှိသေးတာ မေမေရယ်၊ ပြီးတော့ ... ကိုကောင်တွေနဲ့ အပြင်က စားခဲ့သေးတယ်"

"သား"

ဒေါ်တင့်တင့်ရီ ခေါ်သံက ထူးခြားနေ၏။

"မေမေ ဘာပြောချင်လို့လဲ"

"ပြောချင်တာက လှသူဇာ အကြောင်းပါ"

နေခွန်းက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ ဒေါ်တင့်တင့်ရီကလည်း ထိုင်၏။

"သူဇာဟာ ... မမေ့ဆီမှာ ညီမလို အဖော်လို လက်အောက်ငယ်သားအဖြစ်နဲ့၊ မမေ့ကို ဦးစားပေးပြီး နေခဲ့ဖူးတာ မမေနဲ့ နှစ်ပေါင်းတော်တော်ကြာကြာ တူတူနေခဲ့ဖူးတာ သားသိတယ်နော်"

"ဟုတ် ... သိပါတယ်မေ"

"မမေ့မှာကလည်း ညီမသားချင်း မရှိတော့ မမေက ချစ်မိတယ်၊ အဲဒီတုန်းက မမေတို့ ငယ်ကြပါသေးတယ် ကလေးကြီး အရွယ်တွေပေါ့၊ ဘာလုပ်တာမှန်းတော မမှတ်မိတော့ဘူး မမေ ဓာတ်လိုက်တယ် ...

"ဓာတ်ကြိုးတွေနားမှာလား၊ မီးပုတိုက်တဲ့ ပလ ပေါက်ကို သံပါတဲ့ပစ္စည်း တစ်ခုခုကို ကိုင်ပြီး သွားထိုး တာလား၊ တကယ့်ကို သေသေချာချာ မမှတ်မိတာ၊ ရုတ် တရက် မမေ ဓာတ်လိုက်သွားတာပဲ မမေ သိတယ် လက်ကို ပြန်ယူလို့ မရဘူး ...

"လှသူဇာကလေ ... မမေ့ကိုကြည့်ပြီး ကျုံးဆွဲတာ အင်္ကျီကိုပဲ ဆွဲမိပြီး၊ မမေ လွတ်သွားတယ်၊ အဲဒီကတည်း က မမေဟာ လှသူဇာ ပေးတဲ့ အသက်ပဲ ရှိတော့တယ်လို့ သားရဲ့ ဘွားဘွားက ခဏခဏ ပြောတယ်၊ သူဇာက မမေ့ကို သူပါရောဖက်ထားရင် နှစ်ယောက်လုံး လိုက်မေ မှာလေ ...



"သိလို့တော့ မဟုတ်ဘူး၊ သူက မမေ့အင်္ကျီကိုပဲ ဆောင့်ဆွဲတော့ သူ့ကို မလိုက်ဘူး၊ မမေကလေ ... ကိုယ်အနိုင်ယူလို့ရတဲ့ လက်အောက်ငယ်သား တစ်ယောက် ရှိနေတဲ့အပေါ် ဗိုလ်ကျတာ ပြောပြမယ် ...

"မမေ ဆိုးခဲ့တာပေါ့၊ မမေ့ကို ဓာတ်လိုက်စဉ်က ခံစားရမှုက ရင်ဘတ်ထဲမှာလည်း ဘယ်လိုကြီးမှန်း မသိဘူး၊ ဝုန်းဆို၊ လက်ကြီးတစ်လျှောက် ကျင်သွားတာ၊ အဲဒါ ... သူဇာ့လည်း ဖြစ်ဖူးစေချင်တယ်၊ ပြီးတော့ ... မမေ့ကို ကယ်တဲ့အတွက် သူဇာကပဲ ကျေးဇူးရှင်လိုလို၊ သားဘွားဘွားက ပြောပြောနေတော့ ...

"မမေကလည်း သူဇာ့ကို ကယ်တဲ့ ကျေးဇူးရှင် ပြန်ဖြစ်ချင်တာပေါ့။ ငယ်ကလည်းငယ်သေးတော့ အန္တရာယ် ဘာညာမတွေးမိဘူး၊ ဆော့ချင်တာရယ်၊ အနိုင်ရချင်တာရယ်၊ ဗိုလ်လုပ်ချင်တာရယ်၊ ဒါပဲသိတယ်၊ မမေက သူဇာ့ကိုခေါ်ပြီး ရေခဲသေတ္တာဘေးမှာ အပိုရှိနေသေးတဲ့ ပလပ်ပေါက်ထဲ ...

"သူဇာ့ကို ဝက်အူလှည့်ကိုင်ပြီး ထိုးကြည့်ခိုင်းလိုက်တယ်"

"ဟာ ... ဘာဖြစ်သွားလဲ မမေ"

"ဓာတ်လိုက်တာပေါ့၊ အဲဒီခါကျတော့ မမေက သူဇာ့ကို ကျုံးမဆွဲရဲတော့ဘဲ ကြောက်နေတာ၊ တော်သေးရဲ့၊ အနားမှာ မေမေရှိတယ်၊ သားရဲ့ဘိုးဘိုးလေ၊ မြင်လည်းမြင်လိုက်လို့၊ မိန်းဆွစ်ကို ပြေးပိတ်လိုက်လို့ပေါ့ ...

"သူ့ဇာ ဆိုတာ မသေရုံတစ်မယ်၊ သေကာနီးဆဲဆဲလေး၊ မေမေ သေမလို ဖြစ်စဉ်က သူ့ဇာက အသက်သခင် ဖြစ်ပေမယ့် သူ့ဇာ သေမလိုဖြစ်တော့ မေမေက မကူညီဘူး ပြီးတော့ ... မေမေ လုပ်နိုင်းလို့ သူ့မှာ ဖြစ်ရတာ၊ မေမေ အဲဒါကို ငယ်ငယ်ကတည်းက စိတ်မကောင်းဖြစ်ခဲ့တာ ...

"အသက်ကြီးလေ ယူကျုံးမရလေပဲ၊ သူ့ဇာဟာ မေမေ့ကြောင့် သေသွားနိုင်တယ်၊ မသေလို့ ကျန်ရစ်တာ သူ့ဇာ့အတွက်ဆိုရင် မေမေက အသက်ကျေးဆပ်တဲ့ အနေနဲ့ ဘာပဲလုပ်ပေးရ လုပ်ပေးရ၊ သိပ်လုပ်ပေးချင်ခဲ့ပေမယ့် သူ့အမေ လာခေါ်သွားပြီးကတည်းက လူချင်းအဆက်ပြတ်သွားတယ် ...

"သူ ပထမအိမ်ထောင်ကျတာလဲ မေမေ မသိပါဘူး"

"ခုက ... နောက်အိမ်ထောင်နဲ့လား"

"ဟုတ်တယ် ... ပထမအိမ်ထောင်နဲ့ကွဲတာ၊ ကလေးတစ်ယောက်နဲ့ အကြာကြီး ဒုက္ခရောက်လိုက်သေးတယ်တဲ့ အားကိုးရာမဲ့ပြီး စားဝတ်နေရေး မပြေလည်လို့ နောက်အိမ်ထောင် ပြုရတယ်တဲ့။ ဒါလည်း ... အခု သိဂိမလာခင်ကလေးတင်ကမှ စာရေးပြီး လှမ်းပြောတာပါ ...

"အဲဒီအခါမှာ သိဂိုကို ပထွေးနဲ့ မထားချင်လို့ မေမေ့ဆီ ပို့ပါရစေ ခွင့်တောင်းတာ၊ မေမေ လက်ခံချင်တာပေါ့ သားရယ်၊ အသက်ကြွေးတောင် ဆပ်ချင်နေတာ မှုလား။ ဒါပေမယ့် ... သူ့သမီး ဝိ‌ဂ်အားငယ်မှာစိုးလို့



ရန်ကုန်မှာ မျက်စိမွှင့်နားမွှင့်၊ သင်တန်းလေး ဘာလေး တက်ချင်လည်းတက် ...

"အလုပ်လုပ်ချင်လည်းလုပ်၊ ဘာပဲဖြစ်ဖြစ် နယ်မှာထက်တော့ အကြားအမြင် ဗဟုသုတ တိုးတာပဲလို့ ပြောပြီး လွှတ်လိုက်ပါရစေလို့ မေမေ့ကို ပြောလာတာ"

"ကျွန်တော်က မေမေ ပြောသလောက်ပဲ သိခဲ့ရတော့ ပထွေး ရတာတွေ ဘာတွေလည်း မသိပါဘူး၊ သင်တန်းတွေ တစ်ခုခုတက်မယ်ဆိုပြီး၊ တက်လည်း မတက်သေးပါလားလို့တော့ ထင်သား"

"သူက ဒီမှာပဲ နေတော့မှာ၊ မေမေက လက်ခံလိုက်တာ"

"အဲဒါ ကောင်းသားပဲ မဟုတ်ဘူးလား မေမေရဲ့"

"မေမေ ပြောမယ် သားရယ် ... သားတို့ချင်း သံယောဇဉ်မဖြစ်ပါစေနဲ့လို့ မေမေ ဆုတောင်းတဲ့ ကြားက ..."

"မေမေ သဘောမတူဘူးလား"

"အကြောင်းတွေမှ အများကြီးပဲ။ ကိုယ့်အိမ်မှာ လာနေတဲ့ မိန်းကလေးကို၊ ကိုယ့်သားက သိမ်းပိုက်လိုက်တယ် ဆိုတာမျိုးဆိုလည်း လူကြားလို့ မကောင်းဘူး"

"ဒီသဘော မဟုတ်ပါဘူး မေမေရယ်"

"ဒီသဘော မဟုတ်တာ မေမေလည်း သိတယ်၊ သူ့ဇာ သိချင်မှ သိမယ်။ သူ့သမီးကလေးကို ပထွေးရန်ကြောက်လို့ ရန်ကုန်ပို့ကာမှ ..."

"ကျွန်တော်က လူဆိုးလား မေမေရယ်"

“ထားတော့ ... မေမေ့မှာ သူဇာသမီးမို့၊ ငြင်းရလည်း အလွန်ခက်နေတယ်။ မေမေ့ အတွက် အသက်သခင်လို ဖြစ်ခဲ့တဲ့သူရဲ့ သမီးကို မေမေက သဘောမတူပါဘူးဆိုရင် မေမေ့လောက် ကျေးဇူးကန်းတဲ့သူ ရှိဦးမလား၊ ခွင့်ပြု ခက်၊ ကန့်ကွက်ရခက်၊ မေမေ့မှာ အခက်ချည်းပဲ”

“မေမေ ပြောသလို ခွင့်ပြုရခက် ဆိုတာကို နားလည်ပါ တယ်၊ ကန့်ကွက်ရခက် ဆိုတာကတော့ မေမေ ကိုယ်တိုင် က ကန့်ကွက်ချင်မှ ခက်မှာ။ မေမေက ကန့်ကွက်ချင်စိတ် ရှိလို့လား”

“စော မျက်နှာကို မေမေ ဘယ်လိုကြည့်ရမလဲ၊ ဝေလေးရဲ့ မျက်နှာကို မေမေ ဘယ်လိုကြည့်ရမလဲ”

“မေမေတို့ စကားပြောထားတာက အတည်မှ မဟုတ်တာ ငယ်ငယ်ကတည်းက မေမေက သားရှင်မို့ နှုတ်ရဲတိုင်း သမီးတောင်းခဲ့တာ၊ ဒါကို အတည်မှတ်လို့ ဘယ်ရမှာ လဲ”

“သမီးရှင်ဘက်က ကျေနပ်ထားတာ သားရဲ့”

“ကာယကံရှင် နှစ်ယောက်လုံးက ရိုးသားနေကြမှတော့ အဲဒီကိစ္စက အကောင်အထည် မပေါ်ပါဘူး”

“သားအပေါ်မှာ ဝေလေးလောက် သည်းခံခွင့်လွှတ်မယ့် အဖော်ဆိုတာ တစ်ဘဝလုံး ဘယ်နေရာလိုက်ရှာရှာ၊ သား မတွေ့နိုင်ဘူး”

“မေမေက ပုရစ်မကို တစ်ဖက်သတ် သိပ်သဘောကျ လို့ပါ၊ အဲဒီ ပုရစ်မကို ခဏမေ့ထားလိုက်လို့ ရတာပဲ”



“ခဏမဟုတ်ဘူး၊ တစ်သက်လုံး မေ့ထားရမယ်ဆိုရင်တောင် မေ့နိုင်တယ်ထား၊ မေမေတို့နဲ့ အခြေခံသဘောသဘာဝ၊ အကျင့်စရိုက် ဘာတစ်ခုမှမတူတဲ့ ဆန့်ကျင်ဘက် မိန်းက လေးတစ်ယောက်ကို မေမေက အိမ်ပေါ်ခေါ်တင်ပြီး တစ် သက်လုံး ကျွေးထားနိုင်ပေမယ့် ချွေးမတော်ဖို့ကျတော့ ...”

ဒေါ်တင့်တင့်ရီက စကားကို ရပ်ပစ်လိုက်သည်။ နေ့ခွန်း စောစောက ရေခဲသေတ္တာဖွင့်၍ ထုတ်ထားသော ရေပုလင်း ကို လှမ်းဆွဲ၍ နေခွန်းက ဖန်ခွက်ထဲယူပေးလိုက်သည်။ ဒေါ်တင့် တင့်ရီက ငုံ့သောက်၏။ သားက အဲဒီလို အလေ့အကျင့်ကောင်း ကလေးတွေ ရှိရှာသည်။ ဟိုမိန်းကလေးနှင့်များ အိမ်ထောင်ကျ လျှင်၊ ခင်ပွန်းစင်စစ် ကောန်ဖြစ်ပါလျက်၊ အိမ်ဦးနတ်ကြီးကချည်း ဒါမျိုးတွေ လုပ်ပေးနေရမှာ မြင်ယောင်ကာ ဒေါ်တင့်တင့်ရီ ရင် လေးလှဘိတော့သည်။

“မေမေ ပြောတာတွေ မှန်ပါတယ်။ ဒါပေမယ့် ... ပတ် ဝန်းကျင် ဆွဲဆောင်မှုဆိုတာ ရှိပါတယ် မေမေ၊ ကျွန်တော် ကလည်း ခုချက်ချင်းကြီး ဘာရယ် ညာရယ် မဟုတ်ပါ ဘူး၊ မေမေ့သား လိမ္မာတာ မေမေ သိပါတယ်”

“သိတာပေါ့ သားရယ်”

“အချိန်ကာလဆိုတဲ့ အတိုင်းအတာ တစ်ခုအတွင်းမှာ သိဂီဟာ မေမေ့ စိတ်ကြိုက်ပုံစံ ဝင်မလာဘူးလို့ ဘယ်သူ ပြောမလဲ မေမေရဲ့။ ပြီးတော့ ... အန်တီသူဇာ ကိုယ်တိုင် က မေမေ့ မိသားစုထဲ ဝင်စေချင်လို့ တမင်ပို့လိုက်တာ မဟုတ်ဘူးလို့ရော ဘယ်သူပြောမလဲ မေမေရဲ့”

ဒေါ်တင့်တင့်ရီက သားလိမ္မာကို ဝင့်ခနဲ ကြည့်၏၊ ပြီးတော့ ... အကြည့်ကိုလွှဲသည်။ သားပြောသည့်အတိုင်းဖြစ်လာခဲ့လျှင်တောင် ... စော မျက်နှာကို ဘယ်လိုကြည့်ရမလဲ ဆိုသည့်ပြဿနာက ပေါ်တိမ်လှသည် မဟုတ်ပါ။ ဒီကိစ္စ ... သားရဲ့ဖေဖေနှင့်တောင် ဆွေးနွေးပြီးပါပြီ။

"ဘယ်လိုလုပ်ကြမလဲ ကိုရေ"

"ဘာလုပ်စရာရှိလဲ၊ ဘာလုပ်လို့ရော ရမှာလဲ၊ သူ့သဘောသူဆောင်တဲ့ကိစ္စ၊ မင်းညီမလှသူဇာ ပြောမှာဆိုမှာကိုတော့ မကြောက်ပါဘူး"

"စောတို့၊ ကိုကျော်မျိုးတို့ ..."

"သူတို့ကလည်း၊ တစ်ခုခုဆို ... အရှက်ခံပြီး ဘာပဲညာပဲ ပြောကြမလားကွ၊ လူကောင်းတွေပဲ၊ အကောင်းဆုံးဖြစ်အောင် ကြည့်နေကြမှာပါ"

"ဒါဆို ... ဘာမှ လုပ်စရာမလိုဘူးလား"

"လိုတယ်ထင်တော့ရော၊ ဘယ်လုပ်လို့ ရမှာမို့လဲ"

"သားကို ... အဖေ အနေနဲ့ ဘာမှ မပြောတော့ဘူးလား"

"ဘာပြောရမလဲ၊ ပြောစရာ ဘာရှိလဲ၊ ဘာပြောလို့ရော ရမှာလဲ၊ ဘာမှလုပ်လို့မရမယ့်ဟာကို၊ ဘာပူနေတာလဲ၊ ဘယ်သူ ဘာပြောမှာကိုမှလည်း တွေးကြောက်မနေနဲ့၊ တင့်သားကိုသာ ပြောထား၊ ဘာမဆို ... အချိန်တန် အခါသင့်မှ ကောင်းတယ် ...



"အချိန်မတန် အခါမသင့်ဘဲ၊ ကမန်းကတန်း မင်္ဂလာထ,ဆောင်ရတာမျိုး မဖြစ်စေနဲ့လို့၊ အဲဒါ ... ကြပ်ကြပ်မှာထား"

"ဒါ ... အမေက ပြောရမယ့် စကားလား၊ အဖေကပြောရမှာ မဟုတ်ဘူးလား"

"ဘယ်သူပြောပြော ဖြစ်တဲ့ကိစ္စ"

"ဒါဆို ... ကို ပြောလိုက်မလား"

"ဘယ်သူပြောပြော ဖြစ်တဲ့ကိစ္စပါဆို၊ ဘာ့အတွက် ကိုယ့်ဘက်လာလှည့်နေရတာလဲ၊ တင့် ပြောလိုက်လည်း ပြီးတာပဲ"

"ကို ပြောလိုက်လည်း ပြီးတာပဲ"

"တင့်ပဲပြော"

"ကိုပြော"

"မပြောချင်ဘူးကွာ ... တော်တော့"

ဘာတွေမှန်းမသိ စိတ်တိုကာ ထအော်ပြီး အနားမှထွက်သွားခဲ့သည့်ဖြစ်ရပ် ... သားကိုပြန်ပြောပြရပါဦးမည်။ စကားသုံးတော့ ရွေးရမည်။ ပြောကြရမှာက အမေနှင့် သား မဟုတ်လား။

"နေပါဦး ... ကိုက၊ သားကို ဒီကောင်မလေးနဲ့ သဘောတူနိုင်လို့လား"

အဖေကြီးနောက်က လိုက်ပြီးတော့လည်း မေးခဲ့ပါသေးသည်။

"ငါသဘောတူတာ မတူတာ၊ ဘာမှ အရေးမပါတော့ဘူး။ မင်းသားက သဘောတူနေပြီ။ မင်းတူမကလည်း သဘောတူနေပြီ။ အစကတည်းက၊ ငွေကြေးလှမ်းထောက်ပံ့လိုက်ပါ လားလို့ တင့်ကို ကိုယ်မပြောခဲ့ဘူးလား။ အဲဒီတုန်းက တော့ ...

"တင့်ပဲ ဆင်ခြေအမျိုးမျိုးကွာ၊ တစ်နေ့ ဒီလိုဖြစ် လာနိုင်တာ တင့် ကြိုမမြင်ဘူးလား"

"ကိုကရော မြင်လို့လား"

"မြင်လို့ ပြောခဲ့တာပေါ့"

"မပြောခဲ့ပါဘူး"

"ဟာကွာ ... တဲ့တိုးကြီး၊ မင်းတူမနဲ့ မင်းသားနဲ့ ကြိုက် သွားရင် ဘယ်လိုလုပ်မလဲလို့တော့ ဘယ်ပြောခဲ့ပါ့မလဲ၊ ပြောလို့ရော ကောင်းမလား၊ ပြောခဲ့ရင် မင်းကစပြီး နာမှာ ....။ မင်း ကြိုက်မှာမဟုတ်ဘူး၊ ကိုယ်ပဲ လူဆိုးဖြစ် မှာ၊ မင်း တွေးခဲ့ဖို့ ကောင်းတာပေါ့"

"တင့်ကတော့ ... မောင်နှမဆိုပြီး"

"သွေးက ဝေးလိုက်တာဗျာ ... တော်တောင် တော်သေးရဲ့ လား မသိ"

"အင်းလေ ... ယောကျ်ားဆိုတဲ့ အမျိုးအစားက နီးစပ်မှု ဒဏ်ကို ဒီလောက်မှ ကြံ့ကြံ့မခံနိုင်မှန်း၊ သိမှမသိဘဲ"

"တော်တော့ ... တော်တော့ ... ကိုယ့်သားကိုယ် မနိုင် တိုင်း ဝါးလုံးရှည်နဲ့ လျှောက်မရမ်းနဲ့၊ ဒေါ်တင့်တင့်ရီ၊ စိတ်ထိန်း၊ စိတ်ထိန်း"



အဲသည်လို အခြေအတင် ပြောခဲ့ကြတာလည်း သားကို ပြောပြရဦးမည် ထင်သည်။

"သားဖေဖေ ကိုယ်တိုင်လည်း၊ ဒီချွေးမလောင်းကို ကြည့်လို့ရလှတယ် မဟုတ်ပါဘူး သားရယ်" ... ဟု ပြောချင် ၏။

ဒေါ်တင့်တင့်ရီက ...

ဖျက်ချင်သည်။ ကန့်ကွက်ချင်သည်။ ကန့်ကွက် ခြင်းကို ဝေးတစ်နေရာမှ လှသူဇာ သိမှာ စိုးရိမ်သည်။ အားနာ ဖက်နာပူသည်။ သူတို့ချင်း ပြဿနာဖြစ်ပြီး ကွဲကြကွာကြတာမျိုး ကမှ ဖျက်နာပူရ သက်သာဦးမည်။ သားပြောသလို၊ ပုံစံပြောင်း အမျိုးကျလာဖို့ ဆိုတာကတော့ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ သလို၊ ရာခိုင်နှုန်း နည်းပါးလှပါ၏။

"ခုက စိတ်ကောက်နေတာလား ... သား"

"ဟုတ်ကဲ့"

"ဘာကြောင့်လဲလို့တော့ မေမေ မမေးဘူး။ ဒါပေမယ့် ... မေမေ စိတ်ကောက်ပြီး ဆောင့်အောင့် အခန်းတံခါးပိတ် သွားလို့ သားဖေဖေ လာချော့မော့တာမျိုး သားတစ်သက် မှာ အနှစ် နှစ်ဆယ်ကျော်အတွင်းမှာ ဘယ်နှခါ တွေ့ဖူးလဲ ပြန်စဉ်းစားကြည့်"

နေဒွန်းက မချိမဲ့နှင့် ပြုံးဖြစ်လိုက်ရသည်။

"မေမေတို့က လူကြီးပေးစားလို့ ယူခဲ့ကြတာ" ... ဟု ပြောချင်၏။

"ကျွန်တော် ကိုယ်တိုင်က ချော့ချင်နေတာ"

ဟု ပြောချင်၏။ သို့ပေမယ့် ... လူကြီးမိဘအပေါ် အရိုအသေ တန်ရာရောက်မှာစိုးစွာ မပြောဖြစ်တော့ပါ။ ချော့လည်းချော့ချ ၏။ စိတ်လည်းပျက်သည်။ နေဒွန်းဗ ... ဆိုတာ ဘယ်တုန်းက ဘယ်သူ့ကို ချော့မော့ဘူးလို့လဲ။

ဟုတ်တယ်နော် ... ပုရစ်မရေ။

## ၁၀

ဗိုလ်ချုပ်ဈေး မုန့်ဆိုင်တန်းမှာ ကျော်ဇေတို့ အုပ်စုကို သီ'ဂီ ... မတွေ့ဘဲ နေပါ့မလား။ သူတို့က ကုပ်ချောင်းချောင်းနှင့် မမြင်ချင်ယောင် ဆောင်သည်မို့ သီ'ဂီက ပိုလို့တောင် အကြိုက်ကျသွားရသေးသည်။ မမြင်ချင်ယောင် မဆောင်ဘဲ လာနှုတ်ဆက်လည်း သီ'ဂီတို့က မမှုပေါင်။ သီ'ဂီ့မှာ ပြောစရာ ဆိုစရာ စကားတွေ၊ ပေးစရာ ဆင်ခြေတွေမှ အများကြီး။ ဒါကို ကျော်ဇေတို့ အုပ်စုက ပြန်တိုင်လို့ နေဒွန်း သိတော့လည်း အရေးမကြီး။ သူများမှ မဟုတ်တာ။ သီ'ဂီပဲ။ ဒီအကြောင်းပြောချင်ရှာလွန်းလို့ တစ်ယောက်တည်း လာဖုံခေါ်သွားရသည့် ကျော်ဇေတို့ အုပ်စုကိုတောင် သနားရချည်သေး။

ဒေါ်တင့်တင့်ရီက သီ'ဂီ့ကို မသိမသာ အကဲခတ်သည်။

သူက ပထွေးနှင့်နေရန် မသင့်တော်၍ ကိုယ့်ဆီမှာ လာရောက်မှီခို၊ ခိုလှုံသူ၊ ဒီအခြေအနေမှာ ကိုယ်သားနှင့် မေတ္တာ

ရှိသွားရသူ၊ သူမနေရာမှာသာ ကိုယ်ဆိုလျှင် အဒေါ်ယောက္ခမလောင်းကို ရှက်အားတွေနှာ မျက်နှာကြီးပူ၊ မနေတတ် မထိုင်တတ် ရှိလိုက်ပါမည့် ဖြစ်ခြင်း။ ခုတော့ … အခြေအနေကြီးက ပြောင်းပြန်။ ကိုယ်ကမနေတတ် မထိုင်တတ်နှင့် မျက်နှာကြီးပူ ရှက်အားတွေများလည်းနှာ၊ သူ့မျက်နှာ စေ့စေ့ကြည့်ဖို့တောင် ခက်ခဲ … ဖြစ်နေရပြီး၊ သူကများဖြင့် နေတတ်လိုက်ပါသည့် ဖြစ်ခြင်း။ သူ့တစ်သက်လုံး နေလာသည့် သူ့အိမ်သူ့ရာမှာ ရဲတင်းနေသလိုကို လွတ်လပ်ပါဘိခြင်း။ ဒီကြားထဲက … ကိုယ့်သားကို သူက စိတ်ကောက်ရန်လုပ်ကာ မခေါ်နိုင် မပြောနိုင်၊ အခန်းတံခါးသော့ပိတ်၍ နေခြင်း၊ ပိုက်ဆံအိတ်တစ်လုံးလွယ်လျက်၊ အဝတ်သစ် အစားသစ်တွေ ဝတ်ပြီး ကြော့မော့အောင် ပြင်ပြီး ထွက်သွားခြင်း။

"အန်တီ … သမီး ဘယ်သွားမလို့" … ဆိုတာလေးတောင် တစ်ခွန်းဟမသွား။ ကိုယ်ကသာ မနေနိုင်စွာ …

"သမီး … ဘယ်လဲ" … ဟု မေးရသည်။

"ဒီလိုပါပဲ အန်တီ၊ ဗိုလ်ချုပ်ဈေး ရောက်ရင် ရောက်မယ်၊ စူပါဝမ်းရောက်ရင် ရောက်မယ်၊ ရန်ကင်းစင်တာတို့ ဂျန်ရှင်အိတ်တို့လည်း ရောက်နိုင်တယ်၊ အခုနောက်ဖွင့်တဲ့ ဗစ်တိုးရီးယားလည်း သွားမလားလို့"

"အဲဒီနေရာတွေ အကုန်လုံး …"

ဒေါ်တွင့်တင့်ရီ ရင်ဖို၍ မေးရ၏။

"အကုန်လုံးတော့ ဘယ်ဟုတ်ပါ့မလဲ အန်တီရဲ့၊ တစ်နေရာ နှစ်နေရာလောက်ပေါ့၊ မဆုံးဖြတ်ရသေးပါဘူး၊ ကက



ပေါ်ရောက်မှ စိတ်ပြောင်းသွားရင်လည်း ပြောင်းတဲ့သဘောပေါ့"

"တစ်ယောက်တည်းကြီး သမီးရယ်၊ သားနေခွန်းကို လိုက်ပို့ခိုင်းပါလား"

"ဟင် … သူနဲ့ သမီးနဲ့မှ မခေါ်တာ၊ အောက်ကျခံပြီး စကားစ,မပြောနိုင်ပါဘူး၊ ရန်ကုန်မြို့မှာ မိန်းကလေးတွေ ဒီလိုပဲ တစ်ယောက်တည်း သွားလာနေကြတာပဲ၊ ကက လည်း စီးနေကြတာပဲဟာ … သမီးကျမှ အဆန်းလုပ်လို့"

"ကက စီးတယ်ဆိုတာ နှစ်ဖက်ပြဿနာရှိတယ်"

"ဘယ်လိုပြဿနာလဲ အန်တီ"

"တစ်ခါတလေကျ … ကကသမားက မသမာဘူး။ မိန်းကလေး တစ်ယောက်တည်း ကားပေါ်ပါလာရင်၊ ခဏကြာတော့ လမ်းဘေးရပ်ပြီး၊ ခရီးကြုံရင် နောက်လူလည်း တစ်ခါတည်း တင်ခဲ့ပါရစေ လုပ်တတ်တယ်။ တကယ် ခရီးသည်အစစ် ဖြစ်ရင်လည်း ဖြစ်နိုင်ပါတယ် …

"တစ်ခါတလေကျတော့ သူ့လူ။ မိန်းမသားလည်း ပါလာတာပဲ မဆိုးပါဘူး မထင်နဲ့။ ယောကျ်ားလူဆိုးတင် ရှိတာမဟုတ်ဘူး၊ မိန်းမလူဆိုးလည်း ရှိတာပဲ။ အဲဒီမိန်းမက မိန်းမချင်းရယ်လို့ ကိုယ့်ဘက်ပါမှာ မဟုတ်ဘူး။ တစ်ခါတလေကျတော့ …

"လူဆိုးက ခရီးသည်ဟန်ဆောင်ပြီး ကားတားစီး၊ ယာဉ်မောင်းကို ပါတဲ့ပိုက်ဆံ၊ ဓားထောက်ပြီးလုတာ၊ ယာဉ်မောင်းက ခရီးသည်ကို ကြောက်ရသလို၊ ခရီးသည်ကလည်း ယာဉ်မောင်းကို ကြောက်ရတာပဲ သမီးရေ့"

"မပူပါနဲ့ အန်တီ ... သမီးက ရှမ်းပြည်မှာ တိုက်ကွ ပြည်နယ်အဆင့် ရှိပါတယ်"

ဩော် ... သမီးရယ်ဟုသာ ညည်းချင်ရတော့သည်

"ပြီးတော့ ... မေမေက ပြောတယ်၊ သမီးကို ရန်ကုန်လွှ ကာနီးမှာ၊ ရန်ကုန်မှာ အတင့်မရဲနဲ့နော်၊ ရန်ကုန် ... အ မှတ်လဲတဲ့။ သမီးဖြင့် အတွေးနဲ့ ကြောက်တောင် ကြော မိပါရဲ့။ တကယ်တမ်းကျတော့ ... ရန်ကုန်က ပျော်စ ကြီး။ သွားလာလည်ပတ်၊ ဝယ်ခြမ်းကြည့်ရှု၊ ပျော်စရာမျိုး ကို စုံနေတာပဲ၊ မေမေ့တောင် အလည်ခေါ်ရဦးမယ် မေမေလည်း ရန်ကုန်မရောက်တာ ကြာပြီ။ ရန်ကုန်ဟာ ဟိုအရင် မေမေ နေခဲ့တုန်းလိုမျိုးမှ မဟုတ်တာ"

ပြောရင်း ဆိုရင်း ဖိနပ်စီးလို့ ပြီးသွားရသည်။ ဒေါက်ဖိနပ်ကြိုးသိုင်းမို့ ဖိနပ်က စွပ်လိုက်ရုံဖြင့် လျှောခနဲ မဝင်ပါ။ ကြိုးသိုင်းကို ဆွဲ၍ ဖနောင့်ဝင်အောင် သွင်းရသေးသည်။ ဖိနပ် စီးလို့ ပြီးသည်နှင့် ... ကြော့မော့စွာ ထွက်သွားတော့သည်။ ဦးမြဒွန်းက ...

"မျက်စိကို နောက်နေတာပဲ" ... တဲ့။

ဒါတောင် သူက အလုပ်မသွားသည့် ရက်ကလေး မှာသာ တွေ့ရတာ၊ ဒေါ်တင့်တင့်ရီလို နေ့တိုင်းတွေ့နေရတာ မဟုတ်သေး။ ဒေါ်တင့်တင့်ရီမှာဖြင့်၊ ဒီအချိုးအချိတ်တွေကို မကြိုက် ပါဘူး ... ဟု ရောက်စက မပြောမိတာကို အကြီးအကျယ် နောင်တရမိတော့သည်။

"မင်းကိုက အပြောအဆို မရှိဘူး"



ဦးမြဒွန်းက ဒေါ်တင့်တင့်ရီကိုချည်း အပြစ်တင်၏။

"ရောက်စတုန်းကတော့၊ ပြောမထွက်ဘူး၊ သူ့ကို ဒီပုံစံ လည်း မထင်မိဘူး၊ သူ့ဇာက ဒီလိုမှ မဟုတ်တာ၊ အင်မ တန် အပိုးကျိုးတာ"

"မင်းတို့အိမ်မှာတုန်းက မဟုတ်လား၊ အခု ကျိုးသေးသလား အဲဒီအပိုး ... ငါ ပြေးတောင်သွားကြည့်လိုက်ချင်သေး"

"သူ့ဇာ့ မျက်နှာ ရှိတယ်လေဆိုပြီး၊ ရောက်ရောက်ချင်းမှာ မပြောမဆိုဖြစ်တာ။ နောက် တဖြည်းဖြည်း ပြောမယ်လည်း စိတ်ကူးရော၊ ကိုယ့်သားရဲ့ ရည်းစား ဖြစ်နေပြီ"

"ဖြစ် ... ဘာဖြစ်လဲ၊ ပိုတောင် ပြောရဦးမယ်၊ ဒါ ... သူ ကောင်းဖို့ ဆုံးမမှာ။ တစ်သက်တာအတွက် အပိုးကျိုး ဣန္ဒြေရှင် မိန်းမသား အဖိုးတန် ဖြစ်အောင် သင်ကြား မှာ"

"အဲဒီအခါကျတော့ ... ယောက္ခမလောင်းက ချွေးမလောင်း ကို ဒါတွေကစပြီး သင်တယ်ဆိုရင် တင်စီးလွန်းရာရောက် သွားရော ကိုရဲ့။ ငါ့သားကို ယူမယ်စိတ်ကူးရင်၊ ဘယ်လို နေမှ ဘယ်လိုထိုင်မှဆိုတဲ့ ပုံစံဝင်သွားရင် မကောင်းပါဘူး၊ တစ်သက်လုံး စိတ်နာစရာ ဖြစ်မယ်"

"နာပစေ"

"မဟုတ်သေးဘူး ကိုရယ် ... တစ်သက်လုံး ကိုယ့်ချွေးမ ဖြစ်ပြီး၊ ကိုယ့်မြေးတွေရဲ့အမေ ဖြစ်လာမယ့် မိန်းကလေးဟာ ကိုယ့်ကို ကြိတ်စိတ်နာနေမယ်ဆိုတဲ့ အဖြစ်ဟာ ကောင်း မလား၊ ကို စဉ်းစားကြည့်ပါ ...

"ကျွန်မလေ ... ဘယ်လိုချွေးမပဲရရ ကိုယ့်ဘက်က ဘာအလွန်မှ မရှိအောင် အရမ်းသတိထားဖို့ ဆုံးဖြတ်ထား တယ်။ ကိုယ့်ချွေးမဟာ ကိုယ့်ကို စိတ်နာမနေစေရဘူး အဲဒီအတွက် ကိုယ့်ဘက်က လိုက်လျောလျှော့ပေါ့ပေးရမှာ မျိုးတွေလုပ်ဖို့ ပြင်ဆင်ထားတယ် ...

"လုပ်ပေးဖို့လည်း ဝန်မလေးပါဘူး၊ ဒီလိုစိတ်ဓာတ် မွေးမြူပြီးမှ ချွေးမလောင်းကို ဘာမလုပ်ပါနဲ့ ညာမလုပ် ပါနဲ့၊ ဘယ်လိုနေပါ ဘယ်လိုထိုင်ပါ ဆိုတာမျိုး မပြော ချင်တော့ဘူး။ ချွေးမနဲ့ တည့်မှလည်း ကိုယ့်သား စိတ်ချမ်း သာမယ်ဆိုတာ သတိထားမှပေါ့ ကိုရယ်"

"မင်းတို့မက အမွေတွေ တစ်ပုံကြီးနဲ့ ကျန်ရစ်တဲ့ မိဘမဲ့ သူဌေးသမီးဖို့ မင်းနဲ့ ငါက သူ့ဆီမှာ မှီခိုနေတဲ့ အထိန်း တော်ကြီးနှစ်ဦးနဲ့ တူနေပြီ။ ဟုတ်ကို မဟုတ်ဘူး၊ မင်းသား ကိုပဲ သတ်ချင်တယ်"

"အဲဒါ ရှင့်သားလည်း ဟုတ်နေသေးတယ်လေ"

"မင်းဗိုက်ထဲက ထွက်တာ"

"အေးပါ ... ထားပါ။ စိတ်တိုင်းမကျတဲ့အခါကျတော့ ကျွန်မ ဗိုက်ထဲကထွက်တာ၊ ချီးကျူးစရာတွေ့ရင် ဦးမြဒွန်း သားပေါ့နော်"

"တော်စမ်းကွာ ... ဘာမဟုတ်တာနဲ့ နေ့တိုင်း တကျက် ကျက် ဖြစ်နေရတာ၊ ဟုတ်ကို မဟုတ်ဘူး"

"ကျွန်မကို တော်ခိုင်းရင်၊ ရှင်လည်း တော်မှဖြစ်မှာပေါ့။ တစ်ဖက်သတ် ပါးစပ်ပိတ်ထားလို့တော့ မရဘူး"



ဦးမြဒွန်း နေရာက ထထွက်သွားမှပဲ ရန်ပွဲက ပြီးသွားသည်။ ဒါကို ... နေဒွန်း မရှိ၍ မသိလိုက်ရပေမယ့် ပြန် ပြောသည့်သူက ပြော၏။ အဲဒါ ... နေဒွန်းက ပုရစ်မဟု ခေါ် သော "ဝေ"။

"နင့်အဖေနဲ့ အမေဟာ ဟိုတုန်းကဆိုရင် ဘာပြဿနာနဲ့မှ ရန်မဖြစ်ဘူး၊ အန်တီကလည်း ဦးဦးကို လေးလေးစားစား၊ ခုလို ပြိုင်ရန်တွေ့ဖို့ဆို ဝေးရော။ ဦးဦးကလည်း အန်တီ့ကို ဘာအပြစ်မှ ပြောစရာမရှိတော့ ကြည် ... လို့။ ခုတစ်လော မှာ မျက်နှာချင်း ဆိုင်လိုက်တိုင်း စကားပြောကို မတည့် ရတာ ဘယ်ကောင်းမလဲ"

"ဖေဖေနဲ့ မေမေနဲ့ ရန်ဖြစ်တာ နင့်ကို ဘယ်သူပြောလဲ"

"အန်တီတင့် ကိုယ်တိုင် လာပြောသွားတာ"

"နင်က ဘာဖို့လို့ နင့်ကိုလာပြီး မေမေက ပြောရတာလဲ"

နေဒွန်း ရိုးရိုးသားသား မေးလိုက်သည့် မေးခွန်းက ...ရင်ကို အမြောက်နှင့် ခွင်းသလောက် ခံစားရပါသည်။ နေဒွန်း ...ာ ဝေ့အပေါ်မှာ ဘယ်လိုသံသယဇဉ်မျိုးမှ မရှိဘူး ထင်ပါရဲ့။ ...မဟုတ် သူ့သံသယဇဉ်က ဖြူစင်လွန်းအား ကြီးသည်မို့ ...ူးရင်းသားရင်း စိတ်ထားကာ အားမနာတော့တာလည်း ဖြစ် ...ပါသည်။

"နှင့်အမေက ငါ့ကို သူ့ဗိုက်ထဲကထွက်တဲ့ သမီးတစ်ယောက် လို သဘောထားတော့၊ ရင်ထဲမှာ ခံစားရတာတွေရှိတိုင်း ငါ့ဆီမှာ ရင်ဖွင့်တာပေါ့"

"အေး ... အဲဒါ ဟုတ်တယ်။ မေမေဟာ နှင့်ကို ငါ့ထက် တောင် ပိုချစ်သေးလား မသိဘူး။ ဒါကြောင့် ပြောတာ ငါက သိကြားမင်းရဲ့သမီးနဲ့ ရည်းစားဖြစ်လာရင်တောင် ငါ့အမေက ချွေးမလောင်းချင်း ယှဉ်ရွေးရရင် နှင့်ကို ရွေးမှာလို့။ နှင်မှနှင်။ နှင်ကလည်း လူကြီးမိဘ မျက်စိကျ လောက်အောင် တော်ပါပေတယ်"

"ဒါ ... ရွဲ့တာလား"

"အတည်ပါကွ၊ ချီးကျူးတာ"

"ကြည်နူးခြင်းတစ်ကြိမ် ဖြစ်ထွန်းဖူးပြီ"

"အေး ... အေး၊ ကြည်နူး"

"နှင့်ကို နောက်ထပ် ပြောစရာတစ်ခု ရှိသေးတယ်"

"ဘာလဲ

"အေးသိဂ်ီဝင်း အမည်ခံ၊ နှင်းလို့ ခေါ်သူရှိတဲ့ မိန်းမ တစ်ယောက်အကြောင်း"

"ရှည်လိုက်တာ၊ သိဂ်ီ့ အကြောင်းဆို ပြီးရော"

"ပြောရမလားလို့ ငါမမေးဘူးနော်၊ ပြောကို ပြောမှာ၊ နှင် သိသင့်တယ်ထင်လို့ကို ပြောမှာ၊ နှင် သိသင့်ရုံ မကပါဘူး လေ။ သိမှကို ဖြစ်မယ်"

"ငါကလည်း သိချင်ပါတယ် ... ရှမ်းပြည်တုန်းက အကြောင်း လား"



"ဟုတ်တယ်"

"ငါသိမှ ဖြစ်မယ်ဆိုပြီး နှင်ပြောကတည်းက သဲတင်း ကောင်းတော့ ဖြစ်မယ် မထင်ဘူး"

"အခု ... သိဂ်ီ ဘယ်မှာလဲ"

"မသိဘူး ... ထွက်သွားတာပဲ၊ ဒီနေ့တော့ မေမေ့ဆီမှာ ကားတောင်းသွားလို့ မေမေက ဒရိုင်ဘာမောင်ဖြိုးနဲ့ လွှတ် ပေးလိုက်ရတယ်၊ ငါက ငါလိုက်ပို့မယ်ဆိုတာ၊ လှည့်တောင် စကားမပြောဘူး၊ ကောက်တုန်း"

"သူက ဘာကိုကောက်တာလဲ"

"သူ့ကို ဗိုလ်ချုပ်ဈေးမှာ ကောင်တစ်ကောင်က နှင်းလို့ ခေါ်တာ၊ အဲဒီကောင်နဲ့ မုန့်ထိုင်စားနေတာ ကျော်ဇေတို့ တွေ့ခဲ့လို့ ငါက မေးမယ်ကြံကာရှိသေး၊ သူကကောက်လို့ မဆုံး၊ ချော့လို့မဆုံး ဖြစ်နေရတာ၊ မပြီးသေးဘူး"

"လူတစ်ယောက်ကို မချော့တတ်ဘူးဆို"

"နှင်မှ ရည်းစားမထားဘူးသေးတာ။ ဘယ်သူ့ကိုမှ မချော့ ချင်ပေမယ့် ကိုယ့်ချစ်သူကိုယ် ချော့ရတဲ့အရသာကျတော့ ချိုတယ်ကွ"

ဩော် ... သူ တော်တော်ချစ်ရှာတာပဲ ... ဟူ၍ ...ဘာပဲ ပွားပေးရတော့ မလိုလိုလေ။

"ဒေါ်လှသူဇာဟာ အိမ်ထောင်ကျပြီး သမီးတစ်ယောက် မွေးပြီး၊ အိမ်ထောင်နဲ့ ကွဲတယ်။ သမီးနာမည်က မြင့်မြင့် အေးတဲ့"

"သိဂ်ီ မဟုတ်ဘူးလား"

“ဖြတ်မမေးနဲ့၊ အစအဆုံး နားထောင်ပြီးမှ မေး”

“ကောင်းပြီလေ”

“ဒုတိယအိမ်တောင်နာမည်က ဦးခင်မောင်ဝင်းတဲ့။ သူ့မှာ သမီးတစ်ယောက် ပါလာတယ်၊ နာမည်က နှင်းသီဂီဝင်း တဲ့”

“အေးသီဂီဝင်း ဘယ်ရောက် ...”

“ဖြတ်မမေးပါနဲ့ဆို”

“ပြီးရော ... ပြော”

“ဦးခင်မောင်ဝင်းနဲ့ ဒေါ်လှသူဇာနဲ့ အိမ်ထောင်ကျတော့ တစ်ဖက်တစ်ယောက်စီ ပါလာတဲ့ သမီးနှစ်ယောက်ဟာ နှင်းသီဂီဝင်းနဲ့ မြင့်မြင့်အေး။ အဲဒီ မြင့်မြင့်အေးကို နာမည်ရိုးလို့ဆိုပြီး ...

“နောက်ပြီး ... အဖေပါနဲ့ အမေပါ၊ သွေးမတော် ညီအစ်မချင်း ချစ်ခင်ရင်းနှီးပါစေတော့ရယ်၊ ပြီးတော့ နောက်ပိုင်း မိတ်ဆွေတွေ အနေနဲ့လည်း ညီအစ်မအရင်း ထင်စေချင်လို့ရယ်၊ မြင့်မြင့်အေးကို နာမည်ပြောင်းတယ်

“အေးသီဂီဝင်း တဲ့။ အဲဒီတော့ ညီအစ်မနှစ်ယောက် ဟာ နှင်းသီဂီဝင်းနဲ့ အေးသီဂီဝင်း ဖြစ်သွားတယ်။ အကြီးကို နှင်းနှင်းလို့ ခေါ်ပြီး အငယ်ကို အေးအေးလို့ ခေါ်တယ်၊ ဘယ်သူ့ကိုမှ သီဂီလို့ မခေါ်ဘူး ...

“နှင်းနှင်းက ကြီးတယ်၊ အေးအေးက ငယ်တယ် အခု ... နင်က သီဂီလို့ ခေါ်နေတဲ့ တစ်ယောက်ဟာ သူ့ကိုယ်သူ အေးသီဂီဝင်း ပါဆိုပြီး လာနေတဲ့ တစ်ယောက်



ဟာ၊ တကယ်တော့ ... ဦးခင်မောင်ဝင်းဘက်က ပါလာတဲ့ သမီး နှင်းသီဂီဝင်း သာလျှင် ဖြစ်တယ်”

နေဒွန်းက ဤစကားကို လန့်ဖြန့်အံ့သြမသွားပါ။ ကြားရတော့မည်ဟု မျှော်လင့်ထားပုံရသည်။ ကျော်ဇေတို့ ကြားခဲ့သည့် စကားရယ်၊ ပုရစ်မ ဒီလောက် အချိုးတွေ နိဒါန်းတွေ လှုပ်နေတာရယ် ပေါင်းစပ်လိုက်သည့် အခါမှာ နိဂုံးချုပ်အနေနှင့် ကြားရမည့် သတင်းက ဤသတင်းပဲ ဖြစ်မည်ဟု ကြိုတင်မျှော်လင့်ပြီးသားပါ။

“သတင်းဆိုတာတော့ သတင်းပေါ့ကွာ ... မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်”

“နင်က မယုံဘူးလား”

“ယုံတာ မယုံတာထက်၊ အဲဒီလို ဖြစ်စရာ ဘာအကြောင်း ရှိလဲလို့ စဉ်းစားစရာ ဖြစ်နေတာ၊ အဖြစ်အပျက်က ရိုးရိုးစင်းစင်းမှ မဟုတ်တာ”

“နင် ... မအံ့သြဖူးလား”

“အံ့တော့ မအံ့သြဘူး၊ ဒါပြောတော့မယ်ဆိုတာ ကြိုသိနေသလိုပဲ”

“အဖြစ်အပျက်က မရိုးစင်းတာတော့ အမှန်ပဲ။ ဒီလိုမရိုးစင်းတဲ့ အကြောင်းတစ်ခုဖြစ်ဖို့ ဖန်တီးတဲ့အကြောင်းတွေလည်း ရှိတယ်။ ပြောပြမယ်”

နေဒွန်းက ပုရစ်မကို ငေးကြည့်ရင်း နားထောင်ဖြစ်၏။ ပုရစ်မသည် တစ်စုံတစ်ယောက်၏ မကောင်းသတင်းတစ်ခုကို ပြောနေရငြား၊ လိုအပ်လို့ ပြောနေသလောက်သာ သူ့မျက်နှာ

ပြင် လှုပ်ရှားသည်။ မကောင်းသတင်းတစ်ခုကို မြိန်ရေယှက်
ဖြန့်ချိနေသည့်ပုံ မပေါ်ပါ။ နားထောင်ရင်းနှင့် ပုရစ်မ သ
ကောင်းတာကို တွေးမိ၏။ ပုရစ်မသည် ကိုယ့်ကို အစ်ကို
မောင်လို သွေးသောက်သူငယ်ချင်းလို တကယ်ချစ်ခင်ရှာသ
အတွက် သံသယဝင်စရာ မရှိပါ။ ပုရစ်မ ကိုယ့်အပေါ် စေတ
ထားတာ သံသယမရှိပါ။ ကောင်းစေချင်လို့ ပြောနေမှန်း ... 
စေတနာကို သဘောပေါက်စွာ နားထောင်နေမိ၏။

ပုရစ်မသာ ကောင်တစ်ကောင်နှင့် ရည်းစားဖြ
လျှင်၊ သူ့အကောင် ... ကောင်းမကောင်း၊ သင့်မသင့်၊ သူ့အ
မေတ္တာစစ်မစစ်၊ ကိုယ့်အလှည့်မှာ ပြန်လည်စုံစမ်းပေးဖို့ တာ
ရှိပြီဟု ခံစားလာရသည်။ "ရုပ်ဆိုးမ"ဟု အမြဲနှိပ်ကွပ်ခေါ်
ခဲ့ပေမယ့် ပုရစ်မ လှတာကို အသိအမှတ် မပြုဘဲ နေလို့မရ
လှသော၊ လိမ္မာသော၊ မိန်းမပီသသော ကိုယ့်သူငယ်ချင်း ပုရ
လေးကို အိမ်ထောင်ရက်သား ကောင်းကောင်းမွန်မွန် ကျစေ
စမ်းပါဘိ။

"ဒီသတင်းတွေ မမှားဘူးနော်၊ နင့်အဖေ ဦးမြဒွန်းက 
အဖေကိုလာပြီး အကူအညီတောင်းလို့၊ ဖေဖေ့ ဦး
ဝမ်းကွဲတစ်ယောက်က တောင်ကြီးမှာနေတယ်၊ က
အောင်ပန်း၊ ဟဲဟိုး၊ တောင်ကြီး၊ ကားဆွဲတယ်၊ နင်သိ
တယ်၊ အဲဒီအဘိုးလေးကို၊ လှမသိတောင် နာမည်လော
တော့ ကြားဖူးမှာပါ ...

"ဖေဖေက ဦးခင်မောင်ဝင်း ခေါ်လှသူဇာ နာမည်
နင်းသီဂီဝင်း၊ အေးသီဂီဝင်း နာမည်နဲ့ အဘိုးလေး



လှမ်းမေးလိုက်တာ၊ အဲဒါတွေ ကြားရတာပဲ၊ ဦးခင်မောင်
ဝင်းက ပိုက်ဆံရှိတယ်တဲ့၊ တောင်ကြီးမှာ လူသိများတယ်
တဲ့"

အဲသည် အဘိုးလေးနာမည်ကို နေဒွန်း ကြားဖူးပါ
သည်။ အိမ်သို့ သီဂီ လာနေတော့မည်ဆိုသည့် သတင်းရောက်
က အဲဒီသတင်း ပုရစ်မတို့အိမ်ရောက်ပြီး၊ ပုရစ်မဘဲ ပြောပြ
တာ ဖြစ်သည်။

"တောင်ကြီးမှာတောင် ငါတို့ အဘိုးလေးတစ်
ယောက် ရှိသေးတယ်" ... တဲ့။

အဘိုးလေး ဆိုသူက လီစယ်လုပ်ကြံ ပြောဆိုဖို့
ရှိပါ။ အဘိုးလေးက မပြောပဲလည်း၊ ပုရစ်မက လီစယ်လုပ်ကြံ
ပြောဆိုလိမ့်မည်ဟု မထင်ပါ။ ပုရစ်မကို အဲဒီလောက်တော့
ယုံကြည်ထင်ကြီးပါသည်။ ဒီသတင်းတွေဟာ ... အမှန်တွေပဲထားပါ။
အမှန်ဟု ယာယီလက်ခံလိုက်ပြီးသည့် အခါမှာ၊ ထိုသတင်းတွေ
သည် ကိုယ်နှင့် သီဂီတို့ ချစ်ကြသည့် အချစ်တစ်ခုကို ဖြိုခွင်း
က်ဆီးဖို့ဝေးလို့၊ ယိုင်နဲ့အောင်တောင် ဖန်တီးနိုင်စွမ်းစရာ မရှိ
။ ရည်းစားထားဖူးတာ ဆန်းသလား။ ကိုယ်ရော ... ထားဖူးခဲ့
ပေါင်း များမှများ။ တချို့ဆို ရည်းစားအစစ်တောင် မဟုတ်။

"ချစ်ပါရစေ" ... ဟု ခွင့်မပန်ဘူး။ "ချစ်ပါတယ်"
ည်သော အဖြေကို မရဖူးပါပဲ၊ သူနှင့် ကိုယ်နှင့် တွဲသွားတွဲလာ၊
ကားအနုအရွကလေးတွေပြော၊ ကျီစယ်၊ မျက်စောင်းတွေထိုး၊
တ်တွေကောက်၊ အထုအရိုက်ကလေးများတောင်ပါသေး၊ အဲဒါ
မျိုးကို "နားလည်မှုသမီးရည်းစားများ"ဟု ကင်ပွန်းတပ်လိုက်သည်။

ဒါမျိုးက ဆုတ်သာတက်သာ ရှိသည်။ အဲဒီကနေမှ ရည်း... အစစ်ကြီးတွေ ဖြစ်သွားကြသူတွေ ရှိသလို၊ သွေးအေးပြီး ဝေး... ကြတော့လည်း၊ လမ်းတွေ့လျှင် နှုတ်ဆက်ခေါ်ပြောမပျက်၊ ... သွားတွဲလာ မလုပ်တော့ဘဲ သူငယ်ချင်းဘဝ ပြန်ရောက်သွား... တာတွေ ရှိသည်။

မိန်းမသားဘက်မှ နစ်နာ၏။ သို့ပေမယ့် ... တခ... မိန်းကလေးတွေက အနစ်နာခံဖို့ သိပ်ဝန်မလေးတာ တွေ့ရသည်... ကိုယ့်ယဉ်ကျေးမှု မဟုတ်၊ နိုင်ငံခြားတိုင်းတစ်ပါး ယဉ်ကျေး... စိမ့်ဝင်ပြီး ဒါမျိုးတွေ ရှိလာရတာ ဖြစ်၏။ ဒါမျိုးတွေထဲ ကို... တိုင် ပီတိဖြင့် ကြည်နူးနစ်ဝင်ခဲ့ဖူး၏။ ကိုယ့်ရည်းစားကလည်း... ဒါမျိုးဆိုတော့၊ ခွင့်ပဲ လွှတ်ရတော့ မလိုလို၊ ခွင့်မလွှတ်ရင်း... ကိုယ်က သဘောထား သေးသိမ်ရာ ရောက်မှာလိုလို၊ ခွင့်လွှတ်... လိုက်လျှင် ကျော်ဇေတို့ သတ်မှတ်စံနှုန်းထဲသို့ ကိုယ်က "ဘွတ်အ... အောင်၍ ငုံ့ဝင်ရမှာလိုလို။ ရင်ထဲမှာ နည်းနည်းပါးပါးတော့ ဒေး... လံသည်။ သို့ပေမယ့် ... ဆတ်ဆတ်ခါ သည်းသည်းလှုပ်တော့... လည်း မဖြစ်မိချေ။

ဘာကြောင့်လဲ။

ကိုယ်ကပဲ သဘောထား ကြီးတတ်လွန်းသူလား... ကိုယ်ဟာ သိပ်ကြီးတော့ သဘောမကောင်းလှဘူး ထင်သည်... စိတ်လည်း မပုပ်စပ်၊ သာမန်ထက်တော့ နည်းနည်းလေး ပိုကောင်း... မလားမသိ၊ သို့ပေမယ့် ... သဘောကောင်း မနောကောင်းနှ... သည်းခံခြင်းအပြည့် ပြီးသူတော့ မဟုတ်ချေ။ ဒါဆို ... ဘာတွေ... ဖြစ်ခဲ့ ဖြစ်ခဲ့။ သိဂ်ို့ အပေါ် ချစ်မိသည့် အချစ်ထုထည်က ကြီး...



...လွန်းသည်မို့၊ မကောင်းကျော်စော သတင်းတွေက အချစ်ကို ...ရောင်မဆိုးနိုင်၊ မထိပါးနိုင် ဖြစ်တာလား။ ချစ်လွန်းစိတ်ဖြင့်၊ ...ချစ်စိတ်ဖြင့် အရာရာကို ကျော်လွှားသွားနိုင်တာလား။ ကိုယ်က ...ဘော်ကောင်းကြီး မဟုတ်ဘူးဆိုလျှင်တော့။ သိဂ်ို့ကို ချစ်လွန်းလို့ ဖြစ်ပါလိမ့်မည်။

"ဇ ... ရေ"

သိဂ်ို ဘယ်တုန်းက ပြန်ရောက်လာသည် မသိပါ။ ...စ်ခြံနှင့်တစ်ခြံ ကူးသန်းဖို့ ဖောက်ထားသည့် လူတစ်ကိုယ်စာ ...ါးလေးနားသို့ ရောက်လာသည်။ အဲဒီနေရာမှနေ ကြည့်လျှင် ...ဘို့ နေဒွန်းတို့ ထိုင်နေကြသော၊ ပေါ်တီကိုအောက်မှ ဒန်းကို ...ရပါသည်။ နေဒွန်းနှင့် ဝေက ဒန်းပေါ်မှာ ယှဉ်ထိုင်နေကြ ...သည်။ ဒီလိုမျိုး ထိုင်လေ့ရှိတာ ခုမှမဟုတ်၊ လွန်ခဲ့သည့်နှစ်ပေါင်း ...ဆယ်၊ လမ်းလျှောက်တတ်ကာစကတည်းက ဖြစ်၏။

"ခေါ်လို့ပါလား"

ဝေက နေဒွန်းကို ပြောလိုက်၏။

"သွားမယ် ... သူ ပြန်ခေါ်နေပြီ၊ ငါက အတင်းလိုက်ခေါ်တာတော့င် ထူးတာမဟုတ်ဘူး၊ ခုလာစခေါ်တာ ဘာဖြစ်လို့လဲ မသိဘူး၊ နင်နဲ့ ငါနဲ့ကို သဝန်တိုပြီး မရှုစိမ့်လို့ ဖြစ်မယ်၊ အဲဒါသာဆို ... နင့်ဆီ ခဏခဏလာပြီး တွဲထိုင်ပြမှပဲ၊ သွားမယ်"

နေဒွန်းတို့များ သွက်လက်လိုက်ပါသည့် ဖြစ်ခြင်း ...ယ်။

## ၁၁

ဝေတို့ခြံမှာ ဒန်းရှိသလို၊ နေဒွန်းတို့ ခြံမှာလည်း ဒန်းရှိ၏။ ခြံကျယ်လျှင် ဒန်းထားကြသလားဟုတောင် မေးရမည် ဖြစ်၏။ ဤသို့လည်း မဟုတ်ပြန်ချေ။ တချို့ဆို တိုက်ခန်းကျဉ်း ကျဉ်း၊ ဝရန်တာကျဉ်းကျဉ်းလေးမှာပေမယ့်လည်း ဒန်းကလေးတစ် ချချင် ချထားတတ်တာ တွေ့ရသည်။ ကိုယ့်ချစ်သူက ကိုယ့်ပ ကိုမှီပြီး ချစ်သောစကားတွေ ပြောဆိုနေချိန်မှာ၊ ဒန်းအကြောင်းက မဆီမဆိုင် ခေါင်းထဲရောက်နေတာ၊ နေဒွန်း အံ့သြရပါ၏။ သိ က ဒန်းပေါ်မှာ နေဒွန်းနှင့် ယှဉ်တွဲ၍ ထိုင်နေ၏။ နေဒွန်းဘက် သို့ ယိုင်ကာ ပခုံးကို မှီထားသည်။ ချစ်သူကို မှီနွဲ့နေတာ နေဒွန်း ကြည်နူးပါသည်။ သို့ပေမယ့် ... မေမေ မြင်မှာလား တွေး အားနာနေမိ၏။

"သားတို့က ချစ်သူတွေလည်းဖြစ်၊ တစ်အိမ်တည်းလည်း တူတူနေခွင့် ရနေတော့၊ အစစ ဆင်ခြင်ပါ သားရယ်



မဖြစ်သင့်တာတွေ မဖြစ်စေချင်ဘူး၊ အထူးသဖြင့်မှာ သားက အိမ်ရှင်လည်းဖြစ်၊ ယောကျ်ားလေးလည်းဖြစ်တော့ ပိုပြီး ဆင်ခြင်ရမယ်" ... တဲ့။

မေမေ့ ပြောစကားကိုတော့ နေဒွန်း အမြဲနားထောင် ာ့ရှိသည်။

အဲ ... ပုရစ်မကိုကြိုက်ဖို့ တစ်ခုကလွဲလျှင်ပေါ့လေ။ မေက ပုရစ်မနှင့် အရမ်းသဘောတူပေမယ့် ကိုယ်နှင့် ပုရစ်မ က သူငယ်ချင်းလည်းမက၊ မောင်နှမရင်းလည်းမကျ ဆိုသ ာက် ချစ်ခင်ရိုးသား နေကြသူတွေမို့၊ မေမေ့စကားကို ဒီတစ်ခု ာ့ ပယ်ရှားမိပါသည်။

"သိဂီ ... လူကြီးတွေ မျက်စိနောက်မယ်" ... ဟု ပြောချင်၏။ ပြောရမှာ အားနာနေသည်။ သိဂီသည် အေးသိဂီဝင်း လည်း သွေးဝေးလွန်းသောကြောင့် ချစ်လို့ဖြစ်၏။ အေးသိဂီဝင်း ဟုတ်တော့ဘဲ နှင်းသိဂီဝင်း ဖြစ်နေတော့ရော၊ ဘာဖြစ်သေးလဲ၊ ာမျှမတော်စပ်ဘူး ဆိုတော့ ပိုလို့တောင် ကောင်းသေး၏။ တစ်ခုတော့ ရှိသည်ပေါ့လေ။ နှင်းသိဂီဝင်း ဆိုလည်း နှင်းသိဂီဝင်း ဖြစ် ရိုးသားစွာ ရောက်ရှိလာလျှင်တော့ ပိုကောင်းသည် ဟုတ်လား။

"ဗ ... သိဂီက စိတ်ကောက်နေတာ၊ သိဂီ ဆိုးအလှည့်ကို ယူထားတာ၊ ဒီက မနေနိုင်လို့ ပြန်ခေါ်တာကို သူက တစ် ပြန် စိတ်ဆိုးနေတာလား"

သိဂီက နေဒွန်းကို တွန်းလိုက်၏။ နေဒွန်းက သိဂီကို ပြုံး၍ ပြန်ကြည့်သည်။

"မဆိုးပါဘူး၊ ဘာလို့ ဆိုးရမှာလဲ။ ဒီလိုပဲ တောင်တွေ မြောက်တွေး လျှောက်တွေးနေတာပါ။ ပြီးတော့ မေမေလည်း အိမ်ပေါ်မှာ ရှိနေတော့ အမြင်မတော်မှာ စိုးလို့"

သီဂီက ဖွေ့ခနဲ ခုန်၍ လူချင်းခွာ၏။

"ပြောရက်လိုက်တာ ဗရယ်၊ သီဂီက ချစ်လို့ပါ"

"ကိုယ်လည်း ချစ်တာပဲလေ။ ပြောရက်တာ မဟုတ်ပါဘူး"

"အန်တီတို့က သီဂီ့ကို အရမ်းမျက်စိနောက်မှာပဲနော်၊ ဘယ်ရှုထောင့်ကမှ ကြည့်လို့ရမှာ မဟုတ်ဘူး၊ သီဂီကတော့ အဒေါ်ဆိုပေမယ့် အမေရင်းလိုပဲ ချစ်တယ်"

နေဒွန်း ဘာပြန်ပြောရမှန်းမသိ ဖြစ်ရတော့သည်။ သီဂီဟာ "နှင်းသီဂီဝင်း"ဆိုတာ ခုလောက်ဆို၊ ဖေဖေ သိပြီးမှ တော့ မေမေလည်း သိလောက်ပြီးပြီ။

"ဗ သူငယ်ချင်း ကျော်ဇေတို့ ဝင်းမွန်တို့ ဂုံးတိုက်ထားလို့ မှလား"

"မတိုက်ပါဘူး၊ ဒီကောင်တွေ စိတ်ဓာတ်ကောင်းပါတယ်"

"သူတို့ကို သီဂီ တွေ့သားပဲ၊ တမင် နှုတ်မဆက်ကာ၊ သူတို့က မမြင်ချင်ယောင် ဆောင်နေတော့ သီဂီက တကူးတက သွားနှုတ်ဆက်ပြန်ရင်၊ ကိုယ့်ဘက်က မလုံ လဲရာ ကျတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဒါပေါ့"

"အဲဒါကြောင့် သီဂီကလည်း မမြင်တော့ဘူးပဲပေါ့"

"အင်းပေါ့"



"အဲဒီကောင်က ... သီဂီက သူ့ကို ဒီကောင် ဟိုကောင် သုံးတာ ရိုင်းလို့ မဟုတ်ဘူးနော်၊ သီဂီတို့က ငယ်သူငယ် ချင်းတွေ၊ လေးဘက်သွားကတည်းက တစ်မြို့တည်း အိမ် နီးနားချင်းတွေ၊ မမျှော်လင့်ဘဲ ရန်ကုန်မှာ လာတွေ့တော့ ဘယ်လောက် ပျော်ရလဲ၊ ဗ ... စဉ်းစားကြည့်"

နေဒွန်းက ခေါင်းညိတ်၏။ သီဂီ့ကို ကြည့်သည်။

...သော မိန်းကလေးအဖြစ် သတ်မှတ်သည်။ အတွေးက ပုရစ်မ ...သို့ ရောက်ပြန်သည်။ သီဂီဟာ ပုရစ်မထက် ပိုလှတာ အမှန်ပဲ ...တော အတွေး ဝင်ပြန်၏။

"ကြည့်လေ ... စိတ်လည်း မဝင်စားဘူး၊ ဒါပေါ့နဲ့ အင်း ပေါ့ပဲ ပြောတယ်၊ သီဂီ့ကို စိတ်ဆိုးနေတုန်း မှလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် စကားတွေ အများကြီး ပြောပါလား၊ ဖွယ် ဖွယ်ရာရာ"

"အင်း ... ပြောမယ်၊ အဲဒီကောင်က သီဂီ့ကို နှင်းလို့ ခေါ် တယ်ဆို"

သီဂီ့ မျက်နှာ ကွက်ခနဲ ပျက်တော့သည်။

"ဘယ်က နှင်းရမှာလဲ။ သယ်ရင်းလို့ ခေါ်တာ။ သိတယ် မှလည်း၊ သူငယ်ချင်းလေ။ သူငယ်ချင်းကို သယ်ရင်းလို့ ခေါ်တာ မြန်သွားတော့ ... သင်း ... လို့ ဖြစ်တာ၊ သူများ တွေက၊ ဟိုတုန်းကလေ ...

"ကြားတဲ့သူတွေက၊ နှင့်ကို ဘာဖြစ်လို့ ဒီကောင်က သင်း ... လို့ ခေါ်တာလဲလို့ပဲ မေးပါတယ်။ ဘယ်သူမှ

နှင်း ... လို့ မကြားပါဘူး၊ ကျော်ဇေတို့ကို နဖါချေးထုတယ် နှင်း ကြားစရာလား "

"သီဂီဟာ အေးသီဂီဝင်း မဟုတ်ဘဲ၊ နှင်းသီဂီဝင်း ဆိုလည်း ကိုယ်က ပိုတောင်သဘောကျသေးတယ်"

"ကြည့် ... ဖြစ်စရာလား"

သီဂီက နေဒွန်း ကျောကို အုန်းခနဲ ထု၏။

"သီဂီက ဘာဖြစ်လို့ နှင်းသီဂီဝင်း ဖြစ်ရမှာလဲ"

"ဘာလို့ မဖြစ်ရမှာလဲ"

"ဗ ... သီဂီ့ကို ဘာတွေ အထင်လွဲနေလဲ"

"မလွဲရပါလား"

"သီဂီဟာ အေးသီဂီဝင်းပဲ၊ နှင်းသီဂီဝင်း လုံးဝမဟုတ်ဘူး၊ နဖာချေးထုတဲ့ သူတွေက နှင်းလို့ ကြားလာရုံ တစ်ချက်တည်းနဲ့ ဗက အထင်လွဲရက်တယ်"

"ဖြစ်လည်းရတယ်လို့ ကိုယ်ပြောတာ"

"မရနဲ့၊ မဖြစ်ဘူး၊ မဟုတ်ဘူး"

"ပြီးရော"

"စိတ်တိုသံကြီးနဲ့"

"ခါတိုင်းလည်း ဒီလိုပဲ၊ ဒါ ... ပုံမှန်"

"ဟုတ်ကို မဟုတ်ဘူး၊ ကဲ ... ဟုတ်တယ်၊ ဖြစ်တယ် ... သီဂီဟာ အေးသီဂီဝင်း မဟုတ်ဘူး၊ နှင်းသီဂီဝင်း ဟုတ်တယ် ... ကဲ ... ဘာဖြစ်သေးလဲ"

"နှင်းသီဂီဝင်း ဆိုရင် ဦးသက်အောင် ဆိုတဲ့လူကို သံယောဇဉ်ကုန်ဖို့ပဲ လိုပါတယ်"



"ဗ ..."

သီဂီက မြေကြီးပေါ်သို့ ဆင်းထိုင်လိုက်သည်။ နေဒွန်း ဒူးနှစ်ဖက်မှာ မျက်နှာကပ်သည်။ ကိုယ်ကလေး သိမ့်သိမ့်ခါသည်မို့ သီဂီ ငိုနေပြီဟု ထင်ရပါ၏။

ဦးသက်အောင်သည် မြန်မာလူမျိုးဖြစ်၏။ ရန်ကုန်ဇာတိဖြစ်၏။ ရှမ်းပြည်တစ်ခွင်သို့ တစ်ခါတလေမှ ရောက်လာဘတ်သူဖြစ်သည်။ နောက်ပိုင်းမှာ အလာစိပ်သည်။ ရှမ်းပြည်တစ်ဝိုက်တွင် တောင်ကြီးကို အကြိုက်ဆုံးဟု ဆို၏။ တောင်ကြီးမှာ တစ်ခါနေ နှစ်လ သုံးလ ကြာသည်။ နောက်ပိုင်း ဆက်တိုက်နေသွားတာကျတော့ ကိုးလတိတိ။

"အရမ်းချမ်းသာတယ်"

ဘယ်သူစလွှင့်မှန်း မသိသော သတင်းစကားက တောင်ကြီးတစ်မြို့လုံး လူကုံထံအလွှာမှာ ရေပန်းစားသည်။

"ဘယ်သူပြောတာလဲ"

အရင်းအမြစ်ကို လိုက်လို့မရငြား၊ ဦးသက်အောင်ချမ်းသာတာက မျက်မြင်။ ရန်ကုန်မှ တိုက်ရိုက်မောင်းယူလာသော လင်ခရူဇာစစ်ဂနပ်စ်ကားက တစ်စီး၊ တိုယိုတာမဂျက်စတာက တစ်စီး၊ နှစ်စီးလုံး၏ နံပါတ်မှာ ၅ခ/တွေ ဖြစ်နေလိုက်သေးသည်။

သူ့ဇာတ်ရဲ့ အဝိုင်ဝယ်လိုက်သည်ဆိုသော ခြံက တောင်ကြီးတစ်မြို့ထဲမှာ အကျယ်ဆုံးလို့ ပြောရမှာလား မသိ၊ သူနေသောတိုက်က ကျောက်ဖြူနန်းတော်ကြီးလား ထင်ရအောင် ခမ်းနားသည်။ သူ ပိုက်ဆံသုံးပုံက ...

"ငွေတွင်းကို မော်တာတပ်ပြီး ပိုက်နဲ့မှုတ်ထုတ်နေသလား မှတ်ရတယ်" ... တဲ့။

ဧည့်ခံပွဲတွေ အမြဲလိုလိုလုပ်သည်။ မြို့မိမြို့ဖ လူကုံထံတွေ ဖိတ်သည်။ ပျော်ပွဲရွှင်ပွဲတွေ သူ့ခြံကျယ်ထဲမှာ လုပ်သည်။ မည်သူမဆို ကြွရောက်နိုင်သည် ... တဲ့။ အိမ်ရှင်မ ပါမလာ။ တပည့်တပန်း မိသားစု တစ်ခုနှင့် လူလွတ်တပည့်တွေ၊ စုစုပေါင်း ဆယ်ယောက်လောက်နှင့် ခမ်းနားစွာနေသည်။ ဘာအလုပ်မှ မလုပ်။ ပိုက်ဆံတွေ တွင်းထဲက နှိုက်ထုတ်သုံးလေသလား။ သမီးရှင်တွေ မျက်စိကျ၏။ မိန်းမသားတချို့ ... ကိုယ်တိုင်သဘောကျ၏။

"လေးဆယ်နီးပါး ရှိရောပေါ့"

"ရှိလောက်ပြီ။ ပြည့်ချင်တောင် ပြည့်မယ်"

"လူပျိုကြီးလား"

"ရရစ်နဲ့လည်း ပြုံနေနိုင်တာပဲ"

"တစ်ခုလပ်တော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့၊ ဒီစည်းစိမ်ပေါ်ကနေ ဘယ်မိန်းမမှ ခုန်ချသွားမှာ မဟုတ်လို့"

"မုဆိုးဖိုလည်း ဖြစ်နိုင်တာပဲ"

"လောလောဆယ် မိန်းမ မရှိတာရော သေချာရဲ့လား"



မိန်းမတောမှာ ပြောစရာ အရေးကြီးခေါင်းစဉ်က ဦးသက်အောင် အကြောင်းပဲ ဖြစ်၏။ မိန်းမသားများ၊ သမီးရှင်များ၏ ဦးနှောက်တွင် ဂဏန်းပေါင်းစက်တွေ ကွန့်မြူးစွာ ဦးသက်အောင်သည် မိုးကျရွှေကိုယ် ဖြစ်ခဲ့၏။

"ကျွန်တော့်မှာ စီးပွားရေးလုပ်ငန်းတွေပေါ့လေ၊ တစ်ခုနဲ့တစ်ခု မတူပါဘူး၊ သီးခြားခေါင်းစဉ်တွေနဲ့ လုပ်နေတာ ငါးခုရှိပါတယ်၊ တော်တော်လည်း ခေါင်းစားပါတယ်၊ အားလုံးဟာ ရန်ကုန်မှာချည်းပါပဲ၊ တစ်နှစ် ... တစ်နှစ်၊ ဒီလိုမှ လာမနားရင် ကျွန်တော့်ဦးနှောက် ... ဘယ်ခံနိုင်ပါမလဲ"

သူ့ဧည့်ခံပွဲတွေမှာ သူ ပြောပြ၍ သူ့အကြောင်းကို သိကြရသည်။

"ကျွန်တော်က အစကတည်းက လူပျော်၊ ပျော်ပျော်နေတတ်ခဲ့လို့လည်း ဒီလုပ်ငန်းတွေ ဦးစီးနိုင်တာ၊ ကျွန်တော့်လုပ်ငန်းတွေထဲက တစ်ခုဟာ ဆောက်လုပ်ရေးလေ။ ဆောက်လုပ်ရေးတွေ ဘိုင်းဘိုင်းလဲတော့ သိန်းကို ထောင်နဲ့ချီပြီး နစ်နာတာ ...

"ရူးတဲ့သူတောင် ရှိတယ်၊ ကျွန်တော်ကတော့ ရယ်နေလိုက်တယ်၊ လူတွေက ကျွန်တော် ရူးသွားပြီတောင် ထင်တာ။ ကောင်းတယ်၊ ကောင်းတယ်၊ ဒီလုပ်ငန်းတစ်ခုထဲ လူတွေပြုံတိုး၊ ဆောက်လုပ်ရေး ... ဆောက်လုပ်ရေးနဲ့၊ များများတတ်နိုင်တဲ့လူက ကြီးကြီးဆောက် ...

"နည်းနည်းတတ်နိုင်တဲ့သူက သေးသေးဆောက် အိမ်ပေါက်စလေးတစ်လုံး ပိုင်ရင်တောင် ဖြိုချပြီး ကန်ထရိုက် တိုက် ဆောက်ရမှ လူဖြစ်ကျိုးနပ်တယ် ထင်ကုန်ကြတာ တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ ဗေဒင်မေးဖို့ လိုမလား … ဆိုပြီး ကျွန်တော်ကတော့ ရယ်ပဲနေလိုက်တယ် …

"တစ်ခုတော့ ရှိတာပေါ့လေ၊ ကျွန်တော်က လိုင်း မတူတဲ့ စီးပွားရေးလုပ်ငန်း ငါးမျိုးကို ကိုင်ထားတော့ တစ်လိုင်းကကျလည်း တစ်လိုင်းက ထူမတ်နေနိုင်တယ် သူများနဲ့စာတော့ ခံသာတာပေါ့၊ ကျွန်တော် … လုပ်လည်း လုပ်တယ်၊ နားလည်း နားတယ်၊ ပျော်ပျော်လည်း နေ တယ် …

"ကျွန်တော်က ပူတာကို မကြိုက်ဘူး၊ သီချင်းတောင် သီချင်းအေးပဲ နားထောင်တာ၊ ရန်ကုန်မှာ အလုပ်ရှိလို့သာ နေရတာ ရာသီဥတုကို နည်းနည်းမှ မကြိုက်ဘူး၊ ကျွန်တော် လေ … ပြောလို့ပြောတာ မဟုတ်ဘူး …

"ပြင်ဦးလွင်ကို လူကြိုက်များတယ်နော်၊ ပန်းတွေ ပွင့်လွန်းလို့ ပန်းမြို့တော်တောင် ခေါ်တာ၊ ကျွန်တော် အကြိုက်ကြီး မဟုတ်ဘူး၊ တချို့က … ကလောကို ကြိုက် တယ်၊ မြို့ကလေးလှလို့၊ မှန်ပါတယ် … ကလောဟာ ချစ် စရာကောင်းပါတယ်၊ ဒါပေမယ့် … ကလောလည်း ကျွန် တော်အကြိုက်ကြီး မဟုတ်ဘူး …

"ဟောဒီ တောင်ကြီးမြို့ကတော့၊ တကယ့်ကို မောင် ကြီးမပြန်နိုင်တယ်ပဲ ခင်ဗျာ … မြို့ပြရဲ့ အရသာလည်း



ခံစားနိုင်တယ်၊ ကျေးလက်လိုလည်း ငြိမ်းချမ်းဟယ်၊ ရာသီ ဥတုကလည်း ကျွန်တော့်အကြိုက်၊ မြန်မာပြည်တစ်ပြည် လုံးမှာ၊ ကျွန်တော် … တောင်ကြီး အကြိုက်ဆုံးပဲ …

"ဒါကြောင့်၊ လာ … လာနားတာ၊ ကျွန်တော် အသက်ခြောက်ဆယ်ပြည့်ရင်၊ ဘာစီးပွားရေးမှ မလုပ်တော့ ဘူး၊ ထိုင်စားတော့မယ်၊ အဲဒီအခါကျရင် တောင်ကြီးမှာပဲ နေတော့မယ်၊ ခုတော့ … ရန်ကုန်ကို အလုပ်ရှိလို့ ပြန်၊ ပြန်နေရတယ်၊ မပျော်ပါဘူးဗျာ …

"ဘယ်လောက် အဲကွန်း တပ်ထား တပ်ထား၊ သဘာဝ လေအေးလေးရသလိုတော့ ဘယ်ကြည်လင်ပါ့ မလဲ၊ ကားထဲမှာ အဲကွန်းဖွင့်စီးလည်း အေးတော့အေးပါ ရဲ့၊ အသက်ရှုကျပ်တယ်၊ မှန်းသလိုပဲ။ ကျွန်တော်က လွတ်လပ်မှုကိုလည်း သိပ်ကြိုက်တာ …

"ရန်ကုန်ရဲ့ နွေရာသီမှာ အဲယားကွန်းမှ မကယ်ရင် ငရဲကျသလိုပါပဲဗျာ၊ အဲကွန်းကယ်လည်း၊ ကယ် … ကယ် ပါပဲ။ အတုဟာ အစစ်ကိုတော့ ဘယ်မီနိုင်ပါ့မလဲ" … တဲ့။

သူ့အိမ်သို့ အကြောင်းမရှိ အကြောင်းရှာ … ပုဝင် လူထွက် များကြပါသည်။ အဲသည်ထဲမှာ နှင်းလည်း ပါခဲ့ သည်။

ဦးသက်အောင်က နှင်းကို သိမ်မွေ့စွာ၊ ယဉ်ကျေးစွာ လူကြီးလူကောင်း ပီသစွာ ချစ်ရေးဆိုခဲ့ပါ၏။

"ကျွန်တော် ... နှင်းကို မေတ္တာရှိပါတယ်" ... တဲ့။

မည်သည့်အရွယ်နှင့်မဆို၊ သူ့ကိုယ်သူ "ကျွန်တော်" ပြောတတ်ကျင့်ကတော့ ဦးသက်အောင်၏ စိတ်ပျို့မှုပဲ ဖြစ်၏။

"နှင်းက မိန်းကလေးမို့ စဉ်းစားပါ၊ ကျွန်တော် စောင့်နိုင်ပါတယ်" ... တဲ့။

အဲသည် "ကျွန်တော်"က စောင့်နိုင်ပေမယ့်၊ နှင်းက မစောင့်စေခဲ့ပါ။ နှင်းသည် မဆွတ်မီက ညွှတ်ချင်နေသူဖြစ်၏။ နှင်းက အမြင့်ကိုလည်း မှန်းသည်။ လက်ရှိစည်းစိမ်ဥစ္စာမှာ တင်းတိမ်ရောင့်ရဲနေနိုင်သူ မဟုတ်ချေ။

"မိန်းကလေး တစ်ယောက်ကို၊ ကျွန်တော် စောင့်နိုင်ပါတယ်လို့ ပြောခြင်းဟာ အဲဒီမိန်းကလေးကို စော်ကားရာ ရောက်တယ်ဆိုတာ ဦးသက် သိရဲ့လား"

"ဘယ်လိုပါလိမ့် နှင်းရယ် ... ကျွန်တော် နားမလည်ဘူး ဖြစ်နိုင်တာကတော့ ကျွန်တော် ဒိတ်အောက်သွားပြီထင် တယ်၊ လူငယ်တွေကို လိုက်မမီတော့တာလည်း ဖြစ်နိုင် တယ်"

"ဦးသက်က နှင်းကို မေတ္တာရှိတယ်လို့ ပြောတယ်လေ"



"ကျွန်တော် ဘဝနဲ့ရင်းတဲ့ စကားပါ"

"ဘယ်သူက မယုံဘူး ပြောလို့လဲ"

"နှင်းယုံလား"

"ထားပါ ... အဲဒီလိုပြောပြီးရင်၊ ဦးသက်က နှင်းကို မေတ္တာရှိပါတယ်လို့ ပြောပြီးရင်၊ နှင်းရဲ့သဘောထားကို လည်း ပြန်မေးရမှာပေါ့။ မမေးခြင်းဟာ ရိုင်းတယ်ပေါ့"

"မေးချင်ပါပြီလား နှင်းရဲ့၊ ကျွန်တော်က လူကြီးဆို တော့ ..."

"လူကြီးဆိုလည်း ရည်းစားမထားနဲ့ပေါ့"

"ဒါတော့ ... လူကြီးလည်း နှလုံးသားက ခံစားတတ်လို့"

နှင်း ပစ်ခတ်ထိုးကြိတ်လိုက်သည့် မျက်စောင်းလက် ...က ဦးသက်အောင်ကို အထိနာစေပါ၏။ ဦးသက်အောင် ကျ ...ေ့သည်။

"သိပ်ချစ်တာပဲ နှင်းရယ်၊ ချစ်ဖို့ကောင်းလိုက်တာ၊ ကိုယ့်ကို ချစ်လား"

"အဲဒီလို မေးပါလား"

"မမေးရက်လို့"

"မမေးရက်ရင်လည်း ... လဲသေ"

"ခုမှတော့ ဘယ်သူသေချင်ဦးမှာလဲ၊ ချစ်တယ်ပြောမလို့ မဟုတ်လား နှင်း"

"ကြွသိနေတာကြီးကို မှန်းတာ"

"မစောင့်ရတော့ဘူးပေါ့"

"ဘယ်သူက စောင့်ခိုင်းလို့လဲ၊ သိပ်စောင့်ချင်နေလား။ သိပ်စောင့်ချင်နေရင် ဘိုးဘွားရိပ်သာမှာ သွားစောင့်၊ နှင်းက ခင်ပွန်းနဲ့ သားသမီးနဲ့ အလှူလာလုပ်မယ်"

"လုံး၀ ... လုံး၀ မစောင့်တော့ဘူး"

နှင်း ... ဦးသက်အောင်ကို ချစ်၏။ ဦးသက်အောင်ကလည်း ချစ်ပုံရပါသည်။ ဦးသက်အောင်သည် မိုးကျရွှေကိုယ်လိုမို့ အများသူငါ မျက်နှာသာပေးကြသည့် နည်းတူထဲမှာ နှင်းလည်း ပါခဲ့တာပေမယ့်၊ တကယ်တမ်း ချစ်သူတွေ ဖြစ်ပြီးကြသည့်အခါမှာ၊ နှင်းက နှစ်နှစ်ကာကာ ချစ်မိသည်။

"နှင်းရဲ့ တစ်သက်တာမှာ အချစ်ဆုံးပါပဲ ဦးသက်ရယ်"

"အချစ်ဆုံး ဆိုတော့ ... နှိုင်းယှဉ်စရာတွေ ရှိခဲ့တယ်ပေါ့"

"ဦးသက်မှာကျတော့ မရှိလို့လား၊ မရှိဘူးလို့ ညာမလို့လား"

"ဒီအရွယ်ရောက်ပြီလေ နှင်းရဲ့၊ အမြီးမပေါက်ဘဲနေပါ့မလား၊ ပြောပြ ... နှင်းရဲ့ အရင်ချစ်သူတွေ အကြောင်း"

"ပြောစရာ သိပ်တော့လည်း မရှိလှပါဘူး၊ နှင်းက ပျော်ပျော်နေတတ်တယ်။ အဲဒီတစ်ခု ဦးသက်နဲ့ တူတယ်။ မရှိလည်း မပူဘူး၊ ရှိလည်း မပူဘူး၊ လောကကြီးကို ပျော်စရာရှုထောင့်ကကြည့်တယ်။ လောကကြီးမှာ ဘာမဆို ဆန့်ကျင်ဖက်တွေ ဒွန်တွဲနေကြတာ မှလား ဦးသက်ရဲ့"

"ဟုတ်ပါ့ ...ဦးသက်က မေးလ်(Male)၊ နှင်းက ဖီးမေးလ်(Female)၊ ဆန့်ကျင်ဘက်နှစ်ခု ဒွန်တွဲနေကြပါသည်"



နှင်းက ... သွား ... ဟုပြောကာ ဦးသက် ရင်ဘတ် းတော့ အဲသည် စုံတွန်းလက်နှစ်ဖက်ကို ဦးသက်က

လောကကြီးမှာ ပျော်စရာတွေရှိသလို ငိုစရာတွေလည်း များကြီးပေါ့။ နှင်းကတော့ ပျော်စရာတွေချည်း ရွေးထုတ် းခွဲလိုက်တယ်။ ငိုစရာတွေကို ဝေးဝေးတွန်းထားတယ်။ ဒီတော့ အချစ်မှာလည်း မျက်ရည်မကျစတမ်းပဲ။ အားလုံး မှာ ဦးသက်ကို အချစ်ဆုံးဆိုရင် မကျေနပ်သေးဘူး ား"

ကျေနပ်တယ်"

င်းရဲ့ ထိန်းသိမ်းစောင့်ရှောက်အပ်သော မိန်းမသားတန်ဖိုး မိန်းမသားဂုဏ်ရည်ကို ယင်ဖို မနားစေရအောင် ထိန်း မ်းထားတယ်၊ မကျေနပ်သေးဘူးလား"

"သိပ်ကျေနပ်တယ်"

"းသက်ရော ... နှင်းလို ထိန်းခဲ့နိုင်ရဲ့လား"

"ညာပြောရရင် ကျွန်တော် ထိန်းသိမ်းခဲ့ပါတယ် ခင်ဗျာ"

နှင်းက တခစ်ခစ် ရယ်နေလိုက်သည်။ နှင်းဆိုသော များတွေ ခွင့်လွှတ်ချင်မှ လွှတ်နိုင်ကောင်းမှာမျိုးပေမယ့် လွှတ်နိုင်သည်။

"းသက်ကိုလေ ... အစကတော့ မိနားစရာ အရိပ်ကောင်း စ်ခုအဖြစ်နဲ့ ကိုးကွယ်ခဲ့တာပဲ၊ ဒါပေမယ့် ... ခုတော့ သည်၊ နှင်းရဲ့ နှလုံးသားမှာ အချစ်စစ်စစ်တစ်ခု ဖြစ်ထန်း ဦးသက်ရယ်၊ နှင်းကို မထားခဲ့ပါနဲ့"

"ကိုယ်လည်း တူတူပဲ။ ကိုယ် နှင်းကို ချစ်ခဲ့တာ ကြင်နာတာ သံယောဇဉ်ဖြစ်တာက စတယ်၊ ခုတော့ နှင်း ပြောတဲ့ အချစ်စစ်စစ် ဖြစ်ထွန်းပြီး ရင်ထဲမှာ တယ်။ စူးနစ်တယ်၊ နက်ရှိုင်းတယ်။ ကိုယ့်ကိုလည်း သွားပါနဲ့"

"နှင်းတို့ ဘယ်တော့ လက်ထပ်ကြမလဲဟင်"

"ကိုယ်က အရွယ်ရောက်တာထက် ပိုပြီးလွန်တော နေပါပြီ၊ ဒါပေမယ့် ... နှင်းက ငယ်သေးတယ်၊ နှင်း အိမ်ထောင်ရေး ဆိုတာလေ၊ ကိုယ်ပြောမယ်၊ နှင်းကတော့ ထင်လဲ၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြမယ်၊ ပြည့်စုံတဲ့ စီးပွားရေးရှိမယ်၊ ဒါဆိုရင် ... လုံလော ပြည့်စုံပြီလို့ ထင်လား၊ ဘဝဆိုတာ မမျှော်လင့်တဲ့ အ ကျည်ဆန်ကိုလည်း တွေးထားရတယ် ...

"လောကဓံကလည်း ချိုးချိုးကိုက်ခိုက်တတ်တယ် မသိနားမလည်တာတွေ အများကြီးရှိသေးတယ်၊ တာ နှင်း ထင်ထားသလောက် မချောမွေ့ဘူး၊ ဆူး ဘာတွေ၊ ကြည့်ရှောင်စရာတွေ ရှိတယ်။ အိမ်ထော ဆိုတာ ဘယ်လောက်ပဲ သာယာသာယာ ...

"အိမ်ထောင်ဒုက္ခဆိုတာ ရှိကိုရှိတယ်၊ သာယာ မြေပြီး၊ ပြည့်စုံတဲ့ အိမ်ထောင်မှာလည်း၊ ဝတ်ဖို့မပူ ဖို့မပူရသည့်တိုင်၊ အိမ်ထောင့်တာဝန်၊ အိမ်ထောင် တာ ရှိကိုရှိတယ်၊ အဲဒီဒုက္ခတွေ တာဝန်တွေက ခေါင်းပေါ်မှာ ပိစေတော့ရယ်လို့ ...



"ပုံချပေးလိုက်ရမှာ နှင်းကို သနားနေတယ်၊ ကိုယ် ပြောတာတွေ နှင်း နားလည်မယ် မထင်ဘူး၊ တကယ်တမ်း အိမ်ထောင်ရှင် ဖြစ်လာမှ သိမှာ၊ ကိုယ် ... နှင်းကို ချစ် လွန်းလို့ ချစ်ရမှာ သနားနေတာ နှင်း နားလည်မယ် မထင်ဘူး"

နှင်း တကယ် နားမလည်ခဲ့ပါ။ ချစ်လွန်းလို့ ချစ်ရ နားခြင်းဆိုသည့် ခံစားမှုကို နှင်း မကြားဖူးပါ။ မခံစား နှင်းက ချစ်သူနှင့် ချစ်သည်ဆိုလျှင် ချစ်ဖို့အတွက် ကို မသနားပါ။

"ပြီးတော့ ... ကိုယ်လည်း ရန်ကုန်က အလုပ်တွေကို ပစ် ထားခဲ့တာ ကြာပြီဆိုတော့ ပြန်ရဦးမယ်"

"ဦးသက် ရန်ကုန်မပြန်ခင် လက်ထပ်ဖြစ်ရင်၊ နှင်း ရန်ကုန်ကို လိုက်ခဲ့လို့ ရတာပဲ"

နှင်းက ရက်ဇောလေးဖြင့် ပြောရှာ၏။ ဦးသက်အောင် ်းခါသည်။

"နှင်းကို လက်မထပ်ဘူးလား။ ဒါဆို အပျော်လား"

"ဘာဖြစ်လို့ ရိုင်းတဲ့စကားလုံးတွေ၊ နှင်း နှုတ်ခမ်းလှလှ လေးက ထွက်ချင်ရတာလဲ။ လက်ထပ်မှာပေါ့။ ဘာဖြစ်လို့ လက်မထပ်ရမှာလဲ။ အပျော်ဆိုတဲ့ စကားကို မပြောနဲ့။ ကိုယ်ဒီလောက် အောက်တန်းမကျဘူး ...

"တခြားလူဆိုရင် ဒီလောက် အောက်တန်းကျချင် ကျမယ်၊ နှင်းနဲ့မို့လို့ ကိုယ် အောက်တန်းမကျဘူး"

"ဒါဆို ... ရန်ကုန်က ပြန်လာမှလား၊ ဒီတစ်ခေါ်
ပြီးရင် ပြန်လာမှာလား"

"နှင်း ... အသက်နှစ်ဆယ့်ငါးနှစ်ပြည့်မှ"

"အဲဒါဆို ... ဦးသက် အဘိုးကြီးဖြစ်ပြီ"

"ဖြစ်ပစေ ... နှင်းကို စတင်ချစ်ခွင့်တောင်းတဲ့နေ့
ခဲ့တဲ့ စကားကို မမှတ်မိဘူးလား။ ကိုယ်စောင့်နိုင်
ကိုယ် စောင့်နိုင်ပါတယ် နှင်းရယ်"

"ဒါပေမယ့် ... နှင်းက ဦးသက်ကို မစောင့်ခိုင်း
တာလည်း မမေ့နဲ့လေ"

"အဲဒီတုန်းက မစောင့်ခဲ့ရတဲ့အတွက်၊ ခုစောင့်မယ်
ရှည်မယ်၊ နှင်းကို သစ္စာရှိရှိ ချစ်နေမယ်"

နှင်း နားဝင်မချိုပါ။ ဦးသက် စကား
ဇွလည်ကြောင်ပတ်နိုင်၏။

"ဦးသက် ... နှင်းကို လှည့်စားပြီလားဟင်"

ဦးသက် ခေါင်းခါ၏။ မြိန့်မြိန့်ကလေး ပြုံး
ဒါ ... သူ့အကျင့်ပဲ ဖြစ်၏။ ဦးသက် ပြုံးလျှင် အလွန်
ပါလေသည်။



"ဦးသက်အောင်နှင့် နှင်းသီဂီဝင်း" ... ဆိုသော ယှဉ်တွဲနာမည်သည် မိန်းမပျိုလောကနှင့် သမီးရှင်လောကမှာ ပြောစရာ အကြောင်းအရာကြီးတစ်ခု ဖြစ်ထွန်းခဲ့တော့သည်။

"နှင်းတော့ ထိပေါက်တာပဲ၊ ပထမဆုချည်း ... ဆယ်ကြိမ်တိတိ ဆက်တိုက်ပေါက်ရင်တောင် ဒီလောက်ကုသိုလ်မကောင်းနိုင်ဘူး၊ တွဲသွားတွဲလာတဲ့ အခါမှာ ... ဦးသက်အောင်က တယုတယနဲ့ တော်တော်ချစ်ပုံရသား"

ပင်ကိုယ်စိတ်ကောင်းသူ တချို့က မုဒိတာပွားကြသည်။

"ချစ်ပုံရတာ မဟုတ်ပါဘူး။ ချစ်ပုံပြတာပါ"

တချို့က ဝေဖန်၏။

"ဘာကွာလဲ"

"ဒီလောက်မှ နားမလည်ရင် မြို့ပြင်ထွက်ပြီး တောင်စောင်းတွေပေါ်က သွားခုန်ချ"

"ဒီလူကြီးရဲ့ ကိုယ်ရေးရာဇဝင် ပျောက်နေတာ ခက်တယ်နော်။ လူပျိုမှန်းမသိ၊ လူအိုမှန်းမသိ"

"တရားဝင် လက်ထပ်ဇနီး မရှိရင်တောင်၊ ပုဆိုးဖိုလျှင်သော်လည်းကောင်း၊ တစ်ခုလပ်လျှင်သော်လည်းကောင်း၊ ဖြစ်မှာပေါ့။ ယပင့်နဲ့တော့ အယ်လိုမှ မပျိုနိုင်တော့ဘူး၊ ရရစ်နဲ့တော့ ပြီချင်ပြီမယ်"

ဝေဖန်သူတွေ ကိုယ်တိုင် ဦးသက်အောင်ကသာ ကမ်းလှမ်းလာခဲ့လျှင် လက်ခံဖို့အတွက် ရစ်ဝဲခဲ့ကြဖူးသူချည်းပါ။

"အတည်ယူမယ် မထင်ဘူး"

"သိပ်သေချာတာပေါ့"

"တို့ တောင်ကြီးမှာ ဦးသက်အောင် ပေါ်လာတာ နှစ်,နှစ် မပြည့်သေးဘူးနော်၊ ရန်ကုန် ပြန်နေတဲ့ရက်ကို နုတ်ရင် တောင်ကြီးမှာ နေတဲ့ရက်က ဘယ်လောက်မှ ရှိတာမဟုတ်ဘူး"

"ပဝါပါးနဲ့ ကြက်သားထုပ်ရသလိုပဲ"

"နှင်းသီဂီဝင်းလည်း လည်လွန်းတဲ့ဘီးဆိုတော့၊ မကြာခင် ချေးသင့်ဖို့ရှိတယ်"

"သူကလည်း မြို့မျက်စိနောက် မျောက်မူးလဲထဲကဆိုတော့ ..."

"သူ့ကိုဆိုရင် မပေါင်းရ၊ ဟိုဟိုဒီဒီ တွဲသွားတွဲလာ မလုပ်ရလို့တောင် တို့အမေက တားထားတာ"

"ကျုပ်အမေလည်း တူတူပဲ၊ ရှင့်အမေကမှ တားရုံတားတာ။ ကျုပ်အမေဆိုရင် အမိန့်။ အမိန့်ပဲ။ နှင်းသီဂီဝင်းနဲ့ မပေါင်းရ"

"သူ့အဖေက ပိုက်ဆံရှိတော့ လူတွေက မျက်စိနောက်ပေမယ့် မေးပြောခေါ်ထူး လုပ်နေရတာပါကွာ"

"တကယ်လို့ ဦးသက်အောင်သာ လူကောင်းဆိုရင် နှင်းသီဂီဝင်းနဲ့ မတန်ဘူး"



"နှင်းသီဂီဝင်းက လူကောင်းဆိုရင်လည်း ဦးသက်အောင်နဲ့ တန်မှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဦးသက်အောင်ဟာ မျက်စိမှိတ်ပြီး ယုံကြည်ထားထိုက်တဲ့ သူဖြစ်ကို မဖြစ်နိုင်ဘူး"

ဝေဖန်စကားတွေက နှင်းထံသို့ ပြန်ရောက်၏။ အကျိုးလို သလိုလိုနှင့်၊ သိစေချင်၍ ပြန်ပို့သော ကိုယ်တိုင်အပြော က်၍ အငှားစကားများ ဆွဲသုံးခြင်းဖြစ်သော နည်းမျိုးနှင့် ပြန်ပြောလာခြင်းတည်း။

"အဲဒီမျက်စိမှိတ်ယုံထားလို့ မရဘူးပြောတဲ့ မိန်းမတွေပဲ မျက်စိမှိတ်ပြီး အနားကပ်ခဲ့ကြတာ မဟုတ်ဘူးလား၊ သူတို့ အမေတွေကရော၊ မောင်သက်အောင် ... မောင်သက်အောင်နဲ့ အလကားနေရင်း ထမင်းဖိတ်ကျွေးခဲ့တာ မဟုတ်ဘူးလား"

"ကျုပ်က သူငယ်ချင်းမို့ မခံချင်လို့ ပြန်ပြောတာ။ ရှင့်ကိုလည်း အကောင်းပြောတာ မဟုတ်ဘူး၊ သိရဲ့လား"

"သူတို့ အစ်ကိုတွေ မောင်တွေက ကျုပ်ဆီမှာ ကြွေကြသလေ။ ဒါ ... ကျုပ်အပြစ်လား။ အားလုံးတော့လည်း ပြန်မကြိုက်နိုင်ဘူး၊ ပြန်ကြိုက်ရင်လည်း သူတို့ပဲ ပြောကြဦးမယ်။ ကျုပ်ကြိုက်ချင်တဲ့သူ ရွေးကြိုက်တာပေါ့၊ ဒီကြားထဲက စိတ်ချင်း သဘောချင်း မတိုက်ဆိုင်တော့လဲ ...

"လင်မယားရယ်လို့ ဖြစ်ပြီးမှတောင် ဆက်ပေါင်းလို့ မရရင် ကွဲကြသေးတာ၊ ခွဲရသေးတာ၊ ရည်းစားဘဝမှာတင် စိတ်ပျက်စရာ ဖြစ်လာတော့ ဘယ်သူကဆက်ပြီး တွဲနေနိုင်

ပါမလဲ။ ပြီးတော့ ... လူဆိုတာ အဖော်လိုတယ်
တစ်ဦးတည်း တစ်ယောက်တည်း နေလို့ရတဲ့ အမျိုးအ
မှ မဟုတ်တာ ...

"ကိုယ်ရွေးထားတဲ့ လက်တွဲဖော်နဲ့ အဆင်မ
တော့လည်း နောက်ထပ်လက်တွဲဖော် ရှာရတာပဲ"

"အဲဒီနောက်ထပ်နဲ့ရော အဆင်ပြေရဲ့လား"

"ပြေချင်မှ ပြေမှာပေါ့၊ ပြေချင်လည်း ပြေမှာပဲ၊ ကျုပ်
မပြေခဲ့ဘူး။ မပြေတာ များတယ်။ မပြေတော့လည်း
တဲ့ အလျှောက်"

"မြန်မာမိန်းကလေးတွေရဲ့ စိတ်ဓာတ်မဟုတ်ဘူးတဲ့။
စိတ်ဓာတ်က ဘိုဆန်လွန်းတယ်တဲ့"

"မြန်မာမိန်းကလေး စိတ်ဓာတ်က ဘာလဲ"

"ရည်းစားဆိုတာ မထားခင်က သေချာစဉ်းစား၊ သေ
ရွေး၊ ဦးနောက်သုံး၊ ကိုယ်လက်ထပ်နိုင်မယ်ထင်တဲ့ သူ
မှ ရည်းစားအဖြစ်လက်ခံ၊ လက်မခံခင်မှာ သူနဲ့ ကိုယ်
မတိုက်ဆိုင်တဲ့ သဘောထားတွေ ညှိဦး၊ ရည်းစားရယ်
ဖြစ်ပြီးရင်လည်း အကြာကြီး အချိန်မဆွဲနဲ့တော့ ...

"လက်ထပ်။ ပြီးရင် ... ဒါဟာ ကိုယ့်ဘဝပဲ၊ ဒီအ
ထောင် ဒီမိသားစုထဲမှာ သေတပန် သက်တစ်ဆုံး
တော့"

"ပျင်းစရာကြီး။ နောက်ဘဝထိတိုင် ငှက်ဖြစ်ရင် တစ်ကို
တည်း နားပါရစေလို့ ဆုတောင်းရဦးမှာလား"

"တောင်းကြတာပဲ"



"သံသရာမှာ ကျင်လည်သရွေ့၊ သူနဲ့ကိုယ်နဲ့ ဘဝဆက်တိုင်း
ဆုံတွေ့ပါရစေပေါ့။ ဟုတ်လား"

"အင်းလေ ... တကယ်ချစ်ရင် ဆုတောင်းကြတာပဲ"

"ဟော့ ... နှင်းသင်္ဂီဝင်းတို့က၊ ဒီဘဝမှာ သေလုအောင်
ချစ်တဲ့သူနဲ့တောင် နောက်ဘဝမှာ မတွေ့ချင်ဘူး၊ ဘယ့်
နှယ် ... ဒီဘဝ ဒီလူ၊ နောက်ဘဝ နောက်လူပေါ့"

"အဲဒါကြောင့် ... ရှင့်ကို ပြောကြတာ"

"ပြောပစေ ... သူတို့ ကျုပ်ကို ဝေဖန်တယ်ဆိုတာ စိတ်
ဝင်စားလို့ သူတို့စကားထဲ ထည့်ပြောကြတာ၊ သူတို့ရဲ့
ဝိုင်းဝန်း စိတ်ဝင်စားခြင်း ခံရတာ၊ ကျုပ်က သူတို့ထက်
မြင့်လို့ ...

"ကျုပ်ဆို ... အားလုံးကို ကျုပ်အောက်ကလူတွေ
ချည်း သဘောထားလို့ တစ်ခါမှ ငုံ့မကြည့်ဘူး။ ဘယ်သူ့
ကိုမှလည်း စိတ်မဝင်စားဘူး၊ ဘယ်သူ့အကြောင်းမှလည်း
စကားထဲ ထည့်မပြောဘူး၊ မဝေဖန်ဘူး၊ ဘယ်သူရည်းစား
နဲ့ကွဲကွဲ ... ကျုပ်အလုပ် မဟုတ်ဘူး"

"အဲဒါ ... ရှင့်အလုပ်တဲ့"

"ဘာဆိုင်လို့လဲ"

"သူတို့ ရည်းစားတွေနဲ့ ကွဲရတာ ရှင့်ကြောင့်တဲ့"

"ဟာ ... ဟ"

နှင်းက ခေါင်းမော့၍ ပေါ့သွမ်းစွာ ရယ်၏။

"အဲဒါ မှန်တယ်။ နိဒါန်းက အစ်ကိုတွေ မောင်တွေ
ပြဲသနားက လာတယ်။ သူတို့ အစ်ကိုတွေ မောင်တွေက

ကျုပ်ကို ကြိုက်ကြရော၊ သဘောမတူပါဘူးတွေ၊ ဘာဘာ ညာညာ သာရကာတွေ ဖြစ်ကြရော ...

"သဘောမတူဘူးဆိုတဲ့ သူကိုမှ ကျုပ်က ရွေးပြီး လက်ခံလိုက်တာ။ ရွဲ့တာ"

"ပြီးတော့ ... ရှင်က ခွဲသွားတာ"

"အသည်းကွဲကြစမ်းပစေလို့။ သူတို့သဘောမတူဘူးဆိုလို့ ကို လက်ခံခဲ့တာဆိုတော့၊ ဘယ်မှာ အကြာကြီး တွဲချင်ပါ့ မလဲကွာ။ အဲဒါကြောင့် ဖြုတ်ချခဲ့တာ။ အဲဒီတော့ ပြော ကြပြန်ရော ...

"အဲဒီတော့ ... တစ်ခါ၊ သူတို့ရည်းစားတွေရှေ့မှာ လမ်းသလား ပြလိုက်တယ်၊ အဲဒီကောင်တွေကမှ သူတို့ အပေါ် မခိုင်မြဲတာ။ ကျုပ်နောက်ကို ပါလာစရာ မရှိဘဲ ပါလာတော့ ကျုပ် အပြစ်လား"

"ရှင် ... နာမည် ပျက်တာပေါ့"

"အဲဒါလောက်ကို ဂရုစိုက်နေရင် နှင်းသီဂီဝင်း ဆိုတဲ့ နာမည်ကို ယူမထားဘူး"

"တချို့က ပြောတယ် ... ရှင်က အမေမရှိလို့တဲ့၊ ရှင့် မိထွေးက ရှင့်ကို မဆုံးမလို့တဲ့"

"အဲဒီလို တားမြစ်ကန့်ကွက်ချက်တွေ မပေးလို့လည်း ဒီ မိထွေးနဲ့တည့်တာ။ လာကြည့်ပါလား ... ပွဲကြမ်းပြလိုက် မယ်"

"ရှင် ဘာဖြစ်ဖြစ် သူ့အပူ မပါဘူးတဲ့။ ရှင်ပျက်စီးလေ သူက သဘောကျလေတဲ့"



"ဘယ်သဘောပဲထားထား၊ ကျုပ်ကို ဘာမှမပြောဘူး၊ ပိုက်ဆံတောင်းရင် ပေးတယ်၊ ကျုပ်က အဲဒီမိထွေးမျိုးပဲ ကြိုက်တယ်"

"သူ့သမီးကျတော့ သူထိန်းထားလိုက်တာ ဗိုင်းကောင်း ကျောက်ပိ"

"ပြားကပ်ကြီး ဖြစ်နေရောပေါ့၊ အသက်ရှူရကျပ်တယ်၊ ဘာအမိန့်နဲ့မှ လာမဖိနဲ့"

"ဦးခင်မောင်ဝင်း၊ ဒေါ်လှသူဇာရဲ့ သမီးနှစ်ယောက်မှာ အငယ်မလေးကျတော့ ချီးမွမ်းကြတယ်"

"ကျုပ်ကို ကဲ့ရဲ့ကြသလား၊ သူတို့ ပါးစပ်အားပြီး အချိန် ပိုလို့ ဖြစ်ပါလိမ့်မယ်"

"ဦးသက်အောင်က ရှင့်ကို မယူပါဘူးတဲ့"

"ဘယ်သူက ပြောလဲ"

"ပြောနေကြတာပဲ"

"ပြန်ပြောလိုက်။ ရှေ့လထဲ ဖိတ်စာမဝေနိုင်ရင် ကျုပ်မျက် နှာကို တံတွေးနဲ့ လာထွေးကြလို့"

"အေး ... ပြောလိုက်မယ်။ တကယ် မဝေနိုင်လို့ တကယ် လာထွေးကြရင် ဘယ့်နှယ်လုပ်မလဲ"

"ဟော့ ... ရှင်က ကျုပ်လူလား၊ သူများလူလား။ ကိုယ့်လူ သူ့ဘက်သားလား။ သူ့လူ ကိုယ့်ဘက်သားလား။ သေချာ တာကတော့ ... ရှင်ကိုယ်တိုင် ပြောချင်တာတွေကို၊ အကျိုးလိုလို့ သတင်းပြန်ပို့သလိုလိုနဲ့၊ ရှင့်စကားတွေကို သူများစကားလုပ်ပြီး လာပြောနေတာ မှလား"

"ကျုပ် ဒီလောက် မပုပ်စပ်ဘူး"

"မပုပ်စပ်ရင် ပါးစပ်ပိတ်ပြီး တောပြန်"

"ကျုပ်နေတာ တောမဟုတ်ဘူး၊ ရှင့်လောက်တော့ နေနိုင်တာပဲ"

"မနေနိုင်လို့ ဒီနေရာထိ ရောက်လာပြီး ပါးစပ်ပုပ်စပ်နေတာပေါ့။ သွားတိုက်ဆေး မဝယ်နိုင်ရင်ပြော၊ လှူလိုက်မယ်၊ အတင်းပြောပြီး အာပုပ်မခံနဲ့"

"နင်ကလား ... ငါ့ကို"

"ဟုတ်တယ် ... ဘာလုပ်ချင်လဲ၊ တိုက်ကွမ်ဒို ပြည်နယ်အဆင့်။ ဘယ်သူ့မှ မတရား မလုပ်ဘူး၊ ကိုယ့်လာထိရင်လည်း ... နည်းနည်းလေးမှ မခံဘူး"

သတင်းလာပို့သူက ဖြုံသွားတာ အမှန်ပါ။ နင်းသိင်္ဂီ ...င်း ဆိုသည်က ဧရာမသတ္တိခဲလေ။ နှုတ်ချင်းယှဉ်ရမလား။ ဖက် ...သတ်ကိုင်ပေါက်ဖို့လည်း ဝန်လေးသူ မဟုတ်။ သူစိတ်ပေါက်လာ ...မျှင် သူများရည်းစားကိုတောင် ခပ်ပြောင်ပြောင် ဖဲ့ထုတ်သူ ...ဟုတ်လား။

၁၂

"ဦးသက် ... ကျွန်မတို့ ဘယ်တော့ လက်ထပ်ကြမလဲ"

"အခု"

"စကားကောင်းပြော"

"ဒီ့ထက် နည်းနည်းလေး ပျော့ပျောင်း ယဉ်ကျေးနိုင်မလား"

"ဒေါသက သတ်မှတ်စံချိန် လွန်တော့မယ်"

"ဖိတ်စာ အပ်လိုက်လေ"

"ပေါ့ပေါ့လေး မပြောနဲ့"

"ကိုယ့်ဘက်မှာတော့ မိဘမရှိ၊ ဦးလေးသားချင်းမရှိ၊ တစ်ကောင်ကြွက်စစ်စစ်၊ နင်းအတွက် ချစ်ခြင်းမေတ္တာတွေ တစ်ပုံကြီးပါမယ်၊ စည်းစိမ်ဥစ္စာဂုဏ်တွေ အပြည့်အစုံပါမယ်၊ ကျန်တာ ဘာမှမပါဘူး၊ လုံလောက်ပြီလား"

နင်းက ခေါင်းကို ချစ်စဖွယ်လေး ညိတ်လိုက်၏။ ...ပြီလေ။ အချစ်နှင့် စည်းစိမ်ပါရင်၊ တခြား ဘာလိုဦးမှာလဲ။ ...မျိုးသားချင်းဆိုတာ မပါလျှင် ပိုတောင်ကောင်းသေး။

"ဦးသက်က ဝါးလုံးခေါင်းထဲမှာ သန္ဓေတည်ခဲ့တာလား"
"ကိုယ့်နာမည် ဝေဠုဝတီမှ မဟုတ်တာ"
"ဒါဖြင့် လမုသီးကြီး ထက်ခြမ်းခွဲ ထွက်လာတာ"
"အဲဒါက မယ်လမုပါကွာ ... လူကို မိန်းမတွေနဲ့ချည်
လိုက်နှိုင်းနေတယ်"
"ဒါဖြင့် ... ကောင်းကင်က ပြုတ်ကျလာတဲ့ ဇာဟွာကြီးလား
ဆွေမျိုးမရှိ တစ်ကောင်ကြွက် ဆိုတော့ ..."
"အဲ ... အဲဒါဆို တစ်ကောင်ကြွက် ဘယ်ဟုတ်မလဲ
တစ်ပါးနတ် ဖြစ်မှာပေါ့၊ ကိုယ်က တစ်ယောက်လူ"
"မိဘ ..."
"ဆုံးကုန်ပြီ။ တကယ်ပြောတာ။ ယုံ"
"ညီအစ်ကို မောင်နှမ"
"မွေးချင်းမဲ့"
"ဦးလေး အဒေါ်"
"ပြောပြမယ်။ ကိုယ့်မိဘ...တွေက ကိုယ်သိပ်အရွယ်မရောက်
သေးခင် ဆုံးတာ"
"ဘာရောဂါလဲ"
"ဘာရောဂါဖြစ်ဖြစ်၊ သေတာက သေတာပဲ။ ဖောက်မမေး
နဲ့၊ ပြောတာ နားထောင်"
ဦးသက်အောင်က နှင်း ခေါင်းကို ထု၏။
"ဖေဖေတို့က ချမ်းသာတယ်။ မေမေ့ဘက်က ဆင်းရဲတယ်၊
အမေ့ဘက်ကဆို ... အမွေရစရာ ဘာမှမရှိဘူး၊ ဖေဖေ
ရှိတုန်းကလည်း ဖေဖေ့က မေမေ့ဘက်က အမျိုးတွေကို



အဖက်မလုပ်ခဲ့ဘူး၊ သွားအဖက်လုပ်ရင်လည်း၊ ရစရာတော့
မရှိဘူး၊ ဝိုင်းဆပ်ပေးဖို့ ကြွေးတွေပဲရှိတယ်"

နှင်းက ခေါင်းညိတ်၏။ သူသာဆိုလည်း ...
...ယောက်ျားဘက်က ဆွေမျိုးတွေ ဆင်းရဲနေလျှင် မပတ်သက်ဘဲနေ
...ဖြစ်၏။ ချမ်းသာနေလို့လည်း သွားတောင်းမှာ မဟုတ်။
...ယ့်မှာမရှိလျှင် ရေသောက်ပြီး ဗိုက်မှောက် နလိုက်မည်။ ဒါကို
...ဆိုးမြင်လည်း နှင်းက မငြင်းပါ။ "ဆိုးသည်"ဟု ဝန်ခံလိုက်
...သည့်သူ ဖြစ်၏။

"ဒုက္ခရောက်ချင်တော့၊ ချမ်းသာတဲ့သူက အရင်ဆုံးတယ်"
"ဦးသက် ဖေဖေပေါ့"
"ဟုတ်တယ် ... ဖေဖေ့ဘက်က မေမေ့ကို မထောက်ပံ့သလို
မေမေ့ဘက်လည်း သွားမမှီခိုရဲဘူး၊ ကိုယ်ကောင်းစားတုန်း
ကမှ လှည့်မကြည့်ခဲ့တာလေ"
"ဦးသက်တို့ ဆင်းရဲသွားရောလား"
"အင်း ... ယာယီပါ"
"နောက်တော့ ပြန်ချမ်းသာလား"
"မေမေပါ ဆုံးသွားတယ်"
"ဒုက္ခရောက်ရောလား"
"ယာယီပဲ"
"ပြန်ချမ်းသာတဲ့နည်း"
"အဒါ နည်းမရှိဘူး၊ ကုသိုလ်ကံပဲ။ ကံဆိုတာ ယခုဘဝကံ၊
အရင်ဘဝကံ ရှိတယ်။ ကိုယ်က ကံစားလေ။ အရင်ဘဝက
ကံကို စားတယ်"

"ခုဘဝရော"

"နောက်ဘဝတွက် မျိုးစေ့ချသင့်သလောက် ချပြီးပြီ"

"ခု ... ဦးသက်က သူဌေး မဟုတ်ဘူးလား"

"ခေါ်နိုင်တယ်"

"သွား ... စကားကို ဘယ်လိုလုပ် ပြောမှန်း မသိဘူး"

"ဒီစတိုင်ကို လူကြိုက်များတယ်"

"ဖိတ်စာ ဘယ်တော့ ရိုက်ရမလဲ"

"ဒီနေ့"

"ရန်ကုန်က ရိုက်ခဲ့ရင် မကောင်းဘူးလား"

"ဖိတ်စာရိုက်မယ်ဆိုပြီး ပြန်သွားလိုက်တာ၊ ပြန်ရောက်မလာတော့ရင် ဘယ်နှယ်လုပ်မလဲ မင်မင်းကြီးမလေး၊ ကျုပ်ကို အပိုင်လိုချင်ရင် ခုချိန်ကစပြီး မျက်စိအောက်မှာ ထားတော့"

ဦးသက်အောင်၏ စကားတွေကို နှင်းသိင်္ဂီဝင်းမှ လက်ခံနိုင်ခြင်း ဖြစ်သည်။ သူကိုယ်တိုင်က ဒီပုံစံမို့ ဒီဒီဖိုင်းနှင့် ချစ်သူ့စကားကို နှင်းက ကန့်ကွက်စရာ မရှိပေ။

"ဖိတ်စာထဲမှာ မိဘနာမည်တော့ ထည့်ရမှာပေါ့"

"လူမရှိတော့ပေမယ့် နာမည်တော့ ရှိပါတယ်ကွ၊ ဦးညွန့်အောင်၊ ဒေါ်ခင်အေးသက်၊ သတို့သားနာမည်က မောင်သက်အောင်"

"ဦးသက်အောင်ပါ"

"မသိရင် မှတ်ထား၊ သတို့သားဆိုတာ၊ ခြောက်ဆယ်ကျော်ရင်တောင် မောင်သက်အောင်"



"ဘွဲ့"

"ဘီအေ ... မြန်မာ"

"အလုပ်အကိုင်"

"ကုမ္ပဏီနာမည်တွေ လျှောက်ရေးရင် စာမျက်နှာ ပြည့်သွားမယ်။ တစ်ခုပဲထည့်၊ မန်နေဂျင်းဒါရိုက်တာ၊ အောင် ... ပို့ကုန်သွင်းကုန် လုပ်ငန်း"

"ဘာတွေပို့လဲ"

"တရားဝင် ပို့လို့ရတာ အကုန်ပို့တယ်"

"သွင်းကုန်ကျတော့ရော"

"တရားဝင် သွင်းလို့ရတာ အကုန်သွင်းတယ်"

"ဦးသက်က ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားခဲ့တာပေါ့နော်"

"အထင်ကြီးလား"

"အင်း"

"အမှီတစ်ခုတော့ ရှိခဲ့တယ်။ မြတ်စွာဘုရားတောင် ဗောဓိပင်ကို မှီပြီးမှ ပွင့်ခဲ့တာလေ"

"ဘယ်လို အမှီမျိုးလဲ"

"ကိုယ့်အတွက်ဆိုရင် စည်းစိမ်သွန်းချပေးပြီး ကြိုက်တာလုပ်ပေတော့ဆိုတဲ့ ငွေရှင်ကြေးရှင်"

"ဆွေမျိုးလား"

"မတော်ပါဘူး"

"သူစိမ်းပေါ့"

"အင်း၊ ကိုယ်က လက်တွေ့လုပ်သမား၊ သူက ငွေထုတ်သမား၊ သူက ငွေစိုက်၊ ကိုယ်ကလူစိုက်ပေါ့"

"တစ်ယောက် တစ်ဝက်လား"

"ဟင့်အင်း ... ကိုယ်က လခစား"

"ဟင် ... ဦးသက် ပြောခဲ့တဲ့ ကုမ္ပဏီတွေကို ဦးသ တစ်ခုမှ မပိုင်ဘူးပေါ့"

"နာမည်အားဖြင့်တော့ မပိုင်ဘူး၊ ရှယ်ယာတော့လည်း နည်းနည်းပါးပါး ပါပါတယ်။ ကိုယ်လုပ်ချင်တာ လုပ်ခွ ရှိတယ်၊ သုံးချင်သလို သုံးခွင့်ရှိတယ်၊ အလုပ်ကို လွှဲချ တဲ့သူနဲ့ လွှဲခဲ့ပြီး တစ်လကိုးသီတင်း အလုပ်မလုပ်ဘဲ ချင်လည်း ရတယ် ...

"ကုမ္ပဏီထဲမှာက သစ္စာရှိ လူယုံတွေ လူရင်းတွေ ရှိတယ်။ ခုလို ... တောင်ကြီးမှာ ခြံဝယ်ဖို့ ငွေလည်းထုတ် သုံးလိုက်လို့ ရတယ်၊ ကားတွေ ဆွဲလာလည်း ရတယ်၊ တပည့်တွေ ခေါ်လာလည်း ရတယ်"

"ဟင် ... ကားတွေကလည်း အပိုင်မဟုတ်ဘူးလား"

"အပိုင်ထက်တောင် ပိုသုံးလို့ ရသေးတယ်၊ ဘဏ်ကငွေကို ကြိုက်သလို ထုတ်သုံးခွင့်ရှိတယ်"

နှင်းက စိတ်တော့ နည်းနည်းညစ်သည်။ ထင်ထား တာနှင့်တော့ လွဲပြီ။

"လက်ထပ်ပြီးရင် နှင်းက ရန်ကုန်ကို လိုက်ရမှာလား"

"ကိုယ့်မြို့ ကိုယ့်ရွာမှာ ကိုယ့်မိဘနဲ့ ပျော်ပျော်ကြီးနေပြီး ထင်သလို သုံးစွဲနေစမ်းပါ။ ရန်ကုန် ဘာကိစ္စလိုက်မလဲ ရှုပ်ကရှုပ်ပ်နဲ့။ ရန်ကုန်ဆိုတာ မျက်စိနောက်၊ နားငြီး၊ ချက်မှ သက်သောင့်သက်သာရှိတာ မဟုတ်ဘူး၊ အလု



ပြီးရင် အလုပ်။ အားချိန်မရှိ၊ နားချိန်မရှိ။ သံကန္တာရထဲ ရောက်သလို ခြောက်သယောင်းသွားလိမ့်မယ်"

"ဦးသက်ကရော"

"ကိုယ်ကတော့ အလုပ်ရှိရာ ပြန်ရမှာပေါ့။ ခုလိုပဲ ခြောက် လ တစ်ခေါက် ဆိုသလို နှစ်လ သုံးလ နေပစ်လိုက်မှာ ပေါ့"

"မဟုတ်သေးပါဘူး"

"ကြီးဒေါ်လေး ... ငြိုငြင်တာလား၊ ဒီအခွင့်အရေးလောက် ရမယ်ဆိုရင်တောင် က,ပြီးယူချင်သူတွေ အများကြီးထဲက ခင်ဗျားက မဲပေါက်ထားတာနော်"

နောက်သလို ပြောင်သလိုနှင့် ရယ်မော၍တော့ပြော သည်။ နဖူးကိုလည်း လက်သီးနှင့် အထုခံလိုက်ရသေးသည်။ ပြုံးချိုချိုနှင့် အကြည့်စူးစူးကိုလည်း အဟာရတစ်ခုနှယ် ပစ်ကျွေး သေးသော ချစ်သူကို နှင်းက ကျေနပ်ရမှာလား ငြူစူရမှာလား တွေးတတ်အောင် ရှိလေ၏။ ဦးသက် ပြောသလို၊ ဒီအခွင့်အရေး ၊ ကိုယ်က စွန့်လွှတ်လိုက်လျှင် တစ်ယောက်မဟုတ် တစ် ယောက်ဆိုသလို၊ အဲသည်လောက်နှင့် ရောင့်ရဲစွာ ကျေနပ်ကြည်ဖြူ ကြမည့်သူတွေက ရှိနေသည်လေ။

"နှင်းက ရန်ကုန်လိုက်ပြီး ဦးသက်နဲ့ တူတူနေရမယ် ထင်ထားတာ"

"ကိုယ်က ရန်ကုန်မှာလည်း အမြဲရှိတာ မဟုတ်ဘူး၊ တော်ကြာ ဖန်ကောက်သွားလိုက်၊ စင်ကာပူသွားလိုက်၊ ဂျပန်လည်း သွားရတယ်"

"နိုင်ငံခြား သွားရတာ မလွယ်ဘူးဆို၊ ပါ့စ်ပို့တ်တွေ ဘ
တွေ လုပ်ရသေးတာ မဟုတ်လား"

"ကိုယ်က အင်ဟင်းဒ်(In Hand) လက်ထဲမှာ။ ကိုယ့်အသေ
က ခုကိစ္စရှိရင် ခုထ,သွားရဟာမို့"

"သွားလေ သွားပေါ့။ နှင်းကိုလည်း In Hand လုပ်ပေးထား
ပေါ့။ ဦးသက် သွားရာ နှင်း လိုက်မယ်"

"မရဘူး၊ ကိုယ်သွားရင် ကိုယ့်ဘော့စ်နဲ့ သွားရတာ
ပြီးတော့ ... နိုင်ငံခြား သွားတယ်ဆိုတာ၊ လမ်းစရိတ်
ရှစ်ရာ တစ်ထောင်နဲ့ ပြီးတဲ့ကိစ္စ မဟုတ်ဘူး၊ လေယာဉ်
လက်မှတ်ကို ဒေါ်လာနဲ့ ဝယ်ရတယ်၊ နှင်းကို ခေါ်လို့မ
ဘူး"

"ဒါဖြင့်လည်း ရန်ကုန်အိမ်မှာ ကျန်ခဲ့မယ်"

"စိတ်မချဘူး၊ ကြီးဒေါ်လေးက ဒီမှာတောင် ဒီလော
ဆိုရှယ်ကျနေတာ၊ ရန်ကုန်များရောက်ရင်၊ ကိုယ်မရှိ
အချိန်မှာ ဖမ်းလို့တောင် မိမှာမဟုတ်ဘူး။ ကိုယ်က
ယောကျ်ား၊ အတွေ့ကြီးတယ်၊ ကိုယ့်ဘာသာ ဘာဖြစ်ဖြစ်
နှင်းကိုကျတော့ သဝန်တိုတယ်"

"သဝန်တိုတယ်"ဆိုသော စကားကို နှင်းက သဘော
ကျသွားရသည်။

"ကဲပါ ... စိတ်တိုင်းကျသာ ... ဖိတ်စာတွေ ဘာတွေရိုက်
တော့၊ ကိုယ့်ဘာသာ ရက်ရွေး၊ အမြန်ဆုံးတော့လုပ်
ကိုယ်က ရန်ကုန်ပြန်ရဦးမှာ၊ ငွေဘယ်လောက်ကုန်မလဲ



ပြော၊ ကြိုက်သလိုလုပ်၊ နှင်း စိတ်တိုင်းကျ၊ ထင်တိုင်းကြဲ၊
ပိုက်ဆံမျက်နှာကို ပြန်ကြည့်မနေနဲ့"

အဲသည် အချက်ကို၊ နှင်းက သိပ်ကြိုက်သွားရ
၏။

"ထင်တိုင်းကြဲဖို့က ငွေတင်မကဘူး၊ အချိန်ပါ လိုအပ်မှာ"

"အချိန်တော့ မရှိဘူး၊ ကိုယ်က ပိုက်ဆံပဲ ချမ်းသာတယ်၊
အချိန်ကျတော့ ဆင်းရဲတယ်"

"လခစားဆို"

"အဲဒီလခက တစ်လ ဘယ်လောက်လဲဆိုတဲ့ အပေါ်
မူတည်တယ်လေ"

"ဘယ်လောက်လဲ"

ဦးသက်အောင်က လက်ညှိုးတစ်ချောင်း ထောင်
ပြ၏။

"တစ်သိန်းလား"

"တစ်သန်း"

"ဟင် ... ဆယ်သိန်း"

တစ်လ ... လခ ဆယ်သိန်းရသည့် လခစားဟူ၍
နှင်း တစ်ခါမျှ မကြားဖူးပါ။ ရှိရောရှိနိုင်ပါ့မလား။

"လိုအပ်ရင် တစ်ကုဋေထိလည်း သုံးစွဲလို့ရတယ်"

နှင်း စိတ်ညစ်သွားရ၏။ ပျော်ရမည့်အစား၊ မယုံချင်
သလိုလို ဖြစ်သည်။

"နှင်းကို ဘယ်လောက် တင်မှာလဲ"

"ဘယ်လောက် တင်ရမလဲ"

"နှင်းက စိန်တစ်ဆင်စာ အပြည့်၊ ပုစိပွစိလေးတွေ မဟုတ်ဘူး၊ ထည်ထည်ဝါဝါထဲက လိုချင်တာ၊ ဦးသက် တတ်နိုင်လား"

"အဲဒါဆို ... ရန်ကုန် ဆင်းဝယ်မှ ရမှာပေါ့"

"မန္တလေးမှာလည်း ရနိုင်ပါတယ်"

"ဘယ်လောက်ကုန်မလဲ"

"ကုန်မှာပေါ့ ... ကောင်းရင် ကောင်းသလောက် အမွှင့် ကြီးရင် ကြီးသလောက်၊ တစ်ဆင်စာဆိုရင် လျှော့လျှော့ ပေါ့ပေါ့ တွက်ရင်တောင် သိန်းတစ်ရာ နှစ်ရာ။ ဝယ်မယ် ဆိုရင်တော့ ပိုကုန်ဦးမှာ"

"သိန်းတစ်ရာထဲဝင်အောင် ဝယ်လိုက်ပေါ့၊ ဒီ့ထက်ပိုရင် တော့ မတတ်နိုင်သေးဘူး"

"ဦးသက်မှာ အဲဒီလောက် ပိုက်ဆံပါလာလား"

"အဲဒီလောက်တော့ ဘယ်ပါမလဲ၊ နှင်းက မန္တလေး ဆင်း ဝယ်မယ်ဆိုတော့ ... ဖြစ်တယ်။ မန္တလေးမှာ ကိုယ့်အခွဲ တွေရှိတယ်၊ ပိုက်ဆံဆွဲသုံးချင်လည်း သုံးလိုက်လို့ရတယ်။ စိန်ကုန်သည် တစ်ယောက်တောင် ကိုယ့်မိတ်ဆွေ ရှိသေး တယ် ...

"အဲဒီ စိန်တိုက်မှာ နှင်း ဝယ်ရင်၊ ကိုယ် ... သူများ ဆီကတောင် ငွေဆွဲစရာ မလိုတော့ဘူး၊ ဒီတိုင်း ယူလိုက်ရုံ ပဲ၊ သူ့ကို ... ကုမ္ပဏီ လှမ်းတောင်းလိုက်လို့ ပြောလို့ရ တယ်"



"အခု ... ဦးသက် ပြောနေတာတွေ အားလုံးအမှန်နော်"

"ကြွားနေတယ် ထင်လို့လား"

"ယုံကြည်စိတ်နဲ့ ပျော်နေလို့"

"ပျော်လိုက်တော့"

"နှင်းကို ချစ်လား"

"မချစ်ဘဲနဲ့၊ ဒီလောက် ငွေကုန်ကြေးကျ ခံမလား"

"ဒါပေမယ့် ... ဦးသက်နဲ့ ကျွန်မကြားမှာ တစ်ခုခု လိုနေ သလိုပဲ၊ ကျွန်မတို့ စကားပြောတာ၊ တစ်သက်လုံးအတွက် ဆွေးနွေးတဲ့ စကားတွေဟာ ပေါ့ပျက်ပျက် နိုင်နေသလိုပဲ"

"ဒီတစ်ခုကျမှ ပေါ့ပျက်ပျက် နိုင်တယ် ပြောရအောင်၊ ကိုယ်တို့နှစ်ယောက်လုံး၊ ဘယ်တုန်းက ဘယ်ကိစ္စမှာ လေးနက်ခဲ့ဖူးလို့လဲ"

"ဦးသက် ... နှင်း စိတ်ပူလာပြီ၊ နှင်းကို တစ်သက်လုံး ချစ်မှာလား"

"ရာသက်ပန် ရိုးမြေကျ"

"တစ်နေ့နေ့ ပစ်ခဲ့မှာလား"

"နှင်း လိမ္မာနေသရွေ့"

"မိုက်တဲ့နေ့မှာ ပစ်နိုင်တယ်ပေါ့"

"မပစ်ခင် ဆုံးမဦးမှာပါ"

"ဦးသက်က ဘာကို မိုက်တယ်လို့ သတ်မှတ်တာလဲ"

"မိုက်တယ်လို့ သတ်မှတ်ရမယ့် အချက်တွေကတော့ အများကြီး ရှိတာပေါ့၊ ဒါပေမယ့် ... ကိုယ် ... နှင်းဆီက လိုချင်တာ တစ်ခုတည်းပါ"

"ဘာလဲဟင်"

"သစ္စာ"

"အမယ်လေး ... စိန်လိုက်"

"ကိုယ်ကလွဲရင် ဘယ်သူနဲ့မှ တရင်းတနှီးနေတာ မကြိုက်ဘူး၊ ဒီတစ်ခုတော့ ကျပ်ကျပ်ဆင်ခြင်ဖို့ လိုတယ်"

နှင်းက ဦးသက်အောင်နှင့် မတွေ့မီကတည်းက ချစ်သူရည်းစားတွေ ရှိခဲ့ဖူးသည်။ ပြတ်ခဲ့ဖူးသည်။ မလွမ်းလောက်ပါဘူးဟု စိတ်ထဲမှာ အရာမထင်ခဲ့။ လက်ထပ်ဖို့ထိလည်း တစ်ခါမှ စိတ်ကူးခဲ့တာ မဟုတ်ချေ။ ဦးသက်ကိုကျတော့ ပိုချစ်လို့လားမေးလျှင်၊ နှင်း ... ခေါင်းညိတ် ဝန်ခံမိမည် ထင်သည်။ ဦးသက်ကို သဘောကျသည်။ ဦးသက်နှင့် စရိုက်ချင်း ညီသည်။ ဦးသက် ဒီဖိုင်းကို ခပ်မိုက်မိုက်ထဲကဟု သတ်မှတ်လျက် နှစ်လိုသည်။ ဦးသက် စည်းစိမ်ဥစ္စာကို မက်မောသည်။ ဦးသက် ငွေသုံးပုံကြမ်းလွန်းလို့ အားကျသည်။ ဦးသက်နှင့်အတူ လျှောက်လှမ်းရမည့် ဘဝခရီးကို စိတ်တိုင်းကျသည်။ အဲဒါတွေကြောင့် ဦးသက်နှင့် လက်ထပ်လိုသည်။



မန္တလေးသို့ သွား၍ စိန်တစ်ဆင်စာ မှာသည်။

ဦးသက်အောင်က စိန်တစ်ဆင်စာ၏တန်ဖိုး ကိုးဆယ့်ငါးသိန်းတိတိကို ပေးချေရန် ငွေသားလက်ငင်း မရှိပါ။

"ရန်ကုန်ကို လှမ်းမှာလိုက်နော်၊ ကျွန်တော် ဒီမှာ လက်မှတ်ထိုးမယ်၊ ဖြစ်မလား"

"ဘာလို့ မဖြစ်ရမှာလဲဗျာ"

စိန်တစ်ဆင်စာလုံးလုံး ရလာခဲ့သည် မဟုတ်ပါ။ လက်စွပ်တို့ လက်ကောက်တို့ ဆိုတာက ကိုယ့်လက်နှင့်တိုင်း၍ လုပ်ရတာဖြစ်သည်မို့ မှာထားခဲ့ရမည့်တူတူ၊ လက်စွပ်နှင့် နားကပ်ကိုလည်း၊ ရှိပြီးသား ပုံတွေပေါ်မှာ စိတ်ကူးကွန့်၍ ပုံဆန်းမှာခဲ့၏။ စိန်တွေအားလုံး မင်္ဂလာဆောင်အမီ ရမည်။ ဖိတ်စာတွေ အပ်ခဲ့သည်။ အဝတ်အစားတွေလည်း မန္တလေးမှာပဲ အပ်သည်။ နှင်းက ထိုင်မသိမ်းနှင့် ကြိုးကြီးချိတ် ဝတ်မည်ဆိုတော့ မန္တလေးမှာ ရွေးချယ်စီစဉ်တာ အကောင်းဆုံး ဖြစ်၏။

"ဦးသက် ... ခေါင်းပေါင်း ပေါင်းရမှာနော်၊ ရင်ဖုံးတိုက်ပုံနဲ့ တောင်ရှည်ပုဆိုး ဝတ်ရမယ်"

"ဝတ်ရဦးမှာလား"

"ဝတ်ရဦးမှာ"

"ဝတ်မယ်ဗျား"

"ပွဲထုတ်မှာ"

"ထုတ်စေဗျား"

ဦးသက်အောင်၏ ကျောက်ဖြူနန်းတော်ကြီးတမျှ ခမ်းနားလှပသော တိုက်ကြီးထဲမှ ... သတို့သားနှင့် သတို့သမီးက စုံတွဲထွက်မည်။ ညှော်ခံကျွေးမွေးခြင်းကို ခြံထဲမှာ ခင်းကျင်းထားမည်။ နှင်းလောက် ပျော်တာ ဤကမ္ဘာမှာ မရှိတော့။

"ဦးသက် ... ပျော်လား"

"မင်း ပျော်နေတယ် မှုလား"

"ကြည့် ... သူကတော့ မပျော်တဲ့အတိုင်း"

"ပျော်ပါတယ်။ ပျော်တယ်ဆိုတာထက်၊ ကျေနပ်ပါ ကြည်နူးတာ၊ ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရလို့ စိတ်တိုင်းကျ တာပေါ့၊ နှင်းတို့အရွယ်လိုတော့ ခုန်ဆွ ခုန်ဆွ ဘယ်ဖြစ် နေပါ့မလဲ။ အသက်စကား ပြောတယ်"

"ဟုတ်ကဲ့ ... ဘကြီး"

"ထမင်းစားမယ် ... ထမ်းခူးကျွေး ငါ့တူမ"

နှင်းက ရယ်လိုက်၏။ ကိုယ်လုံးကလေးကို ယိမ်းခါ၍တောင် ရယ်မောသည်။ ပျော်လွန်းလို့ပါ။ နှင်းတစ်ယောက်က တစ်နေ့ တစ်နေ့ ဦးသက်အောင် အိမ်မှာလိုလိုချည်း ဖြစ်နေသည်။ မိုးလင်းတာနှင့် ဖြီးလိမ်းပြင်ဆင် ကြော့မော့စွာ အိမ်မှထွက်၏။ ဒေါ်လှသူဇာက "မသင့်တော်ဘူး" ... ဟု မတားပါ။ မိထွေးမို့ ဖြစ်ချင်ရာဖြစ် သဘောနှင့် ပစ်စလက်ခတ် သဘောထားတာတော့ မဟုတ်ချေ။ ဒေါ်လှသူဇာ၏ စိတ်ဓာတ်က ထူးဆန်း၏။ တားလို စိတ်မရှိ။ မတားဆီးဘဲ ခွင့်ပြုနေခြင်းကို မိထွေးသဘောကောင်း



ခြင်းအဖြစ် မြင်ကာ ကြည့်နေလိုက်သည်။ အကယ်၍ တားဆီးခဲ့လျှင်လည်း နှင်းသီဂီဝင်း ဆိုသည့် မိန်းမသားက နားထောင်မှာ မဟုတ်ချေ။ စိတ်ဓာတ်ကလည်း အဆန်းသား။ သူ့စိတ်နှင့် သူ့ကိုယ်၊ သူ့သဘောကို သူဆောင်ရမှ။

နှင်း ဖခင်ကျတော့၊ တစ်နေ့ တစ်နေ့ ... ကိုယ့်သမီး ဘယ်သွားလို့ ဘယ်လာနေမှန်း မသိ။ စီးပွားရေးသမားမို့ စီးပွားပဲ ရှာသည်။ ခရီးထွက်သည်။ သမီးဖြစ်သူက ဦးသက်အောင်နှင့် လက်ထပ်တော့မည် ဆိုတာလောက်တော့ သိသည်။ ဘယ်လောက်ထိ တွဲသွား တွဲလာနေမှန်း မသိ။ ဦးခင်မောင်ဝင်း၏ သဘောက မိထွေးနှင့် ကိုယ့်သမီး၊ ပြဿနာမတက် ... ကိုယ့်ဆီ ဘာဒုက္ခမှ ယူဆောင်မလာဘူးဆိုလျှင် ပြီးပြည့်စုံစွာ ငြိမ်းချမ်းပြီ။

"ကျွန်မ ပျက်စီးပြီ ဆိုရင်လည်း ဘယ်သူဖျက်လို့မှ မဟုတ်ဘူး၊ ကိုယ့်ကြောင့်ပဲ။ ကျွန်မ မပျက်စီးဘူး ဆိုရင်လည်း ကိုယ့်ဘာသာထိန်းလို့ပဲ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး"

နှင်းသီဂီဝင်းက ဤစကားကို အကြိမ်တစ်ရာမက ပြောဖူးသူဖြစ်သည်။

နှင်းသည် ဦးသက်အောင် အိမ်သို့ တစ်နေကုန်လာရောက်နေသည်။ ဦးသက်အောင်နှင့် ဟိုဟိုဒီဒီ သွားသည်။ သို့ပေမယ့် ... သေချာတာ တစ်ခုကတော့ နှင်းသီဂီဝင်းသည် မိန်းမသားတန်ဖိုး အပျိုဂုဏ်ရည်ကိုတော့ အသက်နှင့်လဲ၍ ထိန်းသိမ်းကာကွယ်မည့်သူ ဖြစ်လေ၏။

"နှင်းသီဂီဝင်း ဆိုတာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ပျော်သလိုနေတာ၊ အပေါစားတော့ မဟုတ်ဘူး၊ လွယ်မယ်မထင်နဲ့"

ဤစကားကို လက်ကိုင်ထား၏။ ဦးသက်အောင်ကိုယ်တိုင်ကလည်း လူဆိုးလူကြမ်း မဟုတ်သူမို့ သူတို့နှစ်ဦး၏ တည်ကြည်မှုက သူတို့နှစ်ဦးသာ သိသည်။ အများအမြင်မှာတော့ မျက်စိနောက်ဖွယ်ပါ။ ဦးသက်အောင် အိမ်ရှိ များပြားလှစွာသော အခြွေရံ သင်းပင်းတွေထဲမှာ နှင်း ကိုယ်တိုင် ခူးကျွေးသော ထမင်းကိုမှ ဦးသက်အောင်က စားလေ၏။

"ဖိတ်စာတွေ ဝေလိုက်တော့မယ်နော်"

"သဘော"

"ဦးသက် ဘယ်နှစောင် ယူမှာလဲ"

"ယူစရာ လိုသလား၊ ကိုယ့်အသိုင်းအဝိုင်းက ရန်ကုန်မှာ၊ အဲဒီလူတွေကို သွားဖိတ်ရင်၊ ဘယ်သူလာနိုင်မှာလဲတကူးတက။ လက်ဖွဲ့လိုချင်လို့ ဖိတ်စာ သက်သက်ပေးသလို ဖြစ်မှာပေါ့"

"ဆွေမျိ[illegible]ဘူးချင်း"

"တစ်ယောက်လူပါလို့ ပြောပြီးသား"

"ဦးသက် ကုမ္ပဏီက ဦးသက်ရဲ့ အထက်လူကြီးတို့၊ အောက်လူကြီးတို့ရော"

"မလာနိုင်ပါဘူးဆိုမှ။ ကိုယ့်ရဲ့ကုမ္ပဏီ ငါးခုထဲမှာ အားလုံးဟာ မိုးလင်းက မိုးချုပ်၊ အလုပ်ကို ခါးချိအောင် လုပ်နေကြရသူတွေချည်းပဲ၊ တစ်နှစ်တစ်ခါ သူတို့ကို မိသားစုပါ



အပန်းဖြေခရီး ပို့ပေးတယ်။ သွားချင်ရာ သွားပြီး၊ နေချင်သလောက် နေခွင့်ရှိတဲ့ သူက ကိုယ် တစ်ယောက်တည်း"

"ဘာဖြစ်လို့လဲ"

"ဒီလိုဖြစ်အောင် လုပ်ထားလို့ပေါ့။ ပိုက်ဆံကြိုက်သလိုသုံး၊ ထွက်ချင်တဲ့ခရီးထွက်၊ ပျော်သလောက်နေပြီးလို့ ပြန်လာရင်တော့၊ ရန်ကုန်ရောက်တာနဲ့ တစ်ပြိုင်နက်၊ ကိုယ်လည်း အသက်ရှူဖို့တောင် မေ့နေတယ်၊ ရှိသမျှ အလုပ်တွေကျုံးလုပ်ပဲ။ နိုင်ငံခြားတွေထွက်လိုက်၊ ပြန်လာလိုက်၊ နေ့ရယ် ညရယ် မရှိဘူး၊ သေအောင် လုပ်ရတယ်"

"နှင်းလည်း လုပ်ချင်တယ်"

"ငယ်သေးတယ်"

"ရန်ကုန် လိုက်မှာနော်"

"မခေါ်ဘူးလို့ ပြောထားတယ်"

"ဖွတ်လိုက်မယ်"

"မခေါ်ဘူး"

"ကိုယ့်ဘာသာ သွားမယ်"

"ရန်ကုန်မှာ သက်အောင် ဆိုတဲ့သူကို တွေ့အောင်ရှာနိုင်ရင် ရှာပေါ့"

"ပုန်းနေမလို့လား"

"မပုန်းပါဘူး၊ ဘာပုန်းစရာလိုလဲ၊ မျက်နှာချင်းဆိုင်တွေ့ရင်တောင် မသိပါဘူး ဖွတ်ငြင်းလိုက်လို့ ရတာပဲ"

"ဟင် ... အဲဒါ ဘာဖြစ်လို့လဲ"

"ကိုယ်က ကိုယ်ပြောတဲ့အတိုင်းလုပ်မှ ကြိုက်တယ် တောင်ကြီးမှာနေဆိုရင် ရန်ကုန်ကို မလာရ"

"ရန်ကုန်မှာ မယားကြီး ရှိလို့လား"

"အဲဒီလိုမှ မေးပါ့မလားလို့"

"ပြော ... ပြော"

"ခုချိန်ထိ ... ဘယ်မိန်းမတစ်ယောက်နဲ့မှ မင်္ဂလာမဆော ဖူးဘူး၊ အဲဒါ မှန်သောစကား။ အဲဒီလောက်ဆိုရင် မကျေ နပ်သေးဘူးလား"

မကျေနပ်သေးပါ။ မိန်းမသားဆိုသည်မှာ လောဘကြီး သည်။ သို့ပေမယ့် ... ဒေါသကြီးတတ်သည့် ယောကျ်ားနှင့် ယှဉ် ပြိုင်သည့် အခါမှာ၊ မိန်းမသားလောဘစစ်သည်များ ကျရှုံးကြရ တည်း။

ဩော် ... ဘာပဲဖြစ်ဖြစ်၊ သူက မိသားဖသားမီ မင်္ဂလာဆောင်ပြီး လက်ထပ်မှာပဲလေ။

၁၃

"ကျွန်မနာမည် ... သိမ်မွေ့ခင် ... ပါ"

နာမည်နှင့် အမူအရာနှင့် လိုက်ပါပေသည်။ စကား း၊ လေသံတို့နှင့်လည်း လိုက်ပါပေသည်။ အသားညိုညို (ညိုပေ ယ် စိုသည်မို့ အဝါသွေးသို့ လုချင်၏) မျက်ခုံး မျက်လုံး သင့် င့်ရုံ (အကောင်းစား အလှကုန်များနှင့်တော့ ပုံပိုးထားသည်)။ မဆိုးသော်ငြား ရွက်ကြမ်းရေချိုထက်ပင် နည်းနည်းလျော့ချင် သာ ရုပ်ရည်နှင့် အမျိုးသမီးသည် ယဉ်ကျေးသိမ်မွေ့စွာ ကျက် းရေရှိလျက် အထက်တန်းကျလှပါပေ၏။

တောင်ကြီးမြို့ပေါ်မှာ ဦးခင်မောင်ဝင်းက နာမည် သူတစ်ဦး ဖြစ်သည်။ ဦးခင်မောင်ဝင်း၏ မိတ်ဆွေ ဦးတိတ်စိန် ပို၍ လူသိများသေးသည်။ ဦးတိတ်စိန် ဆိုလျှင် တောင်ကြီး စ်မြို့လုံးမှာ မသိသူ မရှိသော၊ ရိုးဖြောင့်၍ သ ဓိရှိသော ရှိသေ ရှင်ရှိသေ လူကြီးလူကောင်း သူဌေးကြီးမှန်း ကလေးက

စလို့ သိပါ၏။ သိမ်မွေ့ခင် ဆိုသော အမျိုးသမီးက ဦးတိတ်စိန်
နှင့် ဘယ်တုန်းကမှ မသိမကျွမ်း မခင်မင်ဖူးပါပဲ ...

"ဦးတိတ်စိန်နှင့် တွေ့ချင်လို့ပါ"... ဟူသော ဝါကျ
တစ်ကြောင်းဖြင့် အိမ်ပေါ်ရောက်လာသည်။ "ကျွန်မ ... သိမ်မွေ့ခင်
ပါ"...ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ သူ့နောက်မှာ ပါလာသော
မိန်းမသုံးဦး ရှိ၏။ နှစ်ဦးမှာ ထောင်ထောင်မောင်းမောင်း ရုပ်ရည်
သန့်ပြန့်၊ ပညာတတ် အသိဉာဏ်ရှိပုံရ၍၊ ကျန်တစ်ဦးမှာတော
မှုံနေအောင်လှသော ဆယ့်ရှစ်နှစ်လောက်သာ ရှိသေးမည့် မိန်းက
လေး ဖြစ်၏။ သိမ်မွေ့ခင်၏ တပည့်တပန်း အခြွေအရံတွေမှန်း
သိသာပေမယ့် သူတို့တွေမှာလည်း ကိုယ်တိုင်အရှိန်အဝါများဖြ
ထွန်းပလျက်ပင် ဖြစ်၏။ ထိုသို့သော အခြွေအရံများဖြင့် ရောက်
ရှိလာသော သိမ်မွေ့ခင်မှာ အထက်တန်းကျချင်တိုင်း၊ အဆ
အတန်း မြင့်ချင်တိုင်း မြင့်လျက်၊ (သူ့ရုပ်ရည် မလှသည့်တိုင်)
သူ့ကိုယ်မှ ကျက်သရေများ တင့်တယ်မှုများ လျှံထွက်နေသလား
ထင်ရလောက်အောင် ထည်ဝါပြီး တခမ်းတနား ဖြစ်နေရတော
သည်။

"ကျွန်မ ... ရန်ကုန်ကပါ၊ ကုမ္ပာရီဘဏ်ရဲ့ မန်နေဂျင်
ဒါရိုက်တာပါ"

"သြော် ..."

ဦးတိတ်ဒိန် ကိုယ်တိုင် သြော်ရှည်ကြီးဆွဲလျက်
သြော် ... လိုက်ရပါတော့သည်။ ယနေ့လက်ရှိ ဘဏ်တွေထဲမှ
ကုမ္ပာရီဘဏ်သည် နာမည်အကြီးဆုံးနှင့် ငွေကြေး အတောင့်တင
ဆုံးဘဏ် ဖြစ်၏။ ကုန်သည်ကြီး တော်တော်များများနှင့် သူဌေး



ကြီးတွေမှန်သမျှ ကုမ္ပာရီဘဏ်နှင့် ကင်းနိုင်သူ ရှား၏။ ကိုယ့်
စီးပွားရေးလုပ်ငန်းက ပေါက်စမို့ ကုမ္ပာရီဘဏ်နှင့် ကင်းကွာသည်
ဆိုငြား၊ ကြားဖူးနားဝနှင့် အထင်ကြီး လေးစားမှုတော့ ရှိနေရသည်
ပါ။

"အရမ်းကြားဖူးတာပေါ့၊ မိန်းမသား ပိုင်ဆိုင်ပြီး၊ ရှယ်ယာ
တချို့ကိုလည်း မိန်းမသားတွေပဲ ဝင်ခွင့်ပြုတယ်လို့ ကြား
ပါတယ်"

"ဟုတ်ပါတယ်"

"တခြားစီးပွားရေးလုပ်ငန်းတွေလည်း အများကြီးပဲနော်၊
ကုမ္ပဏီတွေ ငါးခုဆိုလား ခြောက်ခုဆိုလား"

"ငါးခုပါ"

"သူဌေးမကြီး ကိုယ်တိုင် ကြွရောက်ရတဲ့ ကိစ္စကို အမိန့်
ရှိပါ ခင်ဗျာ"

သိမ်မွေ့ခင် ဆိုသော အမျိုးသမီးသည် ခန့်မှန်းရ
လျှင် အသက်က လေးဆယ်ကျော်၊ လေးဆယ့်ငါးလောက်ရှိနိုင်
၏။ ခုခေတ်မိန်းမသားတွေသည် အသက်ထက် ပိုနုကြသူချည်းမို့
သိမ်မွေ့ခင်၏ ရုပ်ရည်ကိုလည်း သုံးဆယ့်ငါးလောက် မှန်းမည်
ဆိုလျှင် မှန်းနိုင်ပါသည်။ နားထဲမှာ ပန်ထားသည့် တစ်ပွင့်စိန်
နားကပ်ကြီးမှာ တစ်ဖက်ကို လေးရတီလား ငါးရတီလား၊
ငါးရတီလောက်တော့ ရှိနိုင်၍ စုံဆိုလျှင် ဆယ်ရတီဖြစ်မည်။
ဦးတိတ်စိန် ကတော်က ဒီလောက်ကြီးသည့် တစ်ပွင့်စိန်ကို
တစ်ခါမှ မမြင်ဘူးဇွာ မျက်တောင်မှု မခပ်နိုင်အောင် စူးငေးရ
တော့၏။

ကိုယ့်မှာရှိသော ချယ်နားကပ်ကြီးကို ဟုတ်လှပြီ တန်လှပြီ ကောင်းလှပြီ ထင်ထားခဲ့တာပါ။ ကိုယ့်ချယ်လောက် ကြီးတာကြီးကို သူက တစ်ပွင့်တည်း ပန်ထားနိုင်သည်မို့ အားသာ မှာရဘူးဆိုလျှင် သွားကိုင်ကြည့်လိုက်ချင်၏။

မြတ်စွာဘုရား ...။ ဦးတိတ်စိန်ကတော် ဘုရားတ ရ၏။ လက်စွပ်မှ တစ်ပွင့်စိန်ကြီးက နားကပ်ထက်တောင် ယောင်ယောင်ကလေး ကြီးချင်သေး၏။ အားလုံးကို ပလက်တီနံ နှင့် လုပ်ထား၍ အသားညိုညိုမှာ အဖြူရောင် စိန်ရောင်တွေ ထင်းကွင်းနေ၏။ သူဌေးမကြီး၏ အရှိန်အဝါ အရောင်အလျှံတွေ သာ ထွက်မနေလျှင် အဖြူနှင့် အညို ဆန့်ကျင်ဘက်က တော်တော် ကြည့်ရဆိုးနိုင်သည်။ သိမ်မွေ့ခင် ကျတော့ မဆိုးပါ။ ခန့်ထည်မှု ကြောင့် ကြည့်ကောင်းသွားရသည်။ လက်စွပ်နှင့်ရှယ်တူ နောက် ထပ် တစ်ပွင့်စိန် တစ်လုံးက လော့ကက်ဖြစ်၏။ ပလက်တီနံ ကြိုးသေးသေး တိုတိုမှာ ဆွဲထားသည်။ သိမ်မွေ့ခင်၏ တစ်ကိုယ် လုံးမှာ ရတနာဆိုလို့ စိန်လေးလုံးပဲပါသည်။ ထိုစိန်လေးလုံးသည် နယ်မြို့တွေမှာ မဆိုထားနှင့် ရန်ကုန်မှာတောင် သင့်တင့်လျှောက် ပတ်သော ခြံတစ်ခြံ ကောင်းကောင်းကြီး ရနိုင်သည်။

ဦးတိတ်စိန် သမီးတွေက ပျာယာခပ်လျက် ကော်ဖီ နှင့် မုန့်တွေ ထုတ်လာကာ၊ ကိုယ်ကျွေးတာ နည်းနေလား ပြန် စဉ်းစားရသည်။

"အန်ကယ်လ် ဦးညွန့်အောင် ဆိုတာ၊ ကျွန်မကို တူမလို သမီးလို ချစ်ခင်ပြီး ထိန်းကျောင်းခဲ့တဲ့သူပါ"



"ဦးညွန့်အောင် ဆိုတာ ..."

"ပြောပါမယ်"

သိမ်မွေ့ခင်၏ လှုပ်ရှားဟန်၊ နှုတ်ခမ်းအဖွင့် အပိတ် စ၍ ဘာတွေ တင့်တယ်မှန်းမသိ ကြည့်ကောင်းနေတာ ငြင်း ရချေ။

"ကျွန်မက ... ကျွန်မထက် ဆယ့်နှစ်နှစ်ငယ်တဲ့ ကလေး၊ အန်ကယ်ဦးညွန့်အောင်ရဲ့ သားပေါ့၊ မောင်သက်အောင်ကို မောင်လေးတစ်ယောက်လို ချစ်ခဲ့ပါတယ်"

"ဪ ... ဪ ... သိပြီ"

ဦးတိတ်စိန်က "မောင်သက်အောင်" ဆိုသည့် မည်ပါလာသည့် အခါမှာ ဘာကို သဘောပေါက်သွားမှန်း သိ၊ သိပြီဟု ထအော်၏။

"အန်တီဒေါ်ခင်အေးသက်နဲ့ မောင်သက်အောင်တို့ သားအမိ ကို ကျွန်မကပဲ စောင့်ရှောက်ခဲ့ပါတယ်၊ အန်တီဆုံးပြန်တော့ မောင်သက်အောင်ဟာ ကျွန်မဆီကို လုံးလုံးလျားလျား ရောက်ပါတယ်"

"ဪ ... ဪ ... အင်းပေါ့"

"အပြန်အလှန် ခင်တွယ်ကြတဲ့ သံယောဇဉ်ကြောင့် ကျွန်မ တို့နှစ်ယောက်ဟာ ရုံးမှာ လက်မှတ်ထိုး လက်ထပ်ခဲ့ပါ တယ်"

"ဟောဗျာ"

ဦးတိတ်စိန် ... သိပြီဟု မပြောနိုင်တော့ပါ။ ဦးတိတ် စိန်ကတော်၊ ဦးတိတ်စိန်သမီးတွေ အားလုံး မျက်နှာတွေပျက်ကုန်

ကြသည်။ ပြီးတော့ ... ပြောင်းကုန်ပြန်၏။ မျက်နှာပုံစံတွေက ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသည်။ အုံ့သြခြင်းများမှာ နှင်းသီဂိဝင်း တစ်ယောက် ထိပြီ၊ အထိနာပြီဆိုသည့် အတွေးနှင့် ပေါင်းစပ်၍ သနားသည်။ ထိမှကောင်းတယ်ဟု တွေးသည်။ မင်္ဂလာမဆောင် ရသေး၍ တော်ပါသေးရဲ့ဟု တွေးသည်။ မတော်တာက ... ဖိတ်စာတွေ ဝေပြီးသွားတာပင်။ အနေအထိုင် ကလက်၍ ဆောင့်ကြွားကြွား နိုင်လှသော နှင်းသီဂိဝင်း၊ တော်ရုံဆို အဖက်မလုပ်ချင်သည့် မိန်းမ၊ ကိုယ့်ရည်းစားကိုလည်း လာဖြတ်ခုတ်လိုခုတ်၊ သစ္စာမရှိသူတွေက ပါသွား၊ ကိုယ့်အစ်ကိုတွေအပေါ် မျှော်လင့်ချက်တွေပေးပြီးမှ တိခနဲ ဖြတ်လိုဖြတ်၊ မိန်းမဖြစ်နေလို့သာ၊ ယောကျ်ားချင်းသာဆို၊ ချောင်းရိုက်ချင်ဖွယ် နှင်းသီဂိဝင်း၏ အဖြစ်ဆိုးကို တစ်ထိုင်တည်း သဘောပေါက်သွားရကာ၊ စိတ်ပုပ် စိတ်ယုတ်မာ မကြီးလှသည်မို့ မိန်းမချင်း ကိုယ်ချင်းစာကာ သနားလည်း သနားသည်။ ထိတာကောင်းတယ် ... ဟုလည်း မုဲရွဲ့ချင်သည်။

"မင်္ဂလာတော့ မဆောင်ဖြစ်ဘူး။ အဲဒါ မောင့်ဆန္ဒကြောင့်ပါ။ မောင်က အသက်ကြီးကြီး မိန်းမနဲ့ ပွဲတက်ရမှာ ရှက်တယ်ထင်ပါရဲ့။ ကျွန်မကတော့ မောင့်စိတ်ကြိုက်၊ မောင့်ကို အလိုလိုက်နေရရင် ကျွန်မဘဝ ပြည့်စုံတာပါပဲ ...

"မောင်က အလုပ်တော့ ကြိုးစားရှာပါတယ်၊ မောင်နဲ့ လက်ထပ်ပြီးမှ စီးပွားလည်း ထပ်တက်ပါတယ်၊ အဲဒါ မောင့်ကျေးဇူးပါ"

သိမ်မွေ့ခင်က ပြောစရှိသွားပြီးသည့် နောက်မှာ ဆက်တိုက်ပြောချတော့သည်။



"မောင်က ကျွန်မကို အစ်မကြီး သံယောဇဉ်လောက်နဲ့ တရားဝင် လက်မှတ်ထိုး လက်ထပ်ခဲ့တာပါ။ ကျွန်မဘက်ကကျတော့ မောင်လေးသံယောဇဉ်ပေါ်မှာ ကိုယ့်ခင်ပွန်းဆိုတဲ့ မေတ္တာပါ စွဲနစ်ပါတယ်"

"သိပ်ချစ်ပါတယ်"ဟု မပြောဘဲ မေတ္တာစွဲနစ်ပါတယ်ဟု သုံးသွားသည့် ဝါကျကို ဦးတိတ်စိန် သမီးအငယ်က အလွတ်ကျက်ထားလိုက်၏။

"ကျွန်မ ... မောင့်ကို အလိုလိုက်ပါတယ်။ သူနေချင်သလိုနေ၊ သုံးချင်သလိုသုံး၊ ကျွန်မက အလိုလိုက်လွန်းတော့ မောင်က ရောင့်တက်တတ်တဲ့ ကလေးလို နွဲ့ဆိုးကလေးတွေ များပါတယ်။ ရန်ကုန်မှာ ခြံကျယ်နဲ့ တိုက်ကြီးတစ်ခုလုံး မောင့်နာမည်နဲ့၊ မောင်ပိုင်ပါလျက်လေ ...

"တောင်ကြီးမှာ ခြံဝယ်ပြီး သူဆောက်တဲ့တိုက်ကို ကျောက်ဖြူနန်းတော်ကြီးလား မှတ်ရတယ်လို့ ပြောကြပါတယ်"

"ဟုတ်ပါ့ဗျာ ... တောင်ကြီး တစ်မြို့လုံးမှာတော့ အကောင်းဆုံးတိုက်ကြီးပါပဲ"

"မောင်က ကျွန်မအပေါ်မှာ နွဲ့ဆိုးနဲ့၊ မကြာခဏလည်း စိတ်ကောက်လေ့ ရှိပါတယ်။ သူစိတ်ကောက်တိုင်း အိမ်ကထွက်ထွက်သွားတာ၊ မြန်မာပြည် တစ်ပြည်လုံး သူမရောက်ဖူးတဲ့မြို့ မရှိသလောက်ပါပဲ"

"ဩော်"

"ခုနောက်ပိုင်းတော့ ... တောင်ကြီးအိမ် ဆောက်ပြီးကတည်းက တောင်ကြီးဘက်ချည်း စက်ကျနေမှန်းလည်း ကျွန်မ သိပါတယ်။ ကျွန်မက မေတ္တာကြီးမားတော့ မောင် ဘာလုပ်လုပ် ခွင့်လွှတ်ပေမယ့် မောင့်ကို မျက်ခြည်ပြတ်တော့ မခံပါဘူး၊ သူ့ခြေလှမ်းတိုင်းကို ကျွန်မ သိပါတယ်"

"ဪ ... အင်းပေါ့"

"ဦးတိတ်စိန်က ဒီမြို့မှာ မြို့မျက်နှာဖုံး၊ လူရိုသေ ရှင်ရိုသေမို့ မြို့မိမြို့ဖ အနေနဲ့ ကျွန်မကလာပြီး တိုင်တန်းတယ် ပြောရမလား၊ ပြဿနာကို တင်ပြအစီရင်ခံတယ် ဆိုရမလားတောင် မသိပါဘူးရှင်၊ လူကြီးမိဘတွေလည်း သိစေချင်ရဲ့၊ ကာယကံရှင်တွေ အရှက်ရမှာလည်း စိုးလို့ပါ"

"ဪ ... အင်းပေါ့လေ"

"မောင်က မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ ဖိတ်စာတွေတောင် ဝေပြီးပြီဆိုတော့၊ ဒါကို ဒီမိန်းကလေးက ကျွန်မရှိမှန်း သိလျက်နဲ့လား၊ မသိလို့လား။ မသိဘူးဆိုရင်လည်း သိစေချင်ပါတယ်။ သိလျက်နဲ့ဆိုရင်လည်း ကျွန်မက ခွင့်ပြုပါတယ်"

"ရှင်"

ဒီတစ်ကြိမ် အံ့ဩရသူက ဦးတိတ်စိန် ကတော်ပါ။

"ကျွန်မတော့ ပွဲတက်ဇနီးကြီးအဖြစ်က ကွာရှင်းဖယ်ရှားပေးဖို့ ရည်ရွယ်ချက် မရှိပါဘူး"

"ဟုတ်တာပေါ့ ... ဟုတ်ပါတယ်"



"အဲဒါ ကာယကံရှင်တွေ နားကိုပေါက်စေဖို့ လူကြီးလူကောင်း ရပ်မိရပ်ဖ ရှာတဲ့အခါမှာ ဦးတိတ်စိန်ကို ကျွန်မက အကူအညီ တောင်းမိတာပါပဲ"

"ကျွန်တော် ကူညီပါ့မယ်။ ဦးခင်မောင်ဝင်း ဆိုတာလည်း ရပ်မိရပ်ဖလို့ ပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ တစ်ဦးအပါအဝင်ပါ။ သူတို့ မသိရှာကြလို့ ဖြစ်ပါလိမ့်မယ်"

"သိလျက်နဲ့ဆိုလည်း ကျွန်မ ခွင့်ပြုပါတယ်။ အရင်ကတော့ မသိခဲ့ဘူး၊ အခုသိပြီးတဲ့ နောက်မှာလည်း ရှေ့ပဲဆက်တိုးမယ်ဆိုရင်လည်း ကျွန်မက မျက်နှာပျက်စရာတွေ လုပ်မှာ မဟုတ်ပါဘူး၊ ခွင့်ပြုမြဲပါပဲ၊ တစ်ခုပဲ ရှိပါတယ်၊ ကျွန်မ့ ပြောချင်တာပါ"

"အမိန့်ရှိပါဗျာ"

ဦးတိတ်စိန်မှာ သိမ်မွေ့ခင်သည် ကိုယ့်တူမသားချင်းလောက်ပေမယ့် သူ့အခန့်အထည်ကြောင့် တလေးတစား မဆက်ဆံဘဲ မနေနိုင်အောင် ရှိရတော့သည်။

"မန္တလေးက စိန်တိုက်တစ်ခုမှာ မောင်က စိန်ထည်ကိုးဆယ့်ငါးသိန်းဖိုး မှာပါတယ်။ အဲဒီအတွက် ရန်ကုန်ဘဏ်မှာ လှမ်းတောင်းဖို့ပေါ့လေ၊ ခါတိုင်းလည်း မောင်သုံးချင်ရင် သိန်းကို ဆယ်ဂဏန်း ရာဂဏန်းနဲ့ ချီပြီး သုံးနေကျပါ။ ဒီတောင်ကြီးမှာ တိုက်ဆောက်တုန်းကလည်း ဒီလိုပဲသုံးခဲ့တာပါ။ သိန်း ... ရာချီပါတယ်။ ဒါပေမယ့် ..."

"ဟုတ်ကဲ့"

"ဒီတစ်ကြိမ်တော့၊ ဒီကိုးဆယ့်ငါးသိန်းကို ကျွန်မ ခွင့်မပြုပါဘူး၊ အဲဒီအတွက် အပ်နှံစိန်ထည်တွေ သွားရွေးရင် ဟိုက ပေးမှာမဟုတ်တော့ဘူးဆိုတဲ့ အကြောင်း၊ ကာယကံရှင်တွေ သိစေချင်တာလည်း တစ်ချက်ရယ်"

"ကျွန်တော် ပြောပါ့မယ်"

"အားလည်း နာပါတယ်၊ လေးလည်း လေးစားပါတယ်၊ သမာသမတ်နဲ့ လေးစားထိုက်ဆုံး ပုဂ္ဂိုလ်အဖြစ်နဲ့ စုံစမ်းလိုက်တဲ့ အခါမှာ ဦးတိတ်စိန်ရဲ့ နာမည်ကိုပဲ ကြားသိခွင့်ရတဲ့အတွက်၊ ကျွန်မ ဒီအိမ်ပေါ် ရောက်လာရတဲ့ကိစ္စကိုလည်း ခွင့်လွှတ်ပေးပါ"

"ဒါ ... ခွင့်လွှတ်ယူရလောက်တဲ့ကိစ္စ မဟုတ်ပါဘူးဗျာ"

"ဒါဆို ... ကျွန်မ ပြန်ပါဦးမယ်၊ ခွင့်ပြုပါ"

"အို ... ဒီမှာ ကော်ဖီတွေ ဘာတွေ သောက်ပါဦး၊ မုန့်တွေလည်း စားပါ"

ဦးတိတ်စိန် ကတော်က ရှေ့တိုးကာ ပြော၏။

"ဟုတ်ကဲ့ ... ကျေးဇူးပါ"

သိမ်မွေ့ခင်က ကော်ဖီပန်းကန်ကို ကောက်ကိုင်၏။ သိမ်မွေ့ခင် ကိုင်သည်နှင့် သူ့အခြွေအရံတွေကလည်း ကိုင်သည်။ အားလုံးထဲမှာ အငယ်ဆုံးနှင့် ဖူးနေအောင်လှသော ကောင်မလေးက လက်သုတ်ပဝါ ယူပေးခြင်း၊ သိမ်မွေ့ခင် သောက်ပြီးသော ပန်းကန်ကို ကိုယ်ဘာသာ ပြန်မထားရအောင် ယူပြီးထားပေးခြင်း စသည်ဖြင့် မလိုအပ်ပါဘဲ ပျာယာခပ်အောင် ပြုစုတာကို တွေ့နေရလေ၏။



"မုန့်တွေတော့ ... တောင်းပန်ရတော့မှာပါပဲ။ ကားဆက်စီးရဦးမှာမို့ပါ။ ကျွန်မ ... ဒီကနေ ရန်ကုန်တောက်လျှောက် ပြန်မှာမို့ ဗိုက်သိပ်မပြည့်ချင်လို့ပါ"

"အလာတုန်းကလည်း ကားနဲ့ပဲလား"

"ဟုတ်ကဲ့ ... တောက်လျှောက်မောင်းလာတာ၊ ခုပဲရောက်ပါတယ်"

"ညမအိပ်ခဲ့ဘူးလား"

"ကျွန်မတော့ ကားပေါ်မှာ အိပ်ပါတယ်၊ ညစာမနက်စာ စားချိန်တွေမှာ တစ်မြို့မြို့ ဝင်ပြီး စားခဲ့ပါတယ်။ မောင်းတဲ့သူကတော့ ... လူလဲနဲ့မောင်းပြီး ကားကို မနားခဲ့ပါဘူး၊ ထမင်းစားတုန်းခဏသာ နားပါတယ်"

"ပင်ပန်းတော့မှာပဲ"

"ဦးတိတ်စိန်ရယ် ... မြတ်စွာဘုရားက ဒုက္ခဘုံကြီးဆိုပြီး စက်ဆုပ်ခဲ့တဲ့ သုံးဆယ့်တစ်ဘုံမှ မလွတ်ကင်းနိုင်ဘဲ ပုထုဇဉ်ဘဝနဲ့ ကျင်လည်ရသမျှ ဒုက္ခချည်း မဟုတ်လား။ ဒုက္ခနည်းမျိုးစုံတွေထဲမှာ၊ ကားစီးရတဲ့ ဒုက္ခဟာ ဒုက္ခလို့တောင် မဆိုနိုင်တဲ့ ပေါ့ပေါ့ပါးပါးလေးပါ"

တရားသဘောကို ဖြိုးဖြိုးလေးပြောလျက် ပြန်ရန်ပြင်တော့၊ အလာတုန်းက အိမ်ဘက်လှည့်၍ ချွတ်ထားခဲ့သည့် ဖိနပ်ကို အငယ်ဆုံးမလေးက အိမ်ရှေ့ဘက် ပြန်လှည့်ပေးသည်။ သိမ်မွေ့ခင်က ဖိနပ်ကို စွပ်တော့ သူ့လက်မောင်းကို တစ်ယောက်က ဝင်ကိုင်ပေးသည်။ လုပ်ကိုင်ပေးနေသူတွေက သမားရိုးကျ အချိုးတကျ ရှိလွန်းလှ၏။ ဒါဟာ ... သူချမ်းသာတိုင်း ခံစား

သော စည်းစိမ်တွေထဲမှ တစ်ချက်တလေ ဖြစ်ပါလိမ့်မည်။ ဦးတိုက်စိန် မိသားစုမှာတော့ ငွေမောအုံသြ၍ ကျန်ရစ်ခဲ့ရတော့၏။

"သတင်းက တစ်ချို့တည်း ရောက်သွားသလေ။ ဦးသက်အောင်တို့များ ဘယ်သူ့မှ နှုတ်တောင်မဆက်ဘူး၊ ရန်ကုန်လိုက်ဆင်းချသွားလိုက်တာ သူ့မမကားကို မိလိုမိငြားတဲ့"

တောင်ကြီးတစ်မြို့လုံးမှ ပြောစရာစကားတွေ အကုန်လုံး ပျောက်ကုန်၏။ ဦးသက်အောင်နှင့် ပတ်သက်သော ဒေါ်သိမ်မွှေ့ခင် အကြောင်းတစ်ခုတည်း ကျန်ခဲ့၏။ သိမ်မွှေ့ခင် ကျက်သရေရှိပုံ၊ ခန့်ညားပုံ၊ တစ်ကိုယ်လုံး ညွှတ်နေအောင် မဆင်ဘဲ၊ စိန်လေးလုံး (နားကပ်တစ်ရံ၊ လက်စွပ်တစ်ကွင်းနှင့် လော့ကက်တစ်ခု)တည်းနှင့် စည်းစိမ်ပြသွားပုံ၊ ငွေကြည့်ရအောင်လှသည့် ကောင်မလေးက ဖိနပ်ကာစလို့ လိုက်ကိုင်ပေးရပုံ၊ လိမ္မာရေးခြားရှိပုံ၊ ယဉ်ကျေးပုံ၊ အဆင့်အတန်းမြင့်ပုံ၊ သူများတကာ မယားကြီးတွေလို မယားငယ်လောင်း အိမ်ရှေ့ လာရန်မတွေ့ဘဲ မြို့မိမြို့ဖထံ တိုင်တန်းသွားပုံ အဆင့်မြင့်လှကြောင်း၊ ပညာရှိပီသလှကြောင်း၊ ဒေါ်သိမ်မွှေ့ခင် ချီးမွမ်းခန်းတွေ၊ တစ်နားဝင် တစ်ပါးစပ်ထွက်ဖြင့် တောင်ကြီးတစ်မြို့လုံး ပိတ်ပိတ်ဖုံးအောင် လျှံတော့၏။



ဦးသက်အောင်လည်း ဖြစ်နိုင်လျှင် လေးဘက်ဘက်ပြီး ပြေးလိုက်တော့မလောက် ကောက်ကောက်ပါသွားပုံ။ ဦးသက်အောင် အကြောင်းကို နည်းနည်းပြောပြီး နှင်းသီဂီဝင်း အထိနာလှကြောင်း၊ အရှက်ဟက်တက်ကွဲကြောင်း၊ ထိမှကောင်းဘယ် ဆိုတာမျိုး၊ မနာလိုသူတွေက ဗိုပိုသာသာ ချဲ့ချဲ့ကားကားအောင် ပြောကြသေး၏။ ဦးတိုက်စိန်က ဦးခင်မောင်ဝင်း အိမ်သို့သွားပြောခဲ့ပုံတွေလည်း အကျယ်တဝင့်၊ ဟုတ်တာရော မဟုတ်တာရော၊ သူများပြောလို့ ကြားရသူကပေမယ့် ကိုယ်တိုင်ပဲ နားငှဲဆတ်ဆတ် ကြားရသကဲ့သို့ မြိန်ရေရှက်ရေ ဇာတ်ကြောင်းပြန်ပြန်၏။

"ပြောနေတဲ့ တစ်ချိန်လုံးမှာ မျက်နှာထားကလည်း ကြည်ကြည်လင်လင်လေး၊ နှုတ်ခမ်းက ခပ်ပြုံးပြုံး၊ အသံက သြာသာနဲ့၊ နည်းနည်းကလေးမှ ရန်လိုမောင်းမဲ မရှိဘူး။ ကျက်သရေရှိသလောက် အဆင့်အတန်းမြင့်လိုက်တာ မပြောပါနဲ့တော့၊ ဒီလိုမိန်းမမျိုး ရှားပါတယ်"

"ကိုးဆယ့်ငါးသိန်းတန် စိန်တွေနဲ့ လွဲပြီပေါ့"

"လွဲပေါ့။ ကိုယ့်မြို့ခံ မဟုတ်ဘဲ၊ ရောက်လာတဲ့သူကို ဖမ်းကြိုက်ပစ်တော့ ထိတာတောင် နည်းသေး"

"အသိ အလိမ္မာနဲ့ ပညာရှိပုံချင်းက ကွာချင်တိုင်း ကွာပေါ့"

"ဟုတ်ပါရဲ့ ... နှင်းသီဂီဝင်း အိမ်ပေါ်တက်ပြီး ရန်တွေ့ပါးရိုက် လုပ်ရင်တောင် အောက်တန်းစား ဆန်ဦးမယ်၊ အထက်တန်းစားဆိုတဲ့ ဂုဏ်ဒြပ်ရှင်တွေ လုပ်ပုံက ပညာ

သား ပါလွန်းလို့ ကျွန်မသာလျှင် တရားဝင် မယားကြီး ပါလို့ ကြော်ငြာစရာတောင် မလိုဘူး"

"ခွင့်ပြုသေးသတဲ့ တော်ရေ့"

"အဲဒါ ... ခပ်ရိုင်းရိုင်း ပြောရရင်၊ မယားငယ် အဖြစ်နဲ့ ချင်လည်း ရတယ်ဆိုပြီး ပညာရှိတဲ့နည်းနဲ့ အရှက်ခွဲသွားတာ"

"တော်လိုက်တာနော်"

တံတွေးခွက်က ပင်လယ်နီးပါး ကျယ်ပြန့်ပြီးသည့် အောက်မှာ နှင်းသီဂီဝင်း စုန်းစုန်းနစ်တော့သည်။ ဒေါ်သိမ်မွေ့ခင်း လာလုပ်သွားသည့်နည်းက နှင်းသီဂီဝင်းတို့ ဖုံးဖုံးဖိဖိ လုပ်ချင်လို့မှ လုပ်ခွင့်မရအောင် အရှက်ပိုကွဲရပါ၏။ ဦးခင်မောင်ဝင်းက ဆေး တွေတိုးပြီး အိပ်ရာထဲမှာ တစ်ပတ်နီးပါးလဲသည်။ ဆရာဝန်က ဆေးကုရင်း ဖျောင်းဖျ၏။

"ဆေးပဲကုပါ ဆရာ။ မဖျောင်းဖျပါနဲ့၊ ဆရာပြောတဲ့ စကားမျိုးတွေ အားလုံး ကျွန်တော့် ဦးနှောက်ထဲမှာ ရှိပါ တယ်၊ ဆရာဘာပြောပြော၊ ဆရာပြောလေ ကျွန်တော် အရှက်"

ဆရာဝန်က "ဆောရီး"ဟု တောင်းပန်၏။ တစ်ပတ် လောက်ကြာတော့ ဦးခင်မောင်ဝင်း သက်သာသည်။ သက်သာ သာချင်း ခရီးထွက်သည်။ ရောက်ရာအရပ်မှ ဆက်သွယ်သော် လည်း တော်တော်နှင့် ပြန်မလာ။ အရှက်ကွဲချက်က ပြင်း၏။ နှင်းသီဂီဝင်း အိမ်ထဲမှ မထွက်ဝံ့။ နဂိုကတည်းက လူရှုတ်နှ အရွဲ့တိုက်လိုစိတ်နှင့် မိုက်ကန်းကန်း သတ္တိလွဲကို သုံးကာ



လှုတောထဲ ဖွတ်တိုးကြည့်လိုက်သည်။ ရွယ်တူတန်းတူ(ဟိုတုန်းက ခင်ခင်မင်မင်များ) မိန်းကလေးတွေက အဝေးမှ လှမ်းကြည့်ကြ သည်။ နီးနေလျှင် ခပ်ဝေးဝေးသို့ ထွက်သွားကြသည်။ ဝေးတစ် နေရာသို့ရောက်မှ ပြန်လှည့်ကြည့်ကာ ဘာတွေမှန်းမသိ ပြောကြ ၏။ ဆေးဖော်ကြောဖက် မရှိ။

မိဘပိုင်းတွေ အားလုံးက ကိုယ့်သား ကိုယ့်သမီး တွေကို ထိန်းချုပ်လိုက်ကြခြင်းကြောင့် ဖြစ်၏။

"နှင်းသီဂီဝင်းနှင့် မပေါင်းရ။ ကိုယ်ပါရော၍ အရှက် ရှေ့စဉ်မည်" ... ဟူ၍။

နှင်းသီဂီဝင်း နေစရာ မရှိတော့ပါ။ "ဘာဖြစ်လဲ" ဆိုသည့် ခပ်ပြောင်ပြောင် မျက်နှာကို ဘယ်မှာထားရတော့မလဲ မပြောတတ်ပါ။ "ဘယ်သူ့ ဂရုစိုက်ရမှာလဲ"... ဆိုသော ဦးခေါင်း က အောက်သို့ ငိုက်စိုက်ကျတော့သည်။

"အန်တီသူဇာ ... နှင်း တစ်နေရာရာ ပြောင်းချင်တယ်"

ဒေါ်လှသူဇာက နှင်းသီဂီဝင်းကို ပို့ရန် ခပ်ဝေးဝေး စဉ်းစားတော့ မိမိ ငယ်စဉ်က အားကိုးခဲ့ဖူးသော စေတနာ သဒ္ဓါ ကောင်းလှသည့် အစ်မဝမ်းကွဲကို သတိရ၏။ လင်ပါသမီးအဖြစ် နှင့် ပို့လျှင် ခွေမတော် မျိုးမစပ်မို့ လက်ခံလိုစိတ် ရှိချင်မှရှိ မည်။ အကြောင်းပြပြ ကောင်းကောင်းကိုလည်း စဉ်းစားလို့မရ။ ကိုယ့်သမီး အေးသီဂီဝင်း ဆိုလျှင်တော့ "ပထွေးနှင့် မထားချင် လို့"ဆိုသော အကြောင်းပြက ခိုင်လုံ၏။ နှင်းသီဂီဝင်းသည် အေးသီဂီဝင်း ဖြစ်စေသတည်း။

၁၄

"သမီး ... နေဒွန်းဗကို ကြည့်ရှောင်တော့"

"ရှင်"

ဒေါ်ခင်စောဝေ၏ မျက်နှာထားက တင်းလေ၏။

"ဒီကောင်လေးနဲ့ သမီးနဲ့ဟာ မွေးကတည်းက တူတူနေခဲ့ကြသလို ဖြစ်တယ်၊ မေမေကလည်း သမီးတစ်ယောက် သားတစ်ယောက်၊ ကလေးနှစ်ယောက် အမေလို နေတယ်၊ တင့်ကလည်း ကလေးနှစ်ယောက်လုံးကို သူ့သားသမီးတွေလို သဘောထားခဲ့တယ်၊ သမီးတို့ချင်းလည်း သံယောဇဉ်ကြီးခဲ့ကြတယ်"

ဘာကြောင့်မှန်းမသိစွာ ... ဝေက မျက်ရည်ဝဲ၏။

"နှစ်ဖက်မိဘ သဘောတူခဲ့တာလည်း အမှန်ပဲ။ ဒီကောင်လေးကို ခုချိန်ထိ ...မေမေ ချစ်နေသေးတာလည်း အမှန်ပဲ၊ သားရင်းလို သဘောထားနိုင်သေးတာလည်း အမှန်ပဲ။



ဒါပေမယ့် ... မေမေ သမက်မတော်နိုင်တော့ဘူး၊ မတော်ချင်တော့ဘူး"

ဤစကားအတွက် ဝေမှာ ထူးခြားအံ့ဩရခြင်း မဖြစ်ထွန်းတော့ပါ။ မေမေ့ သဘောထားကို ဝေ ရိပ်မိနေတာ ကြာပါပြီ။

"ငယ်သူငယ်ချင်း တူတူမှာ၊ သူက သမီးအပေါ်မှာ အမြဲတမ်းလို ဗိုလ်ကျအနိုင်ကျင့်တယ်။ ဒါကို ... ကလေးဘဝတုန်းကတော့ ရယ်စရာ မောစရာအဖြစ် သတ်မှတ်လို့ရတယ်၊ သမက်တစ်ယောက်လို သဘောထားပြီး ကြည့်ရတဲ့အခါကျတော့ ... ဒီဝသီဆိုးဟာ အိမ်ထောင်ရေး သာယာဖို့ မလွယ်ဘူး၊ သမီးကို သူ ... တစ်သက်လုံး ဗိုလ်ကျအနိုင်ကျင့် အနိုင်းထူပြီး နှိပ်စက်နေတော့မယ်"

မေမေက နေဒွန်းရဲ့ ဝသီကို အဆိုးမြင်ပေမယ့် ဝေကတော့ ခွင့်လွှတ်နိုင်နေဆဲပဲ ဖြစ်၏။ သည်းခံရလောက်အောင်တောင် မကြီးကျယ်လှသော ကလေးဆိုး ချစ်စဖွယ် အမူအကျင့် ကလေးများဟု မြင်၏။ ဒါကို ရယ်မောပစ်လိုက်ခြင်းဖြင့် ရင်ထဲမှာ ချစ်စနိုးခြင်းများ ဖြစ်ထွန်းရပါသေးသည်။

"ပြီးတော့ ... သူဟာ သမီးကိုကျတော့ တစ်နေ့ သူရကိုရမယ့် ဇနီးလောင်းအဖြစ် သတ်မှတ်ပြီး ဘာတစ်ခုမှ ကြိုးစားရယူဖို့ မလိုတဲ့အချိုး ချိုးတယ်၊ ပစ်စလက်ခတ်သဘောထားတယ်၊ သူ ကောင်မလေးတွေ လျှောက်တွဲတယ်၊ တချို့နဲ့လည်း ရည်းစားဖြစ်၊ တချို့ကျတော့ ရည်းစားမဖြစ် ...

"ဒီလိုလူစားဟာ အိမ်ထောင်သည် ဖြစ်လာရင်ေ
အိမ်က ဇနီးကြီးကို မပစ်ပယ်ဘဲနဲ့ မိန်းမထားခေါင်းတဲ့
နေရာမှာထားပြီး၊ နောက်က တွဲပိုလေးတွေ ချိတ်မယ့်သ
ရှိတယ်၊ ခုတည်းက အကျင့်က ပါနေပြီလေ"

ဝေမှာ မမေ့ကို ရှင်းပြစရာ စကားတွေ ရှိ
သည်။

"ခုခေတ်မှာ ကောင်မလေးတွေနဲ့ ကောင်လေးတွေ
ရည်းစားလိုလို၊ မဟုတ်ဘူးလိုလို၊ သူငယ်ချင်းမက ရည်
မကျ၊ ခြေပုတ်လက်ပုတ်ကလည်း ရှိပါဘိသနဲ့၊ တ
တနိုး နေကြပြောကြ၊ အဲဒီထဲကမှ ရည်းစားဖြစ်တဲ့သူ
လည်း ဖြစ်သွား၊ တခြားရည်းစား ရသွားလို့ သူငယ်ချ
ဘဝ ပြန်ဆင်းကြတဲ့သူတွေဆင်း ...

"လူငယ်အားလုံး မဟုတ်ပေမယ့် ဒါမျိုး တော်
များများတွေ မြင်နေရပါပြီ မမေ။ မမေတို့ခေတ်
ကလိုတော့ မဟုတ်ပါဘူး။ လူငယ်ချင်းမို့ ပွင့်လင်း
တယ် မမေ"

"ပွင့်လင်းတာ ကောင်းပေမယ့်၊ ပွင့်လင်းတာနဲ့ ရဲ
တာကို ခွဲခြားမသိရင်တော့ မကောင်းဘူး။ ပွင့်လင်းတာ
ဆိုပြီး ရဲတင်းနေလိုက်ကြတာ၊ စောင့်စည်းထိန်းသိမ်း
တဲ့ ကိုယ်ကျင့်တရားတွေ လျော့ရဲယိုယွင်းနေလိုက်ကြ
ကို မမေကတော့ အပျက်အစီးလို့ပဲ မြင်တယ် ...

"မမေတို့ မျက်စိနဲ့ကြည့်မရတဲ့ အပြုအမူတွေ
ကိုယ့်သားသမီးမှာ မရှိစေချင်ဘူး၊ ကိုယ့်ချွေးမ ကိုယ့်သ



မှာ ရှိမနေစေချင်ဘူး။ အဲဒါတွေထဲမှာ နေခွန်းက နစ်မွန်း
ပျော်ရွှင်ခဲ့တာ ကြာပြီ"

မမေပြောတာ မှန်ပါသည်။ နေခွန်းက သူ့မှာ
န်းကလေး မိတ်ဆွေသစ်တစ်ယောက် တိုးတိုင်း ဝေ့ကို လာကြွား
နကျမို့ ဝေက နားငြီးပြီးသား၊ နောကျေပြီးသားပါ။ ဝေကတော့
ခေတ်လူငယ်မို့ ဆိုတာထက် နေခွန်း အပေါ်မှာ အပြစ်မမြင်နိုင်
သော မေတ္တာစိတ်ဖြင့် ခွင့်လွှတ်ကြည်ဖြူနေခဲ့မိပါသည်။

"ခုဆို ပိုဆိုးတယ် ... သီဂီနဲ့ ရည်းစားဖြစ်သွားတာ၊
မျက်စိထဲကို နောက်နေတာပဲ၊ မိန်းကလေးကလည်း မဆင်
ချင်၊ ယောကျ်ားလေးကလည်း မဆင်ချင်၊ ခါးတောင်းမြီး
ဆွဲပြီး မိန်းမထားကြီး ဂျုံးဂျုံးဂျက်ဂျက် လုပ်လိုလုပ်၊ ကြည့်
လို့ကို မရဘူး၊ အမြင်သိပ်ရိုင်းတာပဲ၊ ကိုယ့်မျက်စိရှေ့မှာ
တခြားမိန်းကလေးတစ်ယောက်ကို သေလုမျောပါး ချစ်ပြနေ
တဲ့ လူငယ်တစ်ယောက်ကို မမေက ဘယ်လိုသည်းခံခွင့်
လွှတ်စိတ်နဲ့ သမက်တော်ဖို့ ကြည်ဖြူရမလဲ ...

"ပြီးတော့ ... သူ့ရည်းစားဆိုတဲ့ ကောင်မလေးက
လည်း နောက်ကြောင်းဆိုး။ နောက်ကြောင်းဆိုးလို့ ရှေ့
ကြောင်းကောင်းမလား ဆိုတော့ ... ရှေ့ကြောင်းလည်း
ကောင်းမယ့်ပုံမပေါ်၊ ကိုယ့်သမီးနဲ့များ ယှဉ်လိုက်ရင်
နံ့သာဆီနဲ့အီး ဆိုသလိုပဲ"

ဝေက လှစ်ခနဲ ပြုံးမိသွားရတော့သည်။

"တကယ်ပြောတာ၊ ကိုယ့်သမီးမို့ ကိုယ်ပြောတာ မဟုတ်
ဘူး၊ သမီးက မမေတို့ မျက်စိထဲကို အချိုးတကျဝင်တဲ့

ပုံစံ။ ဘယ်ယောက်ျားမလောင်းရဲ့ မျက်စိထဲမဆို ... ဝင်မှာ
သမီးကိုယ်ပိုင်အရည်အသွေးတွေနဲ့သမီး၊ ယောက်ျားတ
ယောက်ကို ခေါင်းခေါက်ရွေးနိုင်ပါလျက်နဲ့ ... ဒီသစ္စာ
ကတိမတည်တဲ့ ယောက်ျားတစ်ယောက်ဆီမှာ ဘာဖြစ်
တစ်သက်လုံး ဒူးနဲ့မျက်ရည် သုတ်နေတော့မလဲ"

"သမီးလည်း သူ့ကို လက်ထပ်ဖို့ စိတ်ကူးမရှိတော့
ဘူး"

"ဒါ ... မှန်တာပေါ့၊ တော်ပါသေးရဲ့၊ သမီး လိမ္မာပေ

မေမေ ... သမီးလိမ္မာတာ တစ်ခုတည်းနဲ့ အဲ
ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူးဆိုရင်၊ မေမေက သမီးကို ချီးကျူ
မှာလား။ သမီးက သူ့ကို လက်ထပ်ဖို့ စိတ်ကူးမရှိတော့ခြင်း
သူက သမီးကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်မှန်း သိသ
လို့ပါ။ သူ့စိတ်ထဲမှာ သမီးမရှိလို့ပါ။ သူ့ရှေ့ဆက်မယ့် ဘဝ
လမ်းမှာ သမီးကို သူက အဖော်မခေါ်လို့ပါ။ သူ့ဆန္ဒနဲ့ ဆန့်ကျ
တဲ့ ဆုံးဖြတ်ချက်မျိုးကို သမီးမချဝံ့လို့ပါ မေမေ ... ဟု ပြောလို
လျှင် မေမေ့ခမျာ ဘိုင်းခနဲတောင် လဲသေရှာမလား မသိပါ

"အဲဒီတော့ ကိုယ်လက်မထပ်မယ့် သူစိမ်းယောက်ျားတ
ယောက်နဲ့ ခြေပုတ်ခေါင်းပုတ် တရင်းတနှီး မနေသင့်တော့
ဘူး၊ သမီးက အနေအထိုင် ဆင်ခြင်ရမယ်"

ဝေက ဆင်ခြင်ပါသည်။ မဆင်ခြင်တာက နေဒွ
ဖြစ်၏။ ဝေမို့ ကိပ်ပ့်ဘာသာ အေးဆေးထိုင်နေလည်း သူ
မုံးဆို ကျောကုန်းကြီး လာထုလိုထုသွား၊ ဆံပင်မဆောင့်ဆွဲ
ခေါင်းကိုဆွဲမော့လိုမော့၊ ဒါတွေကို ဖြည်းဆေးသက်သာ လုပ်နေ



ဟုတ်ပါ။ ဝေများ နာသွားမလားဆိုသည့် အတွေးက နည်းနည်း
းတောင် မဝင်၊ နာချင်နာ၊ ကျင်ချင်ကျင်၊ ခွန်နှင့်အားနှင့်
ခက်သွားတတ်တာချည်း ဖြစ်၏။

"တင့်ကိုလည်း ပြောရမယ်၊ တရားဝင်မဟုတ်ပေမယ့်
နှုတ်နဲ့ပြောဆို နောက်ပြောင် စ,နေကြတာကို ရပ်တန်းက
ရပ်တော့မယ် ဆိုတာ"

"အန်တီတင့် စိတ်မကောင်း ဖြစ်ရှာမယ်"

"မိဝေ ..."

ဝေက လွတ်ခနဲ ပြောလိုက်မိသည်ကို ဒေါ်ခင်စောဝေ
စိတ်တိုဒေါသထွက်သွားလေ၏။

"သမီးကို မေမေ မကြိုက်ဘူးနော်"

မေမေက ဝေ့ကို ဘာကြောင့်မကြိုက်မှန်း ဝေ သိပါ
ည်။ နေဒွန်း သည်းညည်း ခံလွန်းလို့ပါ။ နေဒွန်း သည်းညည်း
မက နေဒွန်းအမေထိအောင် လိုက်ပြီး အသနားပို ကိုယ်ချင်း
နိုင်နေတာကို မေမေ စိတ်ဆိုးဒေါသထွက်တာပဲဖြစ်၏။ ဝေက
နည်းလာသည်။ နေဒွန်းနှင့် တကယ်ပဲ ဝေးကြရတော့မည်ထင်
ည်။ နေဒွန်းက ကောင်မလေးတွေနှင့် ဘယ်လိုပဲ တရှန်းရှန်း
၊ တစ်နေ့မှာ အဲဒါတွေအားလုံးကို ဖြတ်တောက်ပစ်ခဲ့မှာဟု
က ယုံကြည်ထားပါသည်။ သိဂီနှင့် ချစ်ကြသည်ဆိုကာတောင်
တို့နှစ်ဦး၏ ချစ်ခြင်းကို တစ်နည်းနည်းနှင့် ခွဲဖို့ စိတ်ကူးမရှိပေ
။ တစ်နေ့နေ့မှာ ဘယ်သူမှ ဟကူးတာက ခွဲစရာမလိုဘဲ
ကွာသွားကြမှာဟု ယုံကြည်ထားမိပါသည်။ နေဒွန်းလိုလူမျိုးက
ိလို မိန်းမသားနှင့် ရေရှည်မှာ မဖြစ်နိုင်၊ သိဂီကလည်း

နေဒွန်းကို တရားဝင် လက်ထပ်သည်ထိ သေတပန် သက်တဆုံး စိတ်ကူးပုံ မရဟုပဲ မှတ်ချက်ချထားသည်။

စိတ်ပုပ်ကြီးမွေးကာ၊ သူများချစ်သူစုံတွဲ ကွဲမည် ကွာမည့်နေ့ကို ထိုင်စောင့်နေတာ မဟုတ်ပြော၊ တစ်နေ့တော့ နေဒွန်း ပြန်လာမှာပဲဟု ယုံစားနေမိခဲ့သည်။ ခွင့်လွှတ်နေခဲ့မိသည်။ သူ့အမှား အဆိုးတွေကို ကြည်ဖြူနေခဲ့မိသည်။ ခုတော့ ... မေမေ က တားလေပြီ။

"မေမေ ပြောမယ်နော် ... သမီး၊ မေမေတို့မှာ ဒီသမီးလေး တစ်ယောက်တည်းရှိတယ်။ မေမေတို့ ရှိသမျှ စည်းစိမ်ဟာ သမီးလေးအတွက်ပဲ။ ဒါပေမယ့် ... သမီးတစ်သက်လုံး မပူမပင် မကြောင့်မကြ စားသွားဖို့သာ မေမေတို့ သဒ္ဓါ ကြည်ဖြူနိုင်မယ်၊ သမီးအပေါ်မှာလည်း လူကောင်းမဖြစ် နိုင်တဲ့ သူစိမ်းကောင်လေး သုံးဖို့ ဖြုန်းဖို့တော့ မေမေ မချန်ထားခဲ့နိုင်ဘူး"

"ရှင် ... မေမေ"

"ဟုတ်တယ် ... မေမေ့စကားက ရက်စက်ချင် ရက်စက် နေမယ်၊ သမီး ... နေဒွန်းကို မဖြတ်နိုင်ရင်၊ နေဒွန်းနဲ့သာ ယူမယ်ဆိုရင် သမီးကို မေမေတို့ လုံးဝအမွေမလွှဲခဲ့နိုင်ဘူး။ နေဒွန်းကို မေမေ မယုံတော့ဘူး၊ သမီးကိုလည်း မေမေ မယုံဘူး၊ သမီးဟာ ခုတောင် ... ကိုယ်ရတဲ့မုန့်ဖိုး ကိုယ် မသုံးရဘဲ နေဒွန်းကို ဖို့နေတာ မေမေ သိတယ်"

ဪ ... မေမေ။ နေဒွန်းကို ဟာကယ်စိတ်ဆိုးရှာ ပြီပဲ။



"သမီးက ထင်ချင်ထင်မယ်၊ တွေးချင်တွေးမယ်။ အမွေ မရလည်း ဘာအရေးလဲ၊ သမီးလည်း ပညာတတ်၊ နေဒွန်း လည်း ပညာတတ်၊ နှစ်ဝမ်း နှစ်ခါးတော့ လုပ်စားလို့ရတာ ပဲလို့။ အဲဒီလို တွေးရင် သမီးဟာ သားဆိုး သမီးဆိုး စာရင်းဝင်သွားပြီ။ သားသမီးဝတ္တရား ရှေးရဲ့လား။ ငယ်ငယ်တုန်းကတော့ ခဏခဏရှုတ်ရတယ်၊ ခုတော့လည်း မရှုတ်ရတာ ကြာပြီ"

"ရပါသေးတယ် မေမေ"

"ဆိုပါဦး"

ဝေက မျက်ရည်ဝဲနေသည့်ကြားက ပြုံးချင်သွားရ ဘာသည်။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုံမျှ ဝေ၍၊ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်၊ ကျင့်မှုယ်သားတို့ တာ"

"အင်း ... မေမေ ပြောချင်တာ။ မွေခံထိုက်စေ ဆိုတဲ့ အချက်ပဲ။ လူငယ်စိတ်နဲ့ အမွေမရ ဘာအရေးလဲဆိုတာ ဟုတ်ကို မဟုတ်ဘူးနော်၊ သားသမီးဆိုတာ မိဘရဲ့အမွေ အနှစ်ကို ထိုက်ထိုက်တန်တန် ခံယူရတယ်။ သိန်းဘယ် နှရာ ချန်ထားခဲ့မှ တိုက်ဘယ်နှလုံး၊ ကားဘယ်နှစီး၊ စိန် ဘယ်နှဆင်စာမှ ဆိုပြီး ပစ္စည်းတန်ဖိုးများမှ အမွေစစ်တာ မဟုတ်ဘူး ...

"မိဘရဲ့ ဆိုးမွေ ကောင်းမွေ အားလုံးကို ထိုက်တန် စွာ ခံယူနိုင်တဲ့ သားကောင်း သမီးကောင်း ဖြစ်ပစေလို့

ဆိုလိုတာ။ ဒီထဲမှာ တိုက်တွေ ကားတွေက ဒြပ်ပစ္စည်းလောကီစည်းစိမ်အဖြစ် ပါသွားတာ။ မိဘက အမွေမပေးဘူး၊ အမွေဖြတ်တယ်၊ မိဘအမွေကို မခံစားထိုက်လို့ မပေးခဲ့ဘူးဆိုရင် အဲဒီသားသမီးဟာ ...

"အမွေမခံထိုက်သော၊ သွာနုတ္တသားသမီး ခေါ်တယ်။ ခွေးနှင့်တူသော သားသမီးတဲ့၊ မိဘအမွေဖြတ်ခြင်း ခံရတဲ့ သားသမီးဟာ ခွေးလောက်ပဲ အဆင့်အတန်းရှိတယ်၊ ဒါကြောင့် သားသမီးဝတ်ထဲမှာ မွေခံထိုက်စေ ...

"အမွေကို ထိုက်တန်စွာ ခံယူနိုင်သည့် သားကောင်းသမီးကောင်း ဖြစ်ပါစေ ... လို့ ထည့်ထားတာ။ သမီးဟာ မေမေ့ ပြောစကားကို မေမေတို့ ရှိတုန်းလည်း နားမထောင်ဘူး၊ ထားပါတော့ ... မေမေတို့ရှိတုန်း နားထောင်မယ် ...

"မေမေတို့လည်း ကွယ်ရော၊ မေမေ မကြိုက်ပါဘူး ပြောခဲ့ပေမယ့် မေမေမှ မရှိတော့တာဆိုပြီး၊ ကိုယ်လုပ်ချင်ရာ လုပ်မယ်ဆိုရင်၊ အဲဒါ မွေခံထိုက်သော သားသမီး မဟုတ်ဘူး၊ အဲဒါကြောင့် မေမေက အမွေမပေးဘူး၊ အမွေမရတဲ့အခါမှာ၊ ပိုက်ဆံတွေ ပစ္စည်းတွေ မရလို့ နမြောရမှာထက်၊ မွေခံထိုက်တဲ့ သားသမီး မဖြစ်ရတဲ့ အတွက် ...

"ရှက်ရမှာ၊ ကြေကွဲရမှာ၊ ငါဟာ မွေခံထိုက်တဲ့ သားသမီး မဟုတ်ပါလားဆိုတဲ့ အချက်ကို အသည်းထဲက နာကျင်ခံစားရမှာ၊ အိမ်မရတာ ကားမရတာ ဘာမှအရေး



မကြီးဘူး၊ အိမ်တွေ ကားတွေဆိုတာ၊ ဒြပ်ပစ္စည်းတွေ ပြုပြင်ဖန်တီးလို့ရတယ် ...

"လူမသေ ငွေမရှားတဲ့။ ပိုက်ဆံဆိုတာ ရှာယူလို့ရတယ်၊ မွေခံထိုက်သော သားသမီးကောင်းဆိုတဲ့ ဂုဏ်ပုဒ်၊ ဂုဏ်ဒြပ်က ရှာယူလို့မရဘူး၊ ပိုက်ဆံနဲ့ ပေးဝယ်လို့လည်း မရဘူး။ ဒါဟာ ဂုဏ်ရည်တစ်မျိုးမို့ မက်မောအပ်တယ်၊ ဒီဂုဏ်ရည် ကိုယ့်မှာ မရရင် မတင့်တယ်ဘူး၊ ကျက်သရေမရှိဘူး ဆိုပြီး အသည်းခိုက်အောင် ရှက်တတ်ရမယ် ...

"ဒါ ... မေမေတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ထုံးတမ်းစဉ်လာ ဖြစ်တယ်။ မေမေတို့ မြန်မာလူမျိုးက အသက်ဆယ့်ရှစ်နှစ် ပြည့်တာနဲ့၊ မိဘအိမ်ပေါ်ကဆင်းတဲ့ အမျိုးမဟုတ်ဘူး၊ အသက်ခြောက်ဆယ်ရွယ် သားသမီးကို အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နားနီး မိခင်က ငါ့သားသမီးဟာ ခြောက်ဆယ်ပါလားလို့ မမြင်ဘူး ...

"မျက်စိထဲမှာ ကလေးပဲ။ မြန်မာမိဘတွေရဲ့ အမြင်မှာ သားသမီး ဘယ်အရွယ်ဖြစ်ဖြစ်၊ ကလေးပဲ။ ဒါဟာ ရင်အုပ်မကွာသော ကြီးမားတဲ့ မေတ္တာတရားကို ပြတာ။ တခြားလူမျိုးတွေမှာ၊ အမွေကို သေတမ်းစာရေးပြီး ကိုယ်ပေးချင်တဲ့သူကို ပေးခဲ့လို့ရတယ် ...

"သူစိမ်းပေးချင် ပေးခဲ့မယ်၊ တူ တူမ ပေးချင်ပေးမယ်၊ သားသမီးပေးချင် ပေးမယ်၊ ဗုဒ္ဓဘာသာ မြန်မာတွေမှာတော့ မိဘကွယ်လွန်ရင် သားသမီးက အမွေအနှစ်ရတာ မိရိုးဖလာထုံးစံ။ အဲဒီမိရိုးဖလာထုံးစံထဲမှာ ကိုယ်က အကျိုး

ဝင်ခွင့်မရ၊ ကိုယ့်မိဘက ကိုယ့်ကို အမွေမပေးခဲ့၊ မွေခံထိုက်သော သားသမီးမဟုတ် ဆိုရင် ...

"လဲသေချင်လောက်အောင် ရှက်ပါ။ ဒါရှက်ရမယ့်ကိစ္စ။ ကြေကွဲဝမ်းနည်းရမယ့်ကိစ္စ ဖြစ်တယ်။ အမွေများ ... မရ ဘာအရေးလဲ ဆိုတာ မိဘအပေါ်မှာ မေတ္တာမတုံ့ပြန်တဲ့ သားသမီးရဲ့စကား။ မေမေ ဒီလိုပြောလို့ အမွေအနှစ်ကို မရမက လိုက်လုယူနေရမယ်လို့ မဆိုလိုဘူးနော် ...

"မွေခံထိုက်စေ ... တဲ့။ ထိုက်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ် ထိုက်တန်ခြင်းကို သဘောပေါက်"

ဒေါ်ခင်စောဝေက ရှည်ရှည်ဝေးဝေးကြီးကို ပြောချလိုက်သည်။ ဝေက မျက်ကြောစင်းလေးနှင့် နားထောင်ရပါသည်။ ဝေ ငိုချင်နေပါသည်။ သို့ပေမယ့် ... မငိုရဲပါ။ ခုချိန်မှာ ဝေငိုလျှင်၊ မေမေ ခွင့်မလွှတ်မှာ သေချာပါသည်။

"ဒါ ... ငိုစရာလား"... ဟု မေးတတ်သော မေမေ့မျက်ဝန်းအကြည့်ကို ဝေက ကြောက်ရွံ့လေးစားရပါသည်။ မေမေ့ကို ဝေ့တစ်သက်လုံး အထင်ကြီးလေးစားခဲ့သည်မို့ မေမေ့နှုတ်ထွက် စကားတိုင်းကို မြေဝယ်မကျ နာယူခဲ့တာပါ။ မေမေ့စကားကို ဝေ ငြင်းပယ်နိုင်စွမ်း မရှိခဲ့ပါ။ ဒီတစ်ကြိမ်လည်း ငြင်းပယ်ဖြစ်မည် မဟုတ်ပေမယ့်၊ ဝေ နာယူလက်ခံလိုက်ရသော မေမေ့စကားတွေကို ဝေက နှလုံးသားနှင့် လဲလှယ်ရမှာပါ။

မေမေ့စကားကို နားထောင်ဖြစ်မှာပါ၊ နေ့ဒွန်းရယ်။ ဒါကို နင် သိစေချင်တယ်။



ဦးမြဒွန်းက ... သိင်္ဂီ ဟူသော နာမည်ကိုပဲ နှုတ်ကျိုးစွာတော့ ဆက်ခေါ်၏။ သို့ပေမယ့် ...

"လှသူဇာ သမီးမှ တို့က လက်ခံမယ်၊ ဦးခင်မောင်ဝင်း သမီးဆိုရင် လက်မခံဘူးထင်ပြီး၊ နင်းနဲ့အေးကို ပြောင်းလာခြင်းဟာ၊ ငါတို့ရဲ့ စေတနာကို စော်ကားရာ ရောက်တယ်။ ဦးခင်မောင်ဝင်းလည်း လှသူဇာရဲ့ ခင်ပွန်းဆိုတော့ ဆွေမျိုးစပ်လို့ ရတာပဲ ... ဆွေမျိုးဖြစ်ဖြစ်၊ သူစိမ်းဖြစ်ဖြစ်ပါလေ၊ ငါတို့က စေတနာ မပါးရှားဘူး ...

"တစ်ဖက်သားမှာ ဒုက္ခရောက်တယ်၊ အကူအညီလိုတယ်ဆိုရင်၊ ကူညီဖို့ ဝန်မလေးဘူး၊ စားသောက်နေထိုင်စရိတ် ဘယ်လောက်တက်လာတယ်ပြောပြော၊ လူတစ်ယောက်လောက်ကို အိမ်ပေါ်တင်ကျွေးရတာ ဘာမှအပန်းမကြီးဘူး။ ကိုယ်လှူနိုင်တဲ့ အင်အားထဲမှာရှိတယ်၊ ဒီနေ့ကစပြီး ရှေ့လျှောက်မှာ ...

"အမှန်တွေချည်းပြောပြီး မှန်မှန်ကန်ကန် နေထိုင်စေချင်တယ်။ အဲဒါ ဘဘရဲ့ဆန္ဒ"

ပြောချင်တာ တော်တော်လေး ပြောလိုက်ရမှ "ဘဘ" ပြန်ဖြစ်လာသည်။ စောစောကတော့ "ငါ"ဟုပဲ သုံးခဲ့သည်။ ဦးမြဒွန်းက နင်းကို တော်တော်ကြီး စိတ်ဆိုး စိတ်ပျက်လေ၏။

"ဒီဆန္ဒအတိုင်း မှန်မှန်ကန်ကန် နေထိုင်စားသောက်သွားမယ်ဆိုရင် ဒီအိမ်မှာ နောက်ထပ် ဘယ်လောက်ကြာကြာ၊ ဆက်လက်တည်းခိုနေနိုင်တယ်"

ဦးမြဒွန်း စကားတွေက ပြတ်သည်မို့ ဒေါ်တင့်တင့်ရီက လှသူဇာ မျက်နှာ ပြေးမြင်ကာ အားနာလှစွာ လက်ကုပ်ရပါသေးသည်။ သို့ပေမယ့် ... ဦးမြဒွန်းက ဂရုမစိုက်ချေ၊ ပြောစရာရှိသည့် စကားတွေကို ဆုံးအောင်ပြောသွား၏။ နှင်းက ခေါင်းလေးငုံ့နေသည်။ တစ်သက်တာမှာ မခံမရပ်နိုင် အဖြစ်ဆုံး ခံစားရပါသည်။ မြို့မှာ ဒေါ်သိမ်မွေ့ခင်က သူသာလျှင် ပွဲတက်ဇနီးကြီးပါဟူ၍ လာပြောသွားစဉ်ကတောင် ကိုယ်နှင့် မျက်နှာချင်းဆိုင်မဟုတ်သည်မို့ မခံချိ မခံသာ ဖြစ်ငြား၊ ဤမျှ အခံရ မခက်ခဲ၊ ရတော့မည်ထင်ပြီး သူငယ်ချင်းတွေထဲ လည်ကြွားထားမိသောစိန်ကိုးဆယ့်ငါးသိန်း မရလိုက်စဉ်ကလည်း ရချင်စိတ်ဖြင့် ထွန့်ထွန့်လူး နှမြောမိပေမယ့် ခုလို အခံရ မခက်ပါ။ ခုဟာက ... မျက်နှာချင်းဆိုင်ကြီး လေသံပြတ်ပြတ်၊ စကားမချို၊ မျက်နှာထားမတင်းသော်ငြား၊ လျော့လည်းမလျော့ပါဘဲ ပြောချသည့် စကားတွေကို၊ ကိုယ်က ခေါင်းငုံ့ပြီး နားထောင်ရတာလေ။

ပြီတော့ ... "ခိုးထုပ်ခိုးထည်နှင့်မိ" ဆိုသကဲ့သို့ ကိုယ်ဟာ အေးသီဂိဝင်း မဟုတ်ဘဲ နှင်းသီဂိဝင်းသာလျှင် ဖြစ်ကြောင်း (ကိုယ်ကဖွင့်ဟဝန်မခံပါဘဲ) သူတို့ဘာသာ သိသွားရခြင်းကြောင့်လည်း ခိုးထုပ်ခိုးထည် ဖြစ်ရသည်။ နှင်း၏ တစ်သက်တာတွင် ဘယ်တုန်းကမျှ ခေါင်းမငုံ့ခဲ့ဘူးချေ။ ခု ငုံ့နေရသည်။ အခံရခက်ပါဘိ။



"နှင်းသီဂိဝင်း ဖြစ်တော့ ဘာဖြစ်လဲ။ မထားချင်ဘူးလား၊ မနေပါဘူး"

အဲသည်လိုပြောကာ ဤအိမ်ပေါ်မှ ဆင်းလိုက်ချင်၏။

"ရန်ကုန်ကို ဘာမှတ်လဲ၊ အဲဒီကျရင် ကောင်းကောင်းနေ"

ရန်ကုန်မလာခင်၊ ဖေဖေက ရောက်လေရာအရပ်မှ ဖုန်းဆက်ပြောလိုက်သေး၏။ ရန်ကုန်အကြောင်းတော့ နှင်း တော်တော်လေး သိပြီ။ ဇာတိချက်ကြွေဆိုသူက မရှိသလောက် ရှားကာ အမြို့မြို့ အနယ်နယ်မှ လူသားတွေ ရောက်ရှိစုပြုံပြီး နေထိုင်ကြတာများသည်မို့ သူ့အကြောင်း ကိုယ်မသိ၊ ကိုယ့်အကြောင်းလည်း သူ မသိ။ ဒီရပ်ကွက်မှာ ကလေးနှစ်ယောက်အဖေက ဟိုရပ်ကွက်မှာ လူပျိုဖြစ်ချင် ဖြစ်နေတတ်တာလည်း ကြားဖူးနားဝရှိပြီ။ ရန်ကုန်သည် ပုန်းခိုလိုသူတွေအတွက် ကမ္ဘာကျယ်တစ်ခုနယ် အသက်ရှုချောင်၏။ အားကိုးရာမရှိသူတွေ ချက်ချင်း ဒုက္ခရောက်သွားနိုင်သည့် ဒေသမျိုးလည်း ဖြစ်နေသေး၏။ နှင်း ... မြို့တုန်းက ခင်မင်ခဲ့သော၊ (ခင်မင်ခဲ့သည်ပဲ ဆိုပါစို့) နှင်းထံပါးမှာ ကျဆုံးဝပ်ဆင်းစွာ ခံစားခဲ့ဖူးသော (နှင်းစိတ်ထင်လည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်) နှင်းကထားရစ်ခဲ့တာတောင် ခံစားမပျက်၊ အသည်းကွဲပြခဲ့သော မိုးလွင်နှင့် ရန်ကုန်မှာ ပြန်တော့တွေ့ပြီ။ သူ ဘာလာလုပ်တာမှန်း မသိပေမယ့်၊ သူ့နေရပ်လိပ်စာ အခိုင်အမာနှင့် သူ့ဖုန်းနံပါတ်ကို ရထားသည်။ သူ့ပုံစံကလည်း စိုစိုပြည်ပြည်၊ ခြောက်တိခြောက်ခန်း မဟုတ်။ ဘယ်လို အကွက်ကောင်းနှင့် တွေ့နေသလဲတော့ မပြောတတ်။ တကယ်တမ်းကျ မိုးလွင် အားကိုးနှင့် ဤအိမ်ပေါ်မှ ဆင်းသွားလိုက

လည်း မဖြစ်သေး။ ဟိုတုန်းက ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်မိဘအရိပ်မှာ မို့ ဝပ်စင်းခ,စားခဲ့သော မိုးလွင်သည်၊ ခုချိန်သာ သူ့အိမ်ပေါ်တက် သွားကြည့်ပါလား၊ ဆီးကြိုသိမ်းပိုက်လျှင်တောင် အဖြစ်က ဒီလောက် ဆိုးဦးမည်မထင်။ ဆီးကြိုဖျက်ဆီးပစ်လိုက်ဖို့က များသည်ဆိုတာ လည်း၊ ဦးနှောက်က မိးနိုပြ အချက်ပေးနေပါသည်။

နင်းမှာ ပြေးစရာ မြေမရှိပါ။ နင်း၏ တစ်ခုတည်း သော အားကိုးရာသည် "ဇ"။ နင်းချစ်သည်ဟု ပြောထားခဲ့ပြီး ဖြစ်သော နေဒွန်းဇတည်း။

"ဇ ... သိဂိ့ကို မုန်းသွားပြီလားဟင်"

အမုန်ကို ဝန်ခံရလျှင် နေဒွန်း စိတ်ရှုပ်နေပါသည်။ တခြားမည်သည့်ခံစားမှုတွေ အရောင်ခြယ် ဖြစ်ထွန်းနေသေးသလဲ တောင် မပြောတတ်ပါ။ စိတ်ရှုပ်၊ နှောက်ကျိကာ ညစ်လိုက်တာ မပြောပါနှင့်တော့။

"ဟင် ...ဇ၊ သိဂိ့ကို မုန်းသွားပြီလား၊ ဇ ... ဘာဖြစ်နေ လဲဟင်၊ မျက်နှာ သိပ်ပျက်တာပဲ"

"ညစ်နေတယ်၊ ပြီးတော့ တအားလည်း ရှုပ်ထွေးပြီး နှောက်ကျိနေတယ်"

"သိဂိ့ကြောင့်ပေါ့နော်"



"အစကတည်းက ... နင်းသိဂီဝင်း အဖြစ်ပဲ ဒီအိမ်ပေါ် တက်လာခဲ့ရောပေါ့ သိဂီရယ်"

သူ့ကို သိဂီလို့ပဲ အားလုံးက ဆက်လက်ခေါ်ဝေါ် သုံးစွဲ၏။ နှုတ်လည်း ကျိုးနေပြီ။ ပြီးတော့ ... သူ့နာမည်ထဲမှာ သိဂီ ဆိုတာလည်း ပါနေတာပဲ မဟုတ်လား။ သူကလည်း သုံး နေကျအတိုင်း သိဂီပဲ ဆက်သုံးသည်။ သိဂီ ဆိုသည့် နာမည်က သူနှင့် လိုက်ဖက်ဆဲပေမယ့် သိဂီဟု ခေါ်လိုက်ရတိုင်း၊ သူက သူ့ ကိုယ်သူ သိဂီဟု သုံးစွဲတာကို ကြားလိုက်ရတိုင်း၊ တစ်ခုခု အမှားကြီးလို ခံစားရပါသည်။

"သိဂီ ကြောက်တာရော၊ ဟိုမှာဖြစ်ခဲ့ရတာကို ရှက်တာ ရော၊ ပြီးတော့ ... သိဂီဟာ နင်းသိဂီဝင်း ဆိုတဲ့ ဘဝ ထဲက ထွက်ပြေးချင်တာရော၊ ဇတို့ရဲ့ အရိပ်ထဲ ပြေးဝင် ခိုလှုံတာပါ ဇရယ်"

သိဂိ့ထံမှ တစ်ကြိမ်မျှ မကြားဘူးသော လေသံလျော့ လျော့။ တစ်ခါမျှ မမြင်ဘူးသော မျက်နှာထားပျော့ပျော့က နေဒွန်းဇ ဆိုသည့် ကောင်လေးထံမှ အသနားတွေကို ဆွဲယူနိုင် စွမ်းများ ဖြစ်ထွန်း၏။ နေဒွန်း ... သိဂိ့ကို သနားပါသည်။ ချစ် သည်ဟုလည်း ပြောထားပြီးပြီ။ ချစ်သည်ဟုလည်း ထင်ထားသည်။ နေဒွန်း ဘဝမှာ သည်းညည်းနှင့် အနှံ့အတာကို ခံပေးရသော သူဟူ၍ သိဂီ တစ်ယောက်ပဲ ရှိသည်။ ဘယ်အပေါင်းအသင်း (မိန်းကလေး) ဘယ်ရည်းစားတုန်းကမျှ သိဂိ့လောက် ကရိကထ မခံ၊ သည်းညည်းမခံခဲ့။ ငယ်ကတည်းက ကျွမ်းခဲ့ရသော သူငယ်

ချင်းမလေး ပုရစ်မကိုဆိုလျှင် ကိုယ်က ဇိုလ်ကျလို့တောင်ရသေး သည်။

"ခုဆို ... သိင်္ဂီ အရမ်းမျက်နှာငယ်တာပဲ။ တောင်ကြီး ပြန်ပြေးချင်စိတ် ပေါက်လာတယ်။ ဘဘတို့ အန်တီတို့ ဆီမှာ ရှက်လွန်းလို့ပါ။ တောင်ကြီး ပြန်ရောက်ရမှာလည်း ကြောက်တယ်။ သူငယ်ချင်း အပေါင်းအသင်းတွေ ကြားမှာ ရှက်လွန်းလို့ပါ။ သိင်္ဂီက တစ်သက်လုံးမှာ ခေါင်းမော့ နေခဲ့တယ်၊ ဘယ်တုန်းကမှ ဒီခေါင်းနဲ့ ဒီမျက်နှာကို ခပ်ငုံ့ငုံ့ မလုပ်ခဲ့ဘူးတာ အမှန်ပါ။ ခုတော့ ... ဗတို့ မိသား စုဆီမှာ သိင်္ဂီ ခေါင်းငုံ့လိုက်ရပြီ။ အောက်ကျ နောက်ကျ ဖြစ်သွားပြီ ...

"အရင်တုန်းက အန်တီလှသူဇာ သမီးမို့ ငြင်းရခက် တာရော၊ ဆွေရိပ်မျိုးရိပ် မကင်းလို့ ကြည်ဖြူနိုင်တာရော ပေါင်းပြီး ဘဘတို့ အန်တီတို့က သိင်္ဂီကို ဗနဲ့ ကျေနပ် ထားကြတာ၊ မကန့်ကွက်ပဲထားတာ မဟုတ်လား။ ခုဆို ... ဘယ်သဘောတူကြတော့မလဲနော်၊ ဗကို ဘာပြောသေး လဲ"

နေဒွန်းက မတုန်မလှုပ် ရှိလေ၏။

"ပြောပါ ဗရယ် ... သိင်္ဂီ ကြိုးစားနားထောင်ပါ့မယ်၊ သိင်္ဂီ အတွက် စကားဆိုးဆိုလည်း ပြောချပါ။ သိချင်တယ် ... သိပါရစေ၊ သိခွင့်ပေးပါ"

"ဖေဖေက သဘောမတူဘူးလို့ ပြောတယ်"



"အန်တီကရော"

"မေမေကတော့ စိတ်ထားကိုက ပျော့ပျောင်းတယ်။ တစ် ယောက်ယောက်က တစ်ခုခုကို ဆုံးဖြတ်ရင် လိုက်ပါဖို့ အဆင်သင့် ဖြစ်နေတတ်တဲ့ စရိုက်လေ။ ဖေဖေ တားတဲ့ အထဲမှာလည်း မေမေ ပါတယ်။ ကိုယ်က နောက်မဆုတ် ဘူးလို့ ပြောရင် တိုက်တွန်းမယ့်ထဲမှာ မေမေ ပါမယ်။ မေမေက အဲဒီလိုမျိုး"

ဒေါ်တင့်တင့်ရီက သဘောကောင်းလွန်းသူမို့ တိမ်း ညွှတ်ယိမ်း၏။

"ဗကရော"

"ကိုယ် ... သိင်္ဂီကို ချစ်ပါတယ်။ ဒီကိစ္စအတွက် စိတ်ရှုပ် တာ မှန်ပေမယ့်၊ လက်ရှိ သိင်္ဂီ့ အခြေအနေကို ကိုယ် သနားပါတယ်"

"ကျေးဇူးတင်ပါတယ် ဗရယ် ... ခုအချိန်မှာ ဒီအိမ်မှာ သိင်္ဂီ နေရတာ အရမ်းမျက်နှာငယ်ပါတယ်။ ဘဘတို့ အန်တီတို့ကို ပြုစုချင်ရင်တောင် တမင် မျက်နှာလုပ်သလို ပဲ၊ ပိုင်ပိုင်နိုင်နိုင် ပြုစုခွင့် ရချင်တယ်။ မိဘသဘောရောက် သွားအောင်၊ သိင်္ဂီတို့ လက်ထပ်ကြရင် မကောင်းဘူးလား ဟင်"

နေဒွန်း ... ရင်ထဲ ဒိတ်ခနဲ လန့်၍ခုန်၏။ နေဒွန်း သည် သိင်္ဂီကို ချစ်၏။ (ထင်ခဲ့တာလည်း ဖြစ်နိုင်သည်) လက် ထပ်ဖို့လည်း စိတ်ကူးသည်။ အဘယ်ကြောင့်ဆိုသော် ... အရင့် အရင် ရည်းစားလိုလို ဘာလိုလိုတွေထား ... ပြတ်တောက်ခဲ့ဖူး

သော ရည်းစားနှစ်ယောက်ကို သိင်္ဂီလောက် မချစ်ဘူး ထင်သည်။ သူတို့နှင့် ပတ်သက်သော ခံစားမှုက ပေါ့တီမ်လွန်း၏။ စိတ်ဆိုးစိတ်ကောက်တာ မချော့ဘဲ ထားလိုက်မိလို့ ပြတ်တောက်သွားရတာက တစ်ယောက်၊ နောက်တစ်ယောက်ကကျတော့ သူ့မှာ ကိုယ့်နည်းတူ တခြားတစ်ယောက် ရှိနေသေးတာ ပက်ပင်းကြီးတိုးလို့ တစ်ကြိမ်၊ နှစ်ခါပြတ်တောက်ခဲ့ခြင်းမှာ ခံစားမှုက ဖက်ရွက်ကလေး လေဖေ့လို့ ကြွေသလောက်ပဲ ရှိခဲ့သည်။ ယခု ... သိင်္ဂီနှင့်ကျတော့ စိတ်ညစ် စိတ်ရှုပ် ဖြစ်၏။ ရင်ထဲ နောက်ကျိ၏။ မသက်မသာ ခံစားရသည်။ ဒါဟာ ... အရင်လူတွေထက် သိင်္ဂီကို ပိုလို့ပဲ မဟုတ်လား။ သိင်္ဂီကို ချစ်လို့ပဲ မဟုတ်လား။

"လက်ထပ်ဖို့ချစ်သူ"ဆိုလျှင် သိင်္ဂီပဲ ရှိသည်။ အစကတည်းက အန်တီလှသူဇာ သမီးအဖြစ် (အားနာစွာ) လက်မထပ်ဘဲ ငြင်းဆိုရန် စိတ်ကူးရန် မရှိပါ။ မဆွကပင် လက်ထပ်ဖို့ စိတ်ကူးရှိခဲ့ပါသည်။ သို့ပေမယ့် ... လက်ထပ်ကြပါစို့ ... ဟု သိင်္ဂီက ပြောလာသည့်အခါမှာ၊ ပျော်သွားရမည့်အစား (ချစ်သူနှင့် တူနှစ်ကိုယ် နီးကြရမည့် အရေးပင် ဖြစ်လင့်ကစား) ရင်ထဲမှာ နင့်ခနဲ လေးကျသွားရသည်။ တာဝန်ကြီးတစ်ခု ခေါင်းပေါ်လာပိသလို ပင်ပန်းသွားရသည်။ ရင်ဆိုင်ရတော့မည့် ပြဿနာတစ်ထွေးကြီးကို ပြေးမြင်၏။ ပြီးတော့ ... နေဒွန်း‌ဗ ဆိုတာယောကျ်ားလေ။ ယောကျ်ားတို့မည်သည် ... ကိုယ်တိုင်က ရည်းစားဖြောက်သောက်နှင့် သက်စေ့ထက်ပင် ဆယ်ဆပိုဖြစ်စေဦး၊ ကိုယ်လက်ထပ်ရမည့် မိန်းကလေးကျတော့ ပြစ်မျိုးမဲ့မထင် ဖြစ်စေချင်၏။



ခေတ်မီလာပါပြီ ... ဟု အော်ဟစ်ကာ၊ ကိုယ့်ဇနီးလောင်းမှာ ရည်းစားရှိခဲ့ဖူးတာကို (မတတ်သာစွာ) ခွင့်လွှတ်ရလျှင်မှ ခွင့်လွှတ်ကောင်း လွှတ်နိုင်မည်။ အချစ်ကြီးသည်မို့ မျက်စိမှိတ် ကြည်ဖြူလိုက်မည်။ သို့ပေမယ့် ... သိင်္ဂီလောက် ပြဿနာကြီးကျတော့ ရင်ထဲမှာ ဆူးစူး၏။ နေဒွန်းက သိင်္ဂီကို မကြည့်ဘဲ အဝေးသို့ ငေးလိုက်၏။ မေမေ တယုတယ ပြုပြင်ထားသော ဂျပန်မြက်ခင်း စိမ်းစိမ်းက ကတ္တီပါတစ်စနှယ် လှပ၏။ လှပသော ကတ္တီပါစိမ်း အလယ်မှာ သပ်ရပ်သားနားသော ယောကျ်ားတစ်ယောက်၏ ပုံလွှာပေါ်လာ၏။ ထိုယောကျ်ားကို နေဒွန်း မမြင်ဘူးပါ။ အဲဒါကြောင့် မျက်နှာပြင်သည် ဝိုးတဝါး နိုင်၏။ သူ့ပုံစံက ခပ်မိမိ ခပ်မိုက်မိုက်မှာ ပြောလျှင် ရသလို၊ ခင့်ဝါမော်ကြွားနေပုံလည်း ရသည်။ ထိုသူက ကိုယ့်ကို လက်ညှိုးထိုး၍ လှောင်ပြောင်ရယ်မောနေသည်။ ထိုသူသည် နေဒွန်း ကြားဖူးနားဝရှိလိုက်ရသည့် "ဦးသက်အောင်"တည်း။

"သူက ရန်ကုန်မှာပဲ နေတယ်ဆိုတော့ သူနဲ့ ဖြတ်သန်းသွားလာ ... တစ်နေ့ မဟုတ် တစ်နေ့ မဆုံနိုင်ဘူးလား"

"သိင်္ဂီ ရန်ကုန်ထိ ဆင်းချလာတာဟာရော၊ တောင်ကြီးမှာ မျက်နှာမပြရဲတော့တာထက်၊ ဦးသက်အောင်ကို လာရှာတာလည်း မဖြစ်နိုင်ဘူးလား"

"ဦးသက်အောင် တုန်းကလည်း ချစ်ခဲ့တယ်၊ အခု ကိုယ့်ကိုလည်း ချစ်ပြန်ပြီ၊ ဒီအရင်မှာလည်း ရည်းစားတစ်ယောက်

မက ပြတ်တောက်ခဲ့ဖူးပြီ၊ ရည်းစားမကျ သူငယ်ချင်းမက တွေနဲ့ တွဲသွားတွဲလာကလည်း များသတဲ့"

"သိင်္ဂီ အချစ်ဟာ တစ်နေရာက တစ်နေရာကို ကူးပြောင်းတဲ့အခါမှာ ကာလတိုအတွင်း စူးနစ်လှချည်ရဲ့ဆိုရင် ယုံနိုင်စရာရှိပါ့မလား"

"အချစ်တွေ များခဲ့တော့ အချစ်ဆုံးဆိုတာ တစ်ယောက်ရွေးရမယ်ဆိုရင်တောင် ကိုယ်ဟာ ကံထူးရှင် ဖြစ်နိုင်ပါ့မလား"

"မေမေနဲ့ ဘယ်လိုရင်ဆိုင်မလဲ၊ အထူးသဖြင့် မေမေ့သြဇာအောက်က ကွန်းလွန်ရုန်းထွက်နိုင်ဖို့ အကြောင်းပြချက်က ဘယ်မလဲ"

"သိင်္ဂီ ... မင်းဟာ ကိုယ့်အိမ်ပေါ် တက်လာခဲ့တာ ရွှေတစ်ကောင် ရှာဖွေဖို့များလား၊ ကိုယ် သိချင်တယ်၊ ကိုယ်သာ ဆင်းရဲစုတ်ပြတ်တဲ့ ဆယ်တန်းမအောင် ပညာမတတ်ကောင်တစ်ကောင်ဆိုရင် မင်း ကိုယ့်ကို လက်ထပ်ကြစို့လား ပြောမှာလား"

မေးခွန်းတွေက ရင်ထဲမှာ ဖြတ်ပြေးသည်။ မေးခွန်းလွှာတွေကို ကတ္တီပါစိမ်းစိမ်းပေါ်သို့ ပို့လွှတ်ကြည့်မိသည်။ ကိုယ့်ကိုလက်ညှိုးထိုးလျက် ဟားတိုက်ရယ်မောနေသူက ကိုယ့် မေးခွန်းကိုဆီးဖမ်းသည်။ လက်ထဲမှာ ချေ၏။ ပြီးတော့ ... လွှင့်ပစ်လိုက်တာများ၊ အစအနတောင် ရှာမရအောင် စုပ်စမြုပ်စ၊ ပျောက်လေသတည်း။



"ဗ ... သိင်္ဂီကို တကယ်မချစ်ပါဘူး"

သိင်္ဂီ အင့်ခနဲ ရှိုက်၏။ မျက်ရည်ကျ၏။ ငိုကြွေး၏။ ယောက်ျားတစ်ယောက်ရှေ့မှာ မျက်ရည်ကျဖူးခြင်းသည် သိင်္ဂီဘဝမှာ ပထမဆုံးအကြိမ်တည်း။

## ၁၅

“သိဂီ ပြန်သွားပြီ”

“ဩော်”

ဝေ့ ရင်ထဲမှာ တစ်တောရှင်းလေခြင်းဟု ဝမ်းသာခြင်းမျိုး မဖြစ်ရရိုး အမှန်ပါ။ သိဂီနှင့် နေဒွန်းတို့ ချစ်သူစုံတွဲဟာ တစ်နေ့နေ့တော့ ကွဲကွာကြမှာပဲဟု ထင်ထားခဲ့ပြီးသားပါ။ ဆုမတောင်းငြား၊ သူတို့နှစ်ယောက်၏ ချစ်ခြင်းမေတ္တာကို ယုံစားမပေးနိုင်ခဲ့ပါ။ သိဂီ ... နေဒွန်းကို ချစ်တယ်ဆိုတာ၊ ခရီးသွားဟာန်လွဲ လမ်းပေါ်မှာတွေ့သည့် ပိုင်ရှင်မဲ့ ပန်းတစ်ပွင့်ကို လက်ဆော့စွာ ခူးဆွတ်သလောက်ပဲ သဘောထားမိသည်။ ခွဲမသွားလျှင်ကံကောင်း၊ ကျေးဇူးတင်ရလှပါပြီဟု ဆိုရမလိုဟု တွေးထင်ထားပြီးသားပါ။

“အန်တီလှသူဇာ ကိုယ်တိုင် လာခေါ်သွားတာ”

“ဟင် ... ပြန်သွားပလား၊ မြင်တောင် မမြင်ဖူးလိုက်ရဘူး”



ခုရက်ပိုင်းမှာ ... ဝေက နေဒွန်းတို့အိမ်သို့ အရောက်အပေါက် နည်းသည်။ မေမေက ... ဆင်ခြင်စမ်း ... ဟု ပြောသွား၏။ နေဒွန်းကတော့ အနည်းဆုံး တစ်နေ့တစ်ခေါက်ရောက်သည်။ နှစ်ခေါက် သုံးခေါက်လည်း ရောက်သည်။ သိဂီ ရှိနေတုန်းကလည်း သိဂီကို တစ်ယောက်တည်း ထားခဲ့ပြီး၊ ကူးကူးလာတတ်၏။ တစ်ခါတစ်ရံ သိဂီက လိုက်လာကာ၊ တစ်ခါတစ်ရံမြင်သာသည့် နေရာမှာ ရပ်ပြီး နှုတ်ခမ်းစူပြတတ်သည်။ နေဒွန်းကပြန်ပြေးသည့်အခါလည်း ရှိ၏။ ခပ်တည်တည် ဆက်ထိုင်နေသည့်အခါလည်း ရှိသည်။ ခုတလောကတော့ ... သုံးရက်တိတိရှိပြီ။ နေဒွန်း တစ်ခေါက်မှကို ရောက်မလာခဲ့သည်မို့ ဝေက စိတ်ပူနေရတာပါ။

“နေမှ ကောင်းရဲ့လား မသိဘူးနော်”

“သူ့အမေ ပူလိမ့်မယ်”

မေမေက သမက်သာ မတော်နိုင်တာ သားအရင်းလိုချစ်နိုင်ဆဲပါ ... ဆိုတာ လူကြားကောင်းအောင် ပြောသည့်စကားဖြစ်နိုင်ပါသည်။ သားလို တူလိုတောင် မချစ်နိုင်တော့ဘူး ထင်ပါသည်။ မေမေ အဲဒီလောက် မျက်မုန်းကျိုးသည်ဆိုတော့ ဝေ နေရခက်ပါ၏။ သုံးရက်အပြီး၊ ဒီနေ့ ပထမဆုံး ရောက်လာတာဖြစ်ပြီး၊ ဝေက ညနေဘက် ခြံထဲ ရေလောင်းနေတုန်း ရောက်လာတာဖြစ်ပါ၏။

“ဒီမှာ ညတောင် အိပ်မသွားဘူး၊ ရောက်လာလာခြင်း မေမေ့ကို ကန်တော့ပြီး သိဂီကို ပြန်ခေါ်ချသွားတာပဲ”

“ဘာနဲ့လာလဲ”

"ဟဲဟိုးကိုဆင်းပြီး အဲဒီကနေ လေယာဉ်ပျံနဲ့ လာတယ်တဲ့။ အပြန်တော့ ကားနဲ့ပြန်မယ် ပြောတယ်"

"ကားနဲ့ဆို စီစဉ်ရမှာနဲ့ ဘာနဲ့၊ ရန်ကုန်မှာ တည်းခိုချိန် ယူရဦးမှာ၊ အဲဒါ နင်တို့အိမ်မှာ မနေဘူးလား"

"မနေဘူး၊ တစ်နေရာရာ တည်းမှာပေါ့၊ အန်တီလှသူဇာက ရန်ကုန်မှာ နေဖူးတာပဲ၊ သူသိမှာပါ။ သိဂီက ဖုန်းလှမ်းဆက်တယ်တဲ့၊ တစ်မိနစ် တစ်စက္ကန့်တောင် ... ငါတို့အိမ်မှာ မနေချင်တော့လို့ လာခေါ်ဆိုလို့"

"ဘာဖြစ်လို့လဲ၊ နင်နဲ့ ပြဿနာဖြစ်လား"

"ဖေဖေရော မေမေရော ... စိတ်ဆိုးတယ် မဟုတ်ရင်တောင် စိတ်ပျက်ကြတယ်၊ မေမေက ဖုံးဖိသေးတယ်။ ဖေဖေက ပြောင်ပြောင်ပြောတယ်"

"နင်ကရော"

"ငါက ခွင့်လွှတ်တဲ့ဘက်ကပါ"

"ချက်ချင်း ထပြန်ရတဲ့ အကြောင်းရင်းက"

"သူက ငါ့ကို လက်ထပ်ဖို့ ပြောတယ်"

"နင်က ငြင်းလို့လား"

"ငြင်းတာ မဟုတ်ပေမယ့် ... ငါ အဖြေမပေးဘဲ နေလိုက်မိတယ်"

"အဲဒါကို သိဂီက စိတ်ဆိုးသွားတယ်ပေါ့"

"ဟုတ်တယ်"

"အခု ... နင် နောင်တရနေလား"

"မရဘူး"



"ဪ"

ဝေ ... သိပ်တော့ မအံ့သြလှပါ။ မျှော်လင့်ထားပြီးသားလို ဖြစ်နေသည်။

"နင့်ကို ဝေဖန်ရရင်၊ နင့်မှာ ချစ်တတ်တဲ့ အသည်းနှလုံး မရှိဘူး၊ နင်က တစ်ကိုယ်ကောင်း သိပ်ဆန်တယ်၊ နင်လို လူမျိုး အိမ်ထောင်ပြုဖို့ မကောင်းဘူး၊ လူပျိုကြီးပဲလုပ်၊ နင်တို့ မျိုးဆက်လည်း နင့်လက်ထက်မှာ ပြီးဆုံးပြတ်တောက်သွားရော"

"ဟာ ... ရိုက်ချက် ပြင်းလှချည်လား"

"မှန်တာပြောတာ"

"ငါ သိဂီကို ချစ်တော့ ချစ်ပါတယ်"

"ထင်တာ မှလား"

"တကယ်ပါ"

"အရင်က ဟာတွေရော"

ခါတိုင်းဆို ... နင့်အပူပါလား ... ဆိုပြီး ဝေ ခေါင်းခေါက်ခံရတော့မှာ ဖြစ်၏။ အခု နေဒွန်းက အံ့သြဖွယ်ကောင်းလောက်အောင် ပြောင်းလဲနေ၏။ အလွန် လှုပ်ရှားသွက်လက်ကာ မျောက်တစ်ကောင်နီးပါး ခုန်ဆွ ခုန်ဆွ ဖြစ်နေတတ်သည့် နေဒွန်းက ငြိမ်သက်နေ၏။ သူ့မျက်နှာက သုံးရက်အတွင်း သုံးနှစ်စာလောက် ရင့်ကျက်လျက် အိုမင်းသွားသည်ဟု ထင်ရ၏။ စကားပြောလျှင် မျက်စိကနာမငြိမ်ခဲ့သမျှ၊ ခုတော့ ... ဝေးတစ်နေရာသို့ မမြင်နိုင်စွာ စူးငေးနေ၏။ သဘာဝတရားကြီးက နေဒွန်းကို ဆုံးမပဲ့ပြင်လိုက်ပြီဟု ဝေ ထင်ပါသည်။

"ဟိုတွဲဒီတွဲ လုပ်ခဲ့တာတွေ ပြန်စဉ်းစားရင် ငါမှားတယ် ပုရစ်မ။ ငါ့မှာ နမ မရှိဘိုင်း နမချင်း မစာနာရာ ရောက်တယ်၊ ယောကျ်ား ... ဆိုတဲ့ အခွင့်အရေးကို ရသလောက် သုံးစွဲခဲ့တာပဲ။ မယုတ်မာတာ တစ်ခုပဲ ငါ့ကို ချီးကျူးစရာရှိတယ်"

"ချီးကျူးဖို့ မလိုဘူး၊ မယုတ်မာတာ ပုံမှန်ပဲ"

"ထားပါတော့ ... သီဂိုကို နည်းနည်းတော့ ပိုတယ်"

"ဝေဖန်မယ်"

"ပြော"

"နင်က သိပ်ယောကျ်ားပီသတာပဲ။ ယောကျ်ားစိတ် အပြည့်ရှိတယ်"

"ချီးကျူးတာလား"

"ကဲ့ရဲ့တာ"

"ယောကျ်ားပီသတယ် ဆိုတာ ချီးကျူးတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ယောကျ်ားဆိုတာ၊ ဘယ်လိုအမှားအယွင်းမျိုးကိုပဲ ဖန်တီးဦး၊ အပျက်အစီး မကျန်ဘူးဆိုတဲ့ ... သဘာဝတရားက ပေးလိုက်တဲ့ အကျိုးခံစားခွင့်ကြီးကို လက်ကိုင်ထားပြီး တော်တော်ထင်ရာလုပ်တတ်တဲ့ လူသား"

"အမြောက်နဲ့ ခွင်းသလိုပဲ၊ ရိုက်ချက်ပြင်းတယ်"

"တကယ်ပြောတာ။ ယောကျ်ားစိတ် အပြည့်နဲ့ ယောကျ်ားပီသစွာ ... ရည်းစားလွယ်လွယ်ထား၊ လွယ်လွယ်ပြတ် နာမည်လည်း မပျက်ဘူးလေ။ လောကဆိုတဲ့ ဟာကြီးက



လည်း ခွင့်လွှတ်တယ်။ ယောကျ်ားပဲလေ ... တဲ့။ ငါတို့ မိန်းမသားတွေမှာတော့ ခြေလှမ်းတစ်ချက် မှားရုံနဲ့ နာမည်ပျက်ကျန်တတ်တော့ ဆင်ခြင်ရတယ်၊ နင်တို့မှာ ဆင်ခြင်စရာ မလိုဘူး ...

"နင်ကလည်း မဆင်ခြင်ပါဘူး၊ ပါးစပ်ချောင်၊ လျှာချောင်၊ အာချောင်၊ တကယ်တမ်းကျတော့လေ ... အပြောခံရတော့သာ မိန်းမသားက အူတိုမှုတဲ့။ အူတကယ်တိုတာ နင်တို့ယောကျ်ားတွေ။ ငါအစကတည်းက ထင်ပြီးသားပဲ၊ သီဂိုကို နင် မယူပါဘူးလို့"

"ယူဖို့ စိတ်ကူးခဲ့ပါတယ်ကွ၊ ဖေဖေက တားတယ်။ မေမေက မတိုက်တွန်းဘူး၊ သီဂီက ပူဆာတယ်၊ ငါ့မှာ ခိုင်လုံတဲ့ အသက်မွေးဝမ်းကျောင်း မရှိသေးဘူး၊ ဒီနှစ်မှ ဘွဲ့ကလေးတစ်ခုရမှာ၊ အဲဒီအချက်တွေ အားလုံးကို ခေါင်းထဲတန်းစီထည့်လိုက်တော့ ငါက မိန်းမတစ်ယောက်ကို ကောက်ယူလို့ ဖြစ်မလားကွာ ... နင်စဉ်းစားဦး"

"အဲဒါတွေလည်း တစ်ကြောင်း၊ အားလုံးပေါင်းမှ ငါးဆယ်ရာခိုင်နှုန်းလောက် ရှိမှာပါ၊ ကျန်တဲ့ တစ်ဝက်တိတိဖြစ်တဲ့ ငါးဆယ်ရာခိုင်နှုန်းက သီဂီ ... ဦးသက်အောင်နဲ့ ဖြစ်ခဲ့တဲ့ ကိစ္စကို နင် မကြည်ဖြူနိုင်ဘူး"

"ဒါ ခွင့်လွှတ်တယ် ... သူ့ဘက်က မမှားဘဲ ပျက်ကွက်ခဲ့ရလို့၊ သနားတောင် သနားသေးတယ်"

"နင် ခွင့်လွှတ်တယ်ဆိုတာ ယုံပါတယ်။ ခွင့်လွှတ်တိုင်းကြည်ဖြူတာမှ မဟုတ်တာ။ ခွင့်လွှတ်နိုင်တာနဲ့ ကြည်ဖြူ

တာနဲ့ တခြားစီ။ ကြည်ဖြူတယ်ဆိုတာက လက်ခံသိမ်းပိုက်နိုင်တာကို ပြောတာ"

"နင် ... မြန်မာစာမေဂျာ မဟုတ်ပါဘူး၊ ဘယ့်နှယ် စကားတွေ ဒီလောက် တတ်နေရတာလဲ"

"နင့်ပါးစပ်က ဘာပဲအော်နေနေ၊ နင့်ရဲ့ရင်ထဲ နင်မမြင်နိုင်တဲ့ တစ်နေရာမှာ သီဂို့ကိုယူဖို့ စိတ်ပျက်နေပါတယ် ငါ သိတာပေါ့"

"နင်ပဲသိ နင်ပဲတတ်"

"နင်လိုလူမျိုးလား၊ တကယ်ကြည်ဖြူရင် ... မိဘစကားနားထောင်မှာ။ နင် ... ခိုးပြေးမှာပေါ့။ လောကတံ ထွာကြီးကလည်း ရှိတယ်လေ၊ တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးထုံးစံတဲ့ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံ မရှိဘူးတဲ့။ နင် ... ခဏကြာ မိဘအိမ် ပြန်ရောက်မှာပဲ၊ တစ်ဦးတည်းသောသားကို ဘယ်မိဘက ပစ်ပယ်မှာလဲ"

"ပုရစ်မ ... နင်လည်း တစ်ဦးတည်းသော သမီးနော်၊ ဘာလုပ်လုပ် မိဘက ပစ်ထားမှာ မဟုတ်ဘူးဆိုပြီး ထင်ရာလုပ်မသွားနဲ့ဦး"

"အဲဒီလောက်မိုက်ရင် ဒီလိုမနေဘူး"

"ဘယ်လိုနေမှာလဲ"

"နင့်လိုပဲ ရည်းစားကလေး တစ်ယောက် နှစ်ယောက်ဆီသလို ရနေရောပေါ့"

"ငါက ... လက်ထပ်ဖို့ကိစ္စကို အင်းမလုပ် အဲမလုပ် ဖြစ်နေတာနဲ့ သီဂိုကလည်း မာနတော့ကြီးသား။ အန်တီလှသူဇာ



ချက်ချင်းလာခေါ်ပါလို့ ဖုန်းလှမ်းဆက်တာ ငါတောင် မသိလိုက်ဘူး၊ အန်တီလှသူဇာ ရောက်လာမှ သိတယ်၊ သီဂို ဖုန်းဆက်တယ် ဆိုတာ"

"အေးသီဂိုဝင်း မဟုတ်မှန်း သိသွားပြီဆိုတာ အဲဒီ အန်တီလှသူဇာ သိသွားရဲ့လား"

"ဖေဖေပဲ ... ဘယ်နေမလဲ။ လှသူဇာတဲ့။ ခုမှ မြင်ဖူးပေမယ့် ခယ်မဆိုတာ ညီမပဲတဲ့၊ တတ်နိုင်တဲ့ အကူအညီဆိုတောင်းသာတောင်းပါတဲ့၊ ဝန်မလေးဘူးတဲ့၊ မင်္ဂလာတရားတော်နဲ့လည်း ညီတယ်တဲ့။ ဉာတကာနဉ္စသင်္ဂဟောတဲ့၊ ခုလို အလိမ်အညာတော့ ဒီတစ်ခါ နောက်ဆုံးဖြစ်ပစေတဲ့"

"ဟောတော့ ... ဘာပြန်ပြောလဲ"

"မပြောဘူး၊ ငြိမ်နေတယ်၊ မေမေက ဝင်ပြီးလက်ကုပ်လို့ ဖေဖေကလည်း ဆက်မပြောတော့ဘူး၊ သူတို့ ချက်ချင်းထ၊ ပြန်ကြတာပါ၊ သီဂိုက ငါ့ကို စာတစ်စောင် ရေးခဲ့တယ်၊ နင့်ကိုပြဖို့ ငါ ယူလာတယ်"

နေနွန်းက ဘောင်းဘီအိတ်ထဲမှာ ပါလာသောစာကို သေး၏။ ဝေက စာကိုဖတ်ဖို့ထုတ်ရင်း ရင်ခုန်လှုပ်ရှားရပါ၏။

မောင်

တစ်ခါမှ မခေါ်ဘူးခဲ့ပေမယ့်၊ ခေါ်ချင်လွန်းလို့ ခေါ်ခွင့်ပြုပါ။ သီဂို့ကို မောင် ဘာကြောင့် လက်ထပ်ဖို့ ဝန်လေးနေသလဲဆိုတာ သိပါပြီ။ မောင့်ဘက်က မောင့်အခက်အခဲကို နားလည်ပါတယ်။ မောင် မဖြေရှင်းနိုင်မှန်း

သိလို့ သင်္ဂီ့ဘက်က ဖြေရှင်းသွားတာပါ။ သင်္ဂီဟာ လွတ်လပ်ခွင့်၊ ပွင့်လင်းမှု၊ လူငယ်စရိုက်ဆိုတဲ့ အချက်သုံးခုကို လက်ကိုင်စွဲပြီး နေခဲ့ဖူးတာ သင်္ဂီ့ဘက်ကတော့ သင်္ဂီ မှန်လို့ပဲ။ အပေါင်းအသင်းတွေကလည်း မှားတယ် မပြောကြပါဘူး။

ဒါပေမယ့် ... ဒီအနေအထိုင်မျိုးဟာ တစ်နေ့မှာ ယောကျ်ားမလောင်းတွေ နှာခေါင်းရှုံ့ဖွယ် အပြုအမူမှန်းခုတော့ သင်္ဂီ သိပါပြီ မောင်။ မိန်းမသားတို့ ဆင်ခြင်ရှောင်ကွင်းအပ်သည့် အနေအထိုင်များလို့လည်း သဘောပေါက်ပါပြီ။ လူငယ်မို့ လူငယ်စရိုက်နဲ့ နေချင်ရင်၊ နေစရာစရိုက်တွေမှ အများကြီးပဲ မဟုတ်လား မောင်ရယ်။ လွတ်လပ်ခြင်းနဲ့ ပွင့်လင်းခြင်းဆိုတာ လွန်ကဲလာရင် သင်္ဂီတို့လို မိန်းမသားတွေအဖို့ ရဲတင်းခြင်းဆီရောက်ပြီး မှားယွင်းခြင်းနဲ့ နိဂုံးချုပ်တတ်ကြောင်းလည်း သင်္ဂီ သိပါပြီ။

ဦးသက်အောင်ကို သင်္ဂီ လက်ထပ်လိုခဲ့ခြင်းဟာ အမှိုကောင်းတစ်ခု ရှာတာပါ။ ဘဝလုံခြုံမှုနဲ့ ရာသက်ပန် ထမင်းစားလက်မှတ် ကောင်းကောင်းတစ်ခုကို ရသာခိုက်မှာ မယူလိုက်လျှင် သင်္ဂီ ငမိုက်သား ဖြစ်မှာစိုးလို့ပါ။ သင်္ဂီ မက်မောတဲ့ စည်းစိမ်ဥစ္စာတွေကို ဦးသက်အောင်ဆီမှာ တွေ့နေရလို့ပါ။ ပြီးတော့ ... သမီးရှင်တွေ မျက်စိကျ မိန်းကလေးတွေ စိတ်ဝင်စား ... ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို သင်္ဂီ အပိုင်သိမ်းပြီး ဂုဏ်မောက်ချင်လို့ပါ။ အဲဒီမက်မောမှုတွေရဲ့ နောက်မှာ ခင်မင်နှစ်လိုခြင်းနဲ့ သဲယောင်



ဆိုတာလည်း ပါဝင်ခဲ့ကြောင်း သင်္ဂီ မငြင်းကွယ်ပါဘူး မောင်။

မောင်ရေ ... ဘဝခရီးကို ပေါ့လျှော့စွာ လျှောက်လှမ်းတတ်သူမှာလည်း အချစ်ရှိပါတယ်။ သူလည်း ချစ်တတ်ပါတယ်။ ကံမကောင်းတဲ့ အခါကျတော့ အချစ်ကို နောက်ဆုံးကျမှ တွေ့ရှိတတ်တာမျိုးလည်း ရှိပါတယ်။ သင်္ဂီ နေပုံထိုင်ပုံ၊ ပြောဆိုလှုပ်ရှားတတ်ပုံတွေကြောင့် သားရှင်အထင်ကြီးခြင်း မခံရသော်လည်း (ဒါကို အပြစ်မတင်ဘဲ သင်္ဂီက ကိုယ့်ကိုယ်ကိုယ်သာ ပြုပြင်ဖို့ ဆုံးဖြတ်ပါတယ်) သင်္ဂီ့ကိုယ် သင်္ဂီတော့ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း၊ သင်္ဂီ့မှာ မိန်းမသားဂုဏ်ရည် ယိုယွင်းခြင်း မရှိခဲ့ကြောင်းကိုတော့ ရဲဝံ့စွာ သစ္စာပြုပြီး ပြောရဲပါတယ်။

မောင့်ကို သင်္ဂီ တကယ်ချစ်ခဲ့ပါတယ်။ မောင်ယုံပါ။ မောင့်လောက် ချစ်မိသူတစ်ဦးမှ သင်္ဂီ့မှာ မရှိခဲ့ပါဘူး။ နောင်တစ်ချိန်မှာ သင်္ဂီဟာ လောကတံတွာ အိမ်ထောင်ရက်သားကျချင်ကျမှာ ဖြစ်ပေမယ့်လည်း မောင့်လောက်တော့ ချစ်နိုင်တော့မယ် မဟုတ်ဘူးဆိုတာ သင်္ဂီ ပြောခဲ့ပါတယ်။ မောင့်ကို သင်္ဂီ လက်ထပ်ခွင့် တောင်းဆိုမှုကရုပ်သိမ်းပေးခဲ့ပါတယ်။ မောင်ကတော့ ခုချိန်ထိ ထားဖူးသမျှ ရည်းစားထဲမှာ သင်္ဂီ့ကို အချစ်ဆုံးလို့ ထင်ကောင်းထင်မှာ ဖြစ်ပေမယ့်၊ မောင် ... သင်္ဂီ့ကို တကယ်မချစ်ပါဘူး။ သင်္ဂီ ချစ်သလို မောင်မချစ်ပါဘူး၊ ဒါကိုသိလို့လည်း မောင့်ဆီက ထွက်ခွာသွားခြင်းပါ။ သင်္ဂီ့ကို လိုက်မရှာပါ

နဲ့လို့ မပြောခဲ့ပါဘူး။ ဘာဖြစ်လို့ဆို၊ သိင်္ဂီက မောင့်မျက်စိရှေ့မှာပဲ မောင့်အိမ်ပေါ်က ဆင်းမှာမို့ပါ။

နောင် ... လမ်းမှာတွေ့ရင် ခေါ်မယ် မောင်ရယ်။ အဲဒီအခါကျရင် "ကိုနေဒွန်း"လို့ သိင်္ဂီက ခေါ်မယ်။ မောင်က "နှင်း"လို့ ခေါ်ပါ။ သိင်္ဂီ ဆိုတာဟာ မောင့်ဘဝထဲ ဝင်ခိုနားမိတဲ့ ယာယီချိန်လေးတစ်ခုမှာ သုံးစွဲခဲ့တဲ့ နာမည်ပါ။ သူများတွေကို သုံးစွဲခွင့် မပြုတော့ပါဘူး။ မောင်နဲ့ သိင်္ဂီဟာ မိတ်ဆွေတွေပေါ့။ ဦးခင်မောင်ဝင်းနဲ့ ဒေါ်လှကေသီတို့ကို အလယ်မှာထားလိုက်ရင် သွေးမစပ်တဲ့ မောင်နှမ ဝမ်းကွဲတွေပေါ့ မောင်ရယ်။

မောင်နဲ့ ပြန်ဆုံချင်ပါသေးတယ်။ ခင်မင်သော အပေါင်းအသင်းတွေ အဖြစ်နဲ့ပါ။ ဘာပဲဖြစ်ဖြစ်၊ သိင်္ဂီ တစ်သက်မှာ တစ်ခါ အချစ်စစ်ကို တွေ့ခဲ့ဖူးတဲ့ အတွက် ကျေနပ်ပါတယ်။ သိင်္ဂီ နှုတ်ကထွက်တဲ့ စကားမို့ မောင် ယုံမယ်လည်း မထင်ပါဘူး။ နှုတ်ဆက်ခဲ့တယ် မောင်ရယ်။

သိင်္ဂီ

ဝေက စာကို နေဒွန်းထံ ပြန်ပေးလိုက်၏။

"နှင်က မတားဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"အကောင်းဆုံးသော ခွဲခွာခြင်းလို့ ထင်လို့"



"နှင် ချစ်တယ်ဆို"

"ချစ်တော့ ချစ်တယ်၊ မခွဲနိုင်လောက်အောင် ရင်ထဲမှာ မခံစားရဘူး၊ ငါ အမှန်ပြောတာ၊ နှင် ဆဲချင်ဆဲ"

"ဆဲချင်တယ်"

"ငါ ပြန်မယ်၊ ဒီမှာ ... ငါပဲ ထင်လို့လား မသိဘူး၊ အန်တီက ခုတစ်လော တစ်မျိုး ဖြစ်နေသလားလို့"

"မေမေလား"

"အေး"

"ဘယ်လိုဖြစ်နေလို့လဲ"

"ငါတို့အိမ် အလာကျဲသလားလို့"

"မေမေက ခုတစ်လော ခြံထဲတောင် သိပ်မဆင်းဘူး၊ စာဖတ်ချိန်နဲ့ ပုတီးစိပ်ချိန်ကို ပိုယူလိုက်တယ်"

"ဘာဖြစ်လို့တဲ့လဲ"

"ငါးဆယ် ကျော်ပြီလေ ... ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အဖို့ ဒီအချိန်ဆို သေဖို့ပြင်ဆင်ရတော့မယ် မဟုတ်လား။ ကိုယ့်နောက်ပါမယ့် အလုပ်တွေ လုပ်ရတော့မယ်။ မသေခင် စီစဉ်စရာ ရှိတာတွေ စီစဉ်သွားရမယ်"

"ဘာတွေလဲ"

"ငါ့ကို အိမ်ထောင်ချဖို့ ..."

"ဘာ ..."

"ချက်ချင်းတော့ မဟုတ်ဘူး၊ စိတ်ကြိုက်တစ်ယောက်တော့ ရှာတာပေါ့"

"ငါ ... ဆို"

"ခုချိန်မှာ ဒီစကားပြောတာ ငါ့ကို စော်ကားရာရောက်တယ်၊ နောက်တယ် ပြောင်တယ်ရယ်လို့ ခွင့်လွှတ်လို့ရတဲ့ စကား မဟုတ်တော့ဘူး"

"မေမေ သိရင် ဝမ်းနည်းတော့မှာပဲ"

"နင် ပြန်တော့ ... နင်က စာဖတ်ခိုင်းလို့ ဘုံဘိုင်ကို ခဏ ပိတ်ထားရတာ၊ ငါ ရေမြန်မြန် လောင်းရဦးမယ်"

"ငါ လောင်းပေးရမလား"

"ဟင့်အင်း ... မေမေက သူ့ပန်းပင်တွေ၊ သူကလွဲရင် ငါ လောင်းတာပဲ ကြိုက်တယ်၊ ဖေဖေ လောင်းတာတောင် မကြိုက်ဘူး၊ ကောင်မလေးတွေလည်း လောင်းမှမလောင်းခိုင်းတာ"

"ဒါဆိုလည်း ပြန်မယ်"

"အင်း"

နေနွန်းက ခါတိုင်းလို မာလကာပင်ပေါ် ခုန်တက်၊ တစ်လုံးခူးစား၊ တစ်လုံးနှင့် ... ဝေ့ကို လှမ်းပေါက်တာမျိုး မလုပ်တော့ပါ။ နှစ်ခြံကြား ခြံစည်းရိုးမှာ မလွယ်ပေါက်သဘောထားသည့် လူဝင်တံခါးလေးကိုဖွင့်၍ ခေါင်းငုံ့ကာ ဝင်သွားသည်။ ဝေက လိုက်ကြည့်နေလိုက်၏။ ရင်ထဲမှာ နန်းသွားရသည်။ ဝန်ခံရလျှင် ရင်မချိပါ။ သူတို့ တစ်နေ့ ဒီလိုပဲ ဖြစ်ရမည်ဟု မျှော်လင့်ပြီးသားပေမယ့် တကယ်တမ်း ဖြစ်လာသည့် အခါမှာ နေနွန်းအတွက် ကိုယ်စားဝမ်းနည်းပေးမိသလို ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ... နေနွန်း စိတ်ညစ်နေတာတော့ အမှန်ပါ။ ဒါကို ဝေ မကြည့်ရက်ပေ။ ဝေ ... နေနွန်းကို ချစ်ထားလိုက်ပုံများက၊



နွန်း ကောင်းစားဖို့၊ နေနွန်း ပျော်ဖို့၊ နေနွန်ဘဝ ပြီးပြည့်စုံဖို့၊ ဒါတွေထဲမှာ ဝေ့အတွက် ဝေ့ ကိုယ်ရေးကိုယ်တာ လုံးဝမပါ။ သည့်လည်း မစဉ်းစား။ နေနွန်းကို မပိုင်ဆိုင်ရလည်း အရေးမ ကြီးပါ။ နေနွန်းကို စုံနစ်ခိုင်မြဲစွာ (တစ်ဖက်သတ်) ချစ်နေရလျှင် ဝေ ကျေနပ်သည်။ အဲသည်လို လွတ်လပ်စွာ အပြစ်ကင်းစွာ ချစ် ချင်သည်မို့ ဝေ အိမ်ထောင်မပြုလိုပါ။ လက်မထပ်လိုပါ။ ပေမယ့် ... ဝေ့ရင်ထဲကို ဖောက်မြင်နိုင်သော၊ ဝေ့ကို ဗိုက်ကြီး ထည့်၍ ကိုးလတိတိ လွယ်ခဲ့ဖူးသော မေမေက ဝေ့ကို အတိုင်းထားဖို့ စိတ်မချတော့ပါ။

မေမေ ... အန်တီတင့်ကို ဘယ်လိုရင်ဆိုင်မည်၊ ဝေ သိပါ။

စိတ်ရှုပ်ပါသည် ဆိုမှ စိတ်ညစ်စရာ ထပ်ဆင့် လာင်းသလို လူက စိတ်နောက်သွားမလားတောင် စိုးရိမ်ရသည်။ ဂီနှင့် ပတ်သက်သည့် ကိစ္စအဝဝမှာ မခံချင်စိတ် ဖြစ်သည်၊ တ်ညစ်သည်၊ စိတ်ရှုပ်သည်မှန်ငြား၊ လောလောဆယ် ဖြစ်ရပ် နေမပျော်ခြင်း၊ အဲသည်လို ဖြစ်ပျက်သွားရတာတွေ အားလုံးကို ကြိုက်နှစ်သက်ခြင်းတွေသာဖြစ်လျက်၊ လူက ခပ်မှိုင်းမှိုင်းလို ကြွေးလေးလံ သွားရပေမယ့်၊ ခါတိုင်းလို ထမင်းနှစ်ပန်းကန်

ဝင်ပါသည်။ ညမှာ အိပ်ပျော်ပါသည်။ ခုတော့ ... 'တစ်ညလုံးမှာ မှိုးစင်စင်သာ လင်းသွားသည်၊ တစ်မှေးမျှ မရလိုက်။ အိပ်လို့မရ၊ အိပ်ဖို့ရာဝေးစွ၊ ငိုက်မြည်းရုံမျှပင် မဖြစ်။ မျက်စိနှစ်လုံးက ပြူးကျယ်စွာ ပွင့်နေကြသည်။ ညနေက ထမင်းစားပွဲမှာ ထိုင်ပြီးမှ ကိုယ်ရပ်ပျက်တာ မေမေသိမှာ စိုးသည်မို့ ပန်းကန်ထဲမှ ထမင်းဖြူ တစ်ဝက်တီတီကို ထမင်းအုပ်ထဲ မသိမသာ ပြန်ထည့်ခဲ့၏၊ မေမေက တွေ့ဖြစ်အောင်တွေ့ကာ ...

"သား ... ဘာဖြစ်လဲ၊ ထမင်းမစားချင်ဘူးလား၊ ဟင်း မကြိုက်တာတော့ မဖြစ်နိုင်ဘူး၊ ရင်ပြည့်လား" ... တဲ့။

ဦးမြဒွန်းက အဖြစ်သည်းနေသည့် ဇနီးသည်ကို မျက်မှောင်ကုတ်၍ လှမ်းကြည့်ပြီးမှ နေဒွန်းကို တစ်ချက်ကြည့်သည်။

"ရည်းစားမှုကြောင့် အဟာရပြတ်ပြီးသေရင်တော့ ဆိုင်းတီးပြီး ချလိုက်မယ်"

"အို ... မဦးမချွတ်ရှင်"

"ကျွန်တော် ... နေ့တိုင်း နှစ်ပန်းကန် စားနေတာပါ ဖေဖေ"

"ပြီးရော"

"ဒီနေ့က ... ပုရစ်မဆီ သွားပြီး၊ အဲဒီမှာ မုန့်တွေစားလာခဲ့လို့ပါ"

တကယ်တော့ ... ဝေက ဘာမျှ မကျွေးလိုက်ပါ။ သတင်းတစ်ခု အတွက် ဝါကျတစ်ကြောင်းပဲ ပြောကြားလိုက်ခြင်းပါ။ "မေမေက ငါ့ကို အိမ်ထောင်ချပေးတော့မယ်"တဲ့။ ဒေ



ကလည်း တမင်ပြောလိုက်တာပါ။ မေမေက တကယ်စီစဉ်တော့ မှာမို့၊ ဒီကိစ္စကို နေဒွန်း အစောကြီး သိစေချင်သည်။ ပြောပြချင် သည်။ နေဒွန်း ထံမှ ဘာတစ်ခုကိုမျှ မမျှော်လင့်ပေမယ့်၊ ကိုယ် ကခွင့်တောင်းချင်နေမိသည်။ အဲဒီအတွက် နာကျင်၏။ ကိုယ်မျက် ရည်ကျတော့မှာကို မမြင်စေချင်၍ သူ့ကို နှင်လွှတ်လိုက်ရပြီးနောက်၊ ဖျူးပွဲချ မငိုကြွေး၊ မရှိုက်မသည်းပါဘဲ တတွေတွေကျဆင်းလာခဲ့ သည့် မျက်ရည်တွေကို မသိမ်းတတ်နိုင်ခဲ့ချေ။ လက်ထဲမှရေပိုက် နှင့် မျက်နှာကို မကြာခဏ လောင်းဆေးခြင်းဖြင့် ကာကွယ်နေ လိုက်တာကို၊ နေဒွန်း မသိခဲ့ပါ။ သို့ပေမယ့် ... ဝေ့ထံမှ ရခဲ့သော ဝါကျတစ်ကြောင်းက အစာအိမ်ထဲသို့ အစာသွင်းရန် လမ်းကြောင်း မှာ ကန့်လန့်ခံခဲ့ပြီ။

"ပြီးတဲ့ကိစ္စတွေလည်း ပြီးသွားပြီ အဖေကြီးရယ်၊ သား ကို ထပ်တလဲလဲ ဆူမနေပါနဲ့"

"မဟုတ်ပါဘူးကွာ ... ဒီလောက် ရက်ပိုင်း လပိုင်းလေး အတွင်းမှာမှ၊ ဒီဆတ်စလူးမရဲ့ဒဏ်ကို မခံနိုင်ဘဲ စိတ်ယိုင် သွားရတယ်လို့၊ ဒါကို အထင်သေးတာ"

"တကယ် ခင်သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့ အဖေကြီး ရယ်"

မေမေက "ချစ်"ဆိုတာကို ပြောဖို့ ရှက်ရွံ့စွာ "ခင်"ဟု သုံးလေ၏။

"မေးကြည့်စမ်းပါ ... မင်းသားကို၊ အဲဒီ တကယ် ခင်တွေ သူ့မှာ ဘယ်နှခါ ရှိပြီလဲလို့"

"ဒါတော့ ယောကျ်ားလေးပဲ အဖေကြီးရယ်"

"ငါလည်း ယောက်ျားပါပဲ၊ တုသလား မင်းသားနဲ့"

မေ့ဒွန်းက တစ်ခွန်းမျှ ဝင်မပြောပါ။ ထမင်းတစ်လုပ်ကို ပါးစပ်ထဲသွင်း၊ ရေသောက်ချ၊ နောက်တစ်လုပ်သွင်း၊ ရေသောက်ချ … စနစ်နှင့် အမြန်ဆုံး စားသောက်လိုက်သည်။ ပြီးတော့ … ကိုယ့်အခန်းထဲသို့ ဝင်ခဲ့၏။ ကိုယ်ပိုင်တီဗီကို ဖွင့်၏။ ကိုယ့်ဘာသာ စိတ်ကြိုက်ကြည့်ခွင့် ရပေမယ့် မြန်မာ့အသံလည်း စိတ်မဝင်စား၊ မြဝတီလည်း မကြည့်ချင်၊ စလောင်းမှလာနေသော လိုင်းပေါင်းခြောက်ဆယ်ကိုလည်း တစ်ခုပြီးတစ်ခု ကျော်ပစ်လိုက်သည်။ အခွေထည့်ပြီး ဂိမ်းကစားတော့လည်း စိတ်မပါ။ အိပ်ရာပေါ်တက်ပြီး မျက်စိမှိတ်လိုက်တော့ နေသာထိုင်သာ ရှိမလားမှတ်ပါတယ်၊ မျက်စိနှစ်လုံးက အာခံစွာ ပိတ်မရ ဖြစ်နေသည်။ မေမေက အခန်းတံခါးဝမှာ ခဏလာရပ်ကြည့်နေတာ သိလျက်နှင့် မျက်စိမှိတ်နေလိုက်ဖြစ်၏။ အဲသည်ကတည်းက အဲသည် မျက်စိပိတ်မရတော့တာ မိုးစင်စင်တည်း။

ခေါင်းထဲမှာ မီးခိုးတွေ ရောက်လာသလို၊ မှိုင်းမှိုင်းညစ်မှိုင်းလျက် အုံ့ခဲနေသည်။ ရင်ထဲမှာ မခံရပ်နိုင်ခြင်း၊ အလိုမကျခြင်းတွေ ဖြစ်ထွန်းသည်။

"မပေးနိုင်ဘူး"

ပုရစ်မကို ဘယ်သူ့ဆီမှ မပေးလိုက်နိုင်တာ အဆုံးစွန် သေချာသွားရတော့သည်။

"မခွဲနိုင်ဘူး ပုရစ်မရယ်၊ နင့်ကို ချစ်နေတယ်"

ကိုယ့်စိတ် အမှန်ကန်ဆုံးကို အသိနောက်ကျလေခြင်း။ သီဂီက မပြန်ခင် စကားတစ်ခွန်း ပြောသွားခဲ့၏။



"ဗ … သီဂီကို ချစ်တယ်ဆိုတာ စိတ်ထဲက ထင်ခဲ့တာ။ တကယ်မဟုတ်ဘူး၊ တကယ်က ဘယ်မှာလဲဆိုတာ သီဂီသိတယ်၊ ဒါပေမယ့် မပြောဘူး"

အဲဒါပြောပြီး သီဂီ ထွက်သွားခဲ့၏။ သူပြောမိပြောရာ ပြောသွားတာပဲဟု သနားစိတ်နှင့် ကြင်နာလိုက်မိသေးသည်။ ခုတော့ သိပါပြီ။ ကျောင်းတုန်းက ရည်းစားမကျ သူငယ်ချင်းမကတွေက ဟေးလား ဝါးလားတွေ။ သူတို့လည်း ပျော်ပျော်ကိုယ်လည်းပျော်ပျော်၊ သူ့ကိုယ်အကဲခတ်၊ ကိုယ့်သူအကဲခတ်နှင့်၊ ဒီလိုပဲ ကောင်းနိုးရာရာ ရွေးကြ ကြည့်ကြတာ မဟုတ်လား။ ဒီထဲက ဖြစ်ထွန်းသွားရသည့် ရည်းစားနှစ်ယောက်ကတော့၊ သူတို့ကလည်း ကိုယ့်ကိုရွေး၊ ကိုယ်ကလည်း သူတို့ကိုရွေး၊ ဒီသဘောသာကလေး ထင်ပါရဲ့။ သီဂီ ကျတော့ သူ့အလှနှင့်သူ ရင်းနှီးမှုမှာ ကျဆုံးရတာပါဟု ဝန်ခံလျှင် ဖေဖေက ထပ်ဆဲလိမ့်မည် ထင်ပါသည်။

ရည်းစားနှစ်ယောက်တီတီ လွယ်လွယ်ထား လွယ်လွယ်ပြတ်ခဲ့သည်မို့ သီဂီနှင့်ကလည်း လွယ်လွယ်ပဲ ဖြစ်သွားကြရာ၌ ကိုယ်တင် လွယ်ခဲ့သလား၊ သီဂီကရော မလွယ်ခဲ့ဘူးလား၊ ခွဲကြစို့ဆိုသည့်အခါမှာ မကျေနပ်ဖွယ် ပြဿနာများ (နင်းသီဂီဝင်းဟု လိစည်ခဲ့ခြင်းနှင့် ဦးသက်အောင်ကိစ္စ ပြဿနာ) အခုအခံ ဖြစ်ထွန်းသည်မို့ ရင်မှာ ကြေကွဲဝမ်းနည်းဖို့ထက် စိတ်အနှောင့်အယှက်ဖြစ်ရတာကတောင် ပိုများခဲ့ပါသေးသည်။ ဒါကို ဖေဖေ မသိလေခြင်း၊ သိအောင်ပြောလျှင်လည်း ကိုယ်ပဲထပ်အဆူခံရပါမည်။ ဖေဖေ ဆုံးမဖူးသော စကားတစ်ခွန်းရှိ၏။

"လောကမှာ ... မိန်းမပျက်ဆိုတဲ့ စကားတင် ရှိတာ မဟုတ်ဘူး၊ ယောက်ကျ်ပျက်(ယောက်ျားပျက်)ဆိုတဲ့ စကားလည်း ရှိတယ်၊ မြဲမြဲမှတ်ထား" ... တဲ့။

နေခွန်း ကောင်မလေးတွေနှင့် တရှန်းရှန်းနေတုန်းက ပြောခဲ့တာ ဖြစ်ပါသည်။ သို့ဂိ အတွက် ... မလွမ်းလောက်ပါဘူး ... ဟုဆိုလျှင် ဖေဖေက ယောက်ျားပျက်စာရင်းမှာ သွင်းမလား မသိ။ နေခွန်း ကိုယ့်ကိုယ်ကိုယ် ရှုံရကောင်းမှန်း ခုမှသိသည်။ တက္ကသိုလ်တက်နေသော အလိုလိုက်ခံ တစ်ဦးတည်းသော သူဌေးသားတစ်ဦး ရနိုင်သော ပေါ့သွမ်းမှုတွေ အကုန်လုံးကို ကိုယ်ယူခဲ့သည်။ ကိုယ်ဟာ တကယ်လူပေါ့သွမ်း ဖြစ်ခဲ့၏။ ယောက်ျားကောင်းတစ်ယောက် မစစ်မှန်ခဲ့ပါလား ...ဟု ခုမှကိုယ့်ကိုယ်ကိုယ် ဝေဖန်မိသည်။ ခုချိန်မှာ ... ပုရစ်မကို ချစ်မိသွားရပါပြီ ... ဆိုလျှင် ဘယ်သူယုံမှာလဲ။

တစ်ခါတုန်းက ... နေခွန်းကို ကားမောင်းခွင့် မေမေ ပိတ်ထားစဉ်က ပုရစ်မကို အကြောင်းပြပြီး အိမ်ကထွက်၊ ပုရစ်မကို ဈေးထဲမှာ ထားခဲ့၊ အဲသည်တုန်းက ကိုယ်နှင့်တွဲနေတာ သင်းသွယ် ထင်သည်။ မေ့တောင် မေ့ပါပြီ။ အဲသည် သင်းသွယ် ဆီသွား၊ ပုရစ်မကို မေ့သွား၊ ကားကို အမေ့မေ့အလျော့လျော့နှင့်



(မေမေ ကားမောင်းခွင့် ပိတ်ထားတာ မေ့ပြီး) အိမ်ထဲမောင်းဝင်ချလာသည်။

"ဟဲ့ ... ဝေ ဘယ်မှာကျန်ခဲ့လဲ"

မေမေ ဆီးမေးမှ သတိရကာ ဈေးတစ်ခေါက်ပြန်ပြေးတော့ ဈေးတံခါးက ပိတ်နေပြီ။ ဆွဲခြင်းနှစ်လုံး၊ ကြွပ်ကြွပ်အိတ်နှစ်လုံး၊ ဘုရားပန်းတစ်စည်းနှင့် ပုရစ်မ ခမျာ၊ မျက်ရည်လေး တဝဲဝဲနှင့် မျက်နှာကလေးကို ငယ်လို့။

"မေ့သွားတယ်ဟာ၊ စိတ်မဆိုးဘူး မဟုတ်လား"

ပုရစ်မ ခေါင်းအခါမှာ မျက်ရည်တစ်စက် လွင့်ခနဲ စင်ထွက်သွားတာ တွေ့လိုက်သည်။ ကားပေါ်မှာ သူ့လက်ကိုင်ပဝါလေးနှင့် မျက်ရည်ကျိတ်သုတ်နေပေမယ့် အပြင်တင်စကားလုံးဝမဆိုခဲ့။ ဤကမ္ဘာမှာ ပုရစ်မလောက် သဘောကောင်း၊ အေးဆေးငြိမ်းချမ်းပြီး ချစ်စရာကောင်းသည့်သူ တစ်ဦးမျှ မရှိတော့ပါ။ ကိုယ်ဟာ ဘယ်လို ပိတ်ဆီးမှုတွေနဲ့ မျက်စိရှန်းခဲ့ပါလိမ့်။

နေခွန်း ... တယ်လီဖုန်းကို ကောက်မ,၏။ ဒီတယ်လီဖုန်းတစ်လုံး ကိုယ့်အိပ်ခန်းထဲ ထည့်ခွင့်ရဖို့ မေမေက ဖေဖေ့ဆီမှာ တော်တော်ကြီး အရေးဆိုပေးရတာကို မှတ်မိနေပါသေးသည်။

"ဝေနဲ့ စကားပြောချင် ပြောရှာပါစေ ကိုရယ်" ... တဲ့။

တကယ်တမ်းမှာ မေမေ မျှော်လင့်သည့်ပုံစံမျိုးနှင့် ပုရစ်မဆီ တစ်ခါမျှ မပြောခဲ့ဘူးပါလား။

"ဝင်းမွန်လား"

"ဟော့အေး ... ငါ သက်ဦး၊ ကျော်ဇေလည်း ရှိတယ် ငါတို့ ဝင်းမွန် အိမ်မှာ လာစုပြီး ကွန်ပျူတာစာစီ၊ စာရိုက်နဲ့ မိတ္တူကူးစက် ဆိုင်ကလေးတစ်ခု ဖွင့်ရရင် ကောင်းမလားလို့ တိုင်ပင်နေကြတာ"

"ကောင်းလိုက်တာကွာ၊ မင်းတို့က ငါ့တော့ မခေါ်ဘူး"

"ငါတို့က ဆိုင်ခန်းကို သုံးခန်းတွဲ ရလိုက်တော့၊ နှစ်ခန်းမှာ ကွန်ပျူတာမိတ္တူ၊ နောက်အခန်းမှာ ဆေးဆိုင်ဖွင့်ဖို့ထိ စိတ်ကူးနေတာ၊ ဒီတစ်ခါ စာမေးပွဲ ဖြေပြီးရင် ငါတို့ ဘွဲ့ရကောင်တွေ ဖြစ်တော့မယ်၊ မိဘကို ဆက်ပြီး တာဝန်ပေးတုန်း ဆိုတာမျိုး မဖြစ်ချင်တော့ဘူး"

"ငါ့တော့ မပြောကြဘူးကွာ"

"ငါတို့က စာနဲ့ အလုပ်ပဲ ခေါင်းထဲရှိတယ်၊ မင်းလို မှိန်နေတဲ့ကောင်တွေမှ မဟုတ်တာ"

"ငါက ဘာမှိန်နေလို့လဲ"

"ဩ ... ငါတို့ လာခေါ်ရင် မင်းသိင်္ဂီက မထည့်ချင်၊ စိတ်ကောက်နှုတ်ခမ်းစူတော့ မင်းက မလိုက်၊ မင်းကိုလာပါဆိုတော့လည်း ရည်းစားက မလွှတ်လို့မရောက်"

"မင်းတို့က ငါ့ကို ကျဉ်ထားကြတာ"

"ဘယ်သူမှ မကျဉ်ဘူး ဟော့ကောင် ... မင်းဘာသာ စည်းဝိုင်းအပြင်ဘက် ခုန်ထွက်တာ။ ရှေးလူကြီးတွေ ပြောခဲ့တဲ့စကားများ ... သိပ်မှန်တာပဲ။ မ,ဘက်လိုက်တော့ မိုက်ဘက်ပါ ... ဆိုတာ"



"သိင်္ဂီ ပြန်သွားပြီ"

"ဘာ ..."

"အန်တီ ဒေါ်လှသူဇာ လာခေါ်သွားတယ်"

"အပြီးလား"

"အင်း"

"ဟော့ကောင်တွေ သိင်္ဂီ မရှိတော့ဘူးတဲ့၊ နဂိုက မှိန်နေတဲ့ကောင်၊ ခုမှ သာခွေယိုင် ဖြစ်တော့မယ်"

နောက်ဘက်လှည့်ပြောသော စကားကို ဖုန်းထဲမှ ကြားနေရသည်။

"သက်ဦး"

"မဟုတ်တော့ဘူး ... ငါ ကျော်ဇေ၊ သူ့ဆီကဖုန်းကိုယူလိုက်တာ၊ မင်းတို့ချင်းက ကတ်တောက်လား"

"အင်း"

"နာနေလား"

"ညစ်နေတာ"

"သေတော့မယ်ဆို ပြော၊ ငါတို့ ရေလာချိုးပေးမယ်"

"မင်းတို့ကို စကားကောင်းပြောလို့ ရမလား"

"ငါတို့ဘက်က အမြဲရတယ်၊ မင်းသာ ကောင်းရာကောင်းကြောင်း မပြောနိုင်ဘဲ၊ မိုက်ဘက်ပါနေတာ"

"မင်းတို့ ငါ့ဆီ လာကြမလား"

"မင်းခြေထောက်နှစ်ချောင်းလုံး ကားကြိတ်ခံရလို့ ဆေးရုံရောက်နေလား"

"အေးပါ … ငါ လာခဲ့ပါ့မယ်၊ ငါက ရွှေ့ချင်စိတ် မရှိလို့ ငါ ညစ်နေတယ်ကွာ၊ နောက်လည်း နောက်တယ်"

"စိတ်နောက်တယ်ဆိုတာ အရူးကိုခေါ်တာ"

"ဒီမှာ … သိဂ်ီ အကြောင်းတွေ မင်းတို့ မသိသေးတာတွေ အများကြီး"

"ဒါတွေပြောမလို့လား၊ မသိချင်ဘူး၊ အဲဒီအတွက် အချိန် မသုံးဘူး၊ ငါတို့အချိန်က တန်ဖိုးရှိတယ်"

သူငယ်ချင်းသုံးယောက်လုံးက သိဂ်ီကို တဖြည်းဖြည်း လုံးဝသဘောမကျတော့တာ၊ နေခွန်း သိပါသည်။ ဒါတောင် ဦးသက်အောင်နှင့်ကိစ္စ သူတို့ မသိကြသေးပါ။ သူတို့သိတာက၊ ရန်ကုန်ရောက် မိုးလွင်နှင့် တွဲသွားတွဲလာတာကို သုံးလေးခါတွေ့ ရတာဖြစ်ပြီး၊ မိုးလွင်က "နှင်း"ဟု ခေါ်တာရယ်၊ မိုးလွင် နောက်ကြောင်းကို လိုက်တော့ ဟေးလား ဝါးလား အလုပ်မလုပ်၊ ကျောင်းမနေ၊ အချိန်တွေပိုသလောက် ဖြုန်းတီးဂိုက်ထုတ်၊ မိန်းမ ဝါသနာနှင့် လိုက်စားနေသူမှန်း သိလာရကာ၊ သိဂ်ီကိုပို၍ သူတို့ စိတ်ပျက်ကြတော့သည်။ သူတို့ကတော့ ပြောသား။ နေခွန်းက သူတို့စကားကို မယုံတာ မဟုတ်ပေမယ့် သိဂ်ီကို မပစ်ပယ်နိုင်ခဲ့ တာသာ ဖြစ်ကြောင်း သူငယ်ချင်းတွေ သိအောင် ဘယ်လိုရှင်းပြ ရမှန်းလည်း မသိတော့ပါ။

"မဟုတ်ပါဘူးကွာ … သူပြန်သွားတော့ ငါ့မှာ နာသင့် သလောက်နာပြီး ကျန်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် မလွမ်းလောက်ပါဘူးကွ၊ ငါ့ခေါင်းကြီးတောင် ပေါ့သွားပါ သေးတယ်၊ ခုက … ပုရစ်မ ကိစ္စ"



"နောက်ဆုံးကျတော့ ဒီဘူတာပဲ ဆိုက်တယ်။ သိဂ်ီ မဟုတ်ရင် ပုရစ်မ။ ပုရစ်မ မဟုတ်ရင် ဆင်းရူပါတို့ မွှေးရည်တို့ ဟေမာန်ဦးတို့ နောက်ထပ် ဘာရှိသေးလဲ၊ မင်းလောက် ဒီဘက်မှာကြောင်တာ မင်းပဲရှိတယ်"

"ရိုက်ချက် ပြင်းပြန်ပြီကွာ"

"ငါတို့မှာ မွန်ဖို့ ကြောင်ဖို့ လုံးဝအချိန်မရှိဘူး၊ ကိုယ့်ဘဝ ခရီး ကိုယ်လျှောက်ဖို့ လုပ်ရဦးမယ်"

နေခွန်း တကယ်ပဲ ရှက်သွားရပါသည်။ သူငယ်ချင်း တွေကတော့ ပြောကုန်ကြပြီ၊ ဝေဖန်ကုန်ကြပါပြီ။ နေခွန်းရေ … လိုမ့်ပိမ့်ခံပေတော့ဟု၍ ကိုယ့်ခေါင်းကိုယ် ထုချင်၏။ ပြောမနာ ဆိုမနာတွေ မှန်ပေမယ့် ဒီလောက်ထိ နစ်နစ်နာနာ၊ မည်သူ့မည်သူမျှ မပြောစဖူးခဲ့။ ပြောစရာလည်း မရှိခဲ့။ ခုတော့ ပြောစရာက ကိုယ့် မှာလာရှိနေသည်မို့ ကိုယ် အပြောခံရပါပြီ။

"ပုရစ်မကို သူ့အမေက ယောက်ျားပေးစားမလို့တဲ့"

"လုပ်သင့်တာ ကြာပြီ။ အစီအစဉ်က နောက်တောင်ကျ နေသေးတယ်။ မဟုတ်ရင် … မင်း အနိုင်ကျင့်သမျှ အလကားပဲတင်းနဲ့ ငုံ့ခံနေရရှာတာ"

"ငါ့ကို နည်းနည်း အကောင်းမြင်စမ်းပါကွ"

"ကောင်းမှ မကောင်းဘဲ"

"ငါ … ပုရစ်မကို မပေးလိုက်နိုင်ဘူး"

"ဘယ်သူ့ကိုလဲ"

"ဘယ်သူ့မှ မပေးနိုင်ဘူး"

"ဖြစ်ရပြန်ပြီ။ သီ်ဂိ ပြန်တာ ဘယ်နှရက်လဲ၊ လက်ချိုးစမ်းပါဦး"

"ဒီတစ်ခါ၊ ငါ တကယ်ခံစားရတာ၊ ညက တစ်ညလုံး အိပ်မရဘူး"

"လက်ဖက်စား ကော်ဖီသောက် လုပ်သေးလား"

"မင်းတို့ကောင်တွေကွာ၊ ငါ့ကို တကယ် ပ,ထုတ်ကြပြီကိုး"

"နေခွန်း ... ငါတို့ ညဘက်ဖွင့်မယ့် ဆေးဆိုင်မှာ တစ်ပတ်ဘယ်နှည လာထိုင်မလဲ"

"ခွဲတမ်းအတိုင်းပေါ့ကွ"

"ငါးရက်မှာ တစ်ရက်ပဲ အားတယ်၊ တစ်ညသုံးယောက်ကုန်မယ်၊ ဒါ ... မင်းပါလာလို့ ငါးရက်မှာ တစ်ညနားခွင့်ရမှာ၊ မင်းမပါရင် ငါတို့သုံးယောက် နေ့စဉ်ရက်ဆက်ပဲ"

"ပါမယ်"

"အိုကေ ... ငါတို့ လာခဲ့မယ်၊ မင်းတို့အိမ်က ကောင်မလေး ... ဘယ်သူ ..."

"မြသန်းနု"

"အေး ... အဲဒီကောင်မလေးကို ပြောလိုက်၊ သစ္စားမသီးတွေ စက်နဲ့ဖျော်ပြီး ဖရစ်ချ်ထဲ ထည့်ထားလို့"

"ကောင်းပါပြီကွ ... ပဒိုင်းသီး ဖျော်ရည်ပါ ထည့်ထားပေးပါ့မယ်"



"မင်း သောက်နေကျပဲ၊ မမျှပါနဲ့၊ ကိစ္စမရှိဘူး"

နေခွန်း ... လှစ်ခနဲတောင် ပြုံးဖြစ်သွားရသည်။ ပေါင်းအသင်းဆိုတာ မရှိမဖြစ်လေ။

## ၁၆

ဤလောကမှာ ငမိုက်သားတစ်ယောက် ရှိပါသည်။ နေဦွန်းဗဟု အမည်တွင်၏။

နေဦွန်းသည်၊ တစ်ဦးတည်းသောသား၊ သူဌေးသား။ ဖခင်က စည်းကမ်းချချင်ပေမယ့် မိခင်က နှစ်ဆယ်ကျော်သားကို ရင်ခွင်ထဲထည့်၍ နို့ချိုတိုက်ကျွေးနေချင်သေးသည်။ ဤနည်းအားဖြင့် နေဦွန်း ပျက်စီးရပါသည်ဟု မိဘကိုလည်း လွှဲမချချင်တော့ပါ။ နေဦွန်းသည် စာကြိုးစား၍ ဘယ်တုန်းကမှ စာမေးပွဲမကျစဖူးတာမှ လွဲလျှင် ပေါ့ပေါ့နေ၏။ ပေါ့ပေါ့စား၏။ အပျော်မက်၏။ ဟေးလားဝါးလား နိုင်၏။ ကောင်မလေးတွေနှင့် ရှုပ်ရှုပ်ထွေးထွေး ရှိ၏။ သူတစ်ပါးအပေါ် ဇိုလ်ကျခွင့်ရလျှင် ကျချင်၏။ ခြုံ၍ ဆိုရသော် အတ္တကြီး၏။ အရက်မစွဲ ဆေးမစွဲငြား၊ နေဦွန်းလို လူမျိုးကို လူကောင်းစာရင်းမှာ သွင်းရန်ခက်လေ၏။

ကိုယ့် အတ္တကြောင့်ပင် ကိုယ်မျက်စိရှန်းခဲ့သည်။ ကိုယ်အပျော်မက်မှုကြောင့် ကိုယ့်နှလုံးသား ရပ်ဝန်းကို ကိုယ်မခြင်နိုင် ဖြစ်ခဲ့၏။ ကိုယ်ပေါ့သွမ်းမှုကြောင့် ဘဝခရီးလမ်းကြောင်းမှားခဲ့၏။ ခုတော့ ... အရာရာသည် ကုန်ဆုံးလွန်မြောက်သွားခဲ့ပြီ။ လက်လွှတ်ဆုံးရှုံးရပြီဆိုမှ တန်ဖိုးက ပိုကြီးလာသော ယင်းပစ္စည်းကို နေဦွန်းလို ငမိုက်သားက ဘယ်သို့သော အလျော်အစားနှင့် ရယူခွင့် ရှိတော့မည်နည်း။

"ဝေ"

ဝေက လန့်ဖြန့်သွားရ၏။ ကိုယ့်ကို "ဝေ"ဟု ခေါ်လိုက်သူသည် ရူးသွပ်သွားပြီလားဟု ထင်မိ၏။ ပုံမှန်စိတ်နှင့်ဆို ဘယ်တုန်းက ခေါ်ဖူးလို့လဲ။

"နင့်ကို ငါ ဒီနေ့ကစပြီး ဝေလို့ပဲ ခေါ်တော့မယ်၊ ခေါ်ခွင့်ပြုပါ ဝေ"

ဝေက မျက်ရည်ဝဲနှင့်ပင် ဟက်ခနဲ ရယ်လိုက်သည်။ ခုတစ်လောမှာ ဝေ အမြဲ မျက်ရည်ဝဲနေရသည်ပင်။ ဆူသည် မဟုတ်ငြား၊ မပျော့ပျောင်းသော မေမေ့ စကားသံတို့က ဦးခေါင်းခွံကို ထာဝရ ထုနှက်နေသကဲ့သို့ နာကျင်ဝန်လေးရပါသည်။

"ပြီးတော့လေ ... နင့်ကို ငါ ဘယ်တော့မှ ဇိုလ်မကျတော့ဘူး၊ အနိုင်မကျင့်တော့ဘူး၊ အရင်တုန်းက ဆိုးသွမ်းမိုက်မဲခဲ့သမျှတွေကိုလည်း ခွင့်လွှတ်ပါလို့ ငါ တောင်းပန်တယ်၊ ခွင့်လွှတ်မှာလား ဝေ"

"နေဦွန်း ... နင် ဘာဖြစ်လာတာလဲ"

"ငါ ... လောကကြီးကို တည့်တည့်ရှုသွားနိုင်ခဲ့ပြီ"

"သီဂိုဆီက စာလာသေးလား"

"အဲဒါတွေ ပြီးသွားပြီ၊ အားလုံးပြီးပြီ၊ အရာရာဟာ ငါ့အဖို့ ချုပ်ငြိမ်းသွားခဲ့ပါပြီ ဝေ"

ဝေက မျက်မှောင်လေးကြုတ်လိုက်၏။ နေဒွန်း မျက်နှာ မလန်းပါ။ သို့ပေမယ့် ... ခါတိုင်း မလန်းချိန်မှာ ရှုံ့မဲ့ ရှုပ်ကောက်ချိတ် ပြတာမျိုးလည်း မဟုတ်။ အရာရာမှာ ကျွန်း နစ်နာလိုက်ရသူ တစ်ယောက်၏ အရှုံးမျက်နှာ ပိပြင်၏။ အန်တီတင့် မှတစ်ဆင့် နေဒွန်း တော်တော်ပြောင်းလဲသွားသည် ... ဆိုသည့် သတင်းကိုလည်း ကြားပါသည်။ နေဒွန်း ပြောင်းလဲလေ၊ ဝေက တော့ ခေါင်းကျိန်းရလေပါ။

"ပြောင်းလဲတယ် ဆိုလို့ စိတ်ပြောင်းမသွားနဲ့ဦးနော် ခွေးမြီးကောက်ဟာ ကျည်တောက်စွပ်တုန်းခဏ ဖြောင့်တာ" ... တဲ့။

နေဒွန်းကို ခြံထဲမှာ အန်တီတင့်နှင့်ကူ၍ ရေလောင်း နေတာမျိုး၊ ပန်းအိုးဝိုင်းရွှေ့နေတာမျိုး တွေ့ရသည်။ ညညကျ ကျော်ဇေတို့နှင့်ပေါင်း၍ ဆိုင်ထွက်ကြောင်း ကြားရသည်။ ညည ကောင်မလေးတွေနှင့် တစ်နာရီ နှစ်နာရီ ဖုန်းဆက် အချိန်ဖြုန်း တာမျိုး မလုပ်တော့ဟု သိရသည်။

"ကိုယ်သားကိုယ်မို့သာ ချစ်ရတာလေ၊ ယောကျ်ား လေး တစ်ယောက် ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်နေတာ တန်ဖိုး မရှိမှန်း သိပါတယ် စောရယ်၊ ခုတော့လည်း သားက မျက်လိုက်တဲ့ အမောက်တစ်ရပ်လိုပဲ" ... တဲ့။



အန်တီတင့်က ခုတစ်လော ဝေတို့ခြံဘက်သို့ အကူး ...ူး၏။ မေမေက သိပ်မသွားပါ။ ဝေကဆို ... သွားကိုမသွား ...တော့သလောက်ဖြစ်၏။ နှစ်အိမ်တစ်အိမ် ဆက်ဆံရေးက မသိ ...သာ ကျဲသွားရသည်ပင်။ မျောက်တစ်ကောင်လို မာလကာကိုင်း ...၍ ခုန်ကူးတာမျိုး နေဒွန်း မလုပ်တော့။ စားချင်တာ မစားချင် ...တာ အဓိကမဟုတ်၊ တို့လို့တွဲလောင်း သီးနေတာ မြင်လျှင် ...ာက်ဆော့စွာ ခူးလိုက်ရမှ၊ မစားချင်တော့ လွှင့်ပစ် ဆိုတာမျိုး ...နေဒွန်း မလုပ်တော့။ ဝေ အရိပ်တကြည့်ကြည့် လုပ်နေသည့် ...န်းတွေကို အလကားနေရင်း သစ်ကိုင်းခြောက်နှင့် ရိုက်ပစ်တာ ...ျိုး မလုပ်တော့။ ဝေ့ကို မျက်ရည်ကျအောင် မစတော့မှ ဝေက ...ာဝရ မျက်ရည်ဝဲနေရတော့သည်။

"နင် မပျော်ဘူးလား ဝေရယ် ... နင့်ကြည့်လိုက်တိုင်း မျက်ရည်ဝဲနေသလိုပဲ၊ ဒါမှမဟုတ် မျက်လုံးထဲကို နင် တစ်ခုခု ဆိုးသလား"

"မျက်ခမ်းနဲ့ မျက်တောင်သာ ဆိုးလို့ရမှာပေါ့ နေဒွန်းရဲ့၊ မျက်လုံးထဲ ဘာဆိုးလို့ရမှာလဲ"

"ဒါဖြင့် တလက်လက် ဖြာနေတာ မျက်ရည်တွေလား"

"မမေးပါနဲ့ဟယ်"

"နင့် သတို့သားလောင်းကို တွေ့ပြီးပလား"

ဝေက ခေါင်းညိတ်၏။

"ချောလား"

"မဆိုးပါဘူး"

"ပုံစံကြ..."

"အရပ်မြင့်တယ်၊ အသားလည်းဖြူတယ်"

"နှာတံပေါ်လား"

"ပေါ်တယ်"

"ချောပြီပေါ့။ ဘွဲ့ရတယ် မဟုတ်လား"

"ဆရာဝန် M.Sc တောင် အောင်ပြီးပြီ။ M.R.C.P Part I ဝင်ခွင့်စာမေးပွဲဖြေဖို့ စာကျက်နေတယ်"

"ဝမ်းသာတယ် ဝေ၊ ငါ့သူငယ်ချင်း ကောင်းစားတာကို ငါ မုဒိတာနဲ့ ထိုင်စောင့်ကြည့်ပေးမယ်။ နင့်ကိုလည်း ချစ် သတဲ့လား"

"ချစ်တယ် ပြောတာပဲ၊ မြင်ဖူးသွားပြီး ကြားလူနဲ့ လာ တောင်းခိုင်းတာ"

"အန်တီစောက စုံစမ်းပြီးမှ လက်ခံတာပေါ့၊ ဟုတ်လား"

"စုံစမ်းတယ်။ လက်ခံတယ်တော့ မဟုတ်သေးဘူး၊ သမီ ရှင်တို့ ပြောနေကျ စကားကို ပြောထားတာပေါ့၊ ကျွမ် သမီး ငယ်ပါသေးတယ်ပေါ့"

"တကယ်လည်း ငယ်ပါသေးတယ် ဝေရယ်၊ နင့်ကို အိ ထောင်ရေး အဝန်းအဝိုင်းကြီးထဲ ထည့်လိုက်ရမှာ ငါ အစ်ကိုတစ်ယောက် နေရာကနေပြီး နှမြောတယ်။ ဒါ မယ့် ... ဘခွင့်အရေးဆိုတာကလည်း နှစ်ခါမကြုံတတ် လေ။ မယုံမရှိနဲ့။ ငါ့ကိုယ်တွေ့။ အခွင့်အရေး ဆုံးရှုံးသ ပြီဆိုရင် ဘာမှလုပ်လို့ မရတော့ဘူး။ ဒီတော့ ... နင်လ ခံရမှာပါပဲ၊ နင်က ဘာဖြစ်လို့ မျက်ရည်ဝဲနေရတာ



"နင်မကြိုက်ရင် ငြင်းခွင့်မရှိဘူးလား"

"မေမေ့အကြောင်း နင် သိပါတယ်။ မေမေ ဘယ်တုန်းက အမှားလုပ်ဖူးလို့လဲ။ မေမေနဲ့ ဆန့်ကျင်ရင် ဆန့်ကျင်တဲ့လူ မှားတာပဲ။ မေမေ့ ဆုံးဖြတ်ချက်ကို ငါ မငြင်းရဲဘူး။ ငါကလည်း တစ်ဦးတည်းသောသမီး။ သူများတကာလို ညီအစ်ကို မောင်နှမ ရှိတာလည်းမဟုတ် ...

"ဖေဖေတို့ မေမေတို့ မရှိတဲ့အခါမှာ တစ်ယောက် တည်း ဒုက္ခရောက်ပြီး ကျန်ရစ်ခဲ့ရမှာ ကြောက်တယ်"

"ငါတစ်ယောက်လုံး ရှိပါသေးတယ် ဝေရယ်" ... ဟု မပြောချင်တော့ပါ။ မပြောဖြစ်တော့ပါ။

"သမရိုးကျတွက်ရင်ပေါ့နော်၊ ငါ လူ့ဘဝမှာ နေစရာအချိန် တွေ အများကြီးကျန်သေးတယ်။ အမှည့်တဝင်းဝင်း အကင်း တဖြုတ်ဖြုတ် ဆိုတာမျိုးလည်း ရှိတော့ရှိတာပေါ့။ သက်တမ်း စေ့ နေကြကြေးဆို ... ငါက တစ်ယောက်တည်း ကျန်ရစ် ခဲ့ရမှာ ...

"မေမေ့စကားကို နားမထောင်မိတာနဲ့၊ တစ်သက်လုံး ဒုက္ခတွင်းထဲ ရောက်နေရမှာ ငါကြောက်တယ်။ နင်ဝေ ဖန်ချင် ဝေဖန် နေဒွန်းရယ်၊ ငါက သတ္တိနည်းပါတယ်၊ သူရဲဘောကြောင်ပါတယ်"

"ဟင့်အင်း ... နင် လိမ္မာတာပါ"

"ငါက မေမေ့စကားကို ငြင်းမယ်ဆိုရင်လည်း ခိုင်လုံတဲ့ အကြောင်းပြချက် ... ငါ့မှာ မရှိဘူး"

"နင့်မှာ ရည်းစားမရှိဘူးလား၊ ငါသေချာချင်လို့သာ မေးရတယ်၊ နင် ဘယ်သူနဲ့မှ တွဲတာလည်း ငါမတွေ့ပါဘူး"

"မရှိပါဘူးဟယ် ... နင် မြင်နေတာပဲ"

"နင်တို့ မိန်းမတွေဆိုတာ၊ ကိုယ့်မှာ ရည်းစားမရှိရင်၊ မိဘပေးစားတဲ့ လူကောင်းတစ်ယောက်ကို ချစ်သွားမိကြတာချည်းပဲဆို"

"နင်က တိုက်တွန်းနေတာလား"

"ဟင့်အင်း ... ကန့်လည်းမကန့်ကွက်ပါဘူး၊ ငါက ဘာဆိုင်လဲ။ ဘေးလူ။ နင့်ဘဝရှေ့ရေးဟာ နင်နဲ့ နင့်မိဘရဲ့ ဆုံးဖြတ်ချက်ပဲပေါ့"

"နေ့ဒွန်း ... နင့်ကို ငါက ဘေးလူလို့ တစ်ခါမှ မသတ်မှတ်ခဲ့ဘူး၊ သိလား"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ... ဘေးလူဟာ ဘေးလူပါပဲ"

နေ့ဒွန်းက အဝေးသို့ ငေးလိုက်၏။ စိမ်းစိုလှသော ကတ္တီပါမြက်ခင်းကြီးကို တွေ့ပြန်၏။ မျက်စိမအေးနိုင်ဘဲ ဦးနှောက်တို့သာ ဆူဝေလာရပြန်သည်။

"နင့်မှာ ရည်းစားရှိရင်တော့ ဒီအချိန်မှာ ပွဲကြီးပွဲကောင်းပဲနော်"

"ဘာဖြစ်လို့လဲ"

"နင်နဲ့ အန်တီစောနဲ့ ပြဿနာတက်မှာ"

"ငါ့လူက လူကောင်းဆိုရင် မေမေက ပြဿနာလုပ်မယ့်သူ မဟုတ်ပါဘူး"



"ငါ သိချင်လို့ မေးမှာ ... ဝေ။ နင် ဒီအရွယ်ရောက်ပြီ၊ တစ်ခါမှ အမြီးမပေါက်ခဲ့ဘူးလား"

ဝေ့ကို တည့်တည့်ကြည့်၍ ခပ်ပြုံးပြုံး မေးဖြစ်လိုက်သည်။ ဟန်ဆောင်ပြုံးတစ်ခု ဖြစ်ထွန်းဖို့အရေး။ ရင်ထဲမှာ ကျင်နေအောင်နာ၏။ ကိုယ်မြတ်နိုး တန်ဖိုးထားရသည့် ရတနာလေးကို သူတစ်ပါးလက်ထဲသို့ ထည့်ရပါတော့မည်။ နှမြော၏။ ဝန်တို၏။ ကြေကွဲနာကျင်၏။ တိုက်ခိုက်လုယူလိုစိတ် ရှိ၏။ သို့ပေမယ့် ... ချစ်လှစွာသော နှလုံးသည်းအူကို မြူတစ်မှုန်စာ ထိခိုက်မှုရှိမည်ဆိုလျှင်တောင် အဲဒါတွေအားလုံးကို ဘာမှ မလုပ်ချင်တော့ပါ။ ဝေ ... နင့်ကို အဲဒီလောက်ထိ ငါချစ်ပြီ ဝေ ... ဟု ပြောချင်၏။ ဝေ့ကိုသာလျှင် တစ်သက်မှာ တစ်ဦးတည်း စွဲလမ်းစူးနစ်စွာ ချစ်နေမိကြောင်း အသိနောက်ကျ၏။ ကိုယ်သိလိုက်ချိန်မှာ ကိုယ့်နှလုံးသားအတွက် လှုပ်ရှားခွင့် မရှိပြီ။

"ပြောလေ ဝေ ... ဘာရှက်စရာရှိလဲ"

ဝေက ခေါင်းကလေး ငုံ့သွားရသည်။

"တစ်သက်မှာ တစ်ယောက် အသည်းခိုက်အောင် ချစ်ခဲ့ဖူးပါတယ် နေ့ဒွန်းရယ်"

"ဟင်"

နေ့ဒွန်း အရမ်းအံ့ဩသွားရသည်။

"မထင်ဘူး ဝေ၊ သူ ဘယ်သူလဲ၊ နင်တို့ ဘာဖြစ်လို့ အဆင်မပြေတာလဲ၊ ငါ ဘာလုပ်ပေးရမလဲ၊ ဘယ်လိုကူညီရမလဲ"

ဝေက ခေါင်းခါ၏။

"သူ ... ဘယ်သူလဲ"

"နင် မသိတဲ့လူပါ"

ဝေက ဖွတ်မှိတ်၍ ညာလိုက်သည်။ မိန်းမသားတန်မဲ့ ရေလာမြောင်းပေးလုပ်ရာ ရောက်မှာစိုးသည်။ ဝေလို မိန်းမသားက ဣန္ဒြေနှင့် သိက္ခာကို အသက်နှင့်လဲ၍ စောင့်ရှောက်မည့်သူ ဖြစ်၏။

"ဘာဖြစ်လို့ အဆင်မပြေတာလဲ"

"သူက ငါ့ကို မချစ်ဘူး"

"ဖြစ်မှ ဖြစ်ရလေ"

... ဝေရယ် ... နင့်ဒုက္ခက ငါ့ဒုက္ခနဲ့ ဆင်တူနေပါရောလား။ နင်နဲ့ ငါဟာ တစ်သက်လုံး တူတူနေခဲ့ကြတယ်။ ငါက နင့်ကို ချစ်နေမိလို့ ချစ်နေမိမှန်း မသိခဲ့ဘူး။ သိပြန်တော့လည်း ဖွင့်ပြောခွင့် မရှိတော့ဘူး။ နင်ကလည်း ငါ့ကို လုံးလုံးမှ မချစ်တာ မဟုတ်လား၊ ငယ်တုန်းကဆို မုန်းတယ်၊ မုန်းလွန်းလို့ ဆိုတဲ့ စကားနဲ့၊ တို့နှစ်ယောက် ခဏခဏ ရန်ဖြစ်ရတယ်၊ နင် တကယ် မမုန်းပေမယ့်၊ ချစ်သူလိုလည်း ချစ်မနေမှန်း ငါကိုယ်သိထားနှင့်ပါတယ် ...

... နင်နဲ့ ငါနဲ့ ဝဋ်ကြွေးတူတယ်နော်၊ နင့်ချစ်သူကလည်း နင့်ကို မချစ်ဘူးတဲ့။ တို့သူငယ်ချင်းနှစ်ယောက် ကံဆိုးရာမှာကျမှ တူညီတတ်လေခြင်း။ ဝေ ...။ ခုနေသာ နင်နဲ့ ငါနဲ့ အချစ်ခြင်းညီတဲ့ ချစ်သူတွေ ဆိုရင်လေ၊ နင့်အတွက် သတို့သားလောင်းကို နင့်အမေက ဘယ်လောက်ပဲရှာလာခဲ့၊ ရှာလာခဲ့၊ နင့်ကို ဖြစ်တဲ့နည်းနဲ့ ငါ ခိုးမယ် ဝေ ...



... ပြီးရင်၊ တစ်သက်လုံး နင့်ကို ပျော်အောင်ထားမယ်၊ ကျိုးနွံစွာ လုပ်ကျွေးယုယမယ်၊ နင့်မျက်နှာ တစ်ချက်မညှိုးစေရပါဘူး၊ နင်မကြိုက်တာ ငါ ဘာမှမလုပ်ဘူး၊ ငါအလျှော့ပေးမယ်၊ အဲဒါ ငါဟာ အဆိပ်အတောက်မဲ့ သတ္တဝါဖြစ်လို့ မဟုတ်ဘူး ဝေ။ နင့်ကို ချစ်လွန်းလို့၊ ငါ့ကို နင့်လက်ခုပ်ထဲကရေလို သွန်လိုသွန် မှောက်လိုမှောက်၊ ငါ ကြည်ဖြူမယ် ဝေရယ် ...

ရင်ထဲမှာ စကားတွေ အများကြီး ကျိတ်ပြောပြီးသည့်အခါမှာ ဝေ့ မျက်နှာပေါ်မှ အကြည့်ကို ခွာရပြန်သည်။ ကိုယ့်ဘာသာ ပြန်သိမ်း၊ အဝေးသို့ပို့။ ဝေရယ် ... အကြည့်တစ်ချက် သိမ်းရတာတောင် ပင်ပန်းလှပါပြီ။ နှလုံးသားနဲ့ အပြည့်ရှိနေတဲ့ အချစ်တွေကို ဘယ်လိုခွန်အားနဲ့ သိမ်းနိုင်ရမှာလဲ ဝေ။

"ငါ ပြန်မယ် ဝေ ..."

နေခွန်းက မတ်တတ်ထရပ်၏။

"ငါ ပြောင်းလဲသွားတာ နင် သတိထားမိလား"

တကယ်တမ်းကျတော့ ... သည်သောင်ယံမှ မခွာရက်တယ် ... ဆိုသလိုပင် ဝေ့နားမှ မခွာနိုင်သေးပါ။

"အသိသာချည်းပဲ"

"ငါ့ကို ဘယ်သူဆုံးမလိုက်လဲ သိလား"

"သိဂိလား"

"လွဲလိုက်လေ ... နင် ... ငါ့ကို နင် ဆုံးမလိုက်တာ၊ ငါ လိမ္မာသွားတာ နင့်အတွက်၊ အဲ ... နင့်ကြောင့်"

"ဘယ်တုန်းကလဲ၊ ငါလည်း ဘာမှမပြောရပါလား"

"ဆုံးမခြင်းကို ခံယူတယ်ဆိုတဲ့ အခါမှာ နားကမှ ကြားနိုင်တာ မဟုတ်ဘူး ဝေရဲ့၊ မျက်စိကလည်း မြင်နိုင်တယ်၊ ရင်ထဲကလည်း ခံစားနိုင်တယ်၊ ငါလည်း နင့်လိုလိမ္မာတဲ့ သားသမီး ဖြစ်ချင်လာတယ်။ ကျွတ်ချိန်တန်တာလည်း ပါချင်ပါမှာပေါ့"

"နင်က ဆိုးမှ မဆိုးတာ"

"အရက်မသောက် ဆေးမစွဲရုံနဲ့ လူကောင်း မခေါ်နိုင်ပါဘူးဟာ။ လူကောင်းဖြစ်ဖို့ နီးစပ်ရုံရှိပါသေးတယ်။ ခုလည်း သားကောင်း အမည်မခံထိုက်သေးပါဘူး၊ ကြိုးစားရတုန်းပါ။ အန်တီစောတောင် ငါ့ကို တဖြည်းဖြည်း ကြည့်မရဖြစ်လာပုံရတယ်၊ ငါက တစ်နေ့တခြား မိုက်မဲတာကိုး၊ ခုတစ်လော ... စိမ်းတယ်"

"မေမေက စိတ်မအားလို့ပါ။ လူတိုင်းကို စိမ်းနေပါတယ်"

"နင့်လူကို ငါ မတွေ့ဖူးဘူးလား"

"ဒီကို သိပ်မလာပါဘူး၊ မလာသလောက်ပါဘဲ၊ စာကျက်နေတယ်၊ ဖုန်းပဲ ဆက်တယ်၊ ငါကလည်း ဘာစကားမှ ပြောစရာ မရှိပါဘူး"

"ခိုင်းစရာရှိရင် ငါ့ကို မမေ့ပါနဲ့"

"ကျေးဇူးတင်ပါတယ်"

"နင့်လူ ... စာမေးပွဲက ဘယ်တော့ဖြေရမှာလဲ"

"ရှေ့လ"

"ပြီးရင် ... နင်တို့ကိစ္စ စီစဉ်ပြီးလား"

"ပြောတာပဲ"



"ဝေ ... တစ်နေ့မှာ နာရီပေါင်း နှစ်ရာလေးဆံ့ယ်ရှိရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"ဆယ်ဆတိုးတော့၊ တစ်လဟာ ဆယ်လဖြစ်သွားတာပေါ့၊ နင် ရှင်သန်ခွင့် ရစေချင်လို့ပါ ... သွားမယ်"

ဝေက ခေါင်းညိတ်ပြလိုက်သည်။ နေဒွန်းက နောက်မလှည့်စတမ်း ချာခနဲ ထွက်ဖ်း။ •ရင်ထဲမှာ ရှိသမျှ ရင်တွင်းပစ္စည်းတွေ အနုအသည်းနှင့် ကလီစာတွေ ဝေတို့ ခြံထဲ မြေပြင်မှာ ပြုတ်ကျကျန်ရစ်သလို လစ်ဟာအေးစက်စွာ ပြန်လာခဲ့ရသည်။ မာလကာပင်ကိုတော့ မော့ကြည့်ဖြစ်သည်။ သို့ပေမယ့် ... မျောက်တစ်ကောင်လို ခုန်မကူးတော့မှာ သေချာသည်။ အနီးစပ်ဆုံး အဖိုးတန်ရတနာတစ်ပါးကို လှည့်မကြည့်ဖြစ်ဘဲ၊ မျောက်လွှဲကျော်လို ဟိုခုန်သည်ကူး လုပ်ခဲ့သည့် လူမိုက်တစ်ယောက်ဟာ ဒီလောက်တော့ ခံစားထိုက်သည်ဟု ကိုယ့်ကိုယ်ကိုယ် ပြစ်ဒဏ်ချမှတ်ချင်လှပါ၏။

ရင်ကွဲနာဘဝထဲမှာ ကိုယ် စုန်းစုန်းနစ်ပါ့မယ်လေ။

နေဒွန်းနှင့် ဝေတို့ ခြံနှစ်ခုကြား အုတ်တံတိုင်း ပျက်စီးသွားသော ရှစ်ပေခန့် နေရာမှာ အုတ်တံတိုင် ပြန်မလုပ်ဘဲ၊ ချိန်းလင့်ဟုခေါ်သော နန္ဒင်းမကင်းကွက် သံဇကာတွေပဲ ကာရံခဲ့သည်။ အဲဒီခြံစည်းရိုးနားမှာ သူ့ဘက်ကလည်း သူ့အကြိုက်၊ ကိုယ့်ဘက်ကလည်း ကိုယ့်အကြိုက်၊ ပန်းပင်တွေ ကပ်စိုက်ထားကြသည်မို့ ချုံပိတ်သည့် နေရာလည်းရှိ၊ ချုံကျဲသည့် နေရာလည်း ရှိ၏။ ဝေရော အန်တီစောပါ နေဒွန်းတို့ ခြံဘက်သို့ အကူးအသန်း နည်းသွားသည်မို့ နေဒွန်း လာလျှင်လည်း သိပ်မကြိုက်မှာ သေချာသည်မို့ နေဒွန်းမှာ ကူးချင်တိုင်း မကူးဝံ့ချေ။ ခြံစည်းရိုးနားမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဝေ့ကို ခြံထဲမှာ မြင်ရလို မြင်ရငြား၊ ဝေ့အသံကို ကြားရလို ကြားရငြား မျှော်ငံ့ရပါ၏။

ကိုယ့်ဘဝထဲမှာ ဝေ လစ်ဟာခြင်းဖြင့် ဘာမျှမပြည့်စုံတော့သလို ခံစားရသည်။ ဒါကို ဖွင့်ပြောလို့ ဘယ်သူယုံမှာလဲ။ ကျော်ဇေတို့ အုပ်စုက ဆဲဆိုယုံကြည်သွားကြပေမယ့် ဖေဖေသာဆို မယုံသည့်အပြင် အဆဲသာ အဖတ်တင်မည်။ မေမေ့လည်း စိတ်ဆိုးမှာ သေချာသည်။

"အစက ပြောပါတော့လား"... ဟု၊ မခေါက်စဖူး ခေါင်းကို ခေါက်ချလိုက်မှာ သေချာ၏။ ခေါင်းခေါက်ခံနိုင်ပေမယ့် မေမေ ယူကျုံးမရ ဖြစ်မှာကို သနားစိုးရိမ်စိတ်ဖြင့် မေမေ့ကိုတောင် ဖွင့်မပြောရဲပါ။ ရင်ထဲမှာ ပေါက်ကွဲရတာက အခံရ



ခက်လွန်း၏။ ခေါင်းထဲမှာ ဘယ်သူမျှမကျန်။ သိင်္ဂီကိုဆို ... သတိတောင်မရ။ ဒီလို ဖြစ်တတ်သလား၊ ဖြစ်ရလား၊ ဖြစ်ရစကောင်းလားဟု ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ် ဆန်းစစ် စိတ်ဆိုးပြီးပါပြီ။

"မင်း အစကတည်းက ဝေ့ကို ချစ်မှန်း ငါတို့ သိသားပဲ။ မင်းက ဝေ့ကို အပိုင်တွက်ထားတာ၊ မင်း ဘယ်လောက်ဘာတွေ ရှုပ်ခဲ့ ရှုပ်ခဲ့၊ ပုရစ်မရေ ... လို့ တစ်ခွန်းခေါ်ရင် ဝေက လွင့်ခနဲ ကြွေမယ်ဆိုတာ မင်းရဲ့ အိပ်ချင်ယောင်ဆောင်နေတဲ့ နှလုံးသားက ယုံပြီးသား"

"ဟေ့ကောင် ... ကြီးကြီးကျယ်ကျယ် ပြောရရင်၊ သိစိတ်ရယ် မသိစိတ်ရယ်ကွာ"

"ဒီကြားထဲမှာ သိင်္ဂီက ဝင်လာတာကတော့ ဖျက်မြင်းပဲ၊ တစ်အိမ်တည်း တူတူနေရတဲ့ ပျာကလပ်စိန်က လှတပတလေးဆိုတော့ မင်းလို မျောက်လွှဲကျော်က မျက်စိကျပြန်ရော၊ သိင်္ဂီကို သည်းညည်းခံနေတာတွေကကျတော့ ဟိုမျက်နှာ ဒီမျက်နှာတွေ ထောက်ပြီး စိတ်ရှည်ပေးတာပါ"

"သိင်္ဂီကလည်း ဆွဲဆောင်ကောင်းတယ်ကွ၊ သူကလည်း ပညာရှင်၊ ခေသူတော့ မဟုတ်ဘူး၊ မင်းကို ငါတို့ အပြစ်မတင်ပါဘူး၊ သိင်္ဂီက ရင်ထဲထိ မရောက်လို့ သူ ပြန်သွားတော့ မင်း နေနိုင်တာပေါ့"

"မင်းကွာ ... ဝေ့ကို လာတောင်းတဲ့သူ ရှိတာရယ်၊ ပေးစားတော့မယ် ဆိုတာကိုသာ မင်း မသိသေးရင် ခုချိန်မှာ

မင်း ဝေ့ကို ဗိုလ်ကျတုန်း ဖြစ်မှာပါ။ ကိုယ့်အကြောင်း ကိုယ်မသိတာတော့ ညံ့တယ်၊ ယောကျ်ားပဲ ဘယ်သူ့ကို ချစ်တယ်ဆိုတာတော့ သိမှာပေါ့"

"အပြစ်လည်း တင်မနေကြနဲ့တော့ကွ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ အထူးသဖြင့် ဒီကောင်လို ထူးခြားကာရိုက်တာမရှိတဲ့သူမျိုးပေါ့"

သူငယ်ချင်းအုပ်စုကို ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်ခဲ့ရပါသည်။

"အဲဒါ ... ငါ ယောကျ်ားပဲဆိုပြီး၊ ပေါ့ပေါ့နေလိုက်တဲ့ အကျိုးကျေးဇူး။ မနစ်နာပါဘူးဆိုတာ မဟုတ်ဘူးကွ။ ယောကျ်ားလည်း နစ်နာတာပဲ၊ မင်း ... ကြည့်လေ၊ ခုပဲ ဝေ့ကို ဆုံးရှုံးတော့မယ်"

"မင်းတို့ နားလည်သလို ဝေ နားလည်ပေးစေချင်လိုက်တာ"

"ငါတို့ကတော့ တစ်ယောက်ချင်းကွပြီး ဝေ့ကို တစ်ခွန်းချင်း နားသွင်းမပေးနိုင်ဘူး မောင်ရင်၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ။ မင်းဘာသာ ကြည့်ကျက်ခဲပေတော့"

နေဒွန်း ... ကြည့်ကျက်ခဲဖို့ ဝေ့ကို ချောင်းနေပါ၏။ ဝေက ဒီနေ့မှ ပျောက်ချက်သား ကောင်းသည်။ ဝေရေ ... နင့်ကို ငါ ချစ်နေခဲ့တာ ကြာပါပြီ ... ဟု မျက်နှာအောက်ချပြောလျှင် ဝေ ဘယ်လို တုံ့ပြန်မှာလဲ။ စိတ်ဆိုးသွားလျှင်လည်း တစ်သက်လုံး ထိုင်တောင်းပန်နေလိုက်မည်။ ဝေ ပျော်များသွားမလား။ ပျော်သွားရင်တော့ အတိုင်းထက် အလွန်ပေါ့ ဝေရယ်။



နေဒွန်း ... ဝေတို့ခြံဘက်သို့ ကူးလာခဲ့၏။ မကူးဘဲမှ မနေနိုင်တော့တာလေ။ ခါတိုင်း ... နေဒွန်းမို့ ကူးလာလျှင် ဘာတွေမှန်းမသိ ဆူညံကာ ဝုန်းဒိုင်းကြဲအသံတွေ ထွက်နေတတ်သည်။ ခုတော့ ... တိတ်တိတ် ဆိတ်ဆိတ် မလွယ်ပေါက်တံခါးလေးကိုဖွင့်၍ ငုံ့ဝင်ခဲ့ရမှာတောင် ခြေကိုဖွ၍ နင်းဖြစ်သည်။ ကိုယ်လာတာ ဝေ သိနှင့်မှာစိုးလို့တော့ မဟုတ်ပါ။ ဘာတွေမှန်းမသိ စိုးရိမ်ထိတ်လန့်နေသည်။ ယောကျ်ားမဟုတ်ဘူး ပြောချင်ပြောတော့၊ တကယ်ချစ်မိပြီဆိုမှ ကြောက်ဒူးတုန်နေရခြင်းမျိုးပါ။ ဘယ်သူ့ကိုမျှ တလေးတစား မကြောက်လန့်ဘူးခဲ့တာ၊ မဖြုံခဲ့ဘူးတာ၊ အခု ... ဝေ့ကို ဖြုံနေရမှ၊ ဝေ့ကို ဘယ်လောက်ချစ်မှန်း သေချာပြီးရင်း သေချာရတော့သည်။

ဝေတို့ အိမ်အဝင် သံတခါးက ပိတ်ထား၏။ နေဒွန်းက လူခေါ်ဘဲလ်ခလုတ်ကို နှိပ်မည်လုပ်ပြီးမှ မနှိပ်ရဲပြန်ချေ။ ဝေ ထွက်လာလို့ မျက်နှာချင်း ဆိုင်လိုက်ရမှာကို ဖြုံ၏။ အန်တီစော ထွက်လာမှာ ပိုတောင်ကြောက်သေးသလိုပါ။ ကိုယ့်အမေနှင့် တန်းတူ အဒေါ်တစ်ယောက်လို ဆိုးချင်တိုင်း ဆိုးခဲ့စဉ်က ဒီလိုမကြောက်ခဲ့ပါ။ သူ့သမီးကို ချစ်မိရမှ ယောက္ခမလောင်းအဖြစ် တွေးကြည့်မိလိုက်တော့မှ သတ္တိကြောင်စွာ ရင်မဆိုင်ရဲအောင် ရှိရတော့သည်။

ဝေ ဆင်းလာတာကိုပဲ စောင့်တော့မည်။

ဝေက ညနေပိုင်းဆို ခြံထဲဆင်းပြီး သူ့ပန်းပင်လေးတွေ ရေလောင်းတော့မှာမို့၊ အဲသည်အခါကျမှ ဝေ့ကို ဘွားခနဲ

ရင်ဆိုင်ပြီး ခြောက်လှန့်ပစ်လိုက်မည်။ ကြောက်သွားမည့် ဝေ့ မျက်နှာကလေးဟာ ဘယ်လောက်ချစ်ဖို့ ကောင်းလိုက်မလဲ။ နေဒွန်းက ဝေတို့ တိုက်ကလေးကို တပတ်ပတ်၍ လျှောက်လာခဲ့လိုက်တော့သည်။ နောက်ဖေးပေါက် ပွင့်နေရင်တောင် ဝင်ဖြစ်မှာ (ခါတိုင်းလို) မဟုတ်ပါ။ အဓိပ္ပာယ်မရှိ တစ်ပတ်ပြီးတစ်ပတ် ပတ်နေလိုက်တော့မည်ဟု ဆုံးဖြတ်ကာ ဆက်လျှောက်လာခဲ့တော့သည်။

"ဟော"

ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်၏။ ငိုသံ။ ငယ်သူတစ်ဦးရဲ့ ငိုသံဆိုတော့ ဤအိမ်မှာ ဝေပဲ ငယ်သူရှိသည်။ ဝေ ငိုနေတာပဲပေါ့။ ချက်ချင်း ပြေးသွားကာ ပြတင်းပေါက်မှ ခုန်ဝင်လိုက်ဖို့ အတွေးတောင် ဝင်၏။ သို့ပေမယ့် ကိုယ့်ဘဝမှာ စိတ်လိုက်မာန်ပါ အမှားတွေများလွန်းသည်မို့ ခြေစုံရပ်၍သာ နားစွင့်ဖြစ်တော့သည်။

"ဟုတ်ပါတယ် မေမေ ... သမီးကို ရိုက်ချင်ရိုက်ပါ။ သမီး ... နေဒွန်းကို ချစ်တယ်၊ သူ့ကိုပဲ ချစ်ပါတယ် မေမေရယ်"

"တစ်သက်မှာတစ်ယောက် အသည်းခိုက်အောင် ချစ်ခဲ့ဖူးပါတယ် နေဒွန်းရယ်" ... ဆိုသည့် ဝါကျက ဦးနှောက်ထဲသို့ ပြေးဝင်၏။ တကယ်တမ်းကျတော့ မိဝေပုရစ်မ အသည်းခိုက်အောင် ချစ်ရတဲ့သူဟာ ကိုယ်ဖြစ်နေပါရောလား။ နေဒွန်းဗ ဆိုတဲ့ ကောင်. ဖြစ်နေပါရောလား။



ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်ထွက်သွားလုနီးပါး ခံစားမှုက "အပျော်"ပါ။ ငါကွ ... ဟု ကျုံးအော်ကာ ထခုန်ပစ်လိုက်ချင်စိတ်ကို ဖွတ်ကြီး ထိန်းလိုက်ရကာ၊ ဝေ့ အခန်း ပြတင်းပေါက်နားထိအောင် ခြေသံလုံ့စွာ တိုးကပ်ရတော့သည်။ ကိုယ့်ပုံစံကသူခိုးတစ်ယောက်နှင့် တူနေရသည်မို့ ရယ်ချင်စိတ် ဖြစ်ရသေးသည်။ လောလောဆယ် ဝေ ငိုနေရပေမယ့်၊ ဘယ်ပြဿနာပဲဖြစ်ဖြစ်၊ နောင်ခါမှရှင်း၊ ဝေက ကိုယ့်ကို ချစ်သည်ဆိုမှ တစ်လောကလုံးနှင့် ရင်ဆိုင်ရတော့ရော ဘာအရေးလဲ။

"မေမေ ပြောသလို သမီးမျက်စိရှေ့မှာတင် ရည်းစားတွေတစ်ယောက်ပြီးတစ်ယောက် ထားနေတာလည်း မှန်ပါတယ်။ သိဂ္ဂီကို သူ့ရည်းစားအဖြစ်နဲ့ ဒီအိမ်ထိ ခေါ်လာ၊ သမီးကို ဗိုလ်ကျပြ၊ မေမေပြောတာတွေ အားလုံး မှန်ပါတယ် ...

"ဒါတွေကို မနာတတ်ဘူးလားမေးရင်၊ နာတတ်ပါတယ် မေမေရယ်၊ သမီး နာချင်ပါတယ်၊ ဒါပေမယ့် မနာနိုင်ဘူး၊ ရင်ထဲက သူ့အလိုလို ချစ်နေတာကို ဖျက်ဆီးလို့မရပါဘူး မေမေ ...

"မေမေ ရွေးလာတဲ့သူ၊ ကောင်းမှန်းလည်း သိပါတယ်၊ ဒါပေမယ့် ... သမီး လက်မခံပါရစေနဲ့ မေမေရယ်၊ သမီးမချစ်တဲ့သူနဲ့ မယူပါရစေနဲ့။ နေဒွန်းကို မေမေက မယူနဲ့ဆိုရင်၊ သမီး မယူပါဘူး၊ သမီး ... မေမေတို့နဲ့ပဲ တစ်သက်လုံး နေပါမယ် ..."

"မေမေတို့ မရှိတော့တဲ့ အခါကျတော့ သမီး မျက်စိသူငယ်နဲ့ ဖြစ်မယ်"

"ကံကိုပဲ ပုံလိုက်ပါရစေတော့ မေမေ။ သမီးမိဘကို တစ်သက်လုံး စိတ်ဒုက္ခ လူဒုက္ခ မပေးခဲ့တဲ့ ကျေးဇူးကြောင့် တစ်ယောက်တည်း နေရလည်း ဖြစ်သွားလိမ့်မယ် ထင်ပါတယ်။ နေဒွန်းကို မေမေ မစိုးရိမ်ပါနဲ့၊ သူက သမီးကို ငယ်နိုင်ဖို့ ခင်တာကလွဲရင် သူက မကြိုက်ပါဘူး မေမေ"

မှားနေပြီ ဝေရယ်။ ကြိုက်ရုံဘယ်ကပါ့မလဲ။ ရင်ထဲအသည်းထဲ အငုသိမ်အငုမတွေထဲက တစ်မိနစ်ပြီး တစ်မိနစ် ဆိုသလို တိုးတိုးချစ်၊ တရစ်ရစ် တိုးနေရတာ ပုရစ်မရဲ့ဟု အော်ပြောလိုက်ချင်၏။

"သူတို့ဘက်က လာစေ့စပ်မှာကို လက်မခံပါရစေနဲ့ မေမေရယ်"

"သမီးကို မေမေ စိတ်မချဘူး"

"စိတ်ချပါ မေမေ။ သမီးရဲ့ အပြုအမူ အနေအထိုင်မှာ မေမေ စိတ်မချစရာ ဘာတစ်ခုမှ မရှိခဲ့ဘူး မဟုတ်လား"

"နေဒွန်း ပေါ်မှာ သမီး ဒီစိတ်ဖြစ်နေတာ ဘယ်သူ့ကို ပြောပြီးပလဲ"

"မပြောပါဘူး မေမေ။ သမီးက မြန်မာမိန်းမသားပါ။ မေမေက ... သမီးဟာ ချစ်သူမရှိရင် လက်ခံရမယ်ဆိုလို့သာ မေမေ့ တစ်ယောက်တည်းကိုပဲ ပြောရတာပါ။ မေမေ ပေးစားချင်တဲ့သူကိုလည်း ငြင်းပါရစေ၊ နေဒွန်းကိုလည်း သမီး ချစ်တဲ့အကြောင်း ...



"သူ မသိစေရပါဘူး၊ သူကလည်း သမီးကို မကြိုက်ပါဘူး။ ကြိုက်ပါတယ် ဖြစ်လာရင်လည်း ရအောင်ငြင်းပါ့မယ် မေမေရယ်။ သမီးကို သနားပါ။ သမီးရင်ထဲမှာ ခံစားရလွန်းလို့ပါ"

"အေးလေ ... ဒါဆိုလည်း စေ့စပ်ဖို့ကိစ္စ လက်မခံသေးဘူး။ ဒါပေမယ့် ... ခေါင်းထဲတော့ ထည့်ထား၊ သမီးက အခု နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးမှ စဉ်းစားချင်တယ်လို့ ပြောထားမယ်၊ အခုမဟုတ်ရင်တောင် တစ်နေ့နေ့မှာ လက်ခံနိုင်ဖို့ သမီးခေါင်းထဲ ထည့်ထား၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ မေမေ"

"ကဲ ... ကဲ ငိုမနေနဲ့တော့။ ခေါင်းကိုက်မယ်။ ဒီနေ့တော့ မေမေပဲ ရေလောင်းလိုက်တော့မယ်"

နေဒွန်း လှစ်ခနဲ ပြေးရတော့သည်။ ဆင်းလာမှာက ဝေ မဟုတ်ဘူးလေ။ ကိုယ့်ကို မကြိုက်ဖြစ်နေသော အန်တီဇော။

## ၁၇

ခုတစ်လောမှာ ဒေါ်ခင်စောဝေက ဒေါ်တင့်တင့်ရီတို့ အိမ်ဘက်သို့ အကူးနည်းသည်မို့ နည်းနည်းပါးပါး ကျဲသလိုဖြစ်သွားရသည့် ဆက်ဆံရေးကို ဒေါ်တင့်တင့်ရီကပဲ ပြန်လည်ကြိုးစားရပါသည်။ သူက ဖြစ်နိုင်လျှင် ဝေကလေးကို ချွေးမတော်ဖို့ တောင်းချင်နေသေးသည်။ ဝေက ငြင်းချင်ငြင်း၊ မငြင်းချင်နေ။ သားတော်မောင်က ဆောင့်အောင့်ချင်လည်း ဆောင့်အောင့်၊ သူငယ်ချင်း စောကသာ ခေါင်းကလေး တစ်ချက်ညိတ်လျှင် မင်္ဂလာပွဲကို နေ့ချင်းပြီး ကောက်စီစဉ်ချင်နေသူ ဖြစ်၏။ ဒါကို ဦးမြဒွန်းကလည်း ကျေနပ်သည်။

"မင်းသားက သီ်ဂိုကို တတွဲတွဲခေါ်သွား၊ ဟိုဟာမလေးကလည်း အနေအထိုင်ကလက်နဲ့ဆိုတော့ မစောတို့ မျက်စိနောက်ပြီး စိတ်ပျက်နေတာ အဆိုးမရှိဘူး၊ အခုကျတော့ ဒီအိမ်မှာ ဂြိုဟ်ဆိုးလည်းရှင်းပြီ၊ တင့်က နည်းနည်းပါးပါး ဟိုဘက်အိမ်ကို [illegible]"



"ကျွန်မချည်း ခိုင်းနော်၊ ရှင်ကရော ... ကိုကျော်မျိုးဆိုအကြောင်းမရှိ အကြောင်းရှာပြီး သွားပါလား"

"သွားမှာ ... မင်းကို ရှေ့တော်ပြေးလွှတ်နင့်တာ"

ဖေဖေနှင့် မေမေ ကျိတ်တိုင်ပင်နေတာ ကြားတော့ နေဒွန်းက ဝုန်းခနဲနေအောင် ခုန်ချင်၏။

"ခုတစ်လော ... မင်းသား ရည်းစားရပြန်ပလား မသိဘူး၊ အလကားနေရင်း စပ်ဖြီဖြီနဲ့ အူရွှင်နေတယ်။ သီ်ဂိုနဲ့ ပြတ်ကာစတုန်းကတော့ မျောက်လို မှိုင်တာ"

ဖေဖေရေ ... ထင်တစ်လုံးက ငါးဆယ်ရာခိုင်နှုန်းပဲ မှန်တယ် ဖေဖေရဲ့ ... ဟု ပြောချင်၏။ နေဒွန်းက မသိချင်ယောင်ဆောင်ကာ နားရွက်မခပ်ရဲပါ။ ဖေဖေနှင့် မေမေတို့ ကြည့်လုပ်သွားလိမ့်မည်ဟု ကျေနပ်နေ၏။

"ကိုရေ ... စောက စကားနည်းနည်းပြောင်းချင်တယ်နော်၊ ခင်မင်ရင်းနှီးကတော့ မပျက်ပါဘူး၊ ဟိုတုန်းကအတိုင်း ပလူးပလဲပါ။ နေဒွန်း အကြောင်းပြောရင် စကားစပ်မခံဘဲ လမ်းကြောင်း ပြောင်းပစ်တယ်"

ဖေဖေနှင့် မေမေက ဒါကို ခုမှသိပြီး ခုမှထ စိတ်ပူနေကြသည်။ နေဒွန်းကဖြင့် သိတာကြာပြီ။ နေဒွန်းက အကွက်ကောင်းကို ချောင်းနေတာလေ။ ဝေက ကိုယ့်ကိုချစ်ပြီဆိုတာသိမှတော့ နေဒွန်းတို့က ဘာကိုမျှ မကြောက်တော့၊ ရင်ဆိုင်ဝံ့ပြီ။ အန်တီစောက မပေးစားချင်တော့တာမို့ သမရိုးကျလမ်းနှင့်တော့ မရတော့ဘူးဆိုတာ သဘောပေါက်သည်။ တကယ်လို့ ကိုယ်က လမ်းဆန်းတစ်ခု ဖောက်သွားခဲ့လျှင် ပထမတော့ စိတ်ဆိုးကောင်း

စိတ်ဆိုးနိုင်ပေမယ့် ဖေဖေ မေမေတို့ မျက်နှာ၊ ဝေက ကိုယ့်ဘက် ပါနေတာတွေကြောင့် အန်တီစော ပြဿနာလည်း သိပ်ကြီးကျယ်မည် မထင်ပါ။

နေဒွန်း ... ကျိတ်ကြိတ်နေပါ၏။

ဒေါ်တင့်တင့်ရီက "ဈေးထဲမှာ ငါးရံ့ခြောက် လတ်လတ်ဆတ်ဆတ်တွေ ကောင်းလွန်းလို့ ပိုဝယ်ခဲ့တယ် စောရေ" ... ဆိုတာနှင့် ဝေတို့အိမ်ဘက်ကူး၏။ ဒေါ်ခင်စောဝေက တော်ရုံစိတ်ဆိုးနေချိန်မှာတောင် သူ့ပန်းပင်တွေအကြောင်း စကားစလိုက်လျှင် စိတ်ဆိုးဖို့ မေ့လျော့စွာ ပန်းပင်တွေအကြောင်း မြိန်ရေယှက်ရေ ပြောတတ်တော့တာ ဒေါ်တင့်တင့်ရီက နောကျေပြီးသား။

"စောရဲ့ ပိန်းပင်တွေ ဖြစ်လိုက်တာနော်၊ အပွင့်တွေကလည်း ကြီး၊ အပင်တွေကလည်းသန်၊ သမီးဝေလေးရေ၊ လာ ... ငါးရံ့ခြောက်လေးတွေ လာသိမ်းပါဦး"

ငါးရံ့ခြောက်တွေ ဝေ့လက်ထဲ ထည့်ပြီးသည်နှင့် ပိန်းပင်မျိုးပွားပုံစကားကို လမ်းကြောင်းပေးလိုက်တာ၊ ခြံစည်းရိုးနားမှ ကြားနေရသည့် နေဒွန်းက ရယ်ချင်နေ၏။

"ပိန်းစေ့ကို စစိုက်တဲ့နေ့ကစပြီး ပွင့်တဲ့အချိန်ထိ သုံးနှစ်လောက်ကြာတာ တင့်ရဲ့၊ အစေ့ပေါက်ဆိုရင် တန်ဖိုးကြီးတယ်"

"တင့်လည်း ကိုယ့်ကိုယ်ကိုယ် မိန်းမပီသလှပြီ၊ မိန်းမတို့တပ်အပ်တဲ့ ပညာတွေ အကုန်တတ်ပြီပေါ့လေ၊ အချုပ်အလုပ်၊ အချက်အပြုတ်၊ အိမ်အလှပြင်၊ မီးဖိုချောင်ထိန်းသိမ်းပေါ့၊ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်တာ စောကို



ဒီတစ်ခု ရှုံးတယ်။ စောကို မမီပါဘူး၊ တင့် အပင်တွေက ပစ်ထားလည်းရတဲ့ ရွက်လှတွေချည်း"

"ပိန်းလည်း အကြမ်းခံပါတယ် စောရဲ့။ ပိန်းပင်က ရှည်လာရင် ဖြတ်ပစ်လို့ရတယ်၊ အပေါ်ကိုင်းကတစ်ပင်၊ ကျန်ခဲ့တဲ့ ငုတ်တိုက နှစ်ပင် သုံးပင် ဆိုသလို ရတယ်၊ ဒီနည်းက မြန်မြန်ပွင့်တဲ့ အပင်ကြီးကြီးကို မြန်မြန်ရတဲ့နည်းလေ"

ပိန်းငုံကာရဲ့ပြီဆိုလျှင်တော့ အန်တီစော မျက်နှာကတပြုံးပြုံး။ နေဒွန်းက အချိန်ကိုက်၍ ဝင်သွား၏။

"ပုရစ်မရေ"

ဝေက ခြံထဲတွင် ရှိမနေပါ။

"မေမေက ဒီရောက်နေတာကိုး"

"အေး ... စောရဲ့ ပိန်းပွင့်ကြီးတွေ ကြီးလွန်းလို့ တပည့်ခံနေတယ်၊ မေမေလည်း ပိန်းစိုက်တော့မယ်"

"မေမေ ဝယ်ခိုင်းထားတဲ့ အိမ်သုတ်ဆေး သွားဝယ်လိုက်မလို့ မေမေ"

"အေး ... ပိုက်ဆံရပြီလား"

"မေမေပဲ မနက်က ပေးထားတာ"

"အေးလေ ... အသက်ကကြီးတော့ မေ့တယ်"

ဒေါ်တင့်တင့်ရီက နေဒွန်းကို တကယ်ပဲ အိမ်သုတ်ဆေး ဝယ်ခိုင်းထားပါသည်။

"မိုးမကျခင် ဆေးသုတ်လိုက်မလို့ စောရဲ့"

"ကောင်းတယ်၊ စောတို့လည်း သုတ်ရမယ်"

ဒေါ်ခင်စောဝေ ခမျာ အငိုက်မိရှာ၏။

"အန်တီစော ... နေဒွန်း ပုရစ်မကို ခေါ်သွားမယ်"

ခုမှ ဒေါ်ခင်စောဝေ မျက်နှာက ကွက်ခနဲ ပျက်တော့သည်။

"အန်တီစောတို့ အိမ်ကျလည်း အရောင်ရွေးရတာပေါ့။ ပြီးတော့ အဲဒီအိမ်က ကောင်မလေးက ပုရစ်မသူငယ်ချင်းနဲ့ ညီမဝမ်းကွဲ၊ ပုရစ်မနဲ့ ခင်တယ်၊ သူ့လိုက်ဆစ်ခိုင်းမယ် နော်၊ အန်တီစော။ ပုရစ်မရေ ... ဟော့ ပုရစ်မ"

"သမီးက ခေါင်းကိုက်နေတယ်လို့ ပြောတာပဲ သားရဲ့၊ လိုက်နိုင်မယ် မထင်ဘူး"

ဝေက ထွက်လာသည်မို့ ဒေါ်ခင်စောဝေက ဖျက်ဆီးစကားကို ဆိုနှင့်လေ၏။

"ခေါင်းကိုက်တာများ၊ အပြင်ထွက်၊ ကားစီး၊ လေရှုလိုက်ရင် ပျောက်မှာ အန်တီစောရယ်၊ ထည့်လိုက်ပါ၊ ပုရစ်မ ... နင်က သိပ်မဖြစ်ဘူး မဟုတ်လား၊ မေမေ ... အန်တီစောကို ပြောပေးပါဦး၊ အန်တီစောက ခုတစ်လော ... နေဒွန်းကို လေစီမ်းတိုက်တယ် မေမေ"

အမေနှစ်ယောက်က ရယ်လိုက်ကြ၏။

"ထည့်လိုက်ပါ စောရယ်၊ ဒီမောင်နှမ သွားနေကျပဲ၊ နေဒွန်းက တော်ကြာ၊ ဒီဆိုပြီး ဟိုရောက်ချင်ရောက်တာ၊ ဝေပါတော့ စိတ်ချတယ်"

အမေပါ ဝင်ပြောသည်မို့ ဒေါ်ခင်စောဝေက မျက်နှာပျက်ချင်ချင်နှင့်ပင် အားနာရတော့သည်။ ဒါမျိုးက အဆန်းလည်း မဟုတ်ခဲ့သည်မို့ ခုမှထပြီး ဆန်းပြရမှာ ခက်၏။



"သမီး နေသာရင် လိုက်ချင်လိုက်သွားလေ"

"ဆေးဆိုင်တစ်နေရာတည်းဆိုရင် လိုက်မယ်။ ခြေမရှည်ဘူး၊ ငါ့ကို ဆေးဆိုင်မှာ ထားပစ်ခဲ့ပြီး သွားချင်ရာ ထွက်မသွားရ"

"အေးပါဟာ ... အဝတ်အစား သွားလဲ"

"မလဲပါဘူး"

"မှတ်ပုံတင် ယူခဲ့"

"အိမ်သုတ်ဖို့ ဆေးဝယ်မယ့်ဟာ မှတ်ပုံတင်က ဘာကိစ္စ ယူရမှာလဲ"

"နင်က ကြီးကျယ်နေလို့ ရွဲ့ပြောတာ"

"ပြီးရော ... ငါ့လက်ချည်းဗလာနော်၊ လမ်းမှာ မုန့်ဆိုင်တွေ့ရင် နင်ဝယ်ကျွေးရမှာ"

"ရတယ် ... ပြီးရော"

ဝေက ဖိနပ်ပါးလေးစီးကာ ဒီတိုင်း ဆင်းချလာခဲ့သည်။ နေဒွန်းက ခါတိုင်းဆိုလျှင် (ဟိုအရင်ကဆိုလျှင်) ဝေ့လက်ကို ဆတ်ခနဲ (ရိုးသားစွာ) ဖမ်းဆွဲခေါ်ခဲ့မှာပေမယ့်၊ ခုတော့ မဆွဲရဲအောင်ရှိရ၏။

"လာ ...။ သြော် ... မေမေ၊ ဘယ်ကားယူသွားရမှာလဲ"

"အပြန်ကျ ဆေးပုံးတွေပါမှာ ပစ်ကပ်နဲ့သွားပေါ့သားရဲ့"

"ပုရစ်မ စတိုင်ပဲ့မှာစိုးလို့"

"အပိုတွေ"

နေဒွန်းတို့ ခြံထဲသို့ ရောက်လာ၏။ နေဒွန်းက ဆလွန်းကားထဲ ထည့်ထားသည့် သူ့လက်ဆွဲအိတ်ကို ပစ်ကပ်ပေါ်သို့ ပြောင်းသည်။

"ဘာအိတ်လဲ"

"အဝတ်အစားတွေ"

"ဘာလုပ်ဖို့လဲ"

"သက်ဦးလေ ... မိဘမဲ့ကျောင်း လှူဖို့ဆိုပြီး အလှူခံထားလို့"

"ဒါဝင်ပို့ရဦးမှာလား"

"မပို့ပါဘူး"

"မပို့ရင် ဘာလို့ ယူလာစရာလိုလဲ"

"သွားရင်း လာရင်း ကြုံရင်ပေးမှာပေါ့ဟာ၊ ပါလာတော့ ကောင်းတာပေါ့။ မကြုံရင်လည်း မပေးဘူးပေါ့၊ ပုရစ်မတို့ကတော့လေ၊ မရစ်ရရင်ကို မနေနိုင်ဘူး"

ဝေက ပြုံးလိုက်၏။ နေနွှန်း မှိုင်တိမှိုင်တွေ မဟုတ်တော့ဘဲ ပြန်လည်လန်းဆန်းလာသည့်အတွက် ဝေက ပျော်ရပါ၏။

"တက် ... သွားပြီ၊ မြောက်ဝင်ရိုးစွန်းကို"

နေနွှန်းက ကားကို မောင်းထွက်လေ၏။

"ဝေ"

"ဘာလဲ"

"ငါ တစ်ခုပြောရင် နင် ယုံမလား"

"နင့်ပါးစပ်က ဘာပဲထွက်ထွက်၊ နှစ်နဲ့စားပြီး၊ ကျန်တာကို ဆယ်ပုံ,ပုံ၊ တစ်ပုံပဲ ငါယုံတယ်"

"အေး တစ်ပုံယုံရင် တော်ပြီ"

"ပြော"

"နင့်ကို ငါ ချစ်တယ် ဝေ"

"ဘာ"



"နင့်ကိုလေ ... ငါ့ရဲ့ ရင်ဘတ်ထဲက အသည်းနှလုံးထဲက အသက်ပေးပြီး ချစ်နေပြီ ဝေရဲ့"

"နေ ... ဒွန်း"

ဝေက မျက်ရည်ပေါက်ခနဲ ကျလေ၏။

"ဖြစ်ရပြန်ပြီလားဟင် နေနွှန်း။ ဒီကမ္ဘာမှာ နင် ရည်စားထားဖို့ လူကုန်လို့ ငါ့ဘက်လှည့်လာတာလား၊ နင် ငါ့ကို နည်းအမျိုးမျိုးနဲ့ ဗိုလ်ကျအနိုင်ယူတာ ငါ သည်းခံနိုင်တယ်၊ ဒီနည်းကတော့ ကလေးဆိုး မဟုတ်တော့ဘူး၊ ငါ့ကို စော်ကားရာ ရောက်တယ်။ နင် သိပ်ရက်စက်တာပဲ"

"တကယ် ချစ်တာပါ ဝေရယ်၊ မငိုနဲ့၊ ငါ ပြောပြမယ်"

"ဟဲ့ ... ကားမောင်းတာ ရှေ့ကြည့်"

"အေးပါ ... နင်သာ ငြိမ်ငြိမ်နားထောင်"

နေနွှန်းက အပြောကောင်းပါသည်။ စကားလုံးရွေး ကျွမ်းကျင်သည်။ သူငယ်ချင်းတွေ စုမိတိုင်း၊ ဒီအကြောင်းအရာ တစ်ခုတည်းကိုပဲ သူများပြောလျှင် ရိုးစင်းနေတတ်ပေမယ့် နေနွှန်း မှ ပြောလျှင် နားထောင်လို့ကောင်းစွာ စိတ်ဝင်စားစရာဖြစ်အောင် နေနွှန်း ပြောတတ်၏။ နေနွှန်း ပြောချင်စိတ်ရှိစွာ ပြောပြီဆိုလျှင် ကရားရေလွှတ်ဆိုသကဲ့သို့ တစ်ဖက်သားနားထဲသို့ ရှင်းခနဲဝင်အောင်လည်း ပြောတတ်၏။

"နေနွှန်း ... ကားက ဘယ်ရောက်လာပြီလဲ၊ နင် ဒါတွေ ပြောဖို့ ညာခေါ်လာတာပေါ့"

"နင့်ကို ငါ ခိုးလာတာ ဝေ"

"ဘာ"

"ဟုတ်တယ် ... ပြန်မပို့တော့ဘူး"

"နေခွန်း ... ဒါ နောက်စရာ မဟုတ်ဘူး"

"မနောက်ဘူး ... ဒီလိုမှ မခိုးရင်၊ ငါ ရင်ကွဲနာကျတော့မယ်၊ အန်တီစောက နင့်ကို ယောက်ျားပေးစားတော့မှာ"

"ငါ မယူဘူးလို့ ပြောပြီးပြီ"

"ဟိုကိုမယူလည်း ငါနဲ့တော့ ပေးစားမှာ မဟုတ်တော့ဘူး ဝေရဲ့၊ ငါ နင်နဲ့ မခွဲနိုင်ဘူး၊ တကယ်ပြောတာ၊ ငါ တကယ်ချစ်တာ ဝေပဲ၊ ငါ့ရင်ထဲက နှလုံးသားမှာ ဝေမှဝေ။ ငါ့စိတ်ငါ အသိနောက်ကျတာကတော့ ငါ့ရဲ့မိုက်မဲမှု၊ ငါ့အပြစ်၊ ငါညံ့တာ၊ နင့်ကို ငါ တစ်သက်လုံး အရိပ်တကြည့်ကြည့်နဲ့ အရွှံးပေးသွားတော့မှာပါ ဝေရယ်၊ ငါ ကတိပေးပါတယ်။ ငါ မဆိုးတော့ဘူး၊ နင်ဆိုးအလှည့်ယူလိုက်၊ ငါ့ကိုဗိုလ်ကျ၊ အနိုင်ယူ၊ နင့်ကို ငါ စိတ်ချမ်းသာအောင် ထားမယ်"

"နောက်နေတာ မဟုတ်ရင် ပြန်ပို့ပါဟယ်"

"မပို့ပါရစေနဲ့ကွာ ... ငါ မခွဲနိုင်ဘူး"

"ငါ ... ခိုးရာလိုက်တဲ့မိန်းမ မဖြစ်ချင်ဘူး"

"ဒါဖြင့် ... ပြန်ပို့ရင်၊ လက်ထပ်မယ်လို့ ကတိပေးမလား"

"မပေးနိုင်ဘူး"

"သိတယ် ... အန်တီစောက ငါနဲ့ သဘောမတူတော့ဘူး။ ဒီလိုမှ မခိုးရင် နင့်ကို ငါ မရတော့ဘူး"

"ဒုလို ခိုးပြေးတော့ရော သဘောတူလာမယ်များ ထင်သလား"



"ဖေဖေနဲ့ မေမေရှိတယ်။ ရှိခိုးမတတ် တောင်းပန်ကြလိမ့်မယ်၊ ငယ်ပေါင်းမိတ်ဆွေတွေပဲ၊ အန်တီစောက ငါ့ကို စိတ်ပျက်နေရင်တောင်မှ ဖေဖေတို့ မေမေတို့ကို အားနာမှာပါ"

"အားနာတာ တစ်ချက်တည်းနဲ့ သမီး ပေးမှာလားဟဲ့"

"ငါကလည်း ပြင်တော့မှာ၊ လိမ္မာတော့မှာ၊ ငါ လိမ္မာသွားရင် အန်တီစောက ကျေနပ်လာမှာပေါ့ ဝေရယ်။ အစကတည်းက သားလိုချစ်ပြီးသားပဲ၊ ငါကဆိုးလို့ ယားယီမုန်းတာပါ"

"မဟုတ်ဘူး။ မဟုတ်သေးဘူး နေခွန်းရယ်။ နင့်ကို မယူပါဘူးလို့ မေမေ့ကို ငါ ကတိပေးပြီးပြီ။ နင် မသိဘူး"

"သိပါတယ်၊ နင်ကတိပေးလိုက်ရတာကို ငါသိတယ်"

"ဟင်"

"ဝေ ... ငါ့ကို ချစ်တယ်မဟုတ်လား ဝေရယ်၊ မငြင်းလိုက်ပါနဲ့"

"ပြန်ပို့ပါ နေခွန်းရယ်"

"ချစ်တယ်လို့ ပြောပါကွာ"

"ငါ့ကို သနားရင် ပြန်ပို့ပါ"

ဝေက ရုန်းရင်းဆန်ခတ် မလုပ်ပါ။ မျက်ရည်ကလေးကိုသာ သုတ်ရှာ၏။ ကားက မြို့ပြင်သို့တောင် ဦးတည်နေပါပြီ။

"နေခွန်း ... ငါ့ကို တကယ်ချစ်ရင် ပြန်ပို့ပါ"

"ဘာလို့လဲ ဝေရယ်"

"ငါ မထင်ဘူး သိလား၊ နင် ငါ့ကို ချစ်နေလိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး၊ နင်တကယ်ချစ်တာဆိုရင် ပြန်ပို့ပါ"

"တကယ်မချစ်ရင် ဆက်ခိုးပြေးလား"

"ယောက်ျားကောင်းဆိုရင် ... ကိုယ်တကယ်မချစ်တဲ့ မိန်းကလေးကို ခိုးပြေးစရာလိုသလား"

"ဒါဖြင့် ... ငါက ပြန်ပို့လိုက်ရင်၊ တကယ်မချစ်လို့လား၊ တကယ်ချစ်လို့လား၊ နင်က ဘယ်လိုထင်မှာလဲ"

"တကယ်ချစ်ရင် ပြန်ပို့ပါ။ ငါ့ကို ချစ်တယ်ဆိုတဲ့ စကားကို ငါ ယုံချင်လို့ပါ"

"ယုံပါ ဝေရယ် ... ဒီရင်ဘတ်ကြီး ခွဲပြလဲ၊ အချစ်ဆိုတာ ကိုင်ကြည့်လို့မရတော့၊ ခက်တယ်။ ငါ့လို ခပ်ပေါ့ပေါ့ကောင်မှာလည်း အချစ်စစ် ရှိပါတယ်ကွာ၊ ငါတကယ်ချစ်လို့၊ တကယ်မခွဲနိုင်လို့၊ နင် ယုံလား"

"ယုံလိုက်မယ် နေဒွန်းရယ်၊ ငါ တကယ်ယုံသွားပါပြီ။ ဒါပေမယ့် ... ငါတို့ ကံဆိုးကြပါတယ်၊ ငါ့ကိုပြန်ပို့ပါ"

"ငါ့ကို ချစ်လား ဝေ"

"မမေးနဲ့ နေဒွန်း၊ ငါ မဖြေဘူး"

"ဖြေပါကွာ ... ကြားချင်လို့ပါ"

"နင့်ကို သူငယ်ချင်းလို ..."

"မညာနဲ့ဝေ"

"နင့်ကိုယ်နင် အထင်ကြီးမလို့လား"



"ဒီလိုကောင်ကို မချစ်ရင် တစ်သက်ရှ သည်းညည်းခံလာမလား ဝေရဲ့၊ နင့်ရဲ့မေတ္တာကို ငါက ခုမှသဘောပေါက်တာ။ ငါ့ကို ပြောပါ။ ချစ်တယ်လို့"

"ချစ်တယ်ပြောရင် ပြန်ပို့မလား"

"နင်နဲ့ငါနဲ့ ချစ်ကြတယ် ဆိုရင် ပြန်ကြဖို့ လိုသေးလား"

နေဒွန်း ကားကို ဆက်မမောင်းနိုင်တော့ပါ။ ဆက်မောင်းလျှင် အန္တရာယ်ဖြစ်တော့မည်။ ကားမောင်းသည့်ထဲမှာ လုံးဝစိတ်ဝင်စားလို့ မရတော့သည်မို့ လမ်းဘေးသစ်ပင်ရိပ်မှာ ခဏထိုးရပ်လိုက်ရတော့သည်။

"မမေက နင်မှ နင်ပါ ဝေရဲ့"

"သိပါတယ်"

"ငါလည်း သိပ်ချစ်တယ်၊ နောင်တတွေနဲ့ ချစ်နေရတာ၊ သူများထက် ပိုတယ်၊ ဝေ ... ငါ့ကို ချစ်တယ်မှလား။ ပြောပါဝေရဲ့"

"ပြန်ပို့ပါ"

"ဟာကွာ"

နေဒွန်းက ကားစတီယာရင်ကို လက်သီးနှင့်ထု၏။ မျက်နှာက ရှုံ့မဲ့သွားသည်။

"ကံဆိုးပြန်ပြီထင်တယ် ဝေရာ။ ငါက သိပ်ပျော်ခဲ့တာ။ နင် ငါ့ကို မုန်းလို့လား"

"ဘယ်တုန်းက မုန်းခဲ့ဖူးသလဲ၊ နင် ပြန်စဉ်းစား"

"အေးလေ ... ချစ်တယ် မှလား"

"နောက်ကျသွားပြီ၊ ငါ ဝမ်းနည်းတယ် သိလား။ နင်နဲ့ ငါနဲ့ ချစ်ကြမယ်ဆိုရင်၊ တို့နှစ်ယောက်လောက် အဖူးကံ အဆီးကင်းတာ မရှိတော့ဘူး၊ ဒါပေမယ့် ... နင်မိုက်ခဲ့တာ နေခွန်းရဲ့"

ဝေက မထိန်းနိုင်စွာ ပေါက်ကွဲတော့သည်။ တစ်သက်လုံး အလျှော့ပေးခဲ့သော နေခွန်းကို ထုသည်။ စိတ်လိုက်မာန်ပါမို့ မိန်းမသားအားပေမယ့် နေခွန်းနာ၏။

"နင် ငါ့အပေါ်မှာ ဆိုးလွန်းလို့ နင် ငါ့ကို ချစ်နေလိမ့်မယ်လို့များ တစ်ခါမှ မထင်ခဲ့ဘူး သိလား"

ဝေ ငိုရှာ၏။

"ငါ့ကိုယ်ငါတောင် မသိခဲ့တာ။ နင်မသိခဲ့တာ မဆန်းပါဘူး၊ ဒါပေမယ့် ... အခု၊ ငါ ... နင့်အချစ်ကို အောက်ကျို့ပြီး တောင်းနေတာပါ ဝေရာ"

"ငါ ချစ်ပါတယ် နေခွန်းရယ် ... နင့်ကို ငါက တစ်သက်လုံး ချစ်ခဲ့ရတာပါ"

"ဝေ ... ငါ အရမ်းပျော်သွားပြီ သိလား။ နင် ဖွင့်ပြောမယ်လို့တောင် မထင်တော့တာ။ ငါ့ကို စိတ်ပျက်ပြီး ဒီတစ်သက် မပြောတော့ဘူး ထင်ထားတာ။ ငါ ညံ့တာပါ ဝေရာ။ နင်က ငါ့ကို တစ်သက်လုံး သည်းညည်းခံလာတာကို၊ ငါက မောင်နှမလို ထင်ခဲ့တာ။ နင် ငါ့ကို ချစ်နေလိမ့်မယ်လို့ ..."

"ငါလည်း တစ်သက်လုံး တစ်ခါမှ မထင်ခဲ့ဘူး။ နင်ကလည်း နင့်ကို ငါချစ်နေလိမ့်မယ်လို့ မထင်ခဲ့ဘူး



ဆန်းတယ်နော်၊ တကယ်တမ်းကျတော့ ငါတို့ နှစ်ယောက်က အပြန်အလှန် သိပ်ချစ်နေကြတာ ..."

"ဝေ ... ငါ ကားဆက်မောင်းမယ်နော်၊ ဝေးဝေး မသွားပါဘူး၊ ပဲခူးလောက်ဆို တော်ပါပြီ"

"ပြန်ပို့ပါ နေခွန်းရယ် ... မေမေ့ကို ငါ ကတိပေးပြီးပြီ။ ပြီးတော့ ..."

"ပြီးတော့ ... ဘာဖြစ်လဲ ဆက်ပြောလေ"

"ငါက နင့်ကို သိပ်ချစ်တာ နင်မသိပေမယ့် မေမေသိတယ်။ ငါက မိုက်မဲပြီး နင်နဲ့ လက်ထပ်ရင် ငါ့ကို အမွေဖြတ်မယ်တဲ့"

"ဩော် ..."

အန်တီစော ... ဒီလောက်ထိကို နာကြည်းသွားရှာတာကိုး။ သီဂိုကို ခေါ်ပြီး ဝေ့ရှေ့မှာ အနေအထိုင် ကလက်ခဲ့တာတွေက၊ နောက်ဆုံးကျတော့ အန်တီစောကိုပါ စော်ကားရာရောက်မှန်း၊ ခုတော့ ... နေခွန်း သိပါပြီ။ သို့ပေမယ့် ... အန်တီစော မလွန်ပါ။ အန်တီစော မှန်ပါသည်။

"ဒါ ... စိတ်ဆိုးတုန်းခဏ ပြောတဲ့ စကားပဲ။ ပြီးတော့လည်း ပြီးမှာပဲ၊ သူစိမ်းတွေလည်း မဟုတ်ဘူး။ ဝေရယ် ... အမွေမရတော့လည်း ဘာဖြစ်လဲ၊ ငါလည်း သူဆင်းရဲမှ မဟုတ်တာ။ ငါ့မိဘအမွေပါ ထည့်မတွက်သေးဘူး ထားကွာ ... ငါ အလုပ်လုပ်မှာပေါ့၊ နင့်ကို ကြော့ကြော့လေး ထားနိုင်အောင် ငါရှာမှာပေါ့၊ မပြန်ဘူးနော် ဝေ ... ငါတို့ ပဲခူးထိသွားကြမယ်"

ဝေက ခေါင်းခါ၏။

"အမွေဆိုတာ ပိုက်ဆံနဲ့ ပစ္စည်းချည်းပဲ ထည့်တွက်လို့ ဘယ်ဖြစ်ပါ့မလဲ နေခွန်းရယ် ... သားသမီးဝတ္တရားမှာ မွေးခံထိုက်စေ ... ဆိုတာ ..."

ဝေလည်း စကားပြော ကောင်းပါသည်။ နေခွန်းကဲ့သို့ အဝေ့ခန်း မရှင်ပါ။ သို့ပေမယ့် ... တစ်ဖက်သားကို နားဝင်အောင် တရားချနိုင်စွမ်း ရှိလေ၏။

"ငါ ... ဘာလုပ်ရမှာလဲ ဝေရဲ့"

နေခွန်း ... ရင်ထဲမှာ ဆို့တက်လာသည်။ ယောကျ်ား ... ဟူသည့် မာနနှင့်သာ တင်းမထားရလျှင် ငိုချလိုက်ချင်၏။ ဝမ်းနည်းကြေကွဲ၏။ ကိုယ့်ဘဝကို နာကြည်း၏။ ဒါတွေအားလုံးဟာ မည်သူမပြု မိမိမှုတွေချည်း။ ဝေ ဒီလောက်ပြောမှတော့ ဝေ့ကို ဆက်ခေါ်မသွားရက်ပါပြီ။

"စကားလုံးကတော့ ကဗျာဆန်ပါတယ် ... တူနှစ်ကိုယ် နီးရမှ အချစ်လားတဲ့။ နှင်နဲ့ ငါနဲ့ လက်မထပ်ဘဲလည်း တစ်ယောက်နဲ့တစ်ယောက် အသည်းနှစ်အောင် ချစ်နေနိုင်ကြတာပဲ။ နှင်လည်း ရည်းစားမထားနဲ့တော့၊ ငါလည်းဘယ်သူ့ကိုမှ မချစ်တော့ဘူး၊ တစ်သက်လုံးလေ ... ဟင်"

"ဝေ ... နှင် မွေးခံထိုက်သော သမီးကောင်းရတနာဖြစ်ဖို့ ငါ ရင်ကွဲခံပါတော့မယ်"

နေခွန်းက နာရီကို ကြည့်လိုက်၏။ ညနေတော်တော် စောင်းသွားပြီ။



"ခုလောက်ဆို ... မေမေ ဆွေ့ဆွေ့ခုန်အောင် ပူနေလောက်ပြီ နေခွန်းရဲ့"

နေခွန်းက မရိုတရို ပြုံးဖြစ်၏။

"ငါ့အမေကတော့ ထမျှား က,နေမလားပဲ"

ဟင်းဒ်ဖုန်း (Hand Phone) ပါလာပေမယ့် လိုက်ဆက်မှာစိုးသောကြောင့် စက်ပိတ်ထားခဲ့၏။ စက်ကို ပြန်ဖွင့်လိုက်တော့ ဖွင့်ဖွင့်ချင်း တယ်လီဖုန်းမြည်လေ၏။

"ငါ့အမေ"

တယ်လီဖုန်းမှာ ပေါ်လာသည့် နံပါတ်ကိုကြည့်၍ နေခွန်းက ပြောလိုက်၏။

"မေမေ"

"ဟဲ့သား ... ဘယ်ရောက်ပြီး ဘာဖြစ်နေလဲ။ ဒီမှာ ဆေးရုံလိုက်ရမလား၊ ရဲစခန်း လိုက်ရမလားနဲ့ ပြင်နေပြီ၊ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး မေမေ၊ ဝေ့ကို လက်ဖျားနဲ့ မတို့ဘဲ နေခွန်း ပြန်လာပို့ပါပြီလို့ အန်တီဆောကို ပြောပေးပါ မေမေ"

"ဘာ ... ဘယ်ရောက်နေလဲ"

"ဘယ်မှ မရောက်သေးပါဘူး၊ ရန်ကုန်ကတောင် သေသေချာချာ မထွက်ရသေးပါဘူး၊ လမ်းဘေးမှာ ကားရပ်ပြီး စကားပြောနေတာပါ"

"သား ... အန်တီဆောက ပြောမယ်တဲ့"

"ဟုတ်ကဲ့ ... အန်တီဆော၊ နေခွန်းပါ"

"သမီးရော"

"နေခွန်း ခိုးပြေးမလို့ပါ အန်တီစောရယ်"

"ဘာ"

"ခုတော့ ... ဝေ့ကို မွေးခံထိုက်တဲ့ သမီးကောင်းရတနာ အဆင့်က လျှောမကျအောင်၊ မှဲ့တစ်ပေါက် မစွန်းဘဲ နေခွန်း ပြန်လာပို့ပါပြီ"

"အန်တီစော ဘယ်လိုက်ခဲ့ရမလဲ"

"ပြန်လာပါပြီ၊ မလိုက်ခဲ့ပါနဲ့"

"သမီးရော"

နေခွန်းက ဖုန်းကို ဝေ့ဆီသို့ ကမ်း၏။

"မေမေ"

"သမီးမိုက်"

"မမိုက်ပါဘူးမေမေ။ သမီးဟာ ... မေမေ့သမီးပါ။ နေခွန်းကို တရားချပြီး သမီးတို့ အခုပဲ ပြန်လာနေကြပါပြီ၊ မေမေ စိတ်အေးအေးထားပါ၊ တစ်နာရီ မကြာဘူး၊ ပြန်ရောက်မှာပါ။ သမီးလိမ္မာတာ မေမေ အသိအမှတ် ပြုပါနော်"

"အေး ... အေးလေ"

"ဒါပဲနော် မေမေ"

"အေး"

ကားကို ပြန်လှည့် မောင်းခဲ့ပေမယ့်၊ ဒေါ်ခင်စောဝေက ငါးမိနစ်တစ်ခါ ဆယ်မိနစ်တစ်ခါလောက် လှမ်းလှမ်းဆက်နေ၏။ ဝေက ဘယ်ရောက်နေပါပြီဆိုတာ သတင်းပို့ရသည်။ ဝေတို့ အိမ်သို့ပြန်ရောက်တော့ တော်တော်တောင် မှောင်နေပြီ။



နေခွန်းက ကားကို ဝေတို့ခြံထဲပဲ မောင်းဝင်သွားခဲ့သည်။ ဝေတို့ ခြံကလည်း ခြံတံခါးဖွင့်၍ စောင့်၏။ မိဘလေးဦးက ကားနားသို့ အပြေးရောက်လာကြသည်။

"နေခွန်း ... ကျေးဇူးတင်ပါတယ်"

ဝေက တစ်ခွန်းပြောခဲ့၏။ နေခွန်းက ဆင်းရမှာ မျက်နှာပူ အားနာနေသည်။ ဦးမြခွန်းက နေခွန်းဘက်သို့ ပြေးသွားကာ တံခါးကို ဆွဲဖွင့်ကာ နေခွန်းကိုပါ ဆွဲထုတ်လိုက်၏။

"ခွေးထက်မိုက်တဲ့ကောင်"

လက်သီးပြင်းကြောင့် နေခွန်း လဲကျသည်။ ဒေါ်တင့်တင့်ရီက ဝင်မဆွဲဘဲ မျက်ရည်သုတ်ရှာ၏။ ဒေါ်ခင်စောဝေက သူ့သမီးကို ဖက်ထားသည်။

"ဘယ့်နှယ်လုပ်လိုက်တာလဲ ကိုမြခွန်းရယ်"

ဦးကျော်မျိုး တစ်ယောက်တော့ ဆွဲမည့်သူ ရှိသေးသည်။

"လူကြီးချင်း မျက်နှာပျက်အောင် လုပ်တယ်၊ ဒီကောင်၊ ကိုကျော်မျိုးရာ ကျွန်တော် ထိုးပါရစေဦး၊ ဒီကောင့်ကို"

"စောက သူ့ကို မချစ်တော့ဘူးတဲ့ ကိုကျော်မျိုးရယ်၊ စောက သူ့ကို ဝေနဲ့ သဘောမတူတော့ပါဘူးဆိုပြီး ခုလို မိုက်တွင်းနက်တော့တာပါပဲ"

ဒေါ်တင့်တင့်ရီက အားလုံးကို ခြုံသဘောပေါက်စွာ၊ ဒေါ်ခင်စောဝေ ထံမှာပါ အသနားခံစာတင်သကဲ့ ပြောရှာ၏။ နေခွန်းက ဒေါ်ခင်စောဝေ နားသို့သွား၏။ မြေပြင်မှာထိုင်ကာ ဦးသုံးကြိမ် ချတော့သည်။

"နေခွန်း မိုက်မိသမျှတွေ ခွင့်လွှတ်ပါ အန်တီစောရယ်၊ ရှေ့လျှောက်လိမ်လိမ်မာမာ နေပါတော့မယ်။ နေခွန်းကို စိတ်မဆိုးပါနဲ့။ မုန်းလည်း မမုန်းပါနဲ့၊ အရင်လို ချစ်ပြီ ချစ်ပါ"

ဒေါ်ခင်စောဝေ မျက်ရည်ကျတော့သည်။

"ကဲ ... ကဲ၊ ထပါကွယ်။ စိတ်လိုက်မာန်ပါတွေလျှော့။ လိမ်လိမ်မာမာနေ၊ ပြန် ... ပြန်တော့၊ ကိုမြခွန်းကလည်း ထပ်မဆုံးမပါနဲ့တော့"

ဒေါ်တင့်တင့်ရီက သားကို လာခေါ်၏။ နေခွန်းက ဝေ့ကို တစ်ချက်ကြည့်သည်။ နေခွန်း မျက်နှာပျက်နေပုံက ပြင်မရ။ နှမ်းဖတ်စုတ်ပြတ်ကာ ရိုပဲ့ကျတော့မလား ထင်ရ၏။ ဝေ့ကို အဝေးဆုံးမှာ ထားခဲ့ရပြီဟု ခံစားရသည်။ ဝေနှင့် ခြံချင်းကပ် နေကြရပါလျက် တစ်သက်တာ ဝေးပြီဆိုတာ သိလိုက်သည်။ ဒီအဝေးကို ရင်နှင့် နာကျင်စွာ ခံစားရပါမည်။ ကိုယ့်ကိုယ်ကိုယ် နာကြည်း၏။ မည်သူမပြု မိမိမှုတွေ။ ဝေ့ကို ချစ်လွန်း သနားလွန်းလို့ ပြန်ပို့ဖြစ်ခဲ့သည်။ ဝေ့ကို တစ်သက်လုံး အနိုင်ယူလာခဲ့သမျှ၊ ဒီတစ်ခါ အရှုံးပေးခဲ့ဖူးပြီ။ ရင်ကွဲပက်လက် ခံစားရတာ ဝေ သိမှာပါ။ ဝေ နားလည်ပေးနိုင်မှာပါ။ အရာရာ ဆုံးရှုံးစွန့်လွှတ်ခဲ့ရပြီဆိုသော အသိစိတ်နှင့် ဝေတို့ ရှေ့မှောက်မှ ထွက်ခွာလာခဲ့ပါသည်။

ဦးမြခွန်းက ကားကို မောင်းလေ၏။



"ဘာ ... ဝေက မင်းကို ချစ်တယ်၊ မထင်ရေးချ"

ဦးမြခွန်းက သားကို စိတ်ဆိုးနေသည်။

"တစ်ခါမှလည်း မလိမ္မာခဲ့ဘူး၊ ခုထိ မိုက်တုန်း"

"ကိုရယ် ... စိတ်ကိုလျှော့မှပေါ့၊ သားက လိမ္မာလို့ ပြန်ပို့ခဲ့ပြီပဲ"

"အစကတည်းက မခိုးရမှာ ... မင်းကွာ၊ မစော်ဆိုးမှာ အမှတ်လျော့ပြီးရင်း လျော့ရင်း၊ ကိုကျော်မျိုးကလည်း ကျေနပ်ပုံ မရဘူး"

"သားရဲ့ ... သားလုပ်ပုံ မကောင်းတာတော့ အမှန်ပဲ၊ မိန်းမသားကွယ်၊ သူများသားပျိုသမီးပျိုလေး၊ ယောက်ျား တစ်ယောက် ခိုးပြေးခြင်း ခံရဖူးပြီးသားဆိုတာ၊ ဒီမိန်းကလေးရဲ့ ဘဝမှာ နာမည်ပျက်တစ်ခု ဖြစ်သွားရရှာပြီ"

"ဟာ ... မေမေ၊ နေခွန်းက ချက်ချင်းပြန်ပို့တာပဲဟာ"

"ဘယ်အချိန် အိမ်ကထွက်တယ်၊ ဘယ်ထိရောက်ခဲ့တယ်၊ ဘယ်အချိန် ပြန်ရောက်တယ်ဆိုတာ တင်နားဝင် တစ်ပါး စုပ်ထွက်မယ့် သတင်းတွေထဲမှာ မပါဘူး။ ခိုးပြေးခံလိုက်ရတယ်၊ ပြန်လာပို့သွားတယ်။ ဒါပဲ"

ဦးမြခွန်းနှင့် ဒေါ်တင့်တင့်ရီတို့တောင်၊ သူတို့ကသာ ၁ဘောတူနေရတာထင်ပြီး နေခွန်းက ချစ်နေလိမ့်မည်ဟု နည်း

နည်းကလေးမျှ ထင်မထားခဲ့ပါ။ နေခွန်းက မခွဲနိုင်လို့ပါဆိုတော့ သူတို့ကိုယ်တိုင် ပြန်အံ့သြနေကြရသေးသည်။

"ခြေငြိမ် လက်ငြိမ်နဲ့ ဂနာငြိမ်ငြိမ် အပိုးကျိုးကျိုးနေပြ၊ ထင်တိုင်းမကြဲနဲ့၊ မျက်နှာပိုးသတ်၊ မျောက်လွှဲကျော်အကျင့်တွေဖျောက်၊ အဲဒီပုံစံမှာ နှစ်နဲ့ချီပြီး နေပြလိုက်ရင် မစော စိတ်ပြေကောင်းပါရဲ့"

"ဟာ ... နှစ်ချီပြီးတော့လား ဖေဖေရာ"

"တော်စမ်း"

"စော မျက်နှာက ရစရာမရှိအောင် ပျက်နေတော့တာပဲ၊ အစကတည်းကသာ လူကြီးချင်း ဒီလောက်ရင်းနှီးမထားရင်၊ ရစရာမရှိအောင် ရန်တွေ့မယ့်ပုံပဲ"

"နေခွန်း ... ရှုံးပြီထင်တယ်နော် မေမေ"

"သေလိုက်ပါလားကွ၊ ငါ့သားလို့ မပြောနဲ့၊ မင်းအမေတစ်ခြမ်းတည်း မွေးထားတဲ့ကောင်၊ သွား ... ငါ့မျက်စိရှေ့မှာ မနေနဲ့၊ ,ထကန်မိဦးမယ်"

နေခွန်းက မျက်နှာငယ်လေးနှင့် ထသွားခဲ့ရသည်။ ဖေဖေတောင် ဒီလောက် စိတ်ဆိုးနေတာ၊ ဦးကျော်မျိုး ဘယ်လောက် စိတ်ဆိုးမလဲ၊ ဒေါ်ခင်စောဝေ ဘယ်လောက်စိတ်ဆိုးမလဲဆိုတာ စေ့စေ့တွေးလေ နားလည်ရလေပါ။ မှားမိပြန်ပြီထင်သည်။ နေခွန်းဆိုသည့်ကောင်က အမှားပေါ် အမှားဆင့်ကာ၊ မှားပြီးရင်းသာ မှားလို့နေပါပေါ့လား။

နေခွန်း အိပ်ရာပေါ်သို့ လှဲလိုက်၏။ မှန်းက မြည်လာသည်။



"သက်ဦးလား"

"ငါပါ ... ဝင်းမွန်၊ ဘာဖြစ်လို့ ဆိုင်လာမထွက်တာလဲ"

"ငါ နေမကောင်းလို့"

"မဖြီးနဲ့ ... မင်းတို့အိမ်က ပတ်ဘလစ်ကာ ကားကို ထောက်ကြန့်နားမှာ လမ်းဘေးထိုးရပ်ထားတာ တွေ့ခဲ့တယ်"

"မင်းလား"

"ဘယ်သူတွေ့တွေ့ အရေးမပါဘူး။ အရေးပါတာက ... တွေ့တဲ့သူက အကူအညီ လိုနေရင် ကူညီနိုင်အောင် အနီးကပ် စူးစမ်းတယ်၊ ဝေက ငို၊ မင်းက မျက်ခွက်စုတ်ပြတ်သတ်ကြီးနဲ့၊ ဘာဖြစ်နေကြတာလဲ"

"ဒီလိုပါပဲ"

"မင်း ... ဝေ ငိုယိုတောင်းပန်တာနဲ့ ပြန်ပို့လိုက်ပြီ မဟုတ်လား"

"ငါ ဝေ့ကို မခိုးပါဘူးကွ"

"ဘယ်သူက သူခိုးစွပ်စွဲနေလို့လဲ၊ မင်းစကားနဲ့မင်း ဘူးပေါ်သလို ပေါ်တာ"

"မဟုတ်ဘူး"

"ငြင်းမနေနဲ့ ဟောကောင် ...။ ခု ဘာဖြစ်နေလဲ။ ဝေ ဘယ်မှာလဲ"

"သူ့အိမ်မှာ"

"မင်းက မင်းအိမ်မှာလား"

"ဟုတ်တယ်"

"မင်းကတော့လေ။ အနေအထိုင် မတတ်တုန်းကလည်း မတတ်။ ကိုယ်နဲ့ အနီးဆုံးမှာရှိနေတဲ့ ရတနာကို မက်မောရမှန်းမသိ၊ ကြိုက်ပြီဆိုပြန်တော့ တစ်ရှူးထိုး။ ခိုးပြေးမှ ပြန်ပို့တာ အဓိပ္ပာယ် မရှိဆုံးဘဲ၊ ပြန်ပို့မှာဖြင့်ရင် အစကတည်းက မခိုးနဲ့ ...

"ခိုးပြေးမှ ပြန်ပို့ခြင်းဟာ အဲဒီမိသားစုအပေါ်မှာ အရှမ်းဆော်ကားရာ ရောက်သွားပြီ။ မခန့်လေးစားနဲ့ ထင်ရာစိုင်းတဲ့ သဘောရောက်တယ်၊ မိန်းကလေးဘက်က အရှမ်းနစ်နာတယ်၊ အဲဒါ သိရဲ့လား"

"မသိဘူးကွာ"

"ခုပေါက်သွားပလား။ သဘော"

"အင်း၊ ငါဘာလုပ်ရမလဲ"

"နက်ဖြန်မနက် အစောကြီး မင်းအဖေနဲ့ မင်းအမေကို ဝေ့မိဘတွေဆီလွှတ်၊ နှစ်ထပ်ကွမ်းတောင်းပန်၊ ခိုးမိတာရော၊ သမီးပေးဖို့ရော"

"ဟော့ကောင် ... ဝေ့ကို ငါမခိုးဘူး၊ မဟုတ်တဲ့သတင်း မပြန့်စေနဲ့"

"ငါကတော့ မဖြန့်ဘူး၊ တွေ့လာတဲ့သူက မဖြန့်ဘဲ မနေဘူး"

"ဘယ်သူတွေ့ လာလို့လဲ"

"တစ်ခါတလေမှာ တကယ့်ဖြစ်ရပ်မှန်တွေဟာ စိတ်ကူးယဉ်ထက်ပိုပြီး ဆန်းကျယ်တတ်တယ်။ တိုက်ဆိုင်ချင်ပလားဆိုရင် ယုံနိုင်စရာ မရှိအောင် တိုက်ဆိုင်တယ်။ ဝေ့ကို သူ့



အမေ သဘောတူတဲ့ ဆရာဝန်ရဲ့ ညီအစ်ကို နှစ်ဝမ်းကွဲက တွေ့လာတာ"

"ဒီကောင်က အဲဒီနားကို ဘာကိစ္စ ရောက်ရတာလဲ"

"အဲဒီနားမှာ ဖွင့်ထားတဲ့ နာမည်ကြီး ထမင်းဆိုင်ဟာ ဒီကောင့်မိသားစုဆိုင်ပဲ"

"ဝေ့ကို ငါမခိုးဘူး"

"လုပ်မနေနဲ့။ ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက် လျှောက်သွားလို့ရှိရင်၊ မောင်နှမလား ရည်းစားလား၊ ညားကာစလား အသိသာကြီး။ ကားလမ်းပေါ်မှာ ကောင်လေးနဲ့ ကောင်မလေးကို တွေ့ရင်၊ သူငယ်ချင်းနှစ်ယောက် ပြဿနာတစ်ခုကို ဖြေရှင်းနေတာလား၊ မိန်းမခိုးလာလို့ ကောင်မလေးက ပြန်ပို့ပါ တောင်းပန်နေတာလား အသိသာကြီး"

"ပြ ... ဿနာပဲ"

"ဒီ့ထက်ဆိုးတဲ့ ပြဿနာရှိသေးတယ်။ အဲဒီထမင်းဆိုင်မိသားစုထဲက သမီးတစ်ယောက်ဟာ ပြောစရာရှိရင် မိုးရွာထဲတောင် ထီးဆောင်းပြီး သွားပြောတဲ့ အမျိုးအစား၊ သစ်ပင်ကိုသွားပြီး ရှင်ဘုရင်ကြီး ဖွဲ့နားလို့ ပြောတတ်တဲ့ အမျိုးအစား၊ ခုလောက်ဆို ...

"ဟိုဆရာဝန် မိသားစု ဒီကိစ္စသိလောက်ပြီ။ အဲဒီကောင်မလေးက ကျော်ဇေ့ ညီမအငယ်နဲ့ ယဉ်ကျေးမှု တက္ကသိုလ်မှာ အတူတူ၊ ရှင်းလား၊ ဒီတော့ ... ကျော်ဇေ့ညီမ သိ၊ ကျော်ဇေ သိ၊ ငါတို့အားလုံးသိ၊ ခု မင်းကိုပြန်ပြောတော့ မင်း သိ"

"မင်းတို့ ပါးစပ်တွေ ပိတ်ထားကြပေါ့"

"ပြောစရာ မလိုဘူးကွ၊ လူမှုရေး ကျေညက်တယ်၊ မင်းသာ ဝေတို့အိမ်ဘက်ကို လှမ်းကြည့်၊ ဟိုဆရာဝန်ကားနဲ့ ရောက်ချလာပြီး စေ့စပ်ကြောင်းလမ်းခြင်း ဖျက်ပလားဆိုတာ"

"ဖျက်စရာ မလိုဘူးကွ၊ မစေ့စပ်ရသေးဘူး"

"ဒါဆိုလည်း လာဖွယ်မရှိဘူးပေါ့၊ မင်းကတော့ မနက်ဖြန်ကစပြီး ဒေါ်ခင်စောဝေကို တစ်နေ့သုံးကြိမ် ဖင်ထောင်ပြီး သွားရှိခိုး၊ ဦးသုံးကြိမ်ချ၊ တစ်ရာ့တစ်ရက်ကျော်ရင် မင်းအတွက် မျှော်လင့်ချက်ရှိတယ်၊ ခုလောက်ဆိုရင်တော့ ဟိုဆရာဝန်က နောက်ဆုတ်သွားမှာ သေချာလောက်ပါပြီ"

"ဆုတ်ချင်မှ ဆုတ်မှာပေါ့"

ပြောရင်း ... ဆုတ်ပါစေဟု ဆုတောင်းမိပါသည်။

"ဆုတ်ပါပြီ။ ဒီနေရာမှာ ငါဆိုလည်း ဆုတ်ပြီ။ မင်းဆိုရင်ရော"

"ငှေကိုဆိုရင် ဘာကိစ္စနဲ့မှ နောက်မဆုတ်ဘူး"

"ပြီးရော ... ဒါပဲ"

ဩော် ... ဝေရယ်။ သနားလိုက်တာ။



ဦးမြဒွန်းနှင့် ဒေါ်တင့်တင့်ရီတို့က ဟိုဘက်ခြံသို့ နေ့တိုင်းကူးသည်။ ပေးလိုက်ရသည့် လက်ဆောင်ကလေးများ၊ သွေးလိုက်ရသည့် မျက်နှာချိုများအပြင် အောက်ကျို့ခြင်းများစွာဖြင့် ဒေါ်ခင်စောဝေ စိတ်ကို နှူးချိန်တွင် နေဒွန်းက နားရှက်မျှ မခတ်ရဲအောင် တိတ်ဆိတ်ငြိမ်သက်စွာ နေရ၏။ မျက်နှာတောင် မပြဖြစ်ပါ။ မတော် ... မျက်စိနောက်သွားမှာ ကြောက်ရသည်။ ဖေဖေနှင့် မေမေတို့ တစ်ဖက်ခြံကို နေ့စဉ်ရက်ဆက် ကူးခဲ့ရာမှ ကိုးဆယ့်ကိုးရက်မြောက်သောနေ့မှာ မေမေ ဝမ်းပမ်းတသာ ပြန်လာခဲ့လေ၏။

"သားရေ ... ဖွဲ့ဆုပေါက်ပြီ။ ဝီရိယအကျိုးပဲ။ သည်းခံစိတ်ရှည်ခြင်းနဲ့ အောက်ကျို့ခြင်းတွေ မေမေ့ အဖို့တော့ သုံးဘဝစာလောက် လုပ်လိုက်ရတယ် ထင်တယ်"

"ကျေးဇူးတင်ပါတယ် မေမေ။ နေဒွန်း တကယ်ပြောတာပါ"

"စောက ခေါင်းညိတ်လိုက်ပါပြီ သားရဲ့။ စောကိုလည်း ကျေးဇူးတင်ရမယ်၊ သား ... ဝေ့ဆီ ဖုန်းဆက်ချင် ဆက်လိုက်ပါလား"

အိပ်ခန်းထဲသို့ ပြေးဝင်ခဲ့ရာ အခန်းဝမှာ ခလုတ်တိုက်သေး၏။ ခြေမ,ကွဲမတတ် ဖြစ်ပေမယ့် မနာနိုင်ပါ။ ဖုန်းကို အမြန်ဆုံးခေါ်ဖို့ အရေးကြီးလှတော့သည်။

"ဟယ်လို ... အမိန့်ရှိပါရှင်"

"ဝေ ... ပုရစ်မလေး၊ ငါ အရမ်းပျော်သွားပြီကွာ၊ ခုမှ လူဖြစ်ကျိုး နပ်တော့တယ်"

"ဒါပဲမှလား"

"ဟာ ... ပြောတောင် မပြောရသေးဘူး"

"မေမေ ရှိတယ်"

"ငါ လာခဲ့မယ်"

"ဘာလို့ လာရမှာလဲ။ ဤကြွေရရနေ"

"ဒါဖြင့် ... တစ်ခုပြော"

"ဘာလဲ"

"ချစ်လား"

"သိပြီးသားကို မေးစရာ လိုသေးလား"

"ပြော"

"ဘယ်လိုမှ မပြောနိုင်ဘူး ကိုယ်တော်ချောရေ၊ ပျော်တယ်ဆိုရင် ဤကြွေရရနေ၊ ထိပေါက်ပြီးမှ လက်မှတ်ပျောက်သွားလို့ ငွေထုတ်မရဘဲ နေဦးမယ်"

"ဟီး"

"ဘာဖြစ်တာလဲ"

"သိဘူး"

ဝေက ဒါပဲ ... ဆိုကာ ဖုန်းချသွားသည်။ နေဒွန်းပဲ ဘာရလိမ့်မလဲ။ ခြံထဲ ပြေးဆင်းလိုက်တာမှ ဂျွမ်းမထိုးရုံတစ်မယ်။

"ရူးသွားပြီ ထင်ပါရဲ့"



ဖေဖေ့ ဝေဖန်သံကို မကြားချ ဟင် ဆောင်ခဲ့သည်။ မျောက်လွှဲကျော်လို မာလကာကိုင်းမှ ခုန်ဆင်းဖို့ လုပ်ပြီးကာမှ မာလကာပင်ပေါ်မှာ ဆက်ထိုင်နေလိုက်၏။ လက်ထဲမှာ မာလကာသီးတစ်လုံး ခူးထားသည်။ ဝေက ခြံထဲဆင်းမလာပါ။ နောက်တစ်ခေါက် ဖုန်းထပ်ခေါ်ဖို့လည်း ခက်၏။ ဝေနှင့်တွေ့ချင်သည်။ ဝေ့ကို ငယ်ငယ်တုန်းက (လေးငါးခြောက်နှစ်ရွယ်) ကစားရင်း ရှုံးသည့်အခါ ကျောပိုးစီးခံရသလို ထမ်း၍ ပြေးချင်၏။ ဝေနှင့်က အဲသည်လောက်ထိ ရင်းနှီးခဲ့တာလေ။ ငယ်ချစ်။ တွေးရင်း အပျော်လွန်ကာ ရယ်ချင်နေသည်မို့ ဟီးဆိုသော အသံကြီးက မကြာခဏ ထွက်လာသေးသည်။ မနေနိုင်တော့သည့် အဆုံးမှာ ဝေတို့ခြံထဲ ခုန်ချပစ်လိုက်တော့သည်။

"ဟဲ့ ... နေဒွန်းလား"

မြတ်စွာဘုရား။ ဒေါ်ခင်စောဝေနှင့်မှ တန်းတိုး၏။ အန်တီစောနှယ် ညကြီးမင်းကြီးလည်း သစ်ပင်ရေလောင်းနေသည်။ ကျွန်တော် ... နေဒွန်း ရောက်လာမှာ သိသည်မို့ တမင် ခြံထဲဆင်းနေခြင်းပေပဲလား။

"ဟုတ်ကဲ့ အန်တီစော"

"အိမ်ပေါ်မှာ မီးချောင်းတစ်ချောင်း ကျွမ်းလို့လေ။ သူ့အဖေ တက်ရမှာစိုးလို့ဆိုပြီး ဝေရယ် ... အလူမီနီယံလှေကားနဲ့ တက်လဲနေလေရဲ့၊ သွားကူလိုက်ဦး"

"ဟုတ် ... အန်တီစော"

မီးချောင်းကျွမ်းခြင်းက မီးစိမ်းလင်းတာမို့ နေဒွန်းက အိမ်ပေါ်သို့ ခွေ့ခနဲ ရောက်လေ၏

"ဆင်းခဲ့စမ်း ပုရစ်မ ... မျောက်လွှဲကျော်မ ဖြစ်တော့မှာပဲ၊ ပြုတ်ကျလို့ ခြေထောက်ကျိုးရင်တော့ ငါ မကြိုက်တော့ဘူးနော်"

ဝေက လှေကားပေါ်မှ ဆင်းလာကာ နေဒွန်းကျော့ကို ထုလေ၏။

"မောင် ကူညီမှာပေါ့ ဝေရယ်"

"ဘာ မောင်လဲ၊ နေဒွန်းဟာ နေဒွန်းပဲ၊ တစ်သက်လုံး နေဒွန်းကလွဲပြီး ပြောင်းမခေါ်နိုင်ဘူး"

"အေးပါ ... အေးပါ။ အပြောကြီးထားဦးပေါ့ ပုရစ်မရယ်"

ဝေက ရယ်၏။ နေဒွန်းက လှေကားပေါ် တက်သွားသည်။ ဝေက မီးချောင်းကို လှမ်းပေးသည်။

"ဝေ ... ဥစ္စာရင်းမှန်လို့ ပြန်ရတာနော်။ နင့်ကို ဆုံးရှုံးပြီ မှတ်ပြီး သေတော့မလို့"

ဝေက အသံတိုးတိုးကလေး ထုတ်၍ ရယ်လေသတည်း။

**စာချစ်သူတိုင်းကိုချစ်တဲ့**

**နေနွယ်ဇင်မြင့်**